ရွှေပါရမီတောရ ငါးနှစ်ပြည့်အမှတ်တရ
၉-၆-၀၃

ရွှေပါရမီစာစဉ်(၁၈)

ဆန္ဒာဓိက
ရွှေပါရမီတောရ

# လိုတရနှလုံးသား

ဆဋ္ဌမအကြိမ်

ရွှေပါရမီ
စာစဉ်(၁၈)
လိုတရနှလုံးသား ● ဆန္ဒာဓိက

K-1200

.................................. သို့

10470007

.................................. ၏

အမှတ်တရဝမ္မဒါန





သတ္တဝါအပေါင်းတို့အား
တရားအမြိုက်ဆေးတိုက်ကျွေးတော်မူသောမြတ်စွာဘုရား



အရှင်သန္တာဓိက

ရွှေပါရမီ တောရ

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

## လိုတရနှလုံးသား



ရွှေပါရမီစာစဉ်(၁၈)

# ရွှေပါရမီ ၂၀၀၃ အမှတ်(၂)

စာမူခွင့်ပြုချက်

၃၂၀၁၂၀၃၀၉

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၁၅၇၀၄၀၉

၂၀၀၉ ခုနှစ် ● ဧပြီလ ● ဆဋ္ဌမအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

<u>မျက်နှာဖုံးပုံနှိပ်သူ</u>

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

<u>အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၁၉–အေ/၂)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။

<u>ဖြန့်ချိရေး</u>

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၁၀၄၆၂၊ ၂၂၆၅၀၀)

---

တန်ဖိုး ၁၂၀၀ ကျပ်

## အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၇ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီ တောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့.

# မာတိကာ

## လိုတရနှလုံးသား


| | | |
|---|---|---|
| ၁။ | လိုတရနှလုံးသား | ၁၁ |
| ၂။ | ဘေးကင်းချင်ရင်ဘေးကင်းသူကိုသတိရပါ | ၁၆ |
| ၃။ | အာရုံကောင်းဟာစိတ်ရဲ့အားဆေးပါ | ၂၁ |
| ၄။ | စိတ်နဲ့ပွားမှုဘာဝနာအစစ် | ၂၆ |
| ၅။ | နှလုံးသားမြတ်ရင်အရှုံးတရားရပ်တယ် | ၃၃ |
| ၆။ | ဘုရားရှိလို့တရားသိတာပါ | ၃၀ |
| ၇။ | တရားမှီခိုရင်ဘုရားကြည်ညိုတယ် | ၄၃ |
| ၈။ | စိတ်ပြောက်မှုထိပ်ရောက်မယ် | ၅၁ |
| ၉။ | ပုံတော်အတွင်းဂုဏ်တော်သွင်းပါ | ၅၀ |

| | | |
|---|---|---|
| ၁၀။ ■ | အကောင်းမိုရင်အမှီကောင်းပါတယ် | ၆၆ |
| ၁၁။ ■ | ထမင်းနှစ်နပ်စားသူတိုင်းဘုရားနှစ်ကြိမ်ရှိခိုးပါ | ၇၁ |
| ၁၂။ ■ | အှူပျော်မြူးတာကိုပူဇော်ထူးတယ်ထင်ရင် | |
| ■ | သူတော်ရှူးပဲဖြစ်လိမ့်မယ် | ၇၀ |
| ၁၃။ ■ | ဂုဏ်တော်ပွားတယ်ဆိုတာကိုယ့်ကိုယ်ကိုယ်ဆုံးမတာပါ | ၀၄ |
| ၁၄။ ■ | ခေတ်ကျူးကောင်းရင်ခေတ်ကောင်းကျူးပါတယ် | ၉၃ |
| ၁၅။ ■ | အုံ့ဖွယ်အကျိုးလိုချင်ရင်အုံ့ဖွယ်ပုဂ္ဂိုလ်ကိုသတိရပါ | ၉၉ |
| ၁၆။ ■ | ဂုဏ်တော်လေ့ကားနဲ့တက်ရင်လည်းနိဗ္ဗာန်ရောက်ပါတယ် | ၁၀၃ |
| ၁၇။ ■ | တစ်ညှာဆွဲရင်တစ်တွဲလုံးပါပါတယ် | ၁၀၀ |


## နှလုံးသားတောင်ထိပ်ကအရုဟံစေတီ


| | | |
|---|---|---|
| ၁၀။ ■ | နှလုံးသားတောင်ထိပ်ကအရဟံစေတီ | ၁၁၉ |
| ၁၉။ ■ | နှလုံးသားမြေပြန့်လား၊နှလုံးသားတောင်ထိပ်လား | ၁၂၃ |
| ၂၀။ ■ | ကမ္ဘာပေါ်မှာတန်ခိုးအကြီးဆုံးဘုရား | |
| ■ | သင့်နှလုံးသားထဲမှာရှိပါသည် | ၁၂၀ |
| ၂၁။ ■ | စိတ်အေးချင်ရင်စိတ်အေးသူကိုသတိရပါ | ၁၃၄ |

| | | |
|---|---|---|
| ၂၂။ | ■ ဂုဏ်တော်ပွားတယ်ဆိုတာ | |
| | ■ ကိုယ့်စိတ်ကိုယ်ကြေး(ဂျိုး)ချုတ်နေတာပါ | ၁၄၂ |
| ၂၃။ | ■ အပွေ့အဖက်သန့်ရင်အငွေ့အသက်ကျန်တယ် | ၁၅၃ |
| ၂၄။ | ■ အပေါ်ယံကြည့်ပြီးဝေဖန်တာ | |
| | ■ အပေါ်ယံသမားတွေရဲ့အလုပ်ပါ | ၁၅၉ |
| ၂၅။ | ■ ဂုဏ်တော်ပွားတယ်ဆိုတာမိတ္တူကူးတာပါ | ၁၆၅ |
| ၂၆။ | ■ ဂုဏ်တော်လမ်းကသွားရင်လည်းနိဗ္ဗာန်ရောက်ပါတယ် | ၁၇၂ |
| ၂၇။ | ■ ကွယ်ရာမှာလုပ်တဲ့မကောင်းမှု | |
| | ■ ကွယ်ရာမှာပဲအကျိုးပေးလိမ့်မည်မဟုတ် | ၁၈၄ |
| ၂၈။ | ■ စွမ်းအားရှင်ဆိုတာ | |
| | ■ စွမ်းအားမျိုးစုံကိုရှင်သန်စေနိုင်ရတယ် | ၁၉၂ |
| ၂၉။ | ■ စိတ်ဖြစ်တိုင်းမျိုးစေ့ကောင်းကြဲမိပါစေ | ၁၉၈ |
| ၃၀။ | ■ စေတီပြီးရင်ထီးတင်ပါ | ၂၀၂ |
| | ■ | |
| | ■ | |



ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။





# လိုတရနှလုံးသား

လိုတရနှလုံးသားဆိုတော့ လိုတိုင်းတ၊ တတိုင်းရနိုင်တဲ့ နှလုံးသားပေါ့။ လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ပြည့်ဝစေနိုင်တဲ့ နှလုံးသားကို လိုတရနှလုံးသားလို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် လိုသမျှရစေနိုင်တဲ့ နှလုံးသား၊ တသမျှရစေနိုင်တဲ့ နှလုံးသားကို လိုတရနှလုံးသားလို့ ခေါ်ပါတယ်။

လိုသမျှ ရတာနဲ့ တသမျှ ရတာ မတူပါဘူး။ လိုသမျှ ရတယ်ဆိုတာကတော့ လိုအပ်ချက်တွေ အားလုံး ပြည့်စုံတာကို ပြောတာ ဖြစ်ပါတယ်။ တသမျှ ရတယ် ဆိုတာကတော့ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝတာကို ပြောတာ ဖြစ်ပါတယ်။

လိုအင်ဆန္ဒနဲ့ လိုအပ်ချက်နဲ့ မတူပါဘူး။ လိုအင်ဆန္ဒဆိုတာကတော့ ကိုယ်လိုချင်တဲ့ အရာတစ်ခုခုကို အတိအကျ ရည်ရွယ်ပြီးတော့ စိတ်က တောင့်တထားတဲ့အရာမျိုးကို ခေါ်ပါတယ်။ ကိုယ်လိုချင်တဲ့အရာ

က အတိအကျ ရွေးချယ်သတ်မှတ်ထားပြီးသား ရှိနေတယ်။

လိုအပ်ချက်ဆိုတာကတော့ ကိုယ့်အနေနဲ့ ဘာလေးလိုချင်တယ်လို့ တောင့်တမှုတော့ မရှိပါဘူး။ တမင်ရည်ရွယ်ပြီးတော့ တောင့်တတာမျိုး မရှိပေမယ့် ကိုယ့်ဘဝအတွက်၊ ကိုယ်လုပ်နေတဲ့ လုပ်ငန်းကိစ္စတွေအတွက် သူရှိလို့ရှိရင် ပြည့်စုံသွားစေနိုင်တဲ့၊ သူရှိလို့ရှိရင် ပိုပြီး အဆင်ပြေသွားစေနိုင်တဲ့ အရာတွေကို လိုအပ်ချက်လို့ ခေါ်ပါတယ်။ တမင်တကာရည်ရွယ် တောင့်တခြင်းမျိုးတော့ မရှိပါဘူး။

အရာဝတ္ထု သီးခြားသတ်မှတ်ပြီးသားကို လိုချင်စိတ်နဲ့ တမင်ရည်ရွယ်တောင့်တတာက လိုအင်ဆန္ဒ၊ အရာဝတ္ထုလည်း သီးခြား သတ်မှတ်ပြီးသားမရှိ၊ တမင်ရည်ရွယ်တောင့်တတာမျိုးလည်းမရှိတဲ့ ပြည့်စုံသင့်ပြည့်စုံထိုက်တဲ့ အရာက လိုအပ်ချက်။

လိုတရ နှလုံးသားဆိုတာ အဲဒီလို တမင်ရည်ရွယ်ပြီးတော့ တောင့်တတဲ့ လိုအင်ဆန္ဒတွေကိုလည်း ပြည့်ဝစေနိုင်တဲ့ နှလုံးသား ဖြစ်ပါတယ်။ တမင်မရည်ရွယ်သော်လည်းပဲ မိမိဘဝအတွက် ပြည့်စုံသင့် ပြည့်စုံထိုက်တဲ့ လိုအပ်ချက်တွေကိုလည်း ပြည့်စုံစေနိုင်တဲ့ နှလုံးသားဖြစ်ပါတယ်။ လိုအင်ဆန္ဒရော၊ လိုအပ်ချက်ရော ပြည့်ဝစေနိုင်တဲ့ နှလုံးသား၊ ရရှိစေနိုင်တဲ့ နှလုံးသားကို လိုတရနှလုံးသား လို့ခေါ်ပါတယ်။

လိုသမျှ ရစေနိုင်တဲ့ နှလုံးသား၊ တသမျှ ရစေနိုင်တဲ့ နှလုံးသားကို လူသားတိုင်း၊ လူသားတိုင်း လိုချင်ကြမှာပါပဲ။ လိုတရတယ်ဆိုမှတော့ ဘာမှ မလိုတော့ဘူး။ အားလုံးပြည့်စုံနေပြီပေါ့။

ဘယ်လိုနှလုံးသားမျိုးဟာ လိုတရနှလုံးသားလဲဆိုတာ သိပြီဆိုရင်တော့ အဲဒီနှလုံးသားမျိုးဖြစ်အောင် ကိုယ့်နှလုံးသားကို ထုဆစ်ဖို့၊ တည်ဆောက်ဖို့၊ ဖန်တီးဖို့တော့ လိုအပ်တာပေါ့။ ဘယ်လို နှလုံးသားမျိုး

ဟာ လိုတရ နှလုံးသားလဲဆိုတာတော့ သိပါရဲ့။ အဲဒီလို လိုတရနှလုံးသား ဖြစ်အောင် မတည်ဆောက်ဘူးဆိုရင်တော့လည်း လိုတရတဲ့ အခြေအနေမျိုးကို ရောက်ရှိမှာ မဟုတ်ဘူး။

လိုတရနှလုံးသား လို့ဆိုပေမယ့် တကယ် အတိအကျကတော့ လိုတရစိတ်ကို ပြောတာပါပဲ၊ လိုသမျှ ရစေနိုင်တဲ့စိတ်၊ တသမျှ ရစေနိုင်တဲ့ စိတ်၊ လိုတမှန်သမျှ ရစေနိုင်တဲ့စိတ်ကို လိုတရစိတ်လို့ ခေါ်ပါတယ်။

စိတ်ဆိုတာက နှလုံးသားမှာ တည်နေတဲ့အတွက်ကြောင့် တည်ရာဖြစ်တဲ့ နှလုံးသားရဲ့ နာမည်ကိုပဲ တည်တတ်တဲ့ စိတ်အပေါ်မှာ တင်စားပြီးတော့ လိုတရနှလုံးသားလို့ ပြောတာ ဖြစ်ပါတယ်။ အရင်းအမြစ်အတိအကျကတော့ လိုတရစိတ်ပါပဲ။ စိတ်ရဲ့ တည်ရာနဲ့ တင်စားပြီးတော့ လိုတရနှလုံးသားလို့ ပြောထားခြင်း ဖြစ်ပါတယ်။

ဘယ်လို စိတ်မျိုးဟာ လိုသမျှ၊ တသမျှ ရစေနိုင်တဲ့ စွမ်းရည်သတ္တိတွေနဲ့ ပြည့်ဝနေသလဲဆိုတာ သိသင့်၊ သိထိုက်ပါတယ်။

အဲဒီတော့ လိုတရနှလုံးသားကတော့ အဓိပ္ပာယ်တွေ အမျိုးမျိုးဖွင့်လို့ရတာပေါ့။ ကိုယ်အားသန်ရာပေါ့လေ။ 'သီလရှိရင် စိတ်ရဲ့ တောင့်တမှုမှန်သမျှ ပြည့်စုံနိုင်တယ်'ဆိုတဲ့ ဘုရားအဆုံးအမနဲ့ကြည့်ရင် လိုတရနှလုံးသားဆိုတာ 'သီလနှလုံးသား'ပေါ့။ မကျိုး၊ မပေါက်၊ မပြောက်၊ မကျား၊ ဖြူစင်သန့်ရှင်းနေတဲ့ သီလနဲ့ ထုံမွမ်းထားတဲ့ နှလုံးသားဟာ လိုတရနှလုံးသားပါပဲ။

'ကိလေသာကင်းရင် စိတ်ရဲ့ တောင့်တမှုမှန်သမျှ ပြည့်စုံနိုင်တယ်' ဆိုတဲ့ ဘုရားအဆုံးအမနဲ့ ကြည့်ရင် လိုတရနှလုံးသား ဆိုတာ ကိလေသာကင်းတဲ့နှလုံးသား၊ ကိလေသာမဲ့နှလုံးသားပေါ့။ စိတ်ရဲ့ အပူဓာတ်၊ အညစ်ဓာတ်ကို ကိလေသာလို့ ခေါ်တာဖြစ်တဲ့အတွက် အပူမဲ့

နှလုံးသား၊ အညစ်မဲ့နှလုံးသားဟာ လိုတရနှလုံးသားပါပဲ။ ငြိမ်းအေး နှလုံးသား၊ ဖြူစင်နှလုံးသားဟာ လိုတရနှလုံးသားပါပဲ။

ဘယ်ဘာဝနာမဆို စိတ်ကို အပူကင်းပြီး ငြိမ်းအေးစေ၊ အညစ်ကင်းပြီး ဖြူစင်စေတာချည်းမို့ ဘာဝနာတစ်ခုခုနဲ့ ထုံမွမ်းထားတဲ့ 'ဘာဝနာနှလုံးသား'မှန်သမျှ လိုတရနှလုံးသားတွေချည်းပါ။ 'အာနာပါန နှလုံးသား' လည်း လိုတရနှလုံးသား၊ 'မေတ္တာနှလုံးသား' လည်း လိုတရ နှလုံးသား၊ 'သတိပဋ္ဌာန်နှလုံးသား' လည်း လိုတရနှလုံးသားပါပဲ။

ဒီနေ့တရားကတော့ ဘုရားထီးတင်ပွဲကို အကြောင်းပြုပြီး ဟော တဲ့ တရားမို့လို့ တခြားနှလုံးသားတွေအကြောင်း မပြောတော့ဘဲ ဘုရားနဲ့ ပတ်သက်တဲ့နှလုံးသားအကြောင်းပဲ ပြောပြပါမယ်။

လိုတရနှလုံးသားဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်နဲ့ ထုံမွမ်းထားတဲ့ နှလုံးသားပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တည်း ဟူသော ရေကြည်၊ ရေသန့်၊ ရေအေး၊ ရေမြတ်ကလေးထဲမှာ ထည့်ထား၊ စိမ်ထားတဲ့ နှလုံးသားဟာ လိုတရ နှလုံးသား ဖြစ်ပါတယ်။ တစ်နည်း ပြောရင်တော့ 'ဂုဏ်တော်နှလုံးသား'ဟာ လိုတရနှလုံးသား ဖြစ်ပါတယ်။ စာသံပေသံနဲ့ပြောရင်တော့'ဗုဒ္ဓါနုဿတိနှလုံးသား'ဟာ လိုတရနှလုံးသား ဖြစ်ပါတယ်။

ဒါကလည်းပဲ လိုရာဆွဲပြီး ပြောခြင်း မဟုတ်ပါဘူး။ မြတ်စွာ ဘုရားရှင် ကိုယ်တော်တိုင် နှုတ်တော်ကနေ တိုက်ရိုက်ဟောကြားထားတဲ့ စကားအတိုင်း ပြောတာ ဖြစ်ပါတယ်။

ဘာဝေဟိ ဗုဒ္ဓါနုဿတိ၊ ဘာဝနာနုမနုတ္တရံ။
ဣမံ သတိ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။

'ချစ်သား ချစ်သမီးတို့၊ သမထကမ္မဋ္ဌာန်းတွေထဲမှာ အမြတ်ဆုံး

ဖြစ်တဲ့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများကြပါ။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများကြမယ်ဆိုရင် သင်တို့ရဲ့ စိတ်ကြံစည်မှု မှန်သမျှ ပြည့်ဝလာပါလိမ့်မယ်'လို့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် တိုက်ရိုက် ဟောကြားထားတာ ဖြစ်ပါတယ်။

'ဗုဒ္ဓါနုဿတိနဲ့ ထုံမွမ်းထားတဲ့ ချစ်သား၊ ချစ်သမီးတို့ရဲ့ နှလုံးသားဟာ လိုတရနှလုံးသားပါပဲ'လို့ဆိုလိုပါတယ်။ 'ပူရယိဿတိ မာနသံ' ဆိုတဲ့ ပါဠိကိုပဲ ခေါင်းစဉ်ယူပြီးတော့ လိုတရနှလုံးသားလို့ နာမည်ပေးထားခြင်း ဖြစ်ပါတယ်။ အဆန်းထွင်ပြီးတော့ နာမည်ပေးထားခြင်း မဟုတ်ပါဘူး။

ဗုဒ္ဓါနုဿတိပွားရင် လိုတရတယ်ဆိုပေမယ့် ကိုယ့်ရဲ့ လိုတဟာ ကိုယ့်ရဲ့ ဘဝအခြေအနေနဲ့ ကိုက်ညီတဲ့ လိုတ၊ သဘာဝကျတဲ့ လိုတ၊ အဓိပ္ပာယ်ရှိတဲ့ လိုတတော့ ဖြစ်ဖို့အရေးကြီးပါတယ်။ သဘာဝမကျတဲ့ လိုတ၊ အဓိပ္ပာယ်မရှိတဲ့ လိုတတွေကို ဗုဒ္ဓါနုဿတိနှလုံးသားက ရအောင် ဖြည့်ဆည်းပေးမှာ မဟုတ်ပါဘူး။

'ကံ၊ ဉာဏ်၊ ဝီရိယ' သုံးမျိုးပြည့်စုံမှ လောကီလိုတတွေ ပြည့်စုံနိုင်တာမို့ လောကီလိုတတွေ ရချင်ရင် ဗုဒ္ဓါနုဿတိနဲ့ တစ်ဖက်က ကံကောင်းအောင် ကြိုးစားရင်း တစ်ဖက်ကလည်း ဉာဏ်ဝီရိယနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို အကောင်းဆုံးဖြစ်အောင် လုပ်နေရမှာပေါ့။

'ဝိပဿနာဉာဏ်' ရင့်သန်မှ လောကုတ္တရာလိုတတွေ ပြည့်စုံနိုင်တာမို့ လောကုတ္တရာလိုတတွေ ရချင်ရင် ဗုဒ္ဓါနုဿတိနဲ့ တစ်ဖက်က စိတ်ကြည်လင်အောင်၊ စိတ်ငြိမ်းအေးအောင် ကြိုးစားရင်း တစ်ဖက်ကလည်း သတိပဋ္ဌာန်နည်းလမ်းအတိုင်း ဝိပဿနာအလုပ်တွေကို ဉာဏ်ရင့်သထက်ရင့်အောင် အားထုတ်နေရမှာပေါ့။

## ဘေးကင်းချင်ရင်ဘေးကင်းသူကိုသတိရပါ

လောကမှာ လူအမျိုးမျိုး၊ နတ်အထွေထွေ ဆိုတာလိုပဲ သတ္တဝါတွေမှာ လိုတဆိုတာက အမျိုးမျိုးရှိတယ်။ဟိုလူက ဟိုဟာလိုချင်တယ်၊ ဒီလူက ဒီဟာလိုချင်တယ်၊ တစ်ယောက်နဲ့တစ်ယောက် လိုချင်တဲ့အရာတွေ မတူညီကြဘူး။ တူညီတာတွေလည်း ရှိရင်ရှိမယ်ပေါ့။ လူအရေအတွက် များပြားသလို လိုတတွေကလည်း မရေမတွက်နိုင်အောင် များပြားနေပါတယ်။ အဲဒီလို များပြားနေတဲ့ လိုတတွေကို တူရာတူရာ စုပေါင်းလိုက်မယ်ဆိုရင်တော့ လိုတ သုံးမျိုးပဲ ရှိပါတယ်။

(၁) ဘေးရန်မှန်သမျှ ကင်းရှင်းချင်တဲ့ လိုတ၊

(၂) အခက်အခဲမှန်သမျှ ကျော်လွှားချင်တဲ့လိုတ၊

(၃) ကောင်းကျိုးချမ်းသာမှန်သမျှ ရရှိချင်တဲ့လိုတလို့ လိုတ သုံးမျိုးရှိပါတယ်။

အဲဒီ လိုတသုံးမျိုး ရစေနိုင်တဲ့ အကြောင်းအရာလေးတွေကို

လိုတတစ်မျိုးကို သာဓကတစ်မျိုးစီနဲ့ သက်ဆိုင်ရာ သဘောတရားလေးတွေ ထည့်သွင်းပြီးတော့ အတိုချုပ် ဦးဇင်းတို့ ပြောပြသွားပါမယ်။

ပထမဆုံး ဘေးရန်ကင်းရှင်းချင်တဲ့ လိုတအကြောင်း၊ ဘေးရန်ကင်းရှင်းချင်တဲ့ လိုတကို ရစေနိုင်တဲ့အကြောင်းကို ပြောကြရအောင်။ လူ့ရယ်လို့ဖြစ်လာရင်တော့၊ လူပဲ ဦးတည်ပြီးပြောတာမို့လို့ လူတွေကိုပဲ နာမ်စားသုံးခြင်း ဖြစ်ပါတယ်။ သတ္တဝါအားလုံး အတူတူပါပဲ။

လူ့ရယ်လို့ ဖြစ်လာရင်တော့ ဘေးရန်ဆိုတာ အနည်းနဲ့အများ ရှိနေကြတာချည်းပါပဲ။ ဘေးရန်မှန်သမျှ လုံးဝ ကင်းရှင်းနေတဲ့သူရယ်လို့ မရှိပါဘူး။

ဘာလို့လဲဆိုတော့ သံသရာမှာ ကုသိုလ်တွေချည်းပဲ ပြုခဲ့ကြတာ မဟုတ်ဘူး၊ အကုသိုလ်တွေလည်း ပြုခဲ့ကြတယ်။ တချို့ အကုသိုလ်တွေဟာ ဝဋ်ကြွေးသဘောမျိုး သက်ရောက်စေနိုင်တဲ့ အကုသိုလ်တွေ။ ဒါကြောင့် မိမိရဲ့ အကုသိုလ်အားလျော်စွာ၊ ဝဋ်ကြွေးအားလျော်စွာ ဘေးရန်တွေဆိုတာလည်း ကြုံတွေ့နေရတယ်။

ကိုယ့်တစ်ယောက်တည်းရဲ့ အကုသိုလ် ဝဋ်ကြွေးအားလျော်စွာ ကိုယ့်တစ်ယောက်တည်း ကြုံတွေ့ရတဲ့ ဘေးရန်တွေလည်းရှိသလို အများရဲ့ အကုသိုလ်ဝဋ်ကြွေးအားလျော်စွာ အများနဲ့ စုပေါင်းပြီးတော့ ကြုံတွေ့ရတဲ့ ဘေးရန်တွေဆိုတာလည်း ရှိပါတယ်။

မိမိ ရောက်ရှိနေတဲ့ ခေတ်ကာလရဲ့ အခြေအနေ၊ အချိန်အခါ အဖြစ်အပျက်တွေကို မူတည်ပြီးတော့ အများနဲ့ စုပေါင်းပြီးတော့ ကြုံတွေ့ရတဲ့ ဘေးရန်တွေဆိုတာလည်း ရှိတာပါပဲ။ ဥပမာအားဖြင့် မီးဘေးတို့၊ ရေဘေးတို့ပေါ့။

ကိုယ့်ရဲ့ အကုသိုလ်ကံကြောင့် ကိုယ်တစ်ယောက်တည်းဖြစ်တဲ့

ဘေးရန်ပဲဖြစ်ဖြစ်၊ အများရဲ့အကုသိုလ်ကံကြောင့် အများနဲ့အတူတူ အခြေအနေ၊ အချိန်အခါအားလျော်စွာဖြစ်တဲ့ ဘေးရန်ပဲဖြစ်ဖြစ် ဘယ်ဘေးရန်ကိုမဆို လူသားအားလုံး မကြုံတွေ့ချင်ပါဘူး။ လူသားအားလုံးမှာ မိမိတို့ကြုံတွေ့နေရတဲ့ ဘေးရန်ကနေ ကင်းရှင်းချင်ကြတဲ့ လိုတကတော့ ရှိကြတာချည်းပါပဲ။

အဲဒီဘေးရန်တွေ ကင်းရှင်းချင်တဲ့ လိုတကိုလည်း ဗုဒ္ဓါနုဿတိကရစေနိုင်ပါတယ်။ ဘာကြောင့် ရစေနိုင်တာလဲဆိုတော့ မြတ်စွာဘုရားရှင်ဟာ ဘေးရန်ကင်းနေတဲ့ပုဂ္ဂိုလ် ဖြစ်နေလို့ပါပဲ။ မိမိ အာရုံပြုနေတဲ့ မြတ်စွာဘုရားရှင်ဟာ ဘေးရန်မှန်သမျှ ကင်းငြိမ်းတော်မူတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက်ကြောင့် ဘေးရန်မှန်သမျှ ကင်းငြိမ်းတဲ့ မြတ်စွာဘုရားရှင်ကို အာရုံပြုတဲ့ ပုဂ္ဂိုလ်ရဲ့ဘဝမှာလည်း ဘေးရန်တွေ ကင်းရှင်းရပါတယ်။

မိမိ ပွားများလိုက်တဲ့ ဂုဏ်တော်က 'ဘေးရန်ခပ်သိမ်း ကင်းငြိမ်းတော်မူသော မြတ်စွာဘုရား' လို့ မြတ်စွာဘုရား ဘေးရန်ကင်းတဲ့ဂုဏ်ကို အာရုံပြုသည်ဖြစ်စေ၊ အာရုံမပြုသည်ဖြစ်စေ မိမိမှာ ဘေးရန်ကင်းနိုင်ပါတယ်။

နှစ်သက်ရာ ဂုဏ်တော်၊ ဘယ်ဂုဏ်တော်ပဲ ပွားပွား၊ ဂုဏ်တော်ပွားနေတယ်ဆိုမှတော့ မြတ်စွာဘုရားရှင်ကို အာရုံပြုနေတာ ဖြစ်တဲ့အတွက်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများနေတာ ဖြစ်တဲ့အတွက် မိမိပွားများတဲ့ ဂုဏ်တော်ပိုင်ရှင် မြတ်စွာဘုရားရှင်ရဲ့ တခြားသော ဂုဏ်သတ္တိတွေလည်း ရရှိစေနိုင်ပါတယ်။

မိမိက 'ဘေးရန်ခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား' လို့ မြတ်စွာဘုရား ဘေးရန်ကင်းတဲ့အကြောင်းတွေ ဆင်ခြင်နေတာ မဟုတ်ပေမယ့် မိမိပွားများနေတဲ့ မြတ်စွာဘုရားရှင်က ဘေးကင်း၊ ရန်ကင်း၊

အန္တရာယ်ကင်းတဲ့ ခါတ်တွေနဲ့လည်း ပြည့်စုံနေတာဖြစ်တော့ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းတဲ့ ခါတ်တွေ ပြည့်စုံနေတဲ့ဘုရားကို အာရုံပြုတဲ့ မိမိမှာလည်းပဲ ဘေးရန်ကင်းရှင်းခြင်းဆိုတဲ့ အကျိုးတရားကောင်းကို ရရှိစေပါတယ်။

တရားနာပရိသတ်များသိကြတဲ့ ဓဇဂ္ဂသုတ္တန်ကို လှမ်းပြီးတော့ အာရုံပြုကြပေါ့၊ ပရိတ်ကြီး(၁၁)သုတ်မှာပါတဲ့ ဓဇဂ္ဂသုတ္တန်၊ ဓဇဂ္ဂသုတ်မှာ မြတ်စွာဘုရားရှင်က ဘယ်လိုဟောထားလဲဆိုတော့ . . .

'သင်ချစ်သား ချစ်သမီးတို့၊ တောထဲမှာပဲဖြစ်ဖြစ်၊ သစ်ပင်ရင်းမှာပဲဖြစ်ဖြစ်၊ ဆိတ်ငြိမ်တဲ့နေရာမှာပဲဖြစ်ဖြစ်၊ နေထိုင်ပြီးတော့ တရားဘာဝနာ အားထုတ်ကြလို့ ကြောက်ရွံ့တဲ့ စိတ်တွေများ ဖြစ်ပေါ်လာရင် ငါဘုရားရဲ့ ဂုဏ်တော်တွေ အာရုံပြုလိုက်ပါ။ ငါဘုရားရဲ့ ဂုဏ်တော်တွေ ပွားများလိုက်ပါ။ ငါဘုရားရဲ့ ဂုဏ်တော်တွေကို ပွားများလိုက်မယ်ဆိုရင် သင်ချစ်သားတို့မှာ ကြောက်ရွံ့ခြင်း ကင်းသွားပါလိမ့်မယ်'

'သင်ချစ်သားတို့၊ ကြောက်ရွံ့တဲ့အခါမှာ ငါဘုရား ဂုဏ်တော် ပွားပါ။ ငါဘုရားဂုဏ်တော်ပွားရင် ကြောက်ရွံ့ခြင်း ကင်းသွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ငါဘုရားရှင်ဟာ ကြောက်ရွံ့ခြင်း ကင်းတဲ့ ပုဂ္ဂိုလ် ဖြစ်နေလို့ပါပဲ'

'သင်ချစ်သား၊ ချစ်သမီးတို့ ငါဘုရားကို သတိရပြီးတော့ ဂုဏ်တော်တွေကို ဒီလို ဒီလို ပွားလိုက်ကြပါ'လို့ ပြောတဲ့ အထဲမှာတော့ ကြောက်ရွံ့ခြင်းကင်းတဲ့ဂုဏ်၊ ကြောက်ရွံ့ခြင်းကင်းတယ် ဆိုတဲ့ အဓိပ္ပာယ် မပါပါဘူး။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ စတဲ့ဂုဏ်တော်တွေကို ပွားများဖို့ ညွှန်ကြားထားတာပါ။ သို့သော်လည်းပဲ 'ဒီဂုဏ်တော်တွေ ပွားများနေရုံနဲ့ သင်ချစ်သားတို့မှာ ကြောက်ရွံ့ခြင်း ကင်းသွားပါလိမ့်မယ်။ ဘာလို့လဲဆို

တော့ ငါဘုရားဟာ ကြောက်ရွံ့ခြင်းကင်းတဲ့ပုဂ္ဂိုလ်ဖြစ်နေလို့ပဲ’ ဆိုပြီး တော့ နောက်ပိုင်းမှာ အကြောင်းပြထားပါတယ်။ ‘ကြောက်ရွံ့ခြင်း ကင်း တော်မူသော မြတ်စွာဘုရား’ လို့ တိုက်ရိုက် မပွားပေမယ့် ဂုဏ်တော် တစ်ခုခု ပွားနေရင် ကြောက်ရွံ့ခြင်း ကင်းနိုင်တယ်လို့ ဆိုလိုပါတယ်။

ဒီတော့ ဘေးကင်းတဲ့အကြောင်းကို အာရုံပြုမှ ဘေးကင်းသွား တာ မဟုတ်ပါဘူး၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ မြတ်စွာဘုရားရဲ့ ဉာဏ်ပညာ ကြီးပုံတွေ အာရုံပြုနေလည်း ဘေးကင်းတာပါပဲ။

ကိုယ်အာရုံပြုနေတာကတော့ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော် ပါ။ ဉာဏ်တော်ကို အာရုံပြုပြီးတော့ ကြည်ညိုနေတာပါ။ ဉာဏ်တော်ကို အာရုံပြုလို့ ဉာဏ်ပဲ ကောင်းလိမ့်မယ်၊ ဉာဏ်ပဲကြီးလိမ့်မယ်လို့ မဟုတ်ပါ ဘူး။ ဉာဏ်တော်ကို ကြည်ညိုပြီး ဂုဏ်တော်ပွားများနေပေမယ့်လည်း ဘေးရန်ကင်းတဲ့ ကောင်းကျိုးကတော့ ရရှိစေနိုင်တာပါပဲ။

ဘာလို့လဲဆိုတော့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီး ပွားပြီးတော့ ကြည်ညိုနေတဲ့ ဉာဏ်တော်ရှင် မြတ်စွာဘုရားက ဉာဏ်တော် ကောင်း ခြင်း၊ ဉာဏ်တော်ကြီးမားခြင်း ဆိုတဲ့ စွမ်းရည်သတ္တိ တစ်ခုတည်းသာ ပြည့်စုံနေတာမှ မဟုတ်ဘဲ။

ဉာဏ်တော်ကြီးမားခြင်း၊ သိစရာအားလုံးကို အကုန်အစင် အကြွင်းအကျန်မရှိ ကိုယ်တော်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ သိနိုင်ခြင်းဆိုတဲ့ ဂုဏ်တော်နဲ့ ပြည့်စုံသလို မိမိတမင် မပွားများသော်လည်း မြတ်စွာဘုရား ရှင်ရဲ့ သန္တာန်မှာ ဘေးရန် မှန်သမျှ ကင်းရှင်းတဲ့ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်း ဂုဏ်သတ္တိ၊ ဓာတ်သတ္တိ၊ စွမ်းရည်သတ္တိတွေနဲ့လည်း ပြည့် စုံနေပါတယ်။ ဒါကြောင့် ဘေးရန်ကင်းတဲ့ဂုဏ်ကို တမင်အာရုံ မပြု ပေမယ့် ဘေးရန်ကင်းခြင်းဆိုတဲ့ အကျိုးကို ရရှိစေနိုင်ပါတယ်။



# အရုံကောင်းဟာစိတ်ရဲ့ အားဆေးပါ

အညာဒေသက ဆရာတော်ကြီးတစ်ပါး ရောဂါအကြီးအကျယ်ဖြစ်တယ်။ ကင်ဆာရောဂါဖြစ်တယ်။ ကင်ဆာရောဂါဖြစ်တော့ ဆရာဝန်သွားပြတယ်။ ဆရာတော်ကြီး ကိုယ်တိုင်တော့ ကင်ဆာဖြစ်နေမှန်း မသိပါဘူး။ ဒါပေမဲ့ ဆရာဝန်သွားပြတော့ ဆရာဝန်က သေချာစမ်းသပ်စစ်ဆေးလိုက်တော့ နှစ်လပဲ ခံတော့မယ်။ နှစ်လပြည့်ရင်တော့ ပျံလွန်တော်မူတော့မယ်ဆိုတာ သိတယ်။ သိတဲ့အတွက်ကြောင့် ဆရာဝန်က ဆရာတော်ကို အရှင်ဘုရား ဘာမှ စိတ်မပူပါနဲ့။ အရှင်ဘုရား စားချင်တာ စားပါ၊ စားလို့ရပါတယ်၊ ကောင်းသွားပါပြီ။ စိတ်ချမ်းသာသလို နေပါ စသည်အားဖြင့် အဲဒီလို ပြောလိုက်တယ်။

ပြောလိုက်တော့ ဆရာတော်ကလည်း ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီဆရာဝန် ငါ့ကိုစားချင်တာ စားလို့ရပြီ လို့ပြောတာ ငါသေတော့မှာမို့ ပြောလိုက်တာပဲ၊ သေမယ့်အတူတူတော့ ဂူဏ်တော်ပွားရင်းပဲ သေ

မယ်။ မြတ်စွာဘုရားရှင်တည်းဟူသော အမြတ်ဆုံးအာရုံကို နှလုံးသွင်းပြီး တော့ သေမယ်ဆိုပြီးတော့ အဲဒီဆရာတော်ကြီး သမ္မာသမ္ဗုဒ္ဓဂုဏ်တော် တစ်ခုတည်းကိုပဲ တစ်နေ့လုံး ပွားများတော်မူပါတယ်။

စိတ်သက်သက်နဲ့ ပွားလိုက်၊ နှုတ်က အသံထွက် ရွတ်လိုက်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တစ်ခုတည်းကိုပဲ အိပ်ပျော်တဲ့အချိန်ကလွဲရင် နေ့ရော၊ ညပါ အချိန်တိုင်း ပွားများပါတယ်။ သီးသန့် တရားထိုင်ရင်းနဲ့ရော၊ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်းနဲ့ရော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်၊ သိစရာအားလုံးကို အမှန်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူနိုင်တဲ့ ဉာဏ်တော်ကြီး တစ်ခုတည်းကိုပဲ အာရုံပြုပြီးတော့ ကြည်ညိုနေပါတယ်။

မြတ်စွာဘုရားရဲ့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ပွားရင်းနဲ့ပဲ ငါသေတော့မယ် ဆိုပြီးတော့ ပွားများနေတယ်၊ နှစ်လပြည့်လည်း ပျံတော်မမူပါဘူး။ သုံးလပြည့်လည်း ပျံတော်မမူပါဘူး။ ခြောက်လပြည့်လို့လည်း ပျံတော်မမူပါဘူး။

ဆရာဝန်က နှစ်လပြည့်ရင် သေမယ်ဆိုတာ သိလို့ ပိုပိုသာသာ လေးတော့ ချိန်းလိုက်ပါတယ်။ အရှင်ဘုရား နောက်လေးလကြာလို့ရှိရင် တစ်ခေါက် ပြန်လာခဲ့ပါ။ တစ်ခေါက်ပြန်ပြီးတော့ သေချာအောင် စမ်းကြည့်ပါဦးမယ်လို့ မှာလိုက်တယ်။

ဆရာတော်က လေးလပြည့်လို့သွားတော့ ဆရာဝန်က အင်မတန် အံ့သြသွားတယ်။ အရှင်ဘုရား ဘာဆေးတွေ မှီဝဲနေပါသလဲဘုရား။ သူက နှစ်လပြည့်ရင် သေမယ်လို့ မှန်းထားတာ အခု လေးလပြည့်တဲ့ အထိ မသေဘဲနဲ့ ထပ်စမ်းသပ်ကြည့်လိုက်တော့ သူရဲ့ ကင်ဆာရောဂါက လုံးဝ ပျောက်သွားပြီ၊ ရောဂါဘာမှမရှိတော့ဘူး၊ အကောင်းပကတိဖြစ်နေ

တယ်။ ဒီတော့ အံ့သြတာနဲ့ အရှင်ဘုရား ဘာဆေးတွေ မှီဝဲပါသလဲ။ မြန်မာဆေးတွေများ မှီဝဲလို့လား၊ ဝိဇ္ဇာဆေးတွေများ မှီဝဲလို့လား။ အဲဒီလို မေးတော့ . . .

'ဒကာကြီး၊ ဘုန်းကြီး မှီဝဲတာတော့ တခြားဆေးမဟုတ်ဘူး၊ ဘုရားဆေးပါပဲ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးကို နေ့ရော၊ ညပါ အချိန်ပြည့် ပွားများအားထုတ်လိုက်တဲ့အတွက်ကြောင့် ဗုဒ္ဓါနုဿတိနဲ့ထုံမွမ်းထားတဲ့ နှလုံးသားကို တည်ဆောက်လိုက်တဲ့အတွက်ကြောင့် အခုလို ရောဂါ၊ ကင်ဆာရောဂါ၊ နှစ်လပြည့်ရင်သေချာပေါက် သေရမယ့်ကင်ဆာရောဂါ လုံးဝ ပျောက်ပြီးတော့ အကောင်းပကတိ ဖြစ်သွားပါတယ်'

အဲဒီ ဆရာတော်ကြီး ပွားများနေတာဟာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ဖြစ်ပါတယ်။ ဉာဏ်တော်ကြီးကို ပွားများနေတာ ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ ဘာမှမဆိုင်ပါဘူး။ အနာရောဂါနဲ့လည်း ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ အနာရောဂါတွေ ပျောက်ကင်းပြီးတော့ ကျန်းမာသွားခဲ့ပါတယ်။

ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရှင်ဟာ ဉာဏ်တော်ကောင်းခြင်းဆိုတဲ့ ဂုဏ်တော်တစ်ခုနဲ့သာ ပြည့်စုံတာမဟုတ်ဘူး။ အနာရောဂါကင်းရှင်း ကျန်းမာခြင်းဆိုတဲ့ ဂုဏ်နဲ့လည်း ပြည့်စုံနေလို့ပါပဲ။

မြတ်စွာဘုရား အနာရောဂါကင်းပြီး ကျန်းမာတယ်ဆိုတဲ့နေရာမှာတော့ ဝဋ်ကြွေးအရ ခံရတဲ့ ခေါင်းကိုက်တာတို့၊ ခါးနာတာတို့၊ ဝိပါက်တော်(၁၂)ပါးမှာပါတဲ့ အတိတ်က ဝဋ်ကြွေးကြောင့်ဖြစ်တဲ့ ရောဂါတချို့တော့ ရှိတာပေါ့။

အဲဒီ ရောဂါတွေက လွဲလို့ရှိရင်တော့ ခန္ဓာကိုယ် အင်အားအနေနဲ့လည်းပဲ မိုလ်ခြေကုဋေတစ်သိန်းရဲ့ အင်အားတွေနဲ့ ပြည့်စုံပါတယ်။

မြတ်စွာဘုရားရှင်ဟာ လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့ရော၊ ညပါ အနားမနေ၊ အအားမနေဘဲ သတ္တဝါအများရဲ့ အကျိုးစီးပွားကို အပင်ပန်းခံပြီးတော့ ရွက်ဆောင်နိုင်လောက်အောင် ကျန်းမာရေးအင်အားနဲ့ ပြည့်စုံတော်မူပါတယ်။

သာမန်လူပေါင်းကုဋေတစ်သိန်းလောက်ရဲ့ ကျန်းမာရေးအားမျိုး မြတ်စွာဘုရားတစ်ပါးတည်းနဲ့ ပြည့်စုံတော်မူပါတယ်။ ဒါကြောင့် ဉာဏ်တော်ကြီးကို ပွားများပေမယ့်လည်း အနာရောဂါ ကင်းရှင်းခြင်းဆိုတဲ့ အကျိုးကို ရရှိပါတယ်။ ဒါက အကြောင်းပြချက် တစ်ခုအနေနဲ့ ပြောတာပါ။ ကျန်တဲ့ အကြောင်းပြချက်တွေလည်း ရှိပါတယ်။

ဂုဏ်တော်ကိုပွားတော့ ပီတိတွေဖြစ်တယ်၊ ပီတိပဿဒ္ဓိစတဲ့ သူတော်ကောင်းတရားတွေ တိုးပွားလာတယ်။ အဲဒီ ပီတိပဿဒ္ဓိ အစရှိတဲ့ သူတော်ကောင်းတရားတွေ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အစရှိတဲ့ သူတော်ကောင်းတရားတွေကြောင့်လည်း ရောဂါ ပျောက်ကင်းသွားခြင်းဖြစ်ပါတယ်။ သူ့နေရာ၊ သူ့ဌာန အားလျော်စွာ အကြောင်းပြဖို့ ပြောခြင်းသာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကိုပွားတော့ မြတ်စွာဘုရားဆိုတာ တစ်လောကလုံးမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ အမြတ်ဆုံးပုဂ္ဂိုလ်ရဲ့ ဂုဏ်တွေကို ပွားနေတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အမြတ်ဆုံး ကုသိုလ်တွေ တိုးပွားနေပါတယ်။ အမြတ်ဆုံးကုသိုလ်ပိုင်ရှင်ဟာ အမြတ်ဆုံး အကျိုးတရားတွေ ရရမှာပါပဲ။

ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ ဘေးကင်း၊ ရန်ကင်း၊ အန္တရာယ်ကင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် မြတ်စွာဘုရားကို မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ခုခု သို့မဟုတ် ဂုဏ်တော်များစွာနဲ့ အာရုံပြုနေ

တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာလည်း ဘေးရန်အန္တရာယ် ကင်းရှင်းခြင်းဆိုတဲ့ လိုတကို ရစေနိုင်ပါတယ်။

ကုသိုလ်တရား တိုးပွားစေတဲ့ အာရုံကောင်းတွေဟာ စိတ်ရဲ့ အားဆေးတွေပါ။ ခန္ဓာကိုယ် အားရှိဖို့ အစားကောင်းတွေ နေ့တိုင်း စားပေးရသလို စိတ်ဓာတ်အားရှိဖို့အတွက်လည်း အာရုံကောင်းတွေ နေ့တိုင်း စားပေးဖို့ လိုအပ်ပါတယ်။ စိတ်ကို ရွှင်လန်းတက်ကြွ အားဖြစ်စေတဲ့ အာရုံကောင်းတွေထဲမှာ အကောင်းဆုံးအာရုံကောင်းကတော့ ဘုရားအာရုံ ပါပဲ။

အာရုံကောင်း ဖြစ်ရုံသက်သက်နဲ့ စိတ်က အလိုအလျောက် အားရှိသွားတာတော့ မဟုတ်ပါဘူး။ အာရုံကောင်းကို စိတ်ကောင်းနဲ့ ခံယူမှ စိတ်က အားရှိသွားတာပါ။ စိတ်ကောင်း ဆိုတာ ယုံကြည်လေး မြတ်မှု သဒ္ဓါနဲ့ နားလည်သိမြင်မှု ပညာကို ပြောတာပါ။ ဘယ်လောက် ကောင်းတဲ့အာရုံပဲဖြစ်ဖြစ် သဒ္ဓါပညာနဲ့ မခံယူရင် စိတ်ကို အားမရှိစေပါ ဘူး။ သဒ္ဓါပညာနဲ့ ခံယူမှ စိတ်ကို အားရှိစေပါတယ်။

အာရုံကောင်းကို သဒ္ဓါပညာ စိတ်ကောင်းနဲ့ ခံယူလိုက်လို့ စိတ်မှာ အားရှိသွားပြီဆိုရင် အားရှိသွားတဲ့စိတ်က အနာရောဂါတွေကိုလည်း ပျောက်ကင်းစေနိုင်ပါတယ်။ ဘေးရန်အန္တရာယ်တွေကိုလည်း လွန် မြောက်စေနိုင်ပါတယ်။ ချမ်းသာကောင်းကျိုး အမျိုးမျိုးကိုလည်း အံ့ဩ ဖွယ်ကောင်းလောက်အောင် ဆိုက်ရောက်လာစေနိုင်ပါတယ်။

ဘုရားကို အာရုံပြု သတိရခြင်း၊ ဘုရားဂုဏ်တော်ကို နှလုံးသွင်း ပွားများခြင်းကြောင့် ဖြစ်ပေါ်တိုးပွားလာတဲ့ 'အားရှိတဲ့စိတ်' ဟာ 'လိုတရ စိတ်' ပါပဲ။ လိုတရစိတ် တည်ထွန်းရှင်သန်ရာ နှလုံးသားဟာလည်း 'လိုတရနှလုံးသား' ပါပဲ။

## စိတ်နဲ့ပွားမှုဘာဝနာအစစ်

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ရာဇဂြိုဟ်မြို့မှာ သမ္မာဒိဋ္ဌိ မိဘက မွေးဖွားတဲ့သားနဲ့ မိစ္ဆာဒိဋ္ဌိ မိဘက မွေးဖွားတဲ့သား၊ ကလေးနှစ်ယောက် အင်မတန်ချစ်ခင်တဲ့ သူငယ်ချင်းတွေ ဖြစ်ကြတယ်။ သူတို့နှစ်ယောက်ဟာ အမြဲတမ်း အတူတူ ကစားကြတယ်။ အများအားဖြင့်တော့ ဂုံညင်းထိုးတမ်းကစားကြတယ်၊ ဒိုးပစ်တမ်း ကစားကြတယ်ပေါ့။

ဒိုးပစ်တမ်း ကစားကြပြီဆိုရင် သမ္မာဒိဋ္ဌိက မွေးဖွားတဲ့သား ကလေးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ဆင်ခြင်ပြီးတော့ 'နမော ဗုဒ္ဓဿ – မြတ်စွာဘုရားရှင်အား ရှိခိုးပါ၏ 'လို့ အဲဒီလို ရွတ်ဆိုပြီးတော့မှ ဒိုးပစ်တယ်။

မိစ္ဆာဒိဋ္ဌိက မွေးဖွားတဲ့သားကလည်း သူတို့ကိုးကွယ်တဲ့ ဒိဋ္ဌိတွေရဲ့ ဂုဏ်ကိုအာရုံပြုပြီးတော့ 'နမော အရဟန္တာနံ – ရဟန္တာအရှင်မြတ်များကို ရှိခိုးပါ၏ 'လို့ ရွတ်ဆိုပြီးတော့ ဒိုးပစ်ပါတယ်။ ကလေးနှစ်ယောက်

ဒိုးပစ်တမ်းကစားကြပြီဆိုရင် အဲဒီလို ရွတ်ဆိုပြီးတော့ ဒိုးပစ်ကြတယ်။

ပစ်တိုင်း ပစ်တိုင်း 'နမော ဗုဒ္ဓဿ – မြတ်စွာဘုရားအား ရှိခိုးပါ၏' လို့ ရွတ်ဆိုပြီးတော့ ဒိုးပစ်တဲ့ကလေးက အနိုင်ရပါတယ်။ နမော အရဟန္တာနံ – ရဟန္တာအရှင်မြတ်များကို ရှိခိုးပါ၏' လို့ ရွတ်ဆိုပြီးတော့ ဒိုးပစ်တဲ့ကလေးက အမြဲတမ်း ရှုံးတယ်။

ရဟန္တာတွေကို ရှိခိုးတာပဲ ကုသိုလ်မရဘူးလား၊ ဘာလို့ မနိုင်ရတာလဲလို့ မေးစရာပဲ။ ရဟန္တာကို ရှိခိုးပါတယ်လို့ စကားလုံးအရသာ ရဟန္တာဖြစ်နေပေမယ့် သူ့စိတ်က အာရုံပြုနေတာက တကယ့်အရိယာ စင်စစ် ရဟန္တာအရှင်မြတ်တွေ မဟုတ်ပါဘူး။ တကယ့် ရဟန္တာအစစ်တွေကို သူ ရှိခိုးနေတာ မဟုတ်ပါဘူး။

သူ့မိဘတွေ ကိုးကွယ်တဲ့ တိတ္ထိ (မိစ္ဆာဒိဋ္ဌိ) တွေကို သူအာရုံပြုနေတာဖြစ်ပါတယ်၊ တိတ္ထိတွေကိုပဲ သူတို့က ရဟန္တာလို့ ထင်မှတ်ပြီးတော့ ကိုးကွယ်နေကြတယ်။ တိတ္ထိတွေကိုပဲ ဘုရားအဖြစ်နဲ့ ကိုးကွယ်နေကြတယ်။

ကိုယ်က ရဟန္တာလို့ သတ်မှတ်ပြီးတော့ ကြည်ညိုတိုင်း ၊ ဘုရားလို့ သတ်မှတ်ပြီးတော့ ကြည်ညိုတိုင်း ကုသိုလ်တရား တိုးပွားသွားတာ မဟုတ်ပါဘူး။ ကိုယ်အာရုံပြုတဲ့ ပုဂ္ဂိုလ်က တကယ်ရဟန္တာဖြစ်မှ၊ ကိုယ်အာရုံပြုတဲ့ ပုဂ္ဂိုလ်က တကယ်ဘုရားဖြစ်မှ ရဟန္တာလို့ အာရုံပြုပြီး၊ ဘုရားလို့ အာရုံပြုပြီး ကိုးကွယ်ရင် ကုသိုလ်ရနိုင်တာပါ။

ရဟန္တာမဟုတ်ဘဲနဲ့ ကိုယ့်ဘာသာကိုယ် ကိုယ့်ရဲ့သဒ္ဓါလွန်စိတ်နဲ့ ရဟန္တာလို့သတ်မှတ်ပြီး ကိုးကွယ်လိုက်ရုံနဲ့ ရဟန္တာကို ကိုးကွယ်တဲ့ အကျိုးတွေ ရနိုင်တာ မဟုတ်ပါဘူး။ တိတ္ထိတွေကို ရဟန္တာလို့ သတ်မှတ်ပြီးတော့ 'နမော အရဟန္တာနံ – ရဟန္တာများကို ရှိခိုးပါတယ်' လို့ ရွတ်ဆို

ပြီး ဒိုးပစ်ပေမယ့် ရှုံးခဲ့တာပါပဲ။

ဒါကြောင့် ကြည်ညိုတယ်၊ ကြည်ညိုတယ်ဆိုတဲ့နေရာမှာ အာရုံမှန်ကန်ဖို့ လိုပါတယ်၊ မိမိကြည်ညိုတဲ့ ပုဂ္ဂိုလ်ဟာ စစ်မှန်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ လိုအပ်တယ်ဆိုတာ ဒီနေရာမှာ ကောက်ချက်ချခဲ့ရမယ်။

နောက် ကောက်ချက်ချစရာ တစ်ခုရှိတာက သမ္မာဒိဋ္ဌိကလေးလေး 'နမော ဗုဒ္ဓဿ – မြတ်စွာဘုရားအား ရှိခိုးပါ၏' လို့ ရွတ်ဆိုပြီးတော့ ဒိုးပစ်တဲ့နေရာမှာ ရွတ်ရုံသက်သက် မဟုတ်ပါဘူး။

ဗုဒ္ဓါနုဿတိ အာဝဇ္ဇေတွာ 'နမော ဗုဒ္ဓဿာ' တိ ဝတွာ ဝတွာ ဂုဠံ ခိပတိ။

မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေကို စိတ်ထဲမှာ ထပ်ကာထပ်ကာ ဆင်ခြင်ပြီးတော့မှ 'နမော ဗုဒ္ဓဿ' လို့ ရွတ်ဆိုပြီးတော့ ဒိုးပစ်တာ ဖြစ်ပါတယ်။

ဒါသတိပြုရမယ့် အချက်ဖြစ်ပါတယ်၊ ဘာကြောင့်ပြောရသလဲဆိုတော့ ဒီနေ့အထိ အများစုကတော့ ရွတ်တာကိုပဲ သိပ်ပြီးတော့အားသန်နေကြလို့ ဖြစ်ပါတယ်။ ရွတ်တာကို အလေးပေးနေကြလို့ ဖြစ်ပါတယ်။

ဗုဒ္ဓါနုဿတိဆိုတာကတော့ ဗုဒ္ဓဘာသာမှန်ရင် ပွားများနေကြတာချည်းပါပဲ။ ဗုဒ္ဓါနုဿတိဆိုတာ ဘုရားဖူးတာ၊ ဘုရားရှိခိုးတာ၊ ဘုရားဝတ်တက်တာ၊ ဒါတွေလည်းပဲ ဗုဒ္ဓါနုဿတိတွေချည်းပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို စိတ်နဲ့ပဲ ဆင်ခြင်နေတာလည်းပဲ ဗုဒ္ဓါနုဿတိပါပဲ။

သို့သော်လည်းပဲ ဗုဒ္ဓါနုဿတိချင်းတူပေမယ့် အဆင့်ချင်းတော့ မတူကြဘူးပေါ့။ အနုအရင့်တော့ ကွာခြားကြပါတယ်။ အဆင့်အမြင့်ဆုံး ဗုဒ္ဓါနုဿတိစစ်စစ်ကတော့ စိတ်သက်သက်နဲ့ပဲ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်

တော်တွေကို ဆင်ခြင်ပြီးတော့နေတာ ဖြစ်ပါတယ်။

ဗုဒ္ဓါနုဿတိ ဆိုတာ သမထကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ သမထ၊ ဝိပဿနာဆိုတာ ဘာဝနာဖြစ်ပါတယ်။ ဘာဝနာဆိုတာ ကိုယ်၊ နှုတ်ရဲ့ အလုပ် မဟုတ်ပါဘူး။ စိတ်ရဲ့အလုပ် ဖြစ်ပါတယ်။

သို့သော်လည်းပဲ စိတ်သက်သက်နဲ့ အာရုံပြုပွားများနိုင်လောက်အောင် စိတ်စွမ်းရည် မပြည့်ဝသေးဘူး၊ စိတ်ခွတ် မခိုင်မာသေးဘူးဆိုရင်တော့ နှုတ်ကလေးနဲ့လည်း ကူပေးလို့ ရပါတယ်။ တခြား အထောက်အကူပြု ပစ္စည်းတစ်ခုခုနဲ့လည်း ကူပေးလို့ ရပါတယ်။ သို့သော် အကူကို အကူနေရာမှာပဲ ထားရပါမယ်။ အကူနဲ့ပဲ လမ်းဆုံးသွားတာမျိုးတော့ မဖြစ်စေရဘူး။

အဲဒီတော့ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်တွေကို သူ့နေရာနဲ့သူ ရွတ်ဖတ်တဲ့ အလုပ်ကတော့ လုပ်ရမှာပါ။ အခုလို စေတီတော်၊ ရုပ်ပွားတော်တစ်ဆူဆူရဲ့ ထီးတင်ပွဲအထိမ်းအမှတ် စသည်အားဖြင့် တစ်ခါတစ်ရံမှ ဘုရားလာဖူးတဲ့ ကိစ္စမျိုးဆိုရင်တော့ ဘုရားရှေ့မှာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ မိမိ ကြည်ညိုတဲ့ ပရိတ်တော်တွေ၊ ဂါထာတော်တွေ စသည်အားဖြင့် ဒီလို ရွတ်ဖတ်ပူဇော်တဲ့အလုပ် လုပ်ရမှာပေါ့။

တစ်နေ့တာမှာလည်းပဲ သူ့အချိန်နဲ့သူ ဘုရားဝတ်တက်တဲ့ အချိန်တို့၊ ဘုရားရှိခိုးတဲ့ အချိန်တို့မှာတော့ နှုတ်က အသံထွက်ပြီးတော့ ရွတ်ဆိုရမှာပေါ့။ ဗုဒ္ဓါနုဿတိဘာဝနာ သမထကမ္မဋ္ဌာန်းတစ်ခုအနေနဲ့ ပွားတော့မယ်ဆိုရင်တော့ နှုတ်ကိုလည်း လွှတ်ပါ၊ အထောက်အကူပြု ပစ္စည်း တစ်ခုခုကိုလည်း လွှတ်ပါ။ စိတ်သက်သက်နဲ့ပဲ ပွားများရပါတယ်။

ဒါက သမထကမ္မဋ္ဌာန်းအနေနဲ့ ပွားများမယ်ဆိုရင် ပြောတာပါ၊

ဘာဝနာအနေနဲ့ ပွားများတာမဟုတ်ဘဲနဲ့ ကုသိုလ်ရအောင် အားထုတ်တာ ဆိုရင်တော့ အမြဲတမ်း ရွတ်လို့ ရပါတယ်၊ ဒါပေမဲ့ အရွတ်ဟာ အသားလောက် မကောင်းဘူးဆိုတာကိုတော့ နှလုံးသွင်းထားဖို့ လိုအပ်ပါတယ်။

သို့သော်လည်းပဲ တချို့က ဟင်းစားပြီဆိုရင် အရွတ်မှ ရွေးစားတာမျိုး မရှိဘူးလား၊ ရှိတယ်၊ အရွတ်ကြိုက်တဲ့သူက အရွတ်ပဲ ရွေးစားပါတယ်၊ အသားကို ဘေးဖယ်ထားလိုက်တာပါပဲ။ ဒီတော့ အရွတ်ကြိုက်လို့ အရွတ် စားတာကိုတော့ ဘာမှ မပြောလိုပါဘူး။ ဒါပေမဲ့ အရွတ်ဟာ ဘာဝနာစစ်စစ် မဖြစ်ဘူးဆိုတာကိုတော့ မမေ့လိုက်ပါနဲ့။

ရွတ်တယ်ဆိုတဲ့နေရာမှာတောင်မှ ရွတ်ရုံသက်သက်နဲ့တော့ မပြီးသေးဘူး၊ အသံထွက်မှန်ရုံ၊ စကားလုံးမှန်ရုံနဲ့ မပြီးသေးဘူး။ အဓိပ္ပာယ်ပါ စိတ်နဲ့ ဆင်ခြင်ဖို့ လိုအပ်ပါတယ်။

ခုန ကလေးလေးက ခုနစ်နှစ်၊ ရှစ်နှစ်သားပဲ ရှိပါသေးတယ်။ ကလေးလေး ရွတ်တာကို ကြည့်လိုက်ပေါ့၊ ဗုဒ္ဓါနုဿတိ အာဝဇ္ဇေတွာ၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို စိတ်နဲ့ ဆင်ခြင်လိုက်ပါသေးတယ်။ စိတ်ထဲမှာ ကြည်ညိုစွာ ဆင်ခြင်ပြီးခါမှ အဲဒီ ဆင်ခြင်ထားတဲ့ ဂုဏ်တော်ပိုင်ရှင် မြတ်စွာဘုရားကို ရှိခိုးတာပါဆိုတဲ့သဘောနဲ့ 'နမော ဗုဒ္ဓဿ မြတ်စွာဘုရားကို ရှိခိုးပါတယ်'။ အဲဒီလို အသံထွက်ရွတ်ဆိုပြီးတော့ ဒိုးပစ်တမ်း ကစားတာ ဖြစ်ပါတယ်။

ဒါကြောင့် ရွတ်တာ၊ ဖတ်တာကလည်း သူ့အချိန်နဲ့သူ၊ သူ့နေရာနဲ့သူ၊ အခြေအနေအားလျော်စွာ လုပ်ရမှာပါ၊ ဘာဝနာတစ်ခုအနေနဲ့ ပွားမယ်ဆိုရင်တော့ စိတ်သက်သက်နဲ့ပဲ ပွားရမယ်၊ ရွတ်တဲ့နေရာမှာလည်း စိတ်က ကိုယ်ရွတ်နေတဲ့ စကားရပ်နဲ့သက်ဆိုင်တဲ့ အဓိပ္ပာယ်တွေ

ကို ထိထိ မိမိ အာရုံပြုတတ်ရမယ်။

ဦးဇင်းတို့က ဗုဒ္ဓါနုဿတိနဲ့ ပတ်သက်လို့ ပြောပြီဟောပြီဆိုရင် စိတ်နဲ့ ဆင်ခြင်ဖို့က အဓိက၊ စိတ်နဲ့ဆင်ခြင်မှု ဘာဝနာစစ်စစ်ဖြစ်ပါတယ် လို့ပြောတော့ တချို့က ဦးဇင်းပြောတဲ့စကားရပ်ကို သဘောမပေါက်တော့ ဘယ်လိုပြောသလဲဆိုရင် . . .

ဦးဇင်းတို့ မကြာခင်က ဒေါ်ခင်မြ ရုံမှာ 'နှလုံးသားတောင်ထိပ် က အရဟံစေတီ' ဆိုတဲ့ တရားတစ်ပုဒ် ဟောခဲ့ပါတယ်။ အဲဒီ တရားကို နာကြားရတဲ့ ပရိသတ်ထဲက တုံ့ပြန်သံ ကြားရတာတစ်ခုကတော့ 'တို့ အဘိုး၊ တို့အဘွား၊ တို့အမေ၊ တို့အဖေတွေ တစ်သက်လုံး ဒီလိုပဲ ပုတီးနဲ့ စိပ်လာခဲ့တာ၊ ဒီလိုပဲ ပါးစပ်နဲ့ ရွတ်ဖတ်လာခဲ့တာ၊ ဒီကိုယ်တော်ကျမှ အဆန်းထွင်ပြီးတော့ စိတ်နဲ့ ဆင်ခြင်ရမယ်လို့'၊ အဲဒီလို ဝေဖန်သံကို တစ်ဆင့်စကားနဲ့ ကြားရပါတယ်။

ဦးဇင်းရဲ့ အာဘော်ကို၊ ဦးဇင်းရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကိုသဘော မပေါက်လို့ပါ၊ ရွတ်တာဖတ်တာကို ဦးဇင်းတို့လုံးဝ အပြစ်မပြောပါဘူး၊ မရွတ်ဖတ်ပါနဲ့လို့လည်း လုံးဝ မကန့်ကွက်ပါဘူး၊ ပုတီးမစိပ်ပါနဲ့လို့ လည်း လုံးဝ မပြောပါဘူး၊ ပုတီးစိပ်တာကိုလည်း မကန့်ကွက်ပါဘူး။

ဝါသနာပါရင် စိပ်နိုင်ပါတယ်၊ ဝါသနာပါရင် ရွတ်နိုင်ပါတယ်၊ သို့သော် ဘာဝနာကမ္မဋ္ဌာန်းတစ်ခုအနေနဲ့ ပွားတော့မယ်ဆိုရင်တော့ စိတ် သက်သက်နဲ့ ပွားရပါတယ်၊ စိတ်သက်သက်နဲ့ ပွားများမှသာလျှင် ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်းဟာ အဆင့်မြင့်မြင့် ဖြစ်ပါတယ်။ ဘုရားအလိုတော်ကျ ဖြစ်ပါတယ်။ ဗုဒ္ဓါနုဿတိရဲ့ စစ်မှန်တဲ့ရလဒ်၊ ကြီးကျယ်တဲ့ ကောင်းကျိုး ချမ်းသာတွေကို အပြည့်အဝ ရရှိစေနိုင်ပါတယ်။ ဒီအဓိပ္ပာယ်ကိုသာ ပြော နေခြင်း ဖြစ်ပါတယ်။

ကျင့်သုံးတာ မကျင့်သုံးတာက မိမိတို့ရဲ့ အပိုင်းပါပဲ။ ဒီတော့ သူ့အချိန်၊ သူ့အခါ၊ သူ့နေရာဌာန အားလျော်စွာ ရွတ်ဖတ်တဲ့အလုပ်ကို လုပ်ရပါမယ်။ သို့သော် ရွတ်တဲ့အခါမှာ အဓိပ္ပာယ်ကို နက်နက်ရှိုင်းရှိုင်း သိမြင်အောင် ဆင်ခြင်ရပါမယ်။ ဘာဝနာအနေနဲ့ အဆင့်မြင့်မြင့်ပွားမယ် ဆိုရင်တော့၊ အဆင့်မြင့်တဲ့ လိုတရနှလုံးသားအဆင့်ရောက်အောင် ပွား ချင်တယ်ဆိုရင်တော့ စိတ်သက်သက်နဲ့ ပွားရပါတယ်။ ဒါလေးလည်းပဲ ဒီဝတ္ထုကနေ ကောက်ချက်ချဖို့ပါပဲ။

စိတ်သက်သက်နဲ့ ပွားမှ ဘာဝနာအစစ် ဖြစ်ပါတယ်။ ဗုဒ္ဓါနုဿတိဘာဝနာမှာပဲဖြစ်ဖြစ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသ အသုဘဘာဝနာမှာပဲ ဖြစ်ဖြစ်၊ စိတ်သက်သက်နဲ့ ပွားနိုင်လောက်အောင် မစွမ်းနိုင်သေးဘူးဆို ရင်တော့ အစပိုင်းမှာ နှုတ်နဲ့ ရွတ်ဆိုရတာမျိုး ရှိပါတယ်။ ဒါပေမဲ့ နှုတ်နဲ့ ရွတ်ဆိုတဲ့အဆင့်က ဘာဝနာအဆင့် မဟုတ်သေးပါဘူး။ ဘာဝနာ ရှေ့ပြေးအဆင့်ပဲ ရှိပါသေးတယ်။

ဘာဝနာရှေ့ပြေးအဆင့်ကနေ ဘာဝနာအဆင့်ရောက်အောင် တက်လှမ်းရမှာပါ။ ဘာဝနာအဆင့် ရောက်ပြီးမှ တစ်ခါတစ်ရံ စိတ်ထဲမှာ မျိုသိပ်မထားနိုင်လို့ နှုတ်ကနေ အသံထွက် ရွတ်ဆိုတာကတော့ ဥဒါန်း ကျူးတဲ့ သဘောပါ။ ရှေ့ပြေးသဘော မဟုတ်ပါဘူး။

■

## နှလုံးသားမြတ်ရင်အရှုံးတရားရပ်တယ်

အဲဒီလိုနဲ့ သမ္မာဒိဋ္ဌိကလေးက အမြဲတမ်း နိုင်တော့ မိစ္ဆာဒိဋ္ဌိကလေးက မင်းဘာတွေ ရွတ်တာလဲ၊ ငါဒါတွေ ရွတ်တာပဲ၊ ရွတ်တဲ့အခါ ဘယ်လိုဆင်ခြင်ပြီးရွတ်တာလဲ၊ ဒီလို ဒီလို ဆင်ခြင်တာပဲ ဆိုပြီးတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ဆင်ခြင်ပုံ၊ ဆင်ခြင်ပြီးတော့မှ ရွတ်ပွားပုံကို သူက ပြောပြတယ်၊ စိတ်ကောင်းရှိတဲ့ ကလေးလေးမို့ ပြောပြတာပါ။

စိတ်ကောင်းမရှိတဲ့ ကလေးဆိုရင်တော့ ငါပြောလိုက်တာ လိုက်လုပ်လို့ သူနိုင်သွားလို့ရှိရင် ငါခါတိုင်းလို နိုင်မှာ မဟုတ်တော့ဘူး ဆိုပြီး ပြောမှာ မဟုတ်ဘူး။ လျှို့ဝှက်ထားမှာပဲ။ အခုတော့ စိတ်ကောင်းရှိတဲ့ ကလေးဆိုတော့ ဘယ်လိုပွားတယ်၊ ဘယ်လိုရွတ်တယ်ဆိုတာ ပြောပြပါတယ်။

ဟို မိစ္ဆာဒိဋ္ဌိကလေးကလည်း အကြောင်းကံမလှလို့သာ မိစ္ဆာဒိဋ္ဌိမိဘဝမ်းမှာ ပဋိသန္ဓေနေပြီး မိစ္ဆာဒိဋ္ဌိကလေးလေး ဖြစ်နေတာ၊ ဓာတ်ခံ

ကောင်းလေးက ရှိနေတယ်။ ခေတ်ခံကောင်းလေးက ရှိနေတော့ သူ့ သူငယ်ချင်း ပြောပြတဲ့အတိုင်းပဲ ဘုရားဂုဏ်တော်ကို ပွားပါတယ်။ ပွားပြီးတော့ ဒိုးပစ်တမ်းကစားတိုင်း 'နမော ဗုဒ္ဓဿ' လို့ ရွတ်ပါတယ်။

ဒါပေမဲ့ ဒိုးပစ်တဲ့အခါ နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ ရွတ်တာ မဟုတ်ပါဘူး၊ ဗုဒ္ဓါနုဿတိယံ ပရိစယမကာသိ တဲ့၊ အဲဒီ မိစ္ဆာဒိဋ္ဌိကလေးလေးဟာ သူ့သူငယ်ချင်း သမ္မာဒိဋ္ဌိကလေးလေးက ပြောပြတဲ့အကြောင်းအရာတွေကို သိတာနဲ့ တစ်ပြိုင်နက်တည်း ဘုရားကို ကြည်ညိုသွားတယ်။ ရွတ်တာသက်သက်ပဲ သူက ပြောပြတာမှ မဟုတ်ဘဲ။ တို့ဘုရားဆိုတာ ဘယ်လိုဂုဏ်တော်တွေနဲ့ ပြည့်စုံတယ်၊ ဘယ်လို အရည်အသွေးတွေနဲ့ ပြည့်စုံတယ်ဆိုတာ ရှင်းပြတော့ သူက ဘုရားကို ကြည်ညိုတယ်။

မိဘက မိစ္ဆာဒိဋ္ဌိဘာသာဝင်ဖြစ်နေလို့ ဘာသာဝင်အနေနဲ့တော့ သူကလည်း မိစ္ဆာဒိဋ္ဌိဘာသာဝင်ပါပဲ၊ ဗုဒ္ဓဘာသာဝင်လို့ နာမည်မခံပါဘူး။ နာမည်မခံပေမယ့် သူလုပ်နေတဲ့အလုပ်က ဗုဒ္ဓဘာသာဝင်လို့ နာမည်ခံထားတဲ့ တချို့ပုဂ္ဂိုလ်တွေထက်တောင် အဆင့်မြင့်နေပါသေးတယ်။

မြတ်စွာဘုရားရှင်ဂုဏ်တော်ကို လှိုက်လှိုက်လှဲလှဲ ကြည်ညိုတဲ့ စိတ်နဲ့ပွားများတယ်၊ ပွားများပြီးတော့ ပွားများတဲ့စိတ်တွေက ပီတိတွေ အားကောင်းလာတဲ့အခါ စိတ်ထဲမှာ မျိုသိပ်မထားနိုင်တော့ဘဲ ဥဒါန်းကျူးတဲ့သဘောနဲ့ 'နမော ဗုဒ္ဓဿ – မြတ်စွာဘုရားကို ရှိခိုးပါတယ်'၊ ဘုရားကို ကြည်ညိုပြီးတော့ ရှိခိုးတာဖြစ်ပါတယ်။ ဒိုးပစ်တမ်း ကစားသည်ဖြစ်စေ၊ မကစားသည်ဖြစ်စေ ဘုရားဂုဏ်တော်ကို သူ အမြဲတမ်း ပွားများနေပါတယ်။ 'နမော ဗုဒ္ဓဿ' ကို သူ အမြဲတမ်း ရွတ်ဆိုနေပါ

တယ်။

တစ်နေ့တော့ သူ့ရဲ့ အဖေနဲ့အတူ မြို့အပြင်ဘက်က တောအုပ်ထဲမှာ ထင်းခွေထွက်သွားတယ်၊ တောထဲမှာ ထင်းတွေခုတ်၊ လှည်းပေါ်ကို ထင်းတွေ အပြည့်တင်ပြီးတော့ ညနေချမ်းလောက်ကျတော့မှ ပြန်လာတယ်။

ပြန်လာတော့ မြို့အပြင်ဘက် သင်္ချိုင်းကုန်းနေရာရောက်တော့ ရေတွေ၊ မြက်တွေကလည်း အဆင်ပြေတာနဲ့ ခဏတစ်ဖြုတ် နားတယ်၊ လှည်းကနွားတွေကို ချွတ်၊ နွားတွေကို မြက်စားဖို့ လွှတ်လွှတ်ကျွတ်ကျွတ် လွှတ်ထားပြီးတော့ သူတို့က ခဏအပန်းဖြေနေကြတယ်။

အဲဒီအချိန်မှာပဲ သူတို့လွှတ်ထားတဲ့ နွားနှစ်ကောင်က မြို့ထဲကို ညနေချိန်မှာ မြို့ထဲကိုဝင်တဲ့ နွားအုပ်ကြီးနဲ့ ရောပြီးတော့ လိုက်သွားကြတယ်။ လိုက်သွားတဲ့အတွက်ကြောင့် ဖခင်ဖြစ်တဲ့သူက မြို့ထဲကို ဝင်ပြီးတော့ သူ့ရဲ့ နွားနှစ်ကောင်ကို နွားအုပ်ထဲမှာ လိုက်ရှာတယ်။ မြို့ထဲဝင်ပြီးတော့ နွားလိုက်ရှာနေလို့ နွားတွေ့ပြီးလို့ ပြန်လည်းလာရော အချိန်က နှောင်းသွားတဲ့အတွက်ကြောင့် မြို့တံခါးက ပိတ်သွားပြီ။

အဖေက နွားနှစ်ကောင်နဲ့ မြို့ထဲမှာ ကျန်နေခဲ့တယ်။ အပြင်က သင်္ချိုင်းထဲမှာတော့ လှည်းပေါ်မှာ ကလေးတစ်ယောက်တည်းပဲ ကျန်နေခဲ့ပါတယ်။ အခုန ဗုဒ္ဓါနုဿတိအမြဲတမ်း ပွားနေတဲ့ ကလေးလေးပေါ့။ မိစ္ဆာဒိဋ္ဌိဘာသာဝင်ဖြစ်ပေမယ့် ဘုရားဂုဏ်တော် အမြဲတမ်း ပွားနေတာ ဖြစ်တော့ စကားပြောရလွယ်ကူအောင် အဲဒီကလေးလေး နာမည်ကို မောင်ဂုဏ်ချစ်လို့ပဲ ထားလိုက်ကြပါစို့။ ဘုရားဂုဏ်တော်ကို ချစ်မြတ်နိုး-တဲ့သူမို့ 'မောင်ဂုဏ်ချစ်'။

အဲဒီတော့ မြို့အပြင်ဘက်က သုသာန်ထဲမှာ မောင်ဂုဏ်ချစ်

ငှလေး တစ်ယောက်တည်း ကျန်နေခဲ့တယ်။ လူတွေလည်း တစ်ယောက်မှ မရှိကြတော့ဘူး။ အဖေ ပြန်လာနိုး၊ ပြန်လာနိုး၊ စောင့်ရင်း စောင့်ရင်းနဲ့ အဖေကလည်း ပေါ်မလာ၊ မှောင်ကလည်း မှောင်လာတော့ လှည်း အောက်မှာ ကလေးက တစ်ယောက်တည်း အိပ်လိုက်တယ်။

ကလေးဆိုတော့လည်း အိပ်လိုက်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ် ပျော်သွားတာပေါ့၊ ညနေစာထမင်းကလည်း မစားရသေးဘူးဆိုတော့ ဗိုက်ကလည်း ဆာဆာနဲ့ အိပ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား တယ်။ အဲဒီလို အိပ်ပျော်သွားတဲ့အချိန်မှာ ခပ်လှမ်းလှမ်းက ဘီလူး နှစ် ကောင် ရောက်လာတယ်။ ညဘက် မှောင်ပြီဆိုတော့ ဘီလူးတွေ ထွက်ကြ တာပေါ့။

ဘီလူးနှစ်ကောင် လှည်းနား ရောက်လာတယ်။ တစ်ကောင်က မိစ္ဆာဒိဋ္ဌိဘီလူး၊ တစ်ကောင်က သမ္မာဒိဋ္ဌိဘီလူး၊ မိစ္ဆာဒိဋ္ဌိဘီလူးက ကလေး ကို မြင်တာနဲ့ 'ဟာ ငါတော့ အစာရပြီ၊ ဒီကလေးကို ငါစားတော့မယ်'၊ အဲဒီလို ပြောတော့ သမ္မာဒိဋ္ဌိဘီလူးက 'မစားပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကလေးဟာ နှလုံးသားထဲမှာ ဘုရားတည်နေတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်'။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားနေတယ်ဆိုတာ နှလုံး သားမှာ ဘုရားတည်နေတာ ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်မှန်ရင် ဘုရား တည်တဲ့အလုပ်ကို မလုပ်မဖြစ် မုချလုပ်ရမှာ ဖြစ်ပါတယ်။ အပြင်မှာတည် ဖို့ အခြေအနေပေးရင်လည်း အုတ်တွေ၊ ကျောက်တွေ၊ သဲတွေ၊ ဘိလပ်မြေ တွေနဲ့ စေတီတည်ပေါ့။ ဘုရားတည်ပေါ့။

အပြင်မှာ တည်ဖို့ အခြေအနေ မပေးဘူးဆိုရင်လည်းပဲ မိမိရဲ့ နှလုံးသားထဲမှာတော့ ဘုရားတည်ကို တည်ရမယ်။ အပြင်မှာ ဘုရားတည် တာ မတည်တာက အဓိကမဟုတ်ဘူး၊ နှလုံးသားမှာ ဘုရားတည်ဖို့က

အဓိက။ ဘုရားရဲ့ ဂုဏ်တော်ကို ပွားနေတာဟာ နှလုံးသားမှာ ဘုရားတည်နေတာပါပဲ။ 'အရဟံ၊ အရဟံ' နဲ့ ပုတီးစိပ်နေတာဟာလည်း နှလုံးသားမှာ ဘုရားတည်နေတာပါပဲ။

နှလုံးသားမှာ ဘုရားတည်တဲ့အလုပ်က ဘုရားရှေ့မှာ သီးခြားထိုင်ရင်းနဲ့မှ လုပ်လို့ရတာ မဟုတ်ပါဘူး။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ စားရင်းသောက်ရင်း၊ လျှော်ရင်းဖွပ်ရင်းနဲ့လည်း လုပ်လို့ရပါတယ်။

စိတ်အပြည့်နှစ်ပြီး လုပ်ရတဲ့ အလုပ်တချို့ကလွဲရင် အလုပ်တော်တော်များများဟာ စိတ်အားတဲ့အလုပ်တွေပါ။ စိတ်အားလို့လည်း အလုပ်လုပ်ရင်း ဟိုတွေးဒီတွေး တွေးလို့ ရနေတာပေါ့။ ဟိုပြောဒီပြောပြောလို့ ရနေတာပေါ့။

အပိုတွေ တွေးပြီး အပိုတွေ ပြောနေမယ့်အစား တစ်ဖက်က လုပ်စရာရှိတဲ့ အလုပ်ကို အမှားအယွင်းမရှိအောင် ဂရုတစိုက်လုပ်ရင်း တစ်ဖက်က ကြိုးကြားကြိုးကြား ဂုဏ်တော်ပွားသွားမယ်ဆိုရင် အလုပ်လုပ်ရင်း ဘုရားပေါင်းများစွာ တည်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

အဲဒီတော့ အပြင်မှာဘုရားတည်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ မတည်တဲ့ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ မည်သူမဆို ဗုဒ္ဓဘာသာမှန်ရင်တော့ နှလုံးသား ဘုရားတည်တဲ့အလုပ်ကို လုပ်ကိုလုပ်သင့်ပါတယ်။ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရဲ့ကျေးဇူးတွေက ကိုယ့်အပေါ်မှာ ကြီးမားလွန်းလို့ပါပဲ။ ကိုယ့်ရဲ့ကျေးဇူးရှင်ပုဂ္ဂိုလ်ကို အမြဲမပြတ် သတိရတဲ့အလုပ်ဆိုတာသူတော်ကောင်းပုဂ္ဂိုလ်မှန်ရင် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပါပဲ။

■



## ဘုရားရှိလို့တရားသိတာပါ

မြတ်စွာဘုရားရဲ့ ကျေးဇူးတွေ ဘယ်လောက်ကြီးမားသလဲဆိုတာ ပြောပြလို့တောင် မကုန်ပါဘူး။ အကျဉ်းချုပ်ပြောရင်တော့ မြတ်စွာဘုရားရှင်ရဲ့ကျေးဇူးကြောင့် ဦးဇင်းတို့တစ်တွေဟာ မိမိရဲ့ ပစ္စည်းဉစ္စာကိုလည်းပဲ တန်ဖိုးရှိအောင် အသုံးချတတ်ကြပါတယ်။ မိမိရဲ့ ခန္ဓာကိုယ်ကိုလည်းပဲ တန်ဖိုးရှိအောင် အသုံးချတတ်ကြပါတယ်။ မိမိရဲ့ စိတ်ဓာတ်ကိုလည်းပဲ တန်ဖိုးရှိအောင် အသုံးချတတ်ကြပါတယ်။

မိမိရဲ့ ပစ္စည်းဉစ္စာကို မြတ်စွာဘုရားရှင်ရဲ့ လမ်းညွှန်ချက်အတိုင်း တန်ဖိုးရှိအောင် အသုံးချတတ်တော့ ဒါနစွမ်းရည်တွေ ပေါ်ထွက်လာပါတယ်။ မိမိရဲ့ ခန္ဓာကိုယ်ကို မြတ်စွာဘုရားရှင်ရဲ့ လမ်းညွှန်ချက်အတိုင်း စနစ်တကျ အသုံးချတတ်တော့ သီလစွမ်းရည်တွေ ပေါ်ထွက်လာပါတယ်။ မိမိရဲ့ စိတ်ဓာတ်ကို မြတ်စွာဘုရားရှင်ရဲ့ လမ်းညွှန်ချက်အတိုင်း စနစ်တကျ အသုံးချတတ်တော့ ဘာဝနာစွမ်းရည်တွေ ပေါ်ထွက်

လာပါတယ်။

ဒါနစွမ်းရည်တွေက ပစ္စုပ္ပန်သံသရာမှာ ပစ္စည်းဥစ္စာတွေ ပြည့်စုံအောင် ကျေးဇူးပြုသွားပါလိမ့်မယ်၊ သီလစွမ်းရည်တွေက ပစ္စုပ္ပန်သံသရာမှာ ရုပ်ဆင်းဥပမိနဲ့ ပြည့်စုံအောင်၊ အနာရောဂါကင်းရှင်း၊ ကျန်းမာခြင်းတွေနဲ့ ပြည့်စုံအောင်၊ ဘေးရန်အန္တရာယ် အနှောင့်အယှက်တွေ ကင်းအောင် စောင့်ရှောက်သွားပါလိမ့်မယ်။

သမထဘာဝနာစွမ်းရည်တွေက ပစ္စုပ္ပန်သံသရာမှာ လောကဓံခံနိုင်ရည်ရှိအောင်၊ စိတ်ဓာတ်ခိုင်မာအောင် ကျေးဇူးပြုသွားပါလိမ့်မယ်။ ဝိပဿနာဘာဝနာစွမ်းရည်တွေက ပစ္စုပ္ပန်သံသရာမှာ အသိဉာဏ် ထက်မြက်အောင်၊ ပညာကြီးမားအောင်နဲ့တကွ သံသရာဝဋ်ဆင်းရဲမှ အပြီးတိုင်လွတ်မြောက်သွားအောင် ကျေးဇူးပြုပါလိမ့်မယ်။

မြတ်စွာဘုရားရှင်ရဲ့ကျေးဇူးကြောင့် ကုသိုလ်ကံဆိုတာလည်း သိခွင့်ရတယ်၊ အကုသိုလ်ကံဆိုတာလည်း သိခွင့်ရတယ်၊ ဒါလုပ်ရင်ကောင်းတယ်၊ ကောင်းကျိုးရမယ်။ ဒါလုပ်ရင်တော့ ဆိုးတယ်၊ ဆိုးကျိုးရမယ်။ အကောင်းအဆိုးကို ခွဲခြားပြီးတော့ သိခွင့်ရတာ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးဖြစ်ပါတယ်။

လူ့ဘဝတစ်ခုတည်းသာ ရှိတာမဟုတ်ဘူး။ သုဂတိအနေနဲ့ နတ်ဘဝဆိုတာ ရှိတယ်၊ ဗြဟ္မာဘဝဆိုတာ ရှိတယ်၊ နတ်ဘဝ ဗြဟ္မာဘဝရောက်ကြောင်း အလုပ်တွေက ဒါတွေ ဒါတွေ ရှိတယ်ဆိုတာ သိခွင့်ရပါတယ်။

ကောင်းတဲ့ဘဝတွေပဲ ရှိတာမဟုတ်ဘူး။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံဘဝတွေလည်း ရှိတယ်၊ အဲဒီ အပါယ်ဘုံဒုဂ္ဂတိဘဝတွေကိုတော့ ဒီအလုပ် ဒီအလုပ်တွေ လုပ်ရင်ရောက်သွားစေနိုင်

တယ်။ အဲဒီလိုလည်း သိခွင့်ရပါတယ်။

အဲဒီလို သိခွင့်ရတဲ့အတွက်ကြောင့် မကောင်းရာဒုဂ္ဂတိဘဝတွေ ရောက်ရာရောက်ကြောင်း မကောင်းတဲ့ ဒုစရိုက်အလုပ်တွေရှောင်ကြဉ်နိုင်ကြပါတယ်။ ကောင်းရာသုဂတိဘဝတွေ ရောက်ရာရောက်ကြောင်း ကောင်းတဲ့ ကုသိုလ်တရားတွေကို သိခွင့်ရတဲ့အတွက်ကြောင့်လည်းပဲ ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစားနိုင်ကြပါတယ်။

ဒီတော့ ဘုံဘဝတွေအကြောင်းကို သိရတာရယ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့ အကြောင်းကို သိခွင့်ရတာရယ်၊ ဒီနှစ်ချက်တည်းနဲ့ကိုပဲ မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်တွေက ဆပ်လို့မကုန်တော့ဘူး။ ပိုပြီးတော့ ဆပ်လို့မကုန်နိုင်တော့တာကတော့ သတိပဋ္ဌာန် ဝိပဿနာ ကျင့်စဉ်ကို အထင်အရှား ပြသဖော်ထုတ်ပေးခြင်းပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးကြောင့် ခန္ဓာအရှိကို သိခွင့်ရတယ်။ ဒီခန္ဓာဟာ ဒုက္ခသစ္စာကြီးပဲဆိုတာ သိခွင့်ရတယ်။ ဒီခန္ဓာ ဒုက္ခသစ္စာ ဘာကြောင့် ဖြစ်သလဲဆိုတဲ့ သမုဒယသစ္စာလို့ခေါ်တဲ့ တဏှာနဲ့ တကွ၊ ကိလေသာတွေ၊ ကံတွေကိုလည်း သိခွင့်ရတယ်။

ဒီဒုက္ခ၊ ဒီသမုဒယတွေရဲ့ ချုပ်ရာနိဗ္ဗာန်ဆိုတာကိုလည်း သိခွင့်ရတယ်။ ဒီနိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာလို့ခေါ်တဲ့ ကျင့်စဉ်လမ်းမှန်ကိုလည်း သိခွင့်ရပါတယ်။ သိခွင့်ရတဲ့အတွက်ကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂသစ္စာ လို့ခေါ်တဲ့ မဂ္ဂင်လမ်းကြောင်း၊ သတိပဋ္ဌာန်လမ်းကြောင်း၊ ဝိပဿနာလမ်းကြောင်းကနေ မိမိတို့ လျှောက်လှမ်းခွင့် ရကြတယ်။

မိမိတို့ရဲ့ ပါရမီအားလျော်စွာ၊ ပစ္စုပ္ပန်ဘဝ ကြိုးစားအားထုတ်မှု အားလျော်စွာ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆိုက်ရောက်ကြရပါတယ်။ သံသရာ

ဝဋ်ဒုက္ခတွေကို လျှော့နိုင်ကြပါတယ်။

မြတ်စွာဘုရားရဲ့ ညွှန်ကြားချက်အတိုင်း ဝိပဿနာသတိပဋ္ဌာန်ကို အားထုတ်လိုက်လို့ ဒီဘဝမှာပဲ ရဟန္တာဖြစ်သွားပြီဆိုရင်တော့ သံသရာဝဋ်ဆင်းရဲကနေ အပြီးတိုင် လွတ်မြောက်သွားရပြီပေါ့။ နောက်ဘဝ ဆိုတာ ဆက်စရာ မလိုတော့ဘူး။ ဘယ်လောက် ကျေးဇူးကြီးမားသလဲ။

အနည်းဆုံး သောတာပန်လောက်ဖြစ်တယ်ဆိုရင်ပဲ လူ့ဘုံ၊ နတ်ဘုံမှာ ခုနစ်ဘဝပဲ ကျင်လည်ရတော့မယ်။ ဗြဟ္မာပြည်တွေမှာ ဆက်လက်ကျင်လည်ပြီးတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်သွားမယ်။ သောတာပန်ဖြစ်ခွင့်ရပြီဆိုရင်ပဲ သံသရာဝဋ်ဆင်းရဲရဲ့ အဆုံးအပိုင်းအခြားကို ကန့်သတ်ပြီးသား ဖြစ်သွားပါပြီ။

နောက်ဆုံး သောတာပန် မဖြစ်ဘူးပဲ ထားပါဦး။ ဝိပဿနာအလုပ်ကို အားထုတ်လို့ ကလျာဏပုထုဇဉ်အဖြစ်နဲ့ ရုပ်အကြောင်း၊ နာမ်အကြောင်း၊ ရုပ်တရား၊ နာမ်တရားတွေရဲ့ အကြောင်းတရား၊ အကြောင်းတရားနဲ့တကွ ရုပ်နာမ်တရားတွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတွေကို သိနေတဲ့ ဝိပဿနာဉာဏ်ဖြစ်ခွင့်ရနေတာတောင်မှ အင်မတန် အကျိုးများလှပါပြီ။

ဝိပဿနာဉာဏ်တွေထဲက သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်တဲ့ ရုပ်နာမ် သင်္ခါရတွေရဲ့အပေါ်မှာ ချစ်ခြင်းလည်းမဖြစ်၊ မုန်းခြင်းလည်းမဖြစ်၊ ချစ်ခြင်းဆိုတဲ့ အစွန်းတစ်ဖက်လည်း မရောက်၊ မုန်းခြင်းဆိုတဲ့ အစွန်းတစ်ဖက်လည်း မရောက်ဘဲ အလယ်အလတ်မှာပဲ အာရုံကို သိသိကာမျှနဲ့ ပြီးတဲ့ဉာဏ်နဲ့ နေခွင့်ရတယ်ဆိုရင်ပဲ အင်မတန် အကျိုးများလှပါပြီ။

သင်္ခါရုပေက္ခာဉာဏ်နဲ့ နေခွင့်ရနေတဲ့အခိုက်မှာ ဘယ်အာရုံနဲ့ပဲ တွေ့တွေ့ လောဘဦးစီးတဲ့ အနုစား ကိလေသာတွေနဲ့လည်း အစွန်း

မရောက်တော့ပါဘူး။ ဒေါသဦးစီးတဲ့ အကြမ်းစား ကိလေသာတွေနဲ့လည်း အစွန်းမရောက်တော့ပါဘူး။ လောဘအစွန်း၊ ဒေါသအစွန်းလို့ခေါ်တဲ့ အစွန်းနှစ်ဖက်ကိုမရောက်ဘဲနဲ့ မဇ္ဈိမပဋိပဒါ– အလယ်အလတ်ကနေ အာရုံကို သိသိကာမတ္တကလေးနဲ့ နေခွင့်ရပြီဆိုရင်ပဲ ဒုက္ခတွေ အင်မတန်ငြိမ်းသွားပါပြီ။

ဒါကြောင့် သင်္ခါရုပေက္ခာဉာဏ်ကို 'တောင့်တပြေ၍၊ ကြောင့်ကြပြေ၍ နေသာထိုင်သာ ရှိသောဉာဏ်'လို့ခေါ်ပါတယ်။ ဘဝမှာနေသာထိုင်သာရှိသွားပြီ။ ဘယ်အာရုံနဲ့ပဲတွေ့တွေ့ နေတတ်သွားပြီ။ စိတ်ဆင်းရဲတယ်၊ စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ စိတ်ပူလောင်တယ် ဆိုတာ မရှိတော့ဘူး။ အဲဒါကိုက အင်မတန် အဖိုးတန်နေပါပြီ။

သင်္ခါရုပေက္ခာဉာဏ်လောက် မရောက်တောင်မှ ရုပ်တရားနာမ်တရားဆိုတာ ကွဲပြားသွားပြီ၊ ဒီရုပ်နာမ်တွေဟာ အချိန်တိုင်း ဖြစ်လိုက်၊ ပျက်လိုက်နဲ့ ဖြစ်ပျက်နေတာပဲလို့ ဖြစ်ပျက်သဘောကို အမြဲတမ်း မြင်နေတယ်ဆိုရင်ပဲ အင်မတန် အဖိုးတန်လှပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ဝိပဿနာ၊ သတိပဋ္ဌာန်အလုပ်ကို အားထုတ်ခွင့်ရနေတာကိုက အင်မတန် အဖိုးတန်ပါတယ်။

အဲဒီလို မြတ်စွာဘုရားရှင်ရဲ့ ကျေးဇူးတော်တွေဟာ မိမိ အပေါ်မှာ ဆပ်လို့မကုန်နိုင်တဲ့အတွက်ကြောင့် ကျေးဇူးရှင်မြတ်စွာဘုရားကို မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများခြင်းဖြင့် သတိရတဲ့ အလုပ်နေ့စဉ် လုပ်သင့်ပါတယ်။ အချိန်များများ မလုပ်တောင်မှ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးလေးငါးမိနစ်လောက်တော့ အနည်းဆုံး လုပ်သင့်ပါတယ်။ တစ်နေ့ကို အနည်းဆုံး သုံးလေးငါးမိနစ်လောက်တော့ ဘုရားဂုဏ်တော် ပွားများသင့်ပါတယ်။

## တရားမှိုခိုရင်ဘုရားကြည်ညိုတယ်

အဲဒီလိုအားဖြင့်ပေါ့လေ၊ မိစ္ဆာဒိဋ္ဌိကလေးငယ်လေး၊ မောင်ဂုဏ်ချစ်လေးဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို အမြဲတမ်း ပွားနေတယ်။ သူ့အပေါ်မှာ ကျေးဇူးကြီးမားတယ်ဆိုတာကတော့ ကစားတဲ့အခါနိုင်တာလေးတစ်ခုတည်းနဲ့ကိုပဲ သူက ကျေးဇူးတွေ ကြီးပြီလို့ သတ်မှတ်ပါတယ်။ လောကီကောင်းကျိုးလေးပါပဲ။ ကလေးဆိုတော့ ကလေးဘာသာဘာဝပေါ့။

ကလေးဘဝ၊ ကလေး အချင်းချင်း ကစားကြတဲ့အခါမှာ ဘုရားဂုဏ်တော်ပွားပြီးတော့ ကစားတာ အနိုင်ရတယ်ဆိုတော့ ဒီအနိုင်ရတဲ့ကျေးဇူးတစ်ခုတည်းနဲ့ကိုပဲ ဘုရားကို ကျေးဇူးတင်လွန်းလို့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေ အချိန်ရသလောက် အမြဲတမ်း ပွားများနေတယ်။

အခုလည်းပဲ သုသာန်ထဲမှာ တစ်ယောက်တည်း နေပြီးတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ပွားရင်းနဲ့ အိပ်ပျော်သွားပါတယ်။

သမ္မာဒိဋ္ဌိဘီလူးက ဘုရားရဲ့ဂုဏ်တော် ပွားပြီးတော့ နလုံးသားမှာ ဘုရားတည်ထားတဲ့ ကလေးကို မင်းမစားပါနဲ့။ စားရင် မင်းဒုက္ခရောက်လိမ့်မယ်လို့ပြောတာကို နားမထောင်ဘဲ မိစ္ဆာဒိဋ္ဌိဘီလူးက ကလေးခြေထောက်နှစ်ဖက်ကို သွားပြီးတော့ ဆွဲတယ်။

ဆွဲလိုက်တော့ ကလေးက ရုတ်တရက် နိုးသွားတာပေါ့။ နိုးတဲ့အချိန်မှာ ဘီလူးရယ်၊ ဘာရယ်လို့ သူမသိသေးပါဘူး။ နိုးနိုးချင်း အသိစိတ်ကလေးပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်း 'နမော ဗုဒ္ဓဿ'လို့ လွှတ်ခနဲ ရွတ်လိုက်ပါတယ်။

'နမော ဗုဒ္ဓဿ'လို့ ရွတ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ဘီလူးရဲ့ ခန္ဓာကိုယ် ပူလောင်ပြီးတော့ ဒီကလေးရဲ့ ခြေထောက်ကို လွှတ်လိုက်ရတယ်။ ကလေးအနားမှာ ကပ်တောင် မကပ်နိုင်တော့ဘူး။ ကလေးနဲ့ ခပ်ခွာခွာ ဆုတ်ပြေးရတယ်။

ဒီတော့ သမ္မာဒိဋ္ဌိဘီလူးက မင်းကို ငါပြောတယ် မဟုတ်လား။ ဒီကလေးကို မစားပါနဲ့လို့။ အခုတော့ မင်း မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားမိပြီ။ ဒီတော့ တို့တစ်တွေဒဏ်ထမ်းကြရအောင်။ ဒီကလေးအပေါ်မှာ ပြစ်မှားမိတဲ့ အပြစ်တွေအတွက် ဒဏ်ထမ်းကြရအောင် ဆိုပြီးတော့ ဘီလူးနှစ်ကောင်က မိဘအသွင် အယောင်ဆောင်ပြီးတော့၊ မိဘအသွင် ဖန်ဆင်းပြီးတော့ ကလေးလေးကို စောင့်ရှောက်နေကြပါတယ်။

အဲဒီမှာ မိစ္ဆာဒိဋ္ဌိဘီလူးက ရှင်ဘုရင့်နန်းတော်ထဲက သော့အထပ်ထပ် ခတ်ထားတဲ့ စားဖိုဆောင်ထဲကနေ ဘုရင့်ရဲ့ စားတော်ခွက်ကိုယူ၊ ဘုရင့်ရဲ့စားတော်တွေ အပြည့်ထည့်လာပြီးတော့ ကလေးလေးကို ကျွေးပါတယ်။

ကလေးလေးကတော့ အမေ၊ အဖေကကျွေးတယ် ထင်ပြီးတော့

စားနေတာပေါ့။ ဗိုက်ပြည့်အောင်စားပြီးတာနဲ့ ကလေးလေးက အိပ်လိုက်တယ်။ မိဘအသွင်ပဲ ဟိုက ဖန်ဆင်းထားတာဆိုတော့ မိဘလို့ပဲ ထင်နေတာပါ။ အဲဒီတော့ မိဘတွေကျွေးတဲ့ ထမင်းကို စားပြီးတော့ ကလေးလေးက အိပ်ပျော်သွားပါတယ်။

ကလေးလေး အိပ်ပျော်သွားပေမယ့် ဘီလူးနှစ်ကောင်က မပြန်သေးပါဘူး၊ ဘေးရန်အန္တရာယ်အနှောင့်အယှက်တွေ မကြုံတွေ့အောင်၊ တခြား ဘီလူး၊ သရဲတွေ၊ တိရစ္ဆာန်တွေ အနှောင့်အယှက်မပေးအောင်၊ ဘေးရန်မပေးအောင်ဆိုပြီးတော့ မိဘအသွင်ဖန်ဆင်းပြီး ကလေးကို တစ်ညလုံး ညလုံးပေါက် စောင့်ရှောက်နေကြပါတယ်။

မနက် အရုဏ်တက် လင်းတော့မှပဲ ပြန်သွားကြပါတယ်။ မပြန်ခင်မှာ မိစ္ဆာဒိဋ္ဌိဘီလူးက၊ သူကလည်း ဘီလူးဆိုပေမယ့် နတ်ဘီလူးပေါ့လေ။ မိစ္ဆာဒိဋ္ဌိဘီလူးက ဘုရင့်စားတော်ဆောင်ထဲက ယူလာတဲ့ ရွှေခွက်မှာ သူ့ရဲ့ တန်ခိုးနဲ့ စာလေး ရေးထားခဲ့တယ်။

'ဒီရွှေခွက်ကို ဒီကလေး ခိုးတာမဟုတ်ပါဘူး။ ဘီလူးတွေက စားဖို့ဆောင်ထဲကနေ ယူပြီးတော့ ကလေးကို ကျွေးမွေးခြင်းဖြစ်ပါတယ်။ ကလေးဟာ နှလုံးသားမှာ ဘုရားတည်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်၊ ကလေးရဲ့နှလုံးသားဟာ ဂုဏ်တော်နှလုံးသားဖြစ်နေတဲ့အတွက် ကလေးကို ပူဇော်တဲ့အနေနဲ့၊ တစ်နည်းပြောရင်တော့ ကလေးရဲ့ ဂုဏ်တော်နှလုံးသားကို ပူဇော်တဲ့အနေနဲ့ ကျွန်ုပ်တို့ ဘီလူးတွေက စားဖို့ဆောင်ကနေ ယူပြီးတော့ ကျွေးမွေးခြင်း ဖြစ်ပါတယ်။ ဒီကလေးမှာ ဘာအပြစ်မှ မရှိပါဘူး။ ကလေးကို အရေးမယူပါနဲ့'

လို့ အဲဒီလို အဓိပ္ပာယ်ရတဲ့ စာကို ရွှေခွက်မှာ ဘီလူးက ရေးထားခဲ့ပါတယ်။ ရေးပြီးတော့ လှည်းပေါ် ဒီအတိုင်းပဲ တင်ထားခဲ့ပါတယ်။

အမှန်ကတော့ ကလေးကို ကောင်းကျိုးရအောင် ချီးမြှောက်ချင်တဲ့စိတ်နဲ့ လုပ်လိုက်တာပါ။

တွေးမယ်ဆိုရင်တော့ တွေးစရာပေါ့၊ ဒီဘီလူးကလည်း တော်တော်ရှည်တာပဲ၊ သူ့ဘာသာသူ စားခွက်ကို စားဖိုဆောင်မှာ လက်ရာမပျက်၊ ခြေရာမပျက် ပြန်ထားလိုက်လည်း ပြီးတာပဲလို့ တွေးစရာပဲ။ အမှန်ကတော့ ဂုဏ်တော်နှလုံးသားပိုင်ရှင် ကလေးလေးကို ချီးမြှောက်ချင်လို့ပါ။

ဒီလိုလုပ်လိုက်မှလည်း ရှင်ဘုရင်က ဒီကလေးရဲ့ဂုဏ်ကို သိပြီးတော့ ဒီ ကလေးကို ချီးမြှောက်မှာပေါ့။

အဲဒါနဲ့ နောက်တစ်နေ့မနက် ရောက်တော့ ဘုရင့် စားဖိုဆောင်မှာ ရှင်ဘုရင့်ရဲ့ စားတော်ခွက်က မရှိတော့ဘူး။ မရှိတော့ မြို့တံခါးပိတ်ပြီးတော့ တစ်မြို့လုံး လိုက်ရှာတယ်။ မတွေ့ဘူး။ မြို့ပြင်ကို ဆက်ပြီးတော့ရှာတယ်။ သုသာန်ထဲက လှည်းပေါ်မှာ ရွှေခွက်ကို ကလေးနဲ့ လက်ပူးလက်ကြပ်မိတော့ ကလေးကို သူခိုးပဲဆိုပြီးတော့ ဖမ်းဆီးသွားကြတယ်။

ဘုရင့်ရှေ့တော်မှောက်ရောက်တော့ ရွှေခွက်ကို ဘုရင့်ကိုဆက်၊ ဘုရင်က ရွှေခွက်ကို ကြည့်လိုက်တော့ ဘီလူးရေးထားတဲ့ စာတွေ တွေ့တယ်။ မင်းမှုထမ်းယောကျ်ားတွေ ကြည့်တုန်းကတော့ မမြင်ပါဘူး။ ဘီလူးကလည်း ဓိဋ္ဌာန်ထားတယ်။ ရှင်ဘုရင်ကလွဲလို့ ဘယ်သူမှ မမြင်ပါစေနဲ့လို့ ဓိဋ္ဌာန်ထားတယ်။

ရှင်ဘုရင့်လက်ထဲ စားတော်ခွက် ရောက်သွားတော့ ရှင်ဘုရင်က မိစ္ဆာဒိဋ္ဌိဘီလူး ရေးထားတဲ့စာတွေ အကုန်လုံး မြင်တယ်။ မြင်တော့ 'ဩော် ဒီကလေးဟာ အသက်ငယ်ပေမယ့် နှလုံးသားမှာ ဘုရားတည်နေတဲ့ပုဂ္ဂိုလ်ပဲ။ ဒီကလေးရဲ့ နှလုံးသားဟာ ဗုဒ္ဓါနုဿတိနှလုံးသားပဲ၊ လိုတရ

နှလုံးသားပဲ’ ဆိုပြီးတော့ ရှင်ဘုရင်ကလည်း ကလေးလေးကို အရမ်းပဲ ကြည်ညိုသွားပါတယ်။

အဲဒါနဲ့ ကလေးပျောက်လို့ လိုက်ရှာရင်း လိုက်ရှာရင်း မိဘနှစ်ပါးကလည်း ဘုရင့်နန်းတော်ထဲ ရောက်လာပါတယ်။ မိဘနှစ်ပါးကတော့ နှစ်ပါးလုံး မိစ္ဆာဒိဋ္ဌိပါပဲ။ ရှင်ဘုရင်က ဒီကလေးကိုရော၊ ကလေး မိဘတွေကိုရော တစ်ခါတည်း ဘုရားဆီ ခေါ်သွားတယ်။ အံ့သြစရာ အဖြစ်အပျက်လေးကို လျှောက်ထားချင်လို့ မြတ်စွာဘုရားဆီ ခေါ်သွားတယ်။

မြတ်စွာဘုရားရှင်ကလည်း တရားဂါထာခြောက်ခုနဲ့ တရားဟောကြားလိုက်တဲ့အတွက် ကလေးလေးလည်း သောတာပန်ဖြစ်သွားတယ်။ ကလေးရဲ့မိဘ မိစ္ဆာဒိဋ္ဌိတွေလည်း သောတာပန်ဖြစ်သွားတယ်။

ဒီနေရာမှာလည်း ကောက်ချက်ချခဲ့ရမယ်။ တချို့က အတ္တစွဲကြီးမားစွာနဲ့ ပြောလေ့ရှိတယ်၊ ‘သရဏဂုံသုံးပါး ဆောက်တည်ထားတဲ့ ဗုဒ္ဓဘာသာဝင်မှသာလျှင် တရားထူး တရားမြတ် ရနိုင်တယ်။ ဗုဒ္ဓဘာသာဝင်အဖြစ် မခံယူဘဲနဲ့ ဝိပဿနာအားထုတ်လို့တော့ တရားမရနိုင်ဘူး’လို့ ဘာသာစွဲ ကြီးမားစွာ၊ အတ္တစွဲ ကြီးမားစွာ ပြောလေ့ရှိပါတယ်။ စာတွေမှာ မကြာခဏ ဖတ်ရပါတယ်။

ဒီဝတ္ထုလေးတစ်ခု ထောက်လိုက်ရင်ကိုပဲ အဖြေက ရှင်းနေပါပြီ။ ကလေးလေးကလည်း မိစ္ဆာဒိဋ္ဌိဘာသာဝင်ပါ။ မိဘနှစ်ပါးကလည်း မိစ္ဆာဒိဋ္ဌိဘာသာဝင်ပါ။ ဗုဒ္ဓဘာသာဝင်တွေ မဟုတ်ကြပါဘူး။ သရဏဂုံသုံးပါး ဆောက်တည်မထားကြပါဘူး။ ဒါပေမဲ့ မြတ်စွာဘုရားဟောတဲ့ တရားကို နာကြား၊ မြတ်စွာဘုရားပေးတဲ့ သတိပဋ္ဌာန်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်လိုက်တဲ့အတွက်ကြောင့် သားအမိသားအဖ သုံးယောက်စလုံး

သောတာပန် ဖြစ်သွားကြပါတယ်။

ဒါကြောင့် သတိပဋ္ဌာန်အလုပ်၊ ဝိပဿနာအလုပ်ကို တကယ်တမ်း အားထုတ်ဖို့သာ အဓိကပါ။ ဝိပဿနာအလုပ်ကို ဝိပဿနာအလုပ်နဲ့တူအောင် အမှန်တကယ် အားထုတ်နေပြီဆိုရင်တော့ ဘာဘာသာဝင်ပဲဖြစ်ဖြစ် တရားထူး တရားမြတ်ကို ရရှိနိုင်ပါတယ်။ အလုပ်က ပဓာနပါပဲ။ အဖွဲ့အစည်းဝင်၊ ဘာသာဝင်ဆိုတဲ့ နာမည်ခံတွေက ပဓာန မဟုတ်ပါဘူး။

အဲဒီတော့ သားအမိ သားအဖသုံးယောက်စလုံး သောတာပန်ဖြစ်သွားကြတယ်။ သောတာပန် ဖြစ်သွားကြပြီဆိုတော့ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုလို့ ရသွားပြီ။ ဖလသမာပတ် ဝင်စားပြီးတော့ နိဗ္ဗာန်ရဲ့ အရသာကို ကိုယ်တိုင်ကိုယ်ကျ အရှင်လတ်လတ် ခံစားခွင့် ရသွားပြီဆိုတော့ သာသနာကို သိပ်ပြီးတော့ ကြည်ညိုတယ်။

'တရားမြင်မှ ဘုရားမြင်တယ်' ဆိုတဲ့အတိုင်း မဂ် ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အဆင့်အမြင့်ဆုံး တရားတွေကို ကိုယ်တိုင် မြင်တွေ့လိုက်ရတော့ဒီတရားတွေကို မြင်တွေ့အောင် လမ်းညွှန်ပေးတဲ့ မြတ်စွာဘုရားကိုအရမ်းကြည်ညိုသွားတယ်။ တရားမှီခိုလိုက်ရတော့ ဘုရားကြည်ညိုသွားတာပေါ့။ ဘုရားသာသနာတော်ကိုလည်း ကြည်ညိုသွားတာပေါ့။

ကြည်ညိုတော့ သားအမိသားအဖသုံးယောက်လုံး သာသနာ့ဘောင် ဝင်ပြီးတော့ တရားတွေနာ၊ တရားတွေအားထုတ်နဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်တာ သားအမိ သားအဖသုံးယောက်စလုံး ရဟန္တာဖြစ်သွားကြပါတယ်။ အဖေလည်း ရဟန္တာဖြစ်၊ အမေလည်း ရဟန္တာဖြစ်၊ သားလည်း ရဟန္တာဖြစ်၊ ဘယ်လောက်များ နေရာကျလိုက်ပါသလဲ။ ဘာကနေ မြစ်ဖျားခံလိုက်တာလဲဆိုရင် ဗုဒ္ဓါနုဿတိနှလုံးသွင်းကနေ မြစ်ဖျားခံလိုက်တာပါ။

မောင်ဂုဏ်ချစ်လေး ဘုရားဂုဏ်တော် ပွားများတဲ့အလုပ်ကနေ စလိုက်တဲ့ အကျိုးဆက်တွေက အဖေလည်း ရဟန္တာဖြစ်၊ အမေလည်း ရဟန္တာဖြစ်၊ သူကိုယ်တိုင်လည်း ရဟန္တာဖြစ်သွားပါတယ်။ ဂုဏ်တော်နှလုံးသားဟာ ဘယ်လောက် အကျိုးကြီးမားသလဲဆိုတာ။

ဒီတော့ ကလေးလေးဟာ လူဝတ်ကြောင်ဘဝ သောတာပန်မဖြစ်ခင်တုန်းကလည်း သံချိုင်းကုန်းထဲမှာ ဘီလူးတွေရဲ့ အန္တရာယ်ကနေ ကင်းရှင်းခဲ့ပါတယ်။ ဘေးရန်ကင်းရှင်းချင်တဲ့ လိုတ ရသွားတယ်ပေါ့၊ ဒါကတော့ အပြင်ဘေးရန်ငြိမ်းသွားခြင်းပါပဲ။

ဂုဏ်တော်နှလုံးသားကြောင့် အပြင်ဘေးရန်တွေတွင် ငြိမ်းသွားတာ မဟုတ်ဘဲနဲ့ အတွင်းဘေးရန်လို့ခေါ်တဲ့ ကိလေသာဘေးရန်တွေလည်း ငြိမ်းအေးသွားပါတယ်။ ရဟန္တာ ဖြစ်သွားတယ်ဆိုမှတော့ ကိလေသာ ဘေးရန်တွေ အကုန်အစင် အကြွင်းမဲ့ ငြိမ်းအေးသွားပြီပေါ့။ အပြင်ဘေးရန် ငြိမ်းအေးဖို့ထက် အတွင်းဘေးရန် ငြိမ်းအေးဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

သာမန်အနေနဲ့ ပြင်ပမှာ တွေ့ရှိရတဲ့ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းချင်တဲ့ လိုတကို ရစေနိုင်တယ်လို့ မှတ်သားထားပေါ့။ နက်နက်ရှိုင်းရှိုင်းလေးနဲ့ ကြည့်မယ်ဆိုရင်တော့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ပွားများခြင်းကြောင့် အတွင်းဘေးရန်လို့ခေါ်တဲ့ ကိလေသာတွေလည်းပဲ ငြိမ်းအေးသွားနိုင်တယ်လို့ အာရုံပြုကြရမှာပါပဲ။

အတွင်းဘေးရန်ဖြစ်တဲ့ ကိလေသာငြိမ်းဖို့ဆိုတာကတော့ ပွားနေတဲ့အခိုက်မှာ တဒင်္ဂပဟာန် (အခိုက်အတန့် ပယ်သတ်ခြင်း) နဲ့တော့ ငြိမ်းအေးနိုင်ပါတယ်။ အကြွင်းမဲ့တော့ မငြိမ်းအေးနိုင်ပါဘူး။ ဂုဏ်တော်ပွားများခြင်းကို အခြေခံပြီးတော့ ဝိပဿနာ ဆက်အားထုတ်လို့ မဂ်ဖိုလ်

နိဗ္ဗာန်ရသွားမှပဲ အကြွင်းမဲ့ ငြိမ်းအေးတာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ဂုဏ်တော်ပွားများခြင်းဟာ ဘေးရန်တွေ ကင်းရှင်းစေနိုင်တယ်ဆိုတာကတော့ မှတ်သားထားရမယ်။ ဘေးရန် ကင်းရှင်းချင်တဲ့ လိုတကို ရစေနိုင်တယ်ဆိုတာတော့ မှတ်သားထားရ မယ်။ ဒါကြောင့် ဆိုလိုက်ပါ။

ဘေးရန်ကင်းလို၊ ဂုဏ်တော်ကို၊ ပွားကို ပွားရမည်။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေဟာ မြင့်မြတ်လွန်းလှတဲ့ အတွက် ဂုဏ်တော်ပွားနေသူရဲ့ စိတ်နှလုံးဟာလည်း မြင့်မြတ်နေပါ တယ်။ စိတ်နှလုံးမြင့်မြတ်သူဆီကို ဘေးရန်အန္တရာယ်တွေ မလာရောက် နိုင်ပါဘူး။ တကယ်လို့ လာရောက်ခဲ့ရင်လည်း ဘေးရန်အန္တရာယ်တွေ ကပဲ လက်မြှောက်အရှုံးပေးရပါတယ်။

ဝဋ်ကြွေးရှိလို့ ရုပ်ခန္ဓာ ဘေးရန်ဖြစ်တောင်မှ စိတ်ခန္ဓာကတော့ ဘေးရန် လုံးဝ မဖြစ်ပါဘူး။ ရုပ်ရှုံးတောင် စိတ်ဘယ်တော့မှ မရှုံးပါဘူး။ နှလုံးသားမြတ်ရင် အရှုံးတရားရုပ်ပါတယ်။

■



# စိတ်ပြောက်မှထိပ်ရောက်မယ်

နောက် လိုတတစ်ခုကတော့ အခက်အခဲမှန်သမျှ ကျော်လွှားချင်တဲ့ လိုတဖြစ်ပါတယ်။ လူသားတိုင်း လူသားတိုင်းမှာ အခက်အခဲဆိုတာ အနည်းနဲ့အများ ရှိကြတာချည်းပါပဲ။

အခက်အခဲမှန်သမျှ ဘာမှမရှိတဲ့လူဆိုတာ မရှိပါဘူး။ ဘာလို့လဲဆိုတော့ သံသရာမှာ ကုသိုလ်တွေချည်းပဲ လုပ်ခဲ့တာမှ မဟုတ်ဘဲ။ အကုသိုလ်တွေလည်း လုပ်ခဲ့တာဆိုတော့ အဆင်မပြေတဲ့ အခက်အခဲတွေဆိုတာ အနည်းနဲ့အများ ရှိကြစမြဲပါပဲ။

ကုသိုလ်တွေ လုပ်ခဲ့တယ်ပဲ ထားဦးပေါ့လေ။ ဒီကုသိုလ်တွေက အကျိုးပေးဖို့ဆိုတာ အကြောင်းတရားအမျိုးမျိုး ညီညွတ်ဖို့ကလည်း လိုပါသေးတယ်။ လူ့ဘုံဆိုတာ ကံသက်သက်နဲ့ အကျိုးပေးတဲ့ဘုံမှ မဟုတ်ဘဲ။ လုံ့လဝီရိယနဲ့၊ ဉာဏ်ဝီရိယနဲ့လည်း အလုပ်လုပ်မှ အကျိုးပေးတဲ့ဘုံ၊ ဉာဏ်ဝီရိယရဲ့ အကျိုးလည်းပဲ ပေးတဲ့ဘုံ ဖြစ်ပါတယ်။

ကံသက်သက်နဲ့ အကျိုးပေးတဲ့ နတ်ဘုံ၊ ဗြဟ္မာဘုံဆိုရင်တော့ အတိတ်က ကံကိုပဲ အဆင်သင့် ဇိမ်နဲ့ ခံစားရုံပဲပေါ့။ လူ့ဘုံဆိုတာ ကံရော၊ ဉာဏ်ဝီရိယလို့ခေါ်တဲ့'ဥဋ္ဌာန'ရော ရောပြီးတော့ အကျိုးပေးတာဖြစ်လို့ ကံသက်သက်ကို အားကိုးလို့မရဘူး။ ဉာဏ်ဝီရိယနဲ့လည်း ကြိုးစားအားထုတ်ရတယ်။

ဒီတော့ အတိတ်က ကုသိုလ်ကံတွေ အကျိုးပေးဖို့အတွက် ပစ္စုပ္ပန်မှာ ဉာဏ်ဝီရိယနဲ့ ကြိုးစားအားထုတ်တဲ့နေရာမှာ အခက်အခဲဆိုတာကတော့ အနည်းနဲ့အများ ရှိကြစမြဲပေါ့။ အချိန်မရွေး အမြဲတမ်း ပန်းခင်းလမ်းပဲ လျှောက်နေရတယ်ဆိုတာတော့ ဘယ်ရှိပါ့မလဲ။

အဲဒီတော့ အတိတ်ကံတွေ၊ ကုသိုလ်တွေ အကျိုးပေးဖို့ အလုပ်လုပ်တဲ့ နေရာမှာပဲဖြစ်ဖြစ်၊ အကုသိုလ်ကံက အကျိုးပေးတဲ့နေရာမှာပဲဖြစ်ဖြစ်၊ အခက်အခဲဆိုတာ အနည်းနဲ့အများ ရှိကြတယ်။ အဲဒီ လောလောဆယ် ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုလည်း လူတိုင်း ကျော်လွှားချင်ကြတယ်။

အဲဒီ အခက်အခဲမှန်သမျှကျော်လွှားချင်တဲ့ လိုတကိုလည်း ဗုဒ္ဓါနုဿတိနှလုံးသားက ရစေနိုင်ပါတယ်။ ဆိုလိုတာကတော့ ဂုဏ်တော်ပွားများနေတဲ့ ပုဂ္ဂိုလ်ဟာ အခက်အခဲ မှန်သမျှကိုလည်းပဲ ကျော်လွှား လွန်မြောက်နိုင်ပါတယ်။

ဘာလို့လဲဆိုတော့ မိမိအာရုံပြု ပွားများနေတဲ့ မြတ်စွာဘုရားကိုယ်တိုင်က အခက်အခဲမှန်သမျှ ကျော်လွှားလွန်မြောက်ပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်နေလို့ပါပဲ။ အခက်အခဲတွေထဲမှာ ကျန်တဲ့ အခက်အခဲတွေဆိုတာ အသာထားလိုက်ပေါ့။ အကြီးမားဆုံး အခက်အခဲတွေကတော့ ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဆိုတဲ့ အခက်အခဲတွေပါပဲ။

အကြီးမားဆုံး အခက်အခဲတွေဖြစ်တဲ့ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း ဆိုတဲ့ သံသရာ အခက်အခဲတွေ အားလုံးကတောင်မှ အပြီးတိုင် အဆုံးတိုင် ကျော်လွှားလွန်မြောက်ပြီးတဲ့ မြတ်စွာဘုရားဆိုတော့ အဲဒီ မြတ်စွာဘုရားကို အာရုံပြုတဲ့ ပုဂ္ဂိုလ်လည်းပဲ အခက်အခဲတွေကို ကျော်လွှား လွန်မြောက်နိုင်တာပေါ့။

သီဟိုဠ်ခေတ်တုန်းက တောင်ခြေ ရွာလေးတစ်ခုမှာ ရတနာသုံးပါးကို ကိုင်းရှိုင်းတဲ့ အမျိုးသမီးတစ်ယောက် ရှိပါတယ်။ တစ်ချိန်တော့ သူဟာ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဖြစ်သည့် အားလျော်စွာ ကိုယ်ဝန်ဆောင်ဘဝ ရောက်နေပါတယ်။

သူကိုယ်ဝန်ဆောင်ဘဝ ရောက်နေတဲ့အချိန် အခုလိုတပေါင်းလ အခါမှာ သူတို့ရွာနားက တောင်ပေါ်မှာလည်း ဘုရားပွဲ ကျင်းပပါတယ်။ ဘုရားပွဲ ကျင်းပတော့ အဲဒီဘုရားပွဲကို သူက သိပ်သွားချင်ပါတယ်။

ဒါပေမဲ့ မိဘတွေက ကိုယ်လေးလက်ဝန် ရှိနေတဲ့အတွက်ကြောင့် လူသူထူထပ်တဲ့ ဘုရားပွဲကို မသွားသင့်ဘူး၊ နေခဲ့ပါ။ သမီးအတွက် ကုသိုလ်တွေပြုခဲ့ပါမယ်။ တရားတွေလည်း နာခဲ့ပါမယ်။ ပြန်ရောက်ရင် ကုသိုလ်တွေ အမျှဝေပါမယ်။ တရားတွေ ပြန်ပြောပါမယ်။ ဘုရားကိုတော့ မလိုက်ခဲ့ပါနဲ့လို့ ထားရစ်ခဲ့တဲ့အတွက် သူကမလိုက်ရဘဲနဲ့ အိမ်မှာနေခဲ့ရပါတယ်။

ကိုယ့်အိမ်ကနေ လှမ်းပြီးကြည့်လိုက်တော့ တောင်ပေါ်ကစေတီတော်ကို တွေ့နေရတယ်။ လကလည်း သာသာဆိုတော့ လရောင်အောက်မှာ ပုလဲရတနာတွေ စုပုံထားသလို ဖြစ်နေတယ်၊ ပုလဲ အစုအပုံကြီးလို ဖြစ်နေတယ်။

ပုလဲ အစုအပုံလို တောက်ပနေတဲ့ စေတီတော်ကြီးကို ကြည့်ပြီး

တော့ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်တွေ ဖြစ်နေတယ်။ လရောင်အောက် မှာမြင်နေရတဲ့ စေတီတော်ကို ပထမ စပြီးတော့ ကြည်ညိုတယ်။ အဲဒီ စေတီတော် ပုံတော်ကို ကြည်ညိုရာကနေတစ်ဆင့် ဂုဏ်တော်ကို နှလုံး သွင်းပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကို နက်နက်နဲနဲ စိတ်ထဲကနေ ဆင်ခြင်ပြီးတော့နေတယ်။

စေတီတော်ကို လှမ်းကြည်ညိုလိုက်၊ ဂုဏ်တော်ကို ဆင်ခြင် လိုက်၊ စေတီတော်ကို လှမ်းကြည်ညိုလိုက်၊ ဂုဏ်တော်ကို ဆင်ခြင်လိုက်နဲ့ အဲဒီလို ပွားများလိုက်တာ ပွားများရင်း ပွားများရင်းနဲ့ ပီတိတွေ တဖွားဖွား ဖြစ်ပေါ်လာတယ်။ ပီတိတွေအမျိုးမျိုး ဖြစ်လိုက်တာ ဥဗ္ဗေဂါပီတိလို့ခေါ် တဲ့ မြောက်ကြွသွားတဲ့ ပီတိမျိုးအထိ ဖြစ်ပေါ်လာပါတယ်။

ပီတိကငါးမျိုးရှိတယ်။ ခုဒ္ဒိကာပီတိဆိုတာက ကြက်သီးမွေး ညင်း ထသလို ဖြစ်သွားတဲ့ ပီတိမျိုး၊ ခဏိကာပီတိဆိုတာက လျှပ်စီးလက် သလို မကြာခဏဖြစ်တဲ့ ပီတိမျိုး၊ ဩက္ကန္တိကာပီတိ ဆိုတာကတော့ လှိုင်း တံပိုးကြီးတွေလို တက်ချည်ဆင်းချည်၊ နိမ့်ချည်မြင့်ချည်နဲ့ ခန္ဓာကိုယ် တစ်ကိုယ်လုံး အထက်တက်လိုက် အောက်ဆင်းလိုက်နဲ့ ပီတိတွေ တသိမ့် သိမ့် တငြိမ့်ငြိမ့် ဖြစ်တဲ့ ပီတိမျိုး။

ဥဗ္ဗေဂါပီတိ ဆိုတာက ခန္ဓာကိုယ် တကယ် မြောက်ကြွသွား လောက်အောင် ပီတိ ဖြစ်တာမျိုး၊ တကယ် မြောက်ကြွမသွားတောင်မှ မြောက်ကြွသွားသလို ကိုယ့်စိတ်ထဲမှာ ထင်ရတဲ့ ပီတိဖြစ်တာမျိုး။ အဲဒါ ကို ဥဗ္ဗေဂါပီတိလို့ ခေါ်ပါတယ်။

ဖရဏာပီတိ ဆိုတာကတော့ အားလုံးသိတဲ့အတိုင်းပဲ။ 'ဖရဏာ ပီတိ ဂွမ်းဆီထိ' ဆိုတာလိုပဲ ဆီစိမ်ထားတဲ့ ဂွမ်းကလေးလို တစ်ကိုယ်လုံး နူးညံ့ပြီးတော့ ပီတိထဲမှာ တစ်ကိုယ်လုံး သက်ဝင်နစ်မြုပ်နေတဲ့ ပီတိမျိုး။

အဲဒီလိုအားဖြင့် ပီတိ ငါးမျိုးရှိပါတယ်။

အဲဒီပီတိငါးမျိုးထဲက ဒီကိုယ်ဝန်ဆောင်အမျိုးသမီးရဲ့ သန္တာန်မှာ ဥဗ္ဗေဂါပီတိလို့ခေါ်တဲ့ ခန္ဓာကိုယ် မြောက်ကြွတက်သွားတဲ့ ပီတိတွေ အင်အား ကြီးမားစွာ ဖြစ်ပေါ်လာတယ်၊ စိတ်ထဲမှာတင် မြောက်ကြွတက်သွားတယ်လို့ ထင်တာ မဟုတ်ဘူး။ လူပါ တကယ်မြောက်ကြွတက်သွားတာ။

မြောက်ကြွတက်သွားတော့ အိမ်ဦးခန်း၊ အိမ်ဦးကပြင်လေးမှာပဲ ထိုင်ပြီးတော့ ဗုဒ္ဓါနုဿတိ ပွားများရင်း ပွားများရင်းနဲ့ ဥဗ္ဗေဂါပီတိတွေက အားကောင်းလာတော့ ထိုင်နေတယ်ဆိုတာလည်း မသိတော့ဘူး။ ရပ်နေတယ်ဆိုတာလည်း မသိတော့ဘူး။

ခန္ဓာကိုယ် တစ်ကိုယ်လုံး မြောက်ကြွတက်သွားပြီးတော့ စေတီတော်ရင်ပြင်ကို ရောက်သွားတယ်။ တောလမ်းကတက်သွားတဲ့ အဖေနဲ့ အမေက စေတီတော်ရင်ပြင်ပေါ် မရောက်သေးဘူး။ အိမ်မှာနေရစ်ခဲ့တဲ့ အမျိုးသမီးလေးက ရောက်နေပြီ။ ဘုရားတစ်ပတ် လှည့်ပတ်ပြီးတော့ ဘုရားကို ဖူးပြီးလို့ တရားတောင်မှ နာနေပြီ။ ဘုရားပွဲဆိုတော့ ဘုရားပွဲနဲ့ တရားပွဲကို တွဲပြီးတော့ ကျင်းပတဲ့ ဘုရားပွဲဖြစ်ပါတယ်။ ဒီတော့ ဘုရားလှည့်ပတ်ဖူးပြီးတော့ ပရိသတ် အစွန်နားလေးမှာ ထိုင်ပြီးတော့ တရားနာနေတယ်။

အဖေနဲ့အမေက တောင်ပေါ်လည်း ရောက်လာရော အိမ်မှာနေခဲ့တဲ့ သမီးက ငါ့တို့ရှေ့က ရောက်နေပြီ။ သမီးက ဘယ်လိုလုပ် ဒီအပေါ် ရောက်လာတာလဲ။ အို အဖေတို့ အမေတို့ သမီး ကောင်းကင်ခရီးကနေ ဒီကို လာခဲ့တာ။

ဟာ မပြောကောင်း ပြောကောင်း ဘာတွေလျှောက်ပြောနေတာ

လဲ။ ကောင်းကင်ခရီးဆိုတာ ဈာန်အဘိညာဉ်ရတဲ့ ရဟန္တာပုဂ္ဂိုလ်တွေမှ လာနိုင်တာ၊ ညည်းက ဘာမှမဟုတ်ဘဲနဲ့ ကောင်းကင်ခရီးက လာတယ် ဆိုတော့ ငရဲတွေ ကြီးကုန်တော့မှာပဲ။ စကားပြင်ပြောစမ်းပါ။

ဩော် အမေတို့ရယ် မယုံဘူးလား။ သမီး တကယ်ပြောနေတာ ပါ။ အိမ်ထဲမှာ ထိုင်ပြီးတော့ စေတီတော်ကို ဖူးလိုက်၊ ဂုဏ်တော်တွေ ပွားလိုက်နဲ့ ပီတိတွေ ဖြစ်လာပြီးတော့ သမီးဖြင့် ကိုယ့်ကိုယ်ကိုယ် ထိုင်နေ တယ်ဆိုတာလည်း မသိတော့ဘူး။ ရပ်နေတယ်ဆိုတာလည်း မသိတော့ ဘူး။

ကိုယ့်ကိုယ်ကို ထိုင်နေတာလား၊ ရပ်နေတာလားဆိုတာ မကွဲ ပြားတော့ပါဘူး။ ပီတိရဲ့ အရှိန်အဟုန်နဲ့ သမီး ဒီလိုပဲ ကောင်းကင်ပေါ် မြောက်ကြွတက်လာပြီးတော့ စေတီတော် ရင်ပြင်ပေါ် အလိုအလျောက် ရောက်လာတာပါ။ အဲဒီလိုဆိုတော့ မိဘတွေလည်း ယုံကြည်သွားပြီး ဗုဒ္ဓါနုဿတိ ပွားများတော့တာပါပဲ။

လူတိုင်းလူတိုင်းမှာ အရေးအရာမျိုးစုံနဲ့ အခက်အခဲတွေ ရှိနေ ကြတာပါပဲ။ အဲဒီ အခက်အခဲတွေကိုလည်း ဗုဒ္ဓါနုဿတိက ကျော်လွှား စေနိုင်ပါတယ်။

ဒါန ပြုချင်တယ်၊ ပြုခွင့် မသာဘူး၊ သီလ ဆောက်တည်ချင် တယ်၊ ဆောက်တည်ခွင့် မသာဘူး။ ဘာဝနာ အားထုတ်ချင်တယ်၊ အား ထုတ်ခွင့် မသာဘူး စတဲ့ ကုသိုလ်ပြုခွင့် မသာတဲ့ အခက်အခဲတွေကို လည်းပဲ ဗုဒ္ဓါနုဿတိက ကျော်လွှား လွန်မြောက်စေနိုင်ပါတယ်။

ကုသိုလ်ပြုနေတဲ့အချိန်မှာ တွေ့ရတဲ့ အခက်အခဲတွေ အနှောင့် အယှက်တွေကိုလည်း ဗုဒ္ဓါနုဿတိက ကျော်လွှားစေနိုင်ပါတယ်။ ဝိပဿ နာ ဘာဝနာပွားပြီဆိုရင် အခက်အခဲတွေ အများကြီး တွေ့ကြတာပေါ့။

လူတိုင်း တွေ့ရမယ်လို့တော့ မဆိုလိုပါဘူး။

ဝိပဿနာပွားရင်းပွားရင်းနဲ့ စိတ်နဲ့ပတ်သက်တဲ့ အခက်အခဲပဲဖြစ်ဖြစ်၊ မမြင်ရတဲ့ ပရလောက အခက်အခဲပဲဖြစ်ဖြစ်၊ ကိုယ့်ပတ်ဝန်းကျင်က အားထုတ်ဖော် ယောဂီတွေနဲ့ ပတ်သက်တဲ့ အခက်အခဲပဲဖြစ်ဖြစ် အခက်အခဲတွေဆိုတာ တွေ့ရတယ်။ အဲဒီအခက်အခဲတွေကိုလည်း ဗုဒ္ဓါနုဿတိနှလုံးသားနဲ့ ကျော်လွှား လွန်မြောက်နိုင်ပါတယ်။

ပြောစရာတွေကတော့ အများကြီးရှိပါတယ်။ ဒါပေမဲ့ အချိန်သိပ်မရတော့တဲ့အတွက်ကြောင့် အတိုချုပ်ပါတော့မယ်။ ဆိုလိုက်ပါ။

ခက်ခဲလွတ်လို၊ ဂုဏ်တော်ကို၊ ပွားကိုပွားရမည်။

ဘာအလုပ်ပဲလုပ်လုပ် ပီတိဖြစ်အောင် လုပ်မှ အလုပ်ရဲ့ အရည်အသွေး တောက်ပြောင်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်ကို အကြောင်းပြုပြီး ပီတိစိတ်နဲ့ နှစ်သက်ဝမ်းမြောက်နေမယ်ဆိုရင် ကိုယ့်အလုပ်ဟာ ထိပ်တန်းရောက်တဲ့အထိ အောင်မြင်နိုင်ပါတယ်။

'စိတ်မြောက်မှ ထိပ်ရောက်မယ်' ဆိုပါတော့။ မာနနဲ့ စိတ်မြောက်တာကို ပြောတာ မဟုတ်ပါဘူး။ ပီတိနဲ့ စိတ်မြောက်တာကို ပြောတာပါ။ 'စိတ်ဝမ်းမြောက်'တာကိုပဲ 'စိတ်မြောက်' တယ်လို့ အတိုချုံးလိုက်တာပါ။ စိတ်မြောက်မှ ထိပ်ရောက်ပါမယ်။ ဝမ်းမြောက်မှ လမ်းပေါက်ပါမယ်။

■



## ပုံတော်အတွင်းဂုဏ်တော်သွင်းပါ

ဒီ ကိုယ်ဝန်ဆောင်အမျိုးသမီးလေး ဗုဒ္ဓါနုဿတိပွားတာနဲ့ ပတ်သက်ပြီးတော့ စေတီတော်ကို အာရုံနိမိတ်ယူပြီး ပွားများတာလေးကို ကိုယ်လိုရာဆွဲ ကောက်ချက်ချပြီးတော့ ပုံတော်ကိုပွားမှ ဗုဒ္ဓါနုဿတိလို့လည်းပဲ ကောက်ချက်ဆွဲမိတတ်တယ်။

အမှန်ကတော့ စေတီတော်ကို အာရုံနိမိတ်ထားပြီး ပွားတာမှန်ပေမယ့် စေတီတော်သက်သက်ပဲ ပွားတာမဟုတ်ပါဘူး။ ပထမတော့ စေတီတော်ကို အကြောင်းခံတာပေါ့။ စေတီတော်ကို အာရုံပြုရင်းပြုရင်းနဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို စိတ်ထဲကနေ ထပ်တလဲလဲ ပွားများပါတယ်။

စိတ်ထဲကနေ ထပ်တလဲလဲ ပွားများနေတဲ့အတွက်ကြောင့်လည်းပဲ ဗုဒ္ဓါနုဿတိဘာဝနာ စစ်စစ်ဖြစ်ပြီးတော့ ပီတိတွေ ဖြစ်လာခဲ့ရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓါနုဿတိနဲ့ ပတ်သက်တဲ့ လယ်တီ

ဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်လေးတစ်ခုတော့ မှတ်ထားသင့်ပါတယ်။

ဟို တစ်ခေတ်တစ်ခါတုန်းက စစ်ကိုင်းတောင်တန်းမှာ မဟာဂန္ဓာရုံဆရာတော်ဆိုတာ ရှိပါတယ်။ အဲဒီ မဟာဂန္ဓာရုံဆရာတော်ဆိုတာ အခု တရားနာပရိသတ်များ သိကြတဲ့ အမရပူရ မဟာဂန္ဓာရုံဆရာတော်၊ ကျမ်းပြုဆရာတော် မဟုတ်ပါဘူး။ အဲဒီ ဆရာတော်တို့ရဲ့ ဆရာတော်ပေါ့။

စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးဟာ ဗုဒ္ဓါနုဿတိကို အဓိက ပင်တိုင်ထားပြီးတော့ ဘာဝနာ ပွားများပါတယ်။ အဲဒီလို ပွားများတော့ လယ်တီဆရာတော်ဘုရားကြီးနဲ့ တွေ့တဲ့အခါ သူက သူ့ပွားပုံကို လျှောက်တယ်၊ ဘယ်လို ပွားသလဲဆိုတော့ ထိုင်ကမ္မဋ္ဌာန်း၊ ထိုင်ဘာဝနာအနေနဲ့ ပွားတာဆိုတော့ တရားထိုင်သလို ထိုင်ရတာပေါ့။

တရားထိုင်သလို ထိုင်ပြီးတော့ ကိုယ့်ရှေ့ နှစ်တောင့်ထွာလောက်မှာ အခင်းလေးတစ်ခု ခင်းထားတယ်။ နေရာထိုင်အခင်းလေးတစ်ခု ခင်းထားပြီးတော့ အဲဒီအခင်းလေးပေါ်မှာ မြတ်စွာဘုရား လာရောက်ပြီးတော့ သီတင်းသုံးနေတဲ့ပုံ အာရုံပြုလိုက်တယ်။

မိမိရဲ့ ရှေ့နှစ်တောင့်ထွာမှာရှိတဲ့ အခင်းလေးပေါ်မှာ သက်တော်ထင်ရှား မြတ်စွာဘုရား ကိုယ်တော်တိုင် လာရောက် သီတင်းသုံးနေတဲ့ပုံ အာရုံပြု ဖန်တီးလိုက်တယ်။ ဖန်တီးပြီးတော့မှ အာရုံထဲမှာ ကိုယ့်ရှေ့နှစ်တောင့်ထွာမှာ ဘုရားကြွလာတဲ့ အာရုံပေါ်ပြီဆိုတော့မှ 'အရဟံ၊ အရဟံ၊ အရဟံ' လို့ ထပ်တလဲလဲပွားများတာ ဖြစ်ပါတယ်။

အဲဒီနည်းနဲ့ ပွားများလိုက်တာ ဆရာတော်ကိုယ်တိုင်ရော၊ သူ့ရဲ့ တပည့်ဒကာ၊ ဒကာမတွေရော ဘုရားနိမိတ်ထင်ကြတယ်တဲ့။ ရောင်ခြည်

တော် ခြောက်သွယ်ကွန့်မြူးပြီးတော့ တင့်တယ်သပ္ပာယ်တဲ့ ဘုရားနိမိတ်ကို သူတို့ ရကြတယ်။ အဲဒီလို လျှောက်ပါတယ်။

လျှောက်တော့ လယ်တီဆရာတော်ဘုရားကြီးက . . .

'ဗုဒ္ဓါနုဿတိ ဆိုတာ အာရုံနိမိတ် မထင်ကောင်းပါဘူး၊ ပီတိသာ ဖြစ်ကောင်းပါတယ်။ ဒါပေမဲ့လို့ ဆရာဖြစ်တဲ့ပုဂ္ဂိုလ်က အာရုံနိမိတ်တစ်ခုနဲ့ ပရိကံလုပ်ပြီး ပေးထားတာဆိုရင်တော့ ဆရာပေးထားတဲ့ ပရိကံနဲ့ ယောဂီ ပုဂ္ဂိုလ် ထင်လာတဲ့ နိမိတ်နဲ့တော့ တည့်နေပါတယ်။ မှန်နေပါတယ်'

'အတုမရှိတဲ့ အတိတ္တဗုဒ္ဓာရုံလို့ခေါ်တဲ့ အင်မတန် တင့်တယ်တဲ့ မြတ်စွာဘုရားတည်းဟူသော အာရုံဖြစ်တဲ့အတွက်ကြောင့်လည်း အဲဒီအာရုံကို ဖျောက်ဖျက်မပစ်သင့်ပါဘူး'

'ဒါပေမဲ့ ဗုဒ္ဓါနုဿတိတော့ မဖြစ်ပါဘူး။ ဗုဒ္ဓါနုဿတိ လို့တော့ မခေါ်နိုင်ပါဘူး။ ဘယ်လိုခေါ်မလဲဆိုတော့ ကသိုဏ်းဆယ်ပါးထဲမှာ အရောင်ကသိုဏ်းလေးပါးဆိုတာ ရှိပါတယ်။ အရောင်ကို အာရုံပြုပြီးတော့ ပွားများတဲ့ ကသိုဏ်းလေးပါးထဲမှာ သွင်းပြီးတော့ ဗုဒ္ဓကသိုဏ်းလို့ခေါ်ရင်တော့ ရကောင်းရနိုင်ပါတယ်။ ဗုဒ္ဓါနုဿတိတော့ မဖြစ်ပါဘူး'

အင်မတန် မှတ်သားစရာ ကောင်းပါတယ်။ ပွားများနေတာက ဘုရားရဲ့ ဂုဏ်ကိုပွားနေတာမှ မဟုတ်ဘဲ၊ ပုံကိုပွားနေတာ၊ ဘုရားရဲ့ရောင်ခြည်တော်တွေ၊ ဘုရားရဲ့ ရွှေအဆင်းလို ဝါဝင်းနေတာတွေ စသည်အားဖြင့် ဘုရားရဲ့ပုံတော်နဲ့တကွ အရောင်အဆင်းကို အာရုံပြုပြီးတော့ ပွားများနေတာ ဖြစ်တဲ့အတွက်ကြောင့် ဗုဒ္ဓါနုဿတိတော့ မဖြစ်ပါဘူး။

ဗုဒ္ဓကသိုဏ်းလို့ မြတ်စွာဘုရား အတိအကျ ဟောထားတာတော့ မရှိပါဘူး။ အရောင်လေးမျိုးကိုပဲ စုပေါင်းပြီးတော့ အရောင်

ကသိုဏ်းအနေနဲ့ ဗုဒ္ဓကသိုဏ်းလို့ ပြောလိုက်ခြင်းဖြစ်ပါတယ်။

ဗုဒ္ဓါနုဿတိဆိုတဲ့ စကားထဲက ဗုဒ္ဓဆိုတဲ့စကားလုံးကို ဗုဒ္ဓဂုဏလို့ ဖွင့်ထားပါတယ်။ ဗုဒ္ဓဆိုတာ ဘုရားရဲ့ဂုဏ်တော်ပါ။ ဘုရားရဲ့ ဂုဏ်တော်ကို ထပ်တလဲလဲ တွေးတောဆင်ခြင်ခြင်း၊ အောက်မေ့ခြင်း၊ ကြည်ညိုနေခြင်းသည်သာလျှင် ဗုဒ္ဓါနုဿတိအစစ် ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓါနုဿတိဆိုတာ အာရုံနိမိတ် ထင်ကောင်းတဲ့ ကမ္မဋ္ဌာန်း မဟုတ်ဘူး။ ပီတိတော့ ဖြစ်ကောင်းတယ်။ သမာဓိတို့ ဉာဏ်တို့တော့ ဖြစ်ကောင်းတယ်လို့ပဲ စွဲမြဲစွာ မှတ်သားထားရမယ်။ ဗုဒ္ဓါနုဿတိဆိုတာ ဉာဏ်ရစေနိုင်တဲ့ ကမ္မဋ္ဌာန်းပါ၊ သမထကမ္မဋ္ဌာန်း သက်သက် မဟုတ်ပါဘူး။

ဘာလို့လဲဆိုတော့ သူက နိမိတ်ထင်ကောင်းတဲ့ ကမ္မဋ္ဌာန်း မဟုတ်တဲ့အတွက်ကြောင့်ပါပဲ။ ဈာန်ရတယ်၊ ဈာန်အဘိညာဉ်တွေရတယ်ဆိုတာ အာရုံနိမိတ်တစ်ခုခုကို မြဲနေအောင် ပွားများလို့ရတာ ဖြစ်ပါတယ်။ ဗုဒ္ဓါနုဿတိကတော့ ဘုရားအာရုံကို အာရုံနိမိတ်တစ်ခုအဖြစ်နဲ့ မြဲနေအောင် ပွားများရတဲ့ အရာမျိုးမဟုတ်ပါဘူး။ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများရတာ ဖြစ်ပါတယ်။

ဂုဏ်တော်ဆိုတာကလည်း တစ်ခုတည်းရှိတာ မဟုတ်ဘူး။ များပြားစွာ မရေတွက်နိုင်အောင် ရှိတယ်။ ဂုဏ်တော်တစ်ခုတစ်ခုမှာလည်းပဲ အဓိပ္ပာယ်က ဆင်ခြင်လို့ မကုန်နိုင်လောက်အောင် နက်ရှိုင်းကျယ်ပြော လွန်းပါတယ်။ ဂုဏ်တော် တစ်ခု တစ်ခုမှာကိုက သဘောအဓိပ္ပာယ် အင်မတန် လေးနက်ကျယ်ပြန့်လွန်းလှပါတယ်။

ပြီးတော့ ဂုဏ်တော်ပွားတဲ့သူကလည်း ဂုဏ်တော်တစ်ခုတည်းနဲ့ မကျေနပ်ပါဘူး။ ဂုဏ်တော်ရဲ့ သဘောသဘာဝကိုက တစ်ခုတည်းနဲ့

ကျေနပ်နိုင်တဲ့ သဘောမရှိတဲ့အတွက်ကြောင့် တစ်ခုပွားရင် နောက်တစ်ခု ဆက်ပြီးတော့ ပွားချင်တယ်။ အဲဒီ နောက်တစ်ခုပွားရင်းနဲ့ တခြားနောက် တစ်ခု ဆက်ပြီးတော့ ပွားချင်တယ်။ ဂုဏ်တော်တွေ တစ်ခုပြီးတစ်ခု လှည့်ကာပတ်ကာ စီကာစဉ်ကာ အကြောင်းအကျိုး ဆက်သွယ်ပြီး ပွား ချင်တဲ့ စိတ်ကလေး သေချာပေါက် ဖြစ်ရစမြဲ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ဟာ အာရုံနိမိတ် ထင်ကောင်းတဲ့ အာရုံ မဟုတ်တာတစ်ကြောင်း၊ ဂုဏ်တော်တစ်ခုတည်းနဲ့ တင်းတိမ်နိုင်စွမ်းမရှိ၊ ပင်လယ်ကို လက်ပစ်ကူးနေတဲ့ပုဂ္ဂိုလ်လို တစ်ခုပြီး တစ်ခု ကူးခတ်ပြီးတော့ ပွားများနေရတဲ့သဘောမျိုးလည်း ဖြစ်တဲ့အတွက် တစ်ကြောင်း၊ မြတ်စွာဘုရားရှင် ဂုဏ်တော်ကို ဆင်ခြင်တဲ့ ဗုဒ္ဓါနုဿတိနဲ့ ဈာန်မရနိုင်ပါဘူး။

နောက်တစ်ချက် ဈာန်မရနိုင်ဘူးဆိုတာကလည်း ဈာန်ရတယ် ဆိုတာက ပညတ်ကိုပဲ ပွားမှ ဈာန်ရတာပါ။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ် တော်ဟာ သမထကမ္မဋ္ဌာန်းလို့ ဆိုရပေမယ့် ပညတ်မဟုတ်ဘူး။ 'သဘာဝ ဓမ္မော ဟိ ဂမ္ဘီရော န ပညတ္တိ' ဆိုတဲ့အတိုင်း မြတ်စွာဘုရားရှင်ရဲ့ ဂုဏ် တော်တွေဟာ အင်မတန် နက်နဲတဲ့ တကယ့်အရှိ ပရမတ်သဘော ဖြစ်ပါ တယ်။ သတ်မှတ်ချက် ပညတ်သဘော မဟုတ်ပါဘူး။

စပြီးပွားတဲ့ပုဂ္ဂိုလ်က စေတီတော်သော်လည်းကောင်း၊ ရုပ်ပွား တော် တစ်ဆူဆူသော်လည်းကောင်း၊ ဘုရားရှင်ရဲ့ မျက်နှာတော်သော် လည်းကောင်း၊ ပုံတော်နိမိတ်တော့ ပထမပိုင်းမှာ ထင်မှာပေါ့။ အဲဒီ ပုံတော် နိမိတ်ကတော့ ပညတ်ပါပဲ။ ဒါပေမဲ့ ပွားရင်းပွားရင်းနဲ့ ပုံတော် အတွင်း ဂုဏ်တော်သွင်းပြီးတော့ ပွားရင်းပွားရင်းနဲ့ ဂုဏ်တော်အရှိန်တွေ တက်လာပြီ၊ ဂုဏ်တော်အသားတွေ တက်လာပြီဆိုရင်တော့ ပညတ်တွေ

ပျောက်သွားတာပါပဲ။

စေတီတော်နိမိတ်တွေ ပျောက်သွားတယ်။ ရုပ်ပွားတော်နိမိတ်တွေ၊ မျက်နှာတော်နိမိတ်တွေ ပျောက်သွားတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်အဓိပ္ပာယ် အနှစ်သာရမှာပဲ ကပ်ပြီးတော့ တည်နေတယ်။

မြတ်စွာဘုရားရှင်ရဲ့ ကိလေသာကင်းတယ်ဆိုတဲ့ သဘောဟာ ပညတ်မှမဟုတ်ဘဲ၊ ပရမတ်ပါပဲ။ စကားအရ ကိလေသာကင်းတော်မူသော မြတ်စွာဘုရားလို့ဆိုထားတာ။ ကိလေသာ ကင်းတော်မူသော မြတ်စွာဘုရားဆိုတဲ့ စကားလုံးကတော့ ပညတ်ပေါ့။ ဒါပေမဲ့ 'ကိလေသာကင်းခြင်း' ဆိုတဲ့ ဓာတ်သတ္တိသဘောတရားကတော့ ပရမတ်ပါပဲ။

အဲဒီလိုအားဖြင့်ပေါ့၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အားလုံးဟာ ပရမတ်သဘောတွေသာ ဖြစ်ပါတယ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောလို့ခေါ်တဲ့ ဓာတ်ကြီးလေးပါးတို့လိုပဲ တကယ်အဟုတ်ရှိတဲ့ သဘော ဖြစ်ပါတယ်။ စိတ်ကူးနဲ့ ကြံစည်စဉ်းစားထားတဲ့ အတွေးတွေ မဟုတ်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေဟာ ပရမတ်သဘောသက်သက်သာ ဖြစ်တဲ့အတွက်ကြောင့် ဈာန်မရနိုင်ပါဘူး။ အာရုံနိမိတ် မထင်နိုင်ပါဘူး။ ဒါလေးလည်းပဲ မှတ်သားခဲ့ဖို့ပါပဲ။

ဂုဏ်တော်ပွားသူတိုင်း အစပိုင်းမှာတော့ ပုံတော်ပဲ ပေါ်တာများပါတယ်။ ပေါ်လာတဲ့ ပုံတော်အတွင်းမှာ ဂုဏ်တော်သွင်းပြီး ကြည်ညိုရပါမယ်။ စပွားပွားချင်း ပုံတော်ပေါ်နေပေမယ့် ဂုဏ်တော်ပွားမှု အရှိန်အားကောင်းလာရင် ပုံတော်ပျောက်ပြီး ဂုဏ်တော်သက်သက် (အရည်အချင်းသက်သက်) ပဲ ဉာဏ်ထဲမှာ ထင်ရှားလာပါလိမ့်မယ်။ ပုံတော်တစ်လှည့်၊ ဂုဏ်တော်တစ်လှည့် ထင်ရှားနေလည်း ရပါတယ်။

ပုံတော်ဟာ ဂုဏ်မဟုတ်ဘူး ဆိုပေမယ့် ပုံသက်သက်ကို အပေါ်ယံ သာမန်အာရုံပြုတာမျိုးမဟုတ်ဘဲ ပုံရဲ့ အရည်အသွေးကို လေးလေးနက်နက် အာရုံပြုတာမျိုးဆိုရင်တော့ ပုံတော်သည်ပင်လျှင် ဂုဏ်တော်တစ်ခု ဖြစ်သွားပါတယ်။ ဘဂဝါဂုဏ်တော်ရဲ့ ဘုန်းတော်ခြောက်ပါးထဲက 'သိရီဘုန်းတော်' ဆိုတာ 'ကျက်သရေအပေါင်းနဲ့ ပြည့်စုံတဲ့ ပုံတော်' ကို ပြောတာပါ။

ရွှေအဆင်းလို ဝါဝင်းတဲ့ အသားအရေတော်၊ ပြည့်ပြည့်ဖြိုးဖြိုး ပြေပြေပြစ်ပြစ် ဖွဲ့စည်းထားတဲ့ ခြေ၊ လက်၊ မျက်နှာ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတော်များ၊ ကြည်လင်သန့်စင်ပြီး တင့်တယ်သပ္ပာယ်တဲ့ အေးမြမြ မျက်နှာတော်၊ အဲဒီ အလှကျက်သရေတွေကို ရရှိစေနိုင်တဲ့ အတိတ်ကံပါရမီတော်များ၊ ဒါတွေကို အကြောင်းအကျိုး ဆက်စပ်ပြီး လေးလေးနက်နက် ဆင်ခြင်မယ်ဆိုရင် ရုပ်အဆင်းရဲ့ ကျက်သရေရှိပုံကို အာရုံပြုနေတာကိုက ဂုဏ်တော်ပွားနေတာပါပဲ။ ဘာဂုဏ်တော်လဲ မေးရင်တော့ ဘဂဝါဂုဏ်တော် (သိရီဘုန်းတော်) ပေါ့။

ဒါပေမဲ့ ရုပ်အဆင်းလောက်တွင် စိတ်က ရပ်မထားဘဲ ရုပ်အဆင်းရဲ့ နောက်ကွယ်မှာရှိတဲ့ အရည်အသွေးတွေ၊ အစွမ်းသတ္တိတွေ၊ ဂုဏ်ပုဒ်တွေအထိ အာရုံပြုရပါမယ်။ ရုပ်အဆင်းကို ဂုဏ်တစ်ခုအနေနဲ့ စပြီး ပွားရင်တောင် တခြားဂုဏ်တွေနဲ့ တွဲပြီး ပွားရပါမယ်။

ဥပမာ၊ 'သိရီဘုန်းတော် – အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ပင်ကိုက ရွှေအဆင်းလို ဝါဝင်းပြီး ပြည့်ပြည့်ဖြိုးဖြိုး ပြေပြေပြစ်ပြစ်နဲ့ တင့်တယ်ရတဲ့အထဲမှာ စိတ်တော်ကလည်း ကိလေသာ အညစ်အကြေးတွေ ကင်းစင်နေတဲ့အတွက် အထူးတောက်ပပြီး အထူးကျက်သရေ ရှိတော်မူတယ်'

'အရဟံ – ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ကိလေသာ ကင်းစင်တဲ့အတွက် စိတ်ကြည်လင်တော်မူသော မြတ်စွာဘုရား၊ စိတ်ကြည်လင်တဲ့အတွက် ရုပ်အဆင်းလည်း အထူးကြည်လင်တော်မူသော မြတ်စွာဘုရား၊ သိရီဘုန်းတော် – အတုမရှိသောကျက်သရေတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား'

အဲဒီလိုပွားလိုက်မယ်ဆိုရင် ဘဂဝါဂုဏ်တော် (သိရီဘုန်းတော်) ရော၊ အရဟံဂုဏ်တော်ရော ပွားပြီးသား ဖြစ်သွားပါတယ်။ တခြားဂုဏ်တော်တွေနဲ့လည်း နည်းတူပဲ တွဲပြီး ပွားများရပါမယ်။ အဲဒီလိုဆိုရင် ပုံတော်ပွားတာဟာလည်း ဂုဏ်တော်ပွားတာ ဖြစ်သွားတာပါပဲ။

တချို့က ပုံအရင်ပေါ်ပြီးမှ ဂုဏ်ပေါ်တာရှိတယ်။ တချို့က ဂုဏ်အရင်ပေါ်ပြီးမှ ပုံပေါ်တာရှိတယ်။ ယေဘုယျအားဖြင့် သဒ္ဓါလွန်သမားက ပုံအရင်ပေါ်တတ်ပြီး ပညာလွန်သမားက ဂုဏ်အရင်ပေါ်တတ်ပါတယ်။

ပုံပဲ အရင်ပေါ်ပေါ်၊ ဂုဏ်ပဲ အရင်ပေါ်ပေါ်၊ ပုံရော ဂုဏ်ရော နှစ်မျိုးလုံးကို ကြည်ညိုရမှာပါပဲ။ ပုံဟာ ဂုဏ်ရဲ့ အရိပ်ဖြစ်သလို ဂုဏ်ဟာလည်း ပုံမှာပဲ တည်နေတာ မဟုတ်လား။

ပုံကို သတိရပြီး စိတ်ကြည်လင်နေရင်လည်း ကုသိုလ်တရားတိုးပွားပါတယ်။ ဂုဏ်ကို သတိရပြီး စိတ်ဖြူစင်နေရင်လည်း ကုသိုလ်တရား တိုးပွားပါတယ်။ ပုံထဲမှာလည်း ဂုဏ်တွေ့အောင်ရှာ၊ ဂုဏ်ထဲမှာလည်း ပုံတွေ့အောင်ဖမ်းပေါ့။

ပြည့်စုံတဲ့ဗုဒ္ဓါနုဿတိမှာ ပုံရော၊ ဂုဏ်ရော အရေးကြီးပါတယ်။ ဘာပုံတွေ့တွေ့ ကြည်ညိုတတ်ပြီ၊ ဘာဂုဏ်ပေါ်ပေါ် လေးမြတ်တတ်ပြီဆိုရင် သဒ္ဓါ၊ ပညာ ညီမျှနေပြီ ဖြစ်တဲ့အတွက် ကိုယ့်ရဲ့ ဗုဒ္ဓါနုဿတိဟာ ပြည့်စုံတဲ့ ဗုဒ္ဓါနုဿတိ၊ အဆင့်မြင့်တဲ့ ဗုဒ္ဓါနုဿတိ ဖြစ်သွားပါပြီ။



## အကောင်းမှီရင်အမှီကောင်းပါတယ်

နောက်တစ်ခု လိုတကတော့ ကောင်းကျိုးချမ်းသာ မှန်သမျှ ရချင်တဲ့ လိုတ ဖြစ်ပါတယ်။ လူရယ်လို့ဖြစ်လာရင်တော့ ကောင်းကျိုး ချမ်းသာတွေ သိပ်ရချင်ကြတာပါပဲ။ လောကီနဲ့ ပတ်သက်တဲ့ ကောင်းကျိုး ချမ်းသာတွေလည်း ရချင်ကြတယ်။ လောကုတ္တရာနဲ့ ပတ်သက်တဲ့ ကောင်းကျိုးချမ်းသာတွေလည်း ရချင်ကြတယ်။ လောကီ ကောင်းကျိုး ချမ်းသာ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာ ဘာကောင်းကျိုး ချမ်းသာမှ မရချင်ပါဘူးဆိုတာ မရှိပါဘူး။

ကောင်းကျိုးချမ်းသာတွေ ရချင်တယ်ဆိုရင် လောဘ ဖြစ်လိမ့်မယ်၊ ငါတော့ ဘာလောဘမှ မဖြစ်ချင်ဘူး၊ ဘာမှမလိုချင်ပါဘူး၊ ဘာမှ မရချင်ပါဘူးလို့ နာမည်ကောင်းယူပြီး အော်ဟစ်လိုက်ရုံနဲ့ လိုချင်တဲ့စိတ်၊ ရချင်တဲ့စိတ်က ပျောက်သွားတာမှ မဟုတ်ဘဲ။ ရဟန္တာမှ မဖြစ်သေးဘူး ဆိုရင်တော့ လောကီအကျိုးပဲဖြစ်ဖြစ်၊ လောကုတ္တရာအကျိုးပဲဖြစ်ဖြစ်

တစ်ခုခုကိုတော့ လိုချင်တဲ့စိတ်၊ ရချင်တဲ့စိတ် ရှိကို ရှိနေရမှာပါ။

ပရိယုဋ္ဌာန်သဘောမျိုးနဲ့ ထထကြွကြွ ထင်ထင်ရှားရှားကြီး ဖြစ်မနေတောင်မှ အနုသယအနေနဲ့တော့ စိတ်ထဲမှာ ကိန်းအောင်းပြီး ရှိနေမှာပါ။ အကျိုးလိုချင်လို့လည်းပဲ အကြောင်းဖြစ်တဲ့ အလုပ်တွေ နေ့စဉ်လုပ်နေကြရတာပေါ့။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာအကျိုးတွေ လိုချင်လို့လည်း ကုသိုလ်တွေ လုပ်နေကြတာပေါ့။

ပစ္စည်းဉစ္စာ၊ ထင်ပေါ်ကျော်ကြားမှုစတဲ့ လောကီကောင်းကျိုးတွေ လိုချင်လို့လည်းပဲ နေထွက်ကနေဝင်၊ နေဝင်ကနေထွက် စီးပွားတွေ ရှာပြီး လှုပ်ရှားရုန်းကန် အလုပ်လုပ်နေကြတာပေါ့။

စီးပွားဉစ္စာမလိုချင်ဘဲနဲ့ ဈေးရောင်းနေတဲ့သူ ရှိပါ့မလား၊ မရှိပါဘူး။ ဒါဆို ဈေးရောင်းနေတဲ့ပုဂ္ဂိုလ်မှာ ဈေးရောင်းကောင်းချင်တယ် ဆိုတဲ့ လိုတတော့ မရှိနိုင်ဘူးလား၊ ရှိနိုင်ပါတယ်။ ထထကြွကြွ ထင်ထင်ရှားရှားကြီးနဲ့ ဂုဏ်တော်ပွားနေတဲ့အခါမှာ ဈေးရောင်းကောင်းချင်လို့ ရွတ်တယ်ဆိုတာမျိုးတော့ မရှိသင့်ဘူးပေါ့။ ရှိလည်း ကိစ္စမရှိပါဘူး။ ပွားသာပွားပါ။

ဈေးရောင်းကောင်းချင်တဲ့စိတ် ရှိရှိ မရှိရှိ ဂုဏ်တော်ကို ပွားသာပွားပါ။ ပွားရင်းပွားရင်းနဲ့ ဈေးရောင်းကောင်းချင်တယ်ဆိုတဲ့ လောကီလိုအင်ဆန္ဒတွေ၊ လိုတတွေ တဖြည်းဖြည်း ပျောက်သွားပြီးတော့ ဘုရားရှင်အပေါ်မှာ တကယ် ကြည်ညိုတဲ့စိတ်နဲ့ ပွားတာမျိုး ဖြစ်သွားပါလိမ့်မယ်။ သို့သော် အနုသယဓာတ်အနေနဲ့တော့ လိုချင်တဲ့စိတ် ရှိမှာပေါ့။ ရှိပါစေ၊ ကိစ္စမရှိပါဘူး။

ဂုဏ်တော်တွေ ပွားရင် ဈေးရောင်းကောင်းတတ်တယ် ဆိုတဲ့ ဒီလို ကံ , ကံရဲ့အကျိုးကို ယုံကြည်တဲ့ စိတ်ကလေးကလည်း ရှိနေမှာပါပဲ။ ဂုဏ်တော်ပွားရင် ဈေးရောင်းကောင်းတယ်ဆိုတဲ့ ယုံကြည်မှုကတော့

တဏှာ မဟုတ်ပါဘူး။ သဒ္ဒါပါ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ လူရယ်လို့ဖြစ်လာရင်တော့ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာတွေ ရချင်တဲ့ လိုတရှိနေပါတယ်။ အဲဒီ လိုတတွေကို ဂုဏ်တော်နှလုံးသားက ရစေနိုင်ပါတယ်။ ဘာလို့လဲ ဆိုတော့ မိမိအာရုံပြု ပွားများနေတဲ့ မြတ်စွာဘုရားကိုယ်တော်တိုင်က လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာတွေ အထွတ်အထိပ်ရောက် ပြည့်စုံနေလို့ပါပဲ။

လောကီ ကောင်းကျိုးချမ်းသာဆိုတာကို မြတ်စွာဘုရား ကိုယ်တိုင်ကတော့ လိုချင်တောင့်တမှု မရှိဘူးပေါ့၊ မရှိပေမယ့် ပြည့်စုံနေတယ်။ မြတ်စွာဘုရားရှင်ဟာ တစ်လောကလုံးရဲ့ ပူဇော်အထူးခံထိုက်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ပူဇော်ခံထိုက်တဲ့အတိုင်းလည်းပဲ ပူဇော်ခံရတယ်။

ပူဇော်ခံရတဲ့ အတွက်ကြောင့် လူ့လောကမှာ မင်းစိုးရာဇာတွေ၊ သူဌေးသူကြွယ်တွေ၊ လူ့လောက ထိပ်တန်းပုဂ္ဂိုလ်တွေကလည်း နေ့စဉ်နဲ့ အမျှ ပူဇော်နေကြပါတယ်။ နတ်လောကက ထိပ်တန်းနတ်တွေ၊ နတ်မင်းကြီးတွေကလည်း ပူဇော်နေကြတယ်။ ဗြဟ္မာလောကက ထိပ်တန်းဗြဟ္မာတွေကလည်း နေ့စဉ် ပူဇော်နေကြတယ်။

သက်တော်ထင်ရှား ရှိစဉ်တုန်းက မပြောနဲ့တော့။ သက်တော်ထင်ရှား မရှိတော့တဲ့ အခုအချိန်မှာတောင်မှပဲ ပူဇော်နေကြတုန်းပဲ။ အခုလည်းပဲ ဘုရားငါးဆူ ဆံတော်ရှင်စေတီတော်တွေ တည်ထားကိုးကွယ်ပြီးတော့ မြတ်စွာဘုရားကို ပူဇော်ကြဦးမယ်။ အဲဒီလိုပါပဲ၊ သောက်တော်ရေတွေ၊ ပန်းတွေ၊ ဆွမ်းတွေ နေ့စဉ်နဲ့အမျှ ကိုယ့်အိမ်မှာကိုယ် ကပ်လှူပူဇော်နေကြတယ်။ ဟိုအိမ်ကလည်း ကပ်လှူပူဇော်၊ ဒီအိမ်ကလည်း ကပ်လှူပူဇော်နဲ့ ဘုရားကိုခုချိန်ထိ ပူဇော်နေကြတုန်းပါပဲ။ မြတ်စွာဘုရားရှင်ဟာ

ဒီနေ့ ဒီအချိန်အထိ အပူဇော်ခံနေရတုန်းပါပဲ။

အဲဒီတော့ တစ်လောကလုံးမှာ မြတ်စွာဘုရားလောက် ပူဇော်ခံရတဲ့သူ မရှိပါဘူး။ တစ်နည်းအားဖြင့် လူတွေနဲ့နီးစပ်အောင် ပြောရင်တော့ မြတ်စွာဘုရားလောက် လာဘ်လာဘ ပေါများတဲ့သူ၊ မြတ်စွာဘုရားလောက် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝတဲ့သူ လောကမှာ မရှိပါဘူး။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့က သူတို့မှာ ရှိသမျှ ပစ္စည်းဥစ္စာ အားလုံးကို ဘုရားအတွက် ဆိုပြီးတော့ စွန့်လွှတ်လှူဒါန်းထားပြီးသား ဖြစ်နေပါတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ တစ်လောကလုံးမှာ လောကီကောင်းကျိုးချမ်းသာအနေနဲ့လည်း အထွတ်အထိပ်ရောက်နေတဲ့ ပုဂ္ဂိုလ်ပါ။ ပစ္စည်းဥစ္စာတစ်ခုတွင် မကဘူးပေါ့။ ထင်ပေါ်ကျော်ကြားမှု၊ ဂုဏ်သတင်းတွေအနေနဲ့ ကြည့်မယ်ဆိုရင်လည်း စကြဝဠာတိုက်တစ်သောင်းထိအောင် ဂုဏ်သတင်း ကျော်စောတော်မူပါတယ်။

အခြံအရံအနေနဲ့ ကြည့်မယ်ဆိုရင်လည်း အမြဲတမ်း အခြံအရံပရိသတ်တွေ မြောက်မြားစွာရှိတယ်။ တစ်ခါတစ်ရံ အကြောင်းကိစ္စထူးရှိလို့ တစ်ပါးတည်း သီးခြားကြွတော်မူတာကလွဲရင် အမြဲတမ်း အခြံအရံအဖြစ်နဲ့ ရဟန်းပရိသတ်ချည်းပဲ ငါးရာရှိပါတယ်။ ရဟန်းမတို့၊ လူဥပါသကာ၊ လူဥပါသိကာမတို့လည်း အရေအတွက်များစွာ အမြဲတမ်း ခြံရံနေကြတာပါပဲ။

အဲဒီလိုစသည်အားဖြင့် မြတ်စွာဘုရားရှင်ဟာ လောကီကောင်းကျိုးချမ်းသာမှန်သမျှ အထွတ်အထိပ်ရောက် ပြည့်စုံတယ်။ လောကုတ္တရာကောင်းကျိုးချမ်းသာအနေနဲ့ဆိုရင်လည်းပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီ ဖြစ်တဲ့အတွက်ကြောင့် လောကုတ္တရာ

ရတနာတွေလည်းပဲ အားလုံး ပြည့်စုံနေပြီးပါပြီ။

လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာအားလုံး အထွတ်အထိပ်ရောက်ပြည့်စုံနေတဲ့ မြတ်စွာဘုရားရှင်ကို အာရုံပြုနေတဲ့ပုဂ္ဂိုလ်တွေလည်း မိမိတို့ရဲ့ ကောင်းကျိုးချမ်းသာလိုချင်တဲ့ ရချင်တဲ့လိုတာတွေ ရမယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။

လောကမှာ ချမ်းသာပြည့်စုံနေကြတဲ့သူတွေအားလုံးဟာ အမှီကောင်း ရကြလို့ ချမ်းသာပြည့်စုံနေကြတာပါ။ အမှီကောင်း ရချင်ရင် အကောင်းကို မှီရပါမယ်။ အကောင်းမှီမှ အမှီကောင်းနိုင်ပါတယ်။ အကောင်းတွေ အားလုံးထဲမှာ အဆင့်အမြင့်ဆုံး အကောင်းကတော့ မြတ်စွာဘုရားပါပဲ။

ဂုဏ်တော်ပွားများသောအားဖြင့် မြတ်စွာဘုရားတည်းဟူသော အကောင်းကို မှီရင် ကံပွင့်လာဘ်ဖွင့် ကုသိုလ်ဘုန်းကံ ဆိုတဲ့ အမှီကောင်း ရနိုင်ပါတယ်။ ကုသိုလ်ဘုန်းကံ ဆိုတဲ့ အမှီကောင်းကို အဆင့်မြင့်မြင့် ရထားမှတော့ လာဘ်မပေါ်မှာ၊ စီးပွားမတက်မှာ ဘာမှ ပူစရာ မလိုတော့ပါဘူး။

ဂုဏ်တော်တန်ခိုး ပြောကြစို့ဆိုရင် စီးပွားလာဘ်လာဘကိစ္စဟာ 'ပျင်းတောင် ပျင်းသေးတယ်' လို့ ပြောရမယ့် ကိစ္စပါ။ ဟုတ်ပါတယ်။ ပျင်းတောင် ပျင်းသေးတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဘဂဝါဂုဏ်တော် ဘုန်းတော်ခြောက်ပါးထဲက 'ကာမဘုန်းတော်' ဆိုတာ လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ခဏချက်ချင်း ပြည့်ဝနိုင်စွမ်းတဲ့ ဘုန်းတော်ပါ။ လိုတရစွမ်းရည်ပိုင်ရှင် မြတ်စွာဘုရားကို အမြဲမပြတ် သတိရနေမှတော့ ကိုယ့်နှလုံးသားမှာလည်း လိုတရစွမ်းရည်တွေ ကိန်းဝပ်နေပြီပေါ့။

## ထမင်းနှစ်နပ်စားသူတိုင်းဘုရားနှစ်ကြိမ်ရှိခိုးပါ

လောကီကောင်းကျိုးချမ်းသာ ရချင်တဲ့ လိုတတွေ ရစေနိုင်တဲ့ သာဓကကတော့ အထူးတလည် ထုတ်ဖော်မနေတော့ပါဘူး။ အားလုံးပဲ သိကြပြီးသားပါပဲ။ ဘာသာရေး မဂ္ဂဇင်းတွေ ဖတ်ရှုမယ်ဆိုရင်လည်း ကိုယ်သန်ရာသန်ရာ၊ ကိုယ်တွေ့အဖြစ်အပျက်တွေ ရေးနေကြတာပါပဲ။ အဲဒီတွေမှာပဲ ဖတ်ရှုကြပေတော့ပေါ့။

နောက်ပြီးတော့ လောကီ ကောင်းကျိုးချမ်းသာဆိုတာကလည်း ဘာမှ လွမ်းလောက်စရာမရှိပါဘူး။ လွမ်းလောက်စရာမရှိတဲ့ ကောင်းကျိုးချမ်းသာကို ရစေနိုင်တဲ့ သာဓကတွေကို ရေးကြီးခွင်ကျယ်လုပ်ပြီးတော့ ရဟန်းတစ်ပါးအနေနဲ့ ဘာမှမပြောလိုပါဘူး။ ရဖို့ အင်မတန်ခက်ခဲတဲ့ လောကုတ္တရာ ကောင်းကျိုးချမ်းသာကို ရစေနိုင်တဲ့ သာဓကပြောလိုက်ရင် လောကီကောင်းကျိုးချမ်းသာရစေနိုင်တဲ့အကြောင်းကလည်း ပြောပြီးသား ဖြစ်သွားတာပါပဲ။

လောကီကောင်းကျိုးချမ်းသာရော၊ လောကုတ္တရာကောင်းကျိုးချမ်းသာပါ လိုတ ရသွားခဲ့တဲ့ 'အရှင်ပုလိနထူပိယ' ဆိုတဲ့ မထေရ်တစ်ပါး ရှိပါတယ်။ ပုလိနဆိုတာ သဲကိုပြောတာပါ၊ ထူပိယဆိုတာ စေတီပုထိုးပါ။ ပုလိနထူပိယမထေရ်ဆိုတော့ သဲပုံစေတီမထေရ်ပေါ့၊ ခေတ်စကားနဲ့ပြောရင်တော့ သဲပုံစေတီဆရာတော်ပေါ့။

သဲပုံစေတီဆရာတော်လို့ ခေါ်ပေမယ့် သူ့ရဲ့ သဲပုံစေတီက သဲသက်သက် စေတီမျိုး မဟုတ်ပါဘူး။ ရွှေသားပကတိ ဖန်တီးထားတဲ့ စေတီဖြစ်တဲ့အတွက် ရွှေစေတီလို့လည်း ခေါ်လို့ရပါတယ်။ ဒါကြောင့် ဆရာတော်ဘွဲ့တော်ကို ရွှေစေတီဆရာတော်လို့ မှတ်သားကြရအောင်။

ရွှေစေတီဆရာတော်၊ ရွှေစေတီမထေရ်လို့ စကားအရသာ ပြောရပေမယ့်၊ သက်တော်ရင့်အရွယ်ကို မှန်းပြီးတော့သာ ပြောရပေမယ့် ဗုဒ္ဓါနုဿတိကို အခြေခံပြီးတော့ ဝိပဿနာ ရှုပွားလိုက်တဲ့အတွက်ကြောင့် ရွှေစေတီကိုယ်တော်လေး ရဟန္တာဖြစ်သွားတာက ခုနစ်နှစ်အရွယ်မှာ ကတည်းက ရဟန္တာ ဖြစ်သွားတာပါ။

ဗုဒ္ဓါနုဿတိရဲ့ အကျိုးကျေးဇူးနဲ့ ပတ်သက်တဲ့ သာဓကတွေထဲမှာတော့ ဦးဇင်းတို့ အနှစ်ခြိုက်ဆုံး၊ အကြည်ညိုဆုံး၊ အားအရဆုံး ဝတ္ထုကလေးပါပဲ။ ရွှေစေတီကိုယ်တော် ခုနစ်နှစ်သားအရွယ်လို့ ဆိုပြန်တော့လည်း ကိုရင်ဘဝနဲ့ ရတာလားဆိုတော့ မဟုတ်ပြန်ဘူး။

ခုနစ်နှစ်အရွယ် လူဝတ်ကြောင် ကလေးဘဝကတည်းက ဗုဒ္ဓါနုဿတိ ပွားပြီးတော့ ရဟန္တာဖြစ်တာပါ။ တရားနာ ပရိသတ်များလည်း စိတ်ဝင်စားကြမယ် ထင်ပါတယ်နော်။

အဲဒီတော့ ရွှေစေတီကိုရင်လေးလို့ပဲ ပြောကြပါစို့။ ခုနစ်နှစ်နဲ့ ရဟန္တာဖြစ်တာဆိုတော့ အဲဒီ ရွှေစေတီကိုရင်လေးဟာ ဘယ်လောက်ထိ

အောင် ပါရမီထူးခြားသလဲ။ ဒါလည်းပဲ ဗုဒ္ဓါနုဿတိဘာဝနာရဲ့ တန်ခိုး ပါပဲ။

အတိတ်က ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခဲ့တဲ့ တန်ခိုးကြောင့် ဒီပစ္စုပ္ပန်ဘဝ သောတာပန် မိဘရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်တယ်၊ အဖေက လည်း သောတာပန်၊ အမေကလည်း သောတာပန်၊ ဘယ်လောက် ဟန် ကျထားသလဲ။

အဖေရော အမေရော သောတာပန်ဖြစ်ပြီးမှ ဒီကလေးက ပဋိ သန္ဓေနေတာ ဖြစ်ပါတယ်။ သန့်စင်လိုက်တာ၊ အမျိုးကမြတ်လိုက်တာ၊ ငွေကြေးဥစ္စာအသပြာ ချမ်းသာချင်မှ ချမ်းသာမယ်၊ မိဘနှစ်ပါးလုံး သော တာပန်ဆိုတော့ လောကုတ္တရာ ရတနာဥစ္စာကတော့ သိပ်ချမ်းသာတာပဲ။ အင်မတန် မြင့်မြတ်တဲ့ မိဘတွေပါ။

သောတာပန်မိဘရဲ့ ဝမ်းမှာ ပဋိသန္ဓေနေလာတယ်။ သူ့ကို မ မွေးဖွားခင်ကတည်းက သူ့ရဲ့ သောတာပန် မိဘနှစ်ပါးရဲ့ ကျင့်ထုံးကလေး ကလည်း မှတ်သားစရာပဲ။ သောတာပန်ဖြစ်ပြီဆိုတော့ မြတ်စွာဘုရားကို အသက်နဲ့လဲပြီးတော့ ကြည်ညိုသွားပြီ။ ရတနာသုံးပါးကို အသက်နဲ့လဲ ပြီးတော့ ကြည်ညိုသွားပြီဆိုတော့ ဗောဓိပင်ရဲ့ အပွေးကိုယူပြီးတော့ သူတို့ က ရွှေစေတီ တည်ထားကြတယ်။

ဗောဓိပင်ရဲ့ အပွေးကို ယူပြီးတော့ ရွှေစေတီတည်တယ်။ ရွှေ တွေချ၊ ရွှေသားတွေနဲ့ သွန်းလုပ်ပူဇော်ထားတော့ ရွှေစေတီလေးပေါ့။ ဗောဓိပင် အပွေးကို အခြေခံပြီးတော့ ရွှေစေတီလေးတစ်ဆူ ထုလုပ်ပြီး တော့ ကိုးကွယ် ပူဇော်ထားတယ်။ အိမ်မှာပဲ ကိုးကွယ်ပူဇော်ထားတာပါ။

အိမ်မှာ ကျောင်းဆောင်လေးနဲ့ စနစ်တကျ ကောင်းကောင်း မွန်မွန် ထားပြီးတော့ ပူဇော်တယ်။ တစ်နေ့ကို နှစ်ကြိမ်၊ မနက်တစ်ကြိမ်၊

ညတစ်ကြိမ် စေတီတော်ရဲ့ ရှေ့မှောက်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ရှေ့တော်မှောက်လို့ သဘောထားပြီးတော့ ဘုရားဝတ်တက်ပါတယ်။

ဘုရားဝတ်တက်တယ်ဆိုတာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို စိတ်နဲ့ ဆင်ခြင်ပြီးတော့ နှုတ်က ရွတ်ဆိုတာပါပဲ။ စိတ်နဲ့လည်း ဂုဏ်တော်တွေ ဆင်ခြင်၊ နှုတ်နဲ့လည်း ဂုဏ်တော်တွေ ရွတ်ဆို၊ စိတ်နဲ့လည်း ဗုဒ္ဓါနုဿတိပွား၊ နှုတ်ကလည်း ဂုဏ်တော်ပါဠိတွေ ရွတ်ဆိုပြီးတော့ တစ်နေ့ နှစ်ကြိမ် ဘုရားဝတ်ပြုပါတယ်။

ဒီအချက်ကလည်း မှတ်သားရမယ်။ ဗုဒ္ဓဘာသာဝင်မှန်ရင် ဘုရားကျောင်းကန်မှာနေတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ အိမ်မှာနေတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အနည်းဆုံး တစ်နေ့နှစ်ကြိမ်တော့ ဘုရားဝတ်ပြုသင့်ပါတယ်။

မနက် အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ်၊ အိပ်ရာထ အိပ်ရာဝင် အတိအကျကြီး မဟုတ်တောင် မွန်းတည့် ဆယ့်နှစ်နာရီမတိုင်ခင် မနက်ပိုင်း တစ်ချိန်၊ မွန်းတည့် ဆယ့်နှစ်နာရီနောက်ပိုင်း ညအိပ်ရာမဝင်ခင် တစ်ချိန်၊ သင့်တော်တဲ့ အချိန်မှာပေါ့လေ၊ အဲဒီလို တစ်နေ့ နှစ်ကြိမ် ဘုရားဝတ်ပြုတဲ့အလုပ်ကို လုပ်သင့်ပါတယ်၊ ရဟန်းသံဃာတွေ၊ သီလရှင်တွေဆိုရင်တော့ ပြောစရာကို မလိုတော့ဘူး။

တစ်ဆင့်စကားကြားရတဲ့ သတင်းကလေးတစ်ခုကတော့ ရိပ်သာတစ်ခုမှာနေနေကြတဲ့ သံဃာတော်များက မနက် တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားဝတ်တက်ကြတယ်။ အဲဒါကို ရိပ်သာအဖွဲ့အစည်းမှာ ပါဝင်တဲ့ လူကြီးတစ်ယောက်က 'သံဃာတော်တွေ ဘုရားဝတ်မတက်ကြပါနဲ့။ ဘုရားဝတ်တက်မယ့်အစား တရားပဲ အားထုတ်ကြပါ'လို့ လျှောက်ထားတယ်လို့ တစ်ဆင့်စကား ဦးဇင်းတို့ ကြားဖူးပါတယ်။

တစ်ဆင့်စကားဆိုပေမယ့် အဲဒီရိပ်သာက ရဟန်းတစ်ပါးကိုယ်တိုင် ပြောပြတာပါ။ ခိုင်လုံတဲ့ တစ်ဆင့်စကား ဆိုပါတော့။

အချိန်ပြည့်ယောဂီအဖြစ်နဲ့ အားထုတ်နေရင်တော့လည်းပဲ ဘုရားဝတ်မတက်ဘဲနဲ့ အားထုတ်နိုင်ပါတယ်။ ဒါတောင်မှပဲ တရားအားထုတ်တဲ့အချိန်မှာတော့ ဘုရားဂုဏ်တော်ကို အနည်းဆုံး တစ်မိနစ်၊ နှစ်မိနစ်လောက်တော့ ပွားရပါတယ်။ တရားတစ်နာရီ ထိုင်တော့မယ်ဆိုရင် ချက်ချင်းကြီး တရားမမှတ်သေးဘဲနဲ့၊ ဝိပဿနာကို တိုက်ရိုက် မမှတ်သေးဘဲနဲ့ ဂုဏ်တော်လေးကို တစ်မိနစ်လောက်ဖြစ်စေ၊ နှစ်မိနစ်လောက်ဖြစ်စေ၊ သုံးမိနစ်လောက်ဖြစ်စေ၊ စိတ်နဲ့ ပွားရပါသေးတယ်။ မေတ္တာလေးလည်း ပို့ရပါသေးတယ်။ ပြီးတော့မှ ဝိပဿနာဆက်ရှုရပါတယ်။

ဒီတော့ အချိန်ပြည့်ယောဂီအဖြစ်နဲ့ အပြင်က လာဝင်တာမဟုတ်ဘဲ ရိပ်သာမှာ အမြဲနေတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားကျောင်းဆောင် သွားပြီးတော့ ဘုရားဝတ်တက်တဲ့အလုပ် ရိပ်သာတိုင်း လုပ်ကြရပါတယ်။

အမှန်ကတော့ အဲဒီဒကာကြီးအနေနဲ့လည်း တရားထူး ရစေချင်တဲ့ စေတနာလည်းပဲ ဖြစ်ကောင်းဖြစ်နိုင်တာပေါ့လေ။ သာသနာ့ကျင့်ထုံးကို သဘောမပေါက်လို့ ပြောတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။ သာသနာ့ ကျင့်ထုံး သဘောမပေါက်လို့ ပြောတဲ့ပုဂ္ဂိုလ်ကိုတော့ သာသနာ့ကျင့်ထုံး နားလည်အောင်၊ သဘောပေါက်အောင် သေချာစိတ်ရှည်စွာနဲ့ သည်းခံပြီးတော့ ရှင်းပြရမှာပေါ့။

အခုကြည့်လေ၊ ရဟန်းသာမဏော၊ သီလရှင်မပြောနဲ့၊ လူဝတ်ကြောင်တောင်မှ တစ်နေ့ နှစ်ကြိမ် ဘုရားဝတ်ပြုတာပဲ။ အထောက်အထားလေးနဲ့မှ ယုံချင်တယ်ဆိုရင်တော့ . . . .

သာယံ ပါတံ နမဿန္တိ၊ သကျပုတ္တံသ သမ္ဗုခါ။

'ဘုရားရုပ်ပွားတော်ရဲ့ ရှေ့မှောက်မှာ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ် ဘုရားရှိခိုးပါတယ်' တဲ့။

သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်းနဲ့ ဂုဏ်တော်ပွားတာဟာလည်း ဘုရားရှိခိုးတာတော့ ဘုရားရှိခိုးတာပါပဲ။ ဒါပေမဲ့ ဘုရားကိုယ်တော်စား ဘုရားရုပ်ပွားတော်ရဲ့ ရှေ့မှောက်မှာလည်း တမင်သီးခြား တစ်နေ့ နှစ်ကြိမ် ဘုရားရှိခိုးသင့်ပါတယ်။ သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်း ဟိုဟာစား၊ ဒီဟာစားနဲ့ သရေစာမျိုးစုံ ဘယ်လောက်ပဲစားစား၊ အဓိက ထမင်းကြီး နှစ်နပ်တော့ ထမင်းစားခန်း၊ ထမင်းစားပွဲမှာ တမင်သီးခြား စားရသလိုပါပဲ။

တစ်နေ့ကို ထမင်းနှစ်နပ်စားသူတိုင်း တစ်နေ့ကို ဘုရားနှစ်ကြိမ်ရှိခိုးသင့်ပါတယ်။ သုံးနပ်စားရင်တော့ သုံးကြိမ်၊ လေးနပ်စားရင်တော့ လေးကြိမ်ပေါ့။ အဆာပြေ တစ်ခါစားရင်လည်း အဆာပြေ တစ်ခါရှိခိုး၊ အဆာပြေ ခဏခဏ စားရင်လည်း အဆာပြေ ခဏခဏ ရှိခိုးရမှာပေါ့။

ဘာစားစား 'နမော တဿ' ရွတ်ပြီးစား၊ ဘာလုပ်လုပ် 'နမော တဿ' ရွတ်ပြီးလုပ်ရင် ခဏခဏ ဘုရားရှိခိုးပြီးသား ဖြစ်သွားတာပါပဲ။ 'နမော တဿ' ဆိုလို့ 'နမော တဿ' လောက်တွင် ပြောတာ မဟုတ်ဘူးနော်။ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' အပြည့်အစုံကို ပြောတာပါ။

စီးပွားတက်အောင်၊ ရာထူးတိုးအောင်ဆိုပြီး ဟိုဂါထာ၊ ဒီဂါထာ အထူးအဆန်းတွေနောက် လျှောက်လိုက်မနေပါနဲ့။ 'နမော တဿ' လောက် ကောင်းတဲ့ ဂါထာ၊ 'နမော တဿ' လောက် စွမ်းတဲ့ ဘုရားရှိခိုး မရှိပါဘူး။

အခေါက်ရေကို အဓိကထား မှတ်သားမနေဘဲ သတိရတိုင်း ရွတ်၊ အားတိုင်း ရွတ်ပေါ့။ အလေ့အကျင့်လုပ်ထားရင် ဘယ်လောက် အလုပ်များများ၊ အလုပ်လုပ်နေတဲ့ကြားထဲကကို ကြိုးကြားကြိုးကြား မကြာခဏ ရွတ်လို့ ရသွားပါလိမ့်မယ်။

လိုချင်လောဘကြီးနဲ့တော့ မရွတ်နဲ့ပေါ့။ ဘုရားကို အမှန်တကယ် ကြည်ညိုတဲ့စိတ် ဖြစ်အောင် နှလုံးသွင်းပြီး ရွတ်ပေါ့။ ပွားရင်းရွတ်၊ ရွတ်ရင်းပွားရုံပါပဲ။ စိတ်နဲ့ ရွတ်လည်း ရပါတယ်။

အဲဒီလိုနဲ့ သောတာပန်မိဘနှစ်ပါးဟာ တစ်နေ့ကို နှစ်ကြိမ် ဘုရားဝတ်ပြုတယ်၊ ဥပုသ်နေ့ကျရင်တော့ အထူးအစီအစဉ်။ အထူး အစီအစဉ်ဆိုတာက ရွှေစေတီလေးကို စေတီတော်ထည့်သွင်းထားတဲ့ ကျောင်းဆောင်ကနေ အပြင်ကို ထုတ်လိုက်တယ်။ အပြင်က စားပွဲလေးပေါ်မှာ အခင်းလေးတွေ ကျကျနန ခင်းပြီးတော့ ရွှေစေတီတော်ကို တင်ထားလိုက်တယ်။

တင်ထားပြီးတော့ ညဉ့်သုံးယံပတ်လုံး ဘုရားဂုဏ်တော်တွေ ပွားများရွတ်ဆိုပြီးတော့ အချိန်ကုန်လွန်ကြပါတယ်။ တစ်ညလုံး မအိပ်ဘဲနဲ့ ညလုံးပေါက် ဘုရားဂုဏ်တော် ပွားတယ်။ ဂုဏ်တော်ပွားလို့ စိတ်ထဲမှာ ပီတိတွေ တဖွားဖွားဖြစ်လာတော့ စိတ်ထဲမှာတွင် မထားနိုင်တော့ဘဲနဲ့ နှုတ်ကနေ ရွတ်ဆိုပြီးတော့ ဘုရားဂုဏ်တော်တွေကို ရွတ်ဆိုပြီးတော့ ဘုရားကို ပူဇော်တယ်။

ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း အထူးအစီအစဉ်အဖြစ်နဲ့ ဥပုသ်သီလတွေ စောင့်ထိန်းပြီးတော့ တစ်ညလုံး ညလုံးပေါက် ဘုရားရဲ့ ဂုဏ်တော်တွေ ပွားများပါတယ်။ ဘုရားအပေါ် ဘယ်လောက်တောင် ကြည်ညိုကြသလဲဆိုတာ . . . နော်။



## အူပျော်မြူးတာကိုပူဇော်ထူးတယ်ထင်ရင် သူတော်ရှုးပဲဖြစ်လိမ့်မယ်

အဲဒီလိုနဲ့ ကလေးလေး ခုနစ်နှစ်အရွယ် ရောက်လာပါတယ်။ ကလေးလေးဟာ ပါရမီမရင့်သေးတော့ ကျန်တဲ့နှစ်နှစ်၊ သုံးနှစ်၊ လေး၊ ငါး၊ ခြောက်နှစ် အရွယ်တုန်းကတော့ ဘာမှ အသိဉာဏ် ထင်ထင်ရှားရှား မဖြစ်သေးဘူးပေါ့။ ဒါပေမဲ့ မိဘနှစ်ပါးက ဘုရားဝတ်ပြုတယ်ဆို သူလည်း လိုက်ပြုတာပါပဲ။ မိဘနှစ်ပါးက ဂုဏ်တော်ပွားတယ်ဆိုလည်း လိုက်ပွားတာပါပဲ။ ဒါပေမဲ့ ပါရမီမရင့်ကျက်သေးတော့ ချက်ချင်းကြီး တရားမရသေးဘူး။

ခုနစ်နှစ်သားအရွယ်ရောက်တော့ တစ်နေ့၊ တစ်ခုသော ဥပုသ်နေ့မှာ ရွှေစေတီတော်ကို အပြင်ထုတ်ပြီးတော့ ညလုံးပေါက် ပူဇော်ကြတယ်။ အဲဒီအချိန်မှာ ကလေးလေးကလည်း ဘေးကထိုင်ပြီးတော့ ဂုဏ်တော်ပွားရင်း ပူဇော်နေတယ်။

ရွှေစေတီတော်ကို ဖူးပြီးတော့ ဂုဏ်တော်ပွား ပူဇော်ရင်း ပူဇော်

ရှင်းနဲ့ ပါရမီတွေကလည်း အချိန်တန်လာပြီ၊ ပါရမီရင့်လာပြီဆိုတော့ မိမိရှေ့မှောက်မှာ ရှိတဲ့ ဖောခိပင်အပွေးကို အခြေခံပြီး လုပ်ထားတဲ့ ရွှေစေတီကို ဖူးမြော်ရင်း ဖူးမြော်ရင်းနဲ့ အတိတ်က စေတီတည်ထား ကိုးကွယ်ခဲ့တဲ့ ကုသိုလ်ကို သွားသတိရတယ်။ ဇာတိဿရဉာဏ် ရသွားတယ် ဆိုပါတော့။

ကဿပဘုရားရှင်ရဲ့ သာသနာကွယ်ပြီး နောက်ပိုင်းကာလမှာ ယခု ဂေါတမမြတ်စွာဘုရားရှင် သာသနာမပေါ်ခင်စပ်ကြား သာသနာပ ကာလလေးတစ်ခုမှာ စေတီ တည်ထားကိုးကွယ်ခဲ့တဲ့ ကုသိုလ်လေးကို သွားခနဲ သတိရလိုက်တယ်။

တစ်ခုသောဘဝက သူဟာ ဟိမဝန္တာတောထဲမှာ ရသေ့ပေါင်း တစ်သောင်းလေးထောင်ရဲ့ အကြီးအမှူး ရသေ့ကြီးတစ်ပါး ဖြစ်ခဲ့ဖူးတယ်။ ရသေ့ဆရာကြီးပေါ့။

အဲဒီရသေ့ဆရာကြီးကို တစ်သောင်းလေးထောင်သော ရသေ့တွေက ဆည်းကပ်လုပ်ကျွေးပူဇော်ကြတယ်။ တခြားတခြားသော တပည့် ဒကာ၊ ဒကာမတွေကလည်း ဆည်းကပ်ပူဇော်ကြတယ်။

တစ်နေ့တော့ ရသေ့ကြီးက စဉ်းစားတယ်။

'ငါ့ကို လူပေါင်းများစွာက ပူဇော်ကြတယ်။ ဒါပေမဲ့ ငါပူဇော်ရမယ့်သူတော့ မရှိဘူး။ ငါကတော့ လူပေါင်းများစွာကို အဆုံးအမ ဩဝါဒတွေ ပေးနေတယ်။ ငါ့ကို ဆုံးမဩဝါဒပေးမယ့်သူတော့ မရှိပါလား'

'လောကမှာ ပူဇော်ရမယ့်သူ မရှိ၊ ကိုယ့်ကို ပြောဆိုဆုံးမမယ့်သူ မရှိဘဲနေရတာ အင်မတန် အထီးကျန်လှပါတယ်။ အင်မတန် ကျက်သရေမဲ့လှပါတယ်။ ဒီတော့ ငါ ပူဇော်ရမယ့်သူ၊ ငါ့ကို ပြောဆိုဆုံးမမယ့်သူ ရှာမှပဲ'

ဆိုပြီးတော့ တစ်လောကလုံးကို ဈာန်အဘိညာဉ်တန်ခိုးနဲ့ လှည့်ပြီးတော့ ရှာပေမယ့် မတွေ့ဘူး။ သူပူဇော်ရမယ့်သူ မတွေ့ဘူး၊ သူ ဆရာတင်ရမယ့်သူ မတွေ့ဘူး။ မတွေ့တော့ ပါရမီဓာတ်ခံကလည်းရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ သာသနာ့ပကာလ ဖြစ်ပေမယ့်လို့ အသိဉာဏ်လေးက လင်းခနဲရလာတယ်။

ကုသိုလ်ကို လိုချင်တဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ သူ့ရဲ့ ကျောင်းသင်္ခမ်းနဲ့ မနီးမဝေးမှာရှိနေတဲ့ မြစ်တစ်ခုကိုဆင်း၊ မြစ်ကမ်းပါးက သဲသန့်သန့်လေးတွေကို ရွေးယူပြီးတော့ သဲပုံစေတီလေးတစ်ခု တည်ထားကိုးကွယ်ပါတယ်။ အဲဒီသဲပုံစေတီလေးကို သူ့ရဲ့ အဘိညာဉ်တန်ခိုးနဲ့ ရွှေသားပကတိပြီးတဲ့ ရွှေစေတီအဖြစ် ဖန်ဆင်းလိုက်ပါတယ်။

အမှန်ကတော့ စေတီတိုင်း စေတီတိုင်းဟာ သဲပုံစေတီချည်းပါပဲ။ သဲမပါတဲ့စေတီ တစ်ခုမှမှ မရှိတာနော်။ သဲ၊ ကျောက်၊ အုတ်၊ သံ၊ ဘိလပ်မြေ စသည် စုပေါင်းပြီးတော့ တည်ဆောက်ထားပေမယ့် ဥပလက္ခဏာနည်း (မှတ်သားပြောတဲ့နည်း)နဲ့ သဲကို အဓိက ခေါင်းတပ် မှတ်သားပြီးတော့ သဲပုံစေတီလို့ ပြောနိုင်ပါတယ်။ အခြေခံအားဖြင့်ပေါ့လေ။

ဒါကြောင့်လည်း အခုတပေါင်းလပြည့်ရဲ့ပွဲတော်ကို ဘာပွဲတော်လို့ခေါ်လဲ၊ သဲပုံစေတီပွဲတော်လို့ ခေါ်ကြတယ်နော်။ တပေါင်းလဆိုတာ သဲပုံစေတီပွဲတော် ကျင်းပတဲ့လ ဖြစ်ပါတယ်။ ဒါကြောင့် ဟိုနေရာလည်း ဘုရားပွဲ၊ ဒီနေရာလည်း ဘုရားပွဲနဲ့ ဘုရားပွဲတွေ ခြိမ့်ခြိမ့်သဲ ကျင်းပနေကြတာပေါ့။

ဘုရားပွဲစစ်စစ် ဖြစ်ဖို့တော့ လိုတာပေါ့လေ။ ခုန ကိုယ်ဝန်ဆောင် အမျိုးသမီးလေးသွားတဲ့ ဘုရားပွဲဆိုတာကတော့ တရားပွဲနဲ့ပူဇော်တဲ့ ဘုရားပွဲ ဖြစ်ပါတယ်။ ဘုရားကို ဆီမီး၊ ပန်း၊ ရေချမ်း စတဲ့ လှူဖွယ်

ဝတ္ထုအစုစုနဲ့ ဘုရားဂုဏ်တော်တွေ ရည်မှန်းပြီးတော့ ပူဇော်တဲ့ဘုရားပွဲ ဖြစ်ပါတယ်။ ဘုရားဂုဏ်တော်ကို စိတ်နဲ့ ထပ်တလဲလဲပွားလိုက်၊ နှုတ်နဲ့ ထပ်တလဲလဲရွတ်လိုက်လုပ်ပြီး ဗုဒ္ဓါနုဿတိဘာဝနာနဲ့ ပူဇော်တဲ့ ဘုရားပွဲ ဖြစ်ပါတယ်။

အခုခေတ်ဘုရားပွဲဆိုတာကတော့ အများအားဖြင့် ဘုရားပွဲလို့ ဆိုပေမယ့် ဘုရားကို ပူဇော်တာထက် ဘုရားကိုအကြောင်းပြုပြီး အပျော် အပါးလုပ်တာကို ပိုပြီးတော့ အလေးပေးတဲ့ သဘောတွေ ပါလာတယ်။

ဘုရားပွဲဆိုပြီးတော့ ဘုရားရှေ့မှာ သွားပြီး ဂုဏ်တော်တွေ ပွား တယ်။ ဘုရားဂုဏ်တော်တွေ၊ ပရိတ်တော်တွေ ရွတ်ဆိုတယ်။ ဒါက နည်းပါတယ်။ ဘုရားပွဲဆိုပြီးတော့ ဘုရားရဲ့တရားတော်တွေကို ဟော ပြောတဲ့ တရားပွဲဆိုလည်း အင်မတန်ရှားပါတယ်။

တရားပွဲကျင်းပရင်တော့ ကျင်းပမယ်ပေါ့လေ။ နည်းနည်းပါး ပါး မစို့မပို့လေး၊ အကြိုသဘောလောက် ကျင်းပပြီးတော့ တကယ်ဘုရား ပွဲရက်လည်းကျရော အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေနဲ့၊ စတိတ်ရှိုးပွဲ၊ လက်ဝှေ့ပွဲတွေ နဲ့ ခြိမ့်ခြိမ့်သဲ ကဲကြတော့တာပါပဲ။ တရားပွဲကို စတိသဘောလောက်၊ အကြိုသဘောလောက်လုပ်ပြီး ပျော်ပွဲရွှင်ပွဲ၊ စားသောက်ပွဲတွေကိုတော့ အကြီးအကျယ် အဓိကထား လုပ်ကြပါတယ်။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်လေး တစ်ခုရှိပါတယ်။ 'တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူရွာဘုရားပွဲ'တဲ့။ ကြားရ သူ၊ နားထောင်ရသူကိုတော့ အားနာစရာကြီးပေါ့လေ။ တစ်နှစ်တစ်ခါ၊ ငရဲရွာ၊ လူ့ရွာဘုရားပွဲတဲ့နော်။ ဘုရားပွဲလုပ်တာ ဘာလို့ ငရဲရွာတာလဲ၊ ကုသိုလ်ရှာတာ မဟုတ်ဘူးလားလို့ မေးစရာပါပဲ။

ဘုရားပွဲ စစ်စစ်ဆိုရင်တော့ ကုသိုလ်ရှာတာပါ၊ နိဗ္ဗာန်ရှာတာ

ပါ။ ဂုဏ်တော်တွေ ပွားမယ်၊ ဘုရားကို တရားနဲ့ ပူဇော်မယ်ဆိုပြီးတော့ သတိပဋ္ဌာန် ဝိပဿနာတရားတွေ ပွားမယ်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေနဲ့ ဘုရားကို ပူဇော်တယ်ဆိုရင်တော့ ဘုရားပွဲစစ်စစ် ပေါ့။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပတာကတော့ ဘုရားပွဲ မဟုတ်ပါဘူး။ ဘုရားကို ခုတုံးလုပ်ပြီးတော့ အပျော်ကြူးကြတာသာ ဖြစ်ပါတယ်။

အိမ်မှာ တီဗွီကြည့်ရတာ အားမရလို့ ဘုရားကိုအကြောင်းပြပြီး တီဗွီညလုံးပေါက် လာကြည့်ကြတယ်။ အိမ်မှာ သီချင်းနားထောင်ရတာ အားမရလို့ ဘုရားကို ခုတုံးလုပ်ပြီး လော်စပီကာနဲ့၊ အသံချဲ့စက်ကြီးနဲ့ အကျယ်ကြီး ဖွင့်ပြီးတော့ သီချင်း နားထောင်ကြတယ်။ တီဗွီကဖြစ်စေ၊ ဂြိုဟ်တုကဖြစ်စေ လာတဲ့လက်ဝှေ့ပွဲကို အိမ်မှာကြည့်ရတာ အားမရလို့ ဘုရားကို အသုံးချပြီး လက်ဝှေ့ပွဲတွေ လုပ်ကြတယ်၊ လက်ဝှေ့ပွဲတွေကြည့် ကြတယ်။

အိမ်မှာ ကာမဂုဏ်ချမ်းသာ ခံစားရတာ အားမရလို့ ဘုရားကို အကြောင်းပြပြီး ဘုရားရှေ့မှာ လာခံစားကြတယ်ပဲ ဆိုကြပါစို့။ စကား လုံးက ရိုင်းနေသလိုတော့ ဖြစ်တယ်။ ဒါပေမဲ့ တကယ့်တကယ် အမှန် တရား ဖြစ်နေတယ်နော်။ အိမ်မှာ ကာမဂုဏ် ခံစားရတာ အားမရလို့ ဘုရားရှေ့မှာ လာပြီးတော့ ခံစားကြတယ်။ အိမ်မှာကဲရတာ သိပ်အားမရ လို့ ဘုရားရှေ့မှာ လာကဲကြတယ်။ ဒါ ခုခေတ် ဘုရားပွဲများစွာရဲ့ သရုပ် သကန်ဖြစ်ပါတယ်။

ဒီတော့ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ လက်ဝှေ့ပွဲ၊ မျက်လှည့်ပွဲ စတဲ့ ပျော်ပွဲ ရွှင်ပွဲတွေ ပြုလုပ်တာဟာ ကုသိုလ်အလုပ် မဟုတ်ပါဘူး။ အကုသိုလ် အလုပ်ဖြစ်ပါတယ်။ အကုသိုလ်ရဲ့ အကျိုးပေးကတော့ အပါယ်လေးပါး

ပါပဲ။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက 'တစ်နှစ်တစ်ခါ၊ ငရဲရှာ၊ လူ့ရွာ ဘုရားပွဲ'လို့ မိန့်တော်မူတာပါ။

အဲဒီ ဆောင်ပုဒ်ကလေးကိုရော ဆိုချင်ကြသေးသလား။ စွဲစွဲမြဲမြဲ မှတ်မိသွားအောင် ဆိုလိုက်ကြတာပေါ့။

တစ်နှစ်တစ်ခါ၊ ငရဲရှာ၊ လူ့ရွာဘုရားပွဲ။

ဘုရားပွဲစစ်စစ်မဟုတ်တဲ့ ဘုရားပွဲတွေ၊ ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲတွေနဲ့ အပျော်ကြူးကြတဲ့ ဘုရားပွဲတွေကို ရည်ရွယ်ပြီး ပြောတာပါ။ ဘုရားဂုဏ်တော်ပွားခြင်း၊ တရားဟော, တရားနာခြင်း၊ ဘုရားကို ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်း စသည်နဲ့ ပူဇော်ခြင်းစတဲ့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အလုပ်တွေနဲ့ ပူဇော်တဲ့ ဘုရားပွဲစစ်စစ်တွေကို မရည်ရွယ်ပါဘူး။

အခုဘုရားငါးဆူ ဆံတော်ရှင်စေတီများရဲ့ ဘုရားပွဲကတော့ ဘုရားပွဲစစ်စစ်ပါပဲနော်။ ဒီလိုဆိုတော့ တစ်နှစ်တစ်ခါ ဘာရှာတာဖြစ်သွားသလဲ။ 'တစ်နှစ်တစ်ခါ၊ ကုသိုလ်ရှာ၊ လူ့ရွာဘုရားပွဲ'ပေါ့နော်။ နောက်တစ်နည်းနဲ့ပြောတော့လည်း 'တစ်နှစ်တစ်ခါ၊ နိဗ္ဗာန်ရှာ၊ လူ့ရွာ ဘုရားပွဲ' ပေါ့။

တစ်ခါတွင်မကပါဘူးလေ။ ဘုရားကို တစ်ခါတည်း တည်ပြီး ပစ်ထားမှာမှ မဟုတ်ဘဲ၊ နေ့စဉ်နဲ့အမျှ ဘုရားရဲ့ဝေယျာဝစ္စတွေ လုပ်ကြမယ်။ ဘုရားရဲ့အဆုံးအမအတိုင်း၊ ကျေးဇူးတော်ရှင် ဘုရားငါးဆူ ဆရာတော်ဘုရားရဲ့ လမ်းညွှန်မှုတွေအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားတွေ ပွားများကြမယ်။

ဘုရားကို အကြောင်းပြုပြီး ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုတွေ ပြုကြမယ်ဆိုတော့ တစ်နှစ်ကို သုံးရာခြောက်ဆယ့်ငါးရက်လုံး ကုသိုလ်ရှာနေကြတာပါပဲ။ နိဗ္ဗာန်ရှာနေကြတာပါပဲ။



## ဂုဏ်တော်ပွားတယ်ဆိုတာကိုယ့်ကိုယ်ကိုယ်ဆုံးမတာပါ

အဲဒီရသေ့နာမည်ကတော့ နာရဒရသေ့လို့ ခေါ်ပါတယ်။ နာရဒရသေ့က သဲပုံစေတီလေးကို ရွှေစေတီအဖြစ်နဲ့ ဖန်တီးပြီးတော့ ပူဇော်တယ်။ အားလုံးဟာ သဲပုံစေတီ၊ သဲပုံစေတီပွဲလို့ပြောတော့ တို့ဘုရားက သဲပုံစေတီလည်း မဟုတ်ဘဲနဲ့ ကိုယ်တော်ကလာပြီးတော့ စော်ကားတယ်လို့ မထင်နဲ့။ စေတီတိုင်း စေတီတိုင်း သဲမပါဘဲနဲ့ ဆောက်လို့ ရလို့လား။ မရပါဘူး။

သဲတွေနဲ့ ဖုံးထားတာပဲ နော်။ သဲတွေ သက်သက်ချည်းတော့ မဟုတ်ဘူးပေါ့၊ ဘိလပ်မြေလည်းပါမယ်၊ သံတွေလည်းပါမယ်၊ ထုံးတွေလည်းပါမယ် စသည်အားဖြင့်ပေါ့လေ။ ကျန်တဲ့ ဘိလပ်မြေ၊ သံ၊ သဲ၊ထုံးတွေပါပေမယ့်လို့ သဲကို ပဓာန ခေါင်းတင်ပြီးတော့ သဲပုံစေတီလို့ခေါ်လိုက်တာပါ။ ဥပလက္ခဏနည်းလို့ စာပေအရခေါ်တာပေါ့။

သဲချည်းသက်သက်တော့ ဘယ်ဟုတ်ပါ့မလဲ။ ရွှေဆိုင်းချထား

တာတွေ၊ ရွှေဆေးသုတ်ထားတာတွေ၊ ရွှေပြားကပ်ထားတာတွေလည်း ရှိမယ်ပေါ့။ အခြေခံအထည်ကိုယ်ကတော့ သဲပုံစေတီပါပဲ။ အခု နာရဒ ရသေ့ ကိုးကွယ်နေတဲ့ သဲပုံစေတီကလည်း ရွှေသားအတိပြီးတဲ့ ရွှေစေတီ ဖြစ်နေပါပြီ။

အဲဒီရွှေစေတီလေးမှာ တန်ခိုးနဲ့ဖန်ဆင်းထားတဲ့ ရွှေဆည်း လည်း ပန်းလေးတွေ သုံးထောင်ပူဇော်ထားပါတယ်။ ပူဇော်ပြီးတော့ သူ ကလည်းပဲ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွှေစေတီလေးရှိရာကို လာပြီး တော့ ဘုရားကို ဝတ်ပြုပါတယ်။ ဘုရားရဲ့ဂုဏ်တော်တွေ ပွားပါတယ်။

သာသနာပကာလ ဘယ့်နှယ် ဘုရားဂုဏ်တော်ပွားတာလဲလို့ မေးစရာပဲ။ အင်မတန် ထူးခြားတဲ့ ပါရမီရှင် တချို့တလေ အနေနဲ့တော့ သာသနာပ ဖြစ်သော်ငြားလည်းပဲ သူတို့ရဲ့ အဘိညာဉ်တန်ခိုး၊ သူတို့ရဲ့ အသိဉာဏ်ပညာတန်ခိုးနဲ့ 'ဘုရားဆိုတာ လောကမှာ ရှိတယ်'လို့ သိကြ ပါတယ်။ ဘုရားမပွင့်ခင်ကတည်းကပဲ ဘုရားရဲ့ ရုပ်ဆင်းသွင်ပြင် လက္ခ ဏာတော် ကြီးငယ်ကို ရေးသားထားတဲ့ မဟာပုရိသလက္ခဏာကျမ်းတွေ ဆိုတာ ရှိနေတယ် မဟုတ်လား။

ဒီတော့ နာရဒရသေ့က ဘုရားဂုဏ်တော်တွေကို မနက် တစ် ကြိမ်၊ ညတစ်ကြိမ် ပွားများပြီးတော့ ဘုရားသွားရှိခိုးတယ်။ ဒါက ဘုရား ဝတ်ပြုတဲ့အနေနဲ့ အသံထွက် ရွတ်ဆိုပြီးတော့ တရားဝင် သွားရှိခိုးတာကို ပြောတာပါ။

ဘုရားရှေ့မှောက်မှာ သွားပြီးတော့ ရှိမခိုးပေမယ့် သွားရင်းလာ ရင်း၊ နေရင်းထိုင်ရင်းနဲ့လည်း ဘုရားဂုဏ်တော်ပွားပါတယ်။ ဂုဏ်တော် ဆိုတာကလည်းပဲ ဘုရားရှေ့မှာ မျက်စိမှိတ်ထိုင်မှ ပွားလို့ရတဲ့ အရာမျိုး မဟုတ်ပါဘူး။ သတိပဋ္ဌာန်တရားလိုပါပဲ။ သွားရင်း လာရင်း၊ လုပ်ရင်း

ကိုင်ရင်း၊ နေရင်းထိုင်ရင်း၊ စားရင်းသောက်ရင်း၊ ချက်ရင်းပြုတ်ရင်းနဲ့ လည်းပဲ ပွားလို့ရတဲ့ ကမ္မဋ္ဌာန်းဖြစ်ပါတယ်။

ဒီတော့ နာရဒရသေ့က မနက်တစ်ကြိမ်၊ ညတစ်ကြိမ် သီးခြား ဘုရားဝတ်ပြုတယ်။ ဝတ်ပြုရုံမကဘဲ အမြဲတမ်းလည်း ပွားများတယ်။ အဲဒီလို အမြဲတမ်းပွားများနေတဲ့ နေရာမှာ မှတ်သားစရာ အချက်ကလေး က ဘယ်လိုအချိန်မျိုးမှာ အထူးပွားများသလဲဆိုတော့ . . .

ယဒါ ကိလေသာ ဇာယန္တိ၊ ဝိတက္ကာ ဂေဟနိဿိတာ။

သရာမိ သုကတံ ထူပံ၊ ပစ္စဝေက္ခာမိ တာဝဒေ။

ကိလေသာတွေဖြစ်လာတဲ့အခါမှာ စေတီတော်ကို သတိရလိုက် ပါတယ်။ ကိလေသာတွေဖြစ်လာတဲ့အခါမှာ ဘုရားကို သတိရလိုက်တာ ဘာအတွက်လဲဆိုတော့ ကိလေသာကင်းသွားဖို့အတွက်ပါ။

လူတွေမှာ ကိလေသာ ကင်းနေတဲ့အချိန်ဆိုတာကတော့ အင်မ တန် ရှားပါတယ်။ ကိလေသာဆိုတာကတော့ စိတ်ကို ပူလောင်စေတဲ့ အရာ ဖြစ်ပါတယ်။ စိတ်ရဲ့အပူအလောင်၊ စိတ်ရဲ့အရှုပ်အထွေး၊ စိတ်ရဲ့ အညစ်အကြေး၊ ဒါကို ကိလေသာ လို့ ခေါ်တာပါပဲ။

ဒီတော့ စိတ်ပူနေတဲ့ဘဝဟာ ဘယ်ကောင်းမလဲ။ ပစ္စည်းဥစ္စာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေ သာ တစ်ခုခုကြောင့် စိတ်ပူလောင်နေတယ်၊ စိတ်ရှုပ်ထွေးနေတယ်၊ စိတ် ညစ်ကြေးနေတယ်ဆိုရင် ဘယ်ကောင်းမလဲ။

ကိုယ့်ကိုယ်ကိုယ် တကယ်ချစ်တယ်ဆိုရင် ကိုယ့်မှာ စိတ်ပူ လောင်နေမှန်း သိတာနဲ့ အဲဒီစိတ်အပူအလောင်ကို အေးချမ်းသွားအောင် လုပ်ပစ်ဖို့ လိုပါတယ်။ ကိုယ့်စိတ် ရှုပ်ထွေးနေမှန်းသိရင် အဲဒီ စိတ်အရှုပ် အထွေးကို ရှင်းလင်းသွားအောင် လုပ်ပစ်ဖို့ လိုပါတယ်။ ကိုယ့်စိတ် ညစ်

နှမ်းနေတယ်ဆိုတာကို သိရင် အဲဒီ ညစ်နွမ်းနေတဲ့စိတ်ကို ဖြူစင်သွားအောင်လုပ်ဖို့ လိုအပ်ပါတယ်။

အဲဒီလို ကိုယ့်စိတ်ကို အေးချမ်းကြည်လင် ဖြူစင်သန့်ရှင်းသွားအောင် လုပ်ဖို့အတွက် ပထမဆုံး မြတ်စွာဘုရားကို သတိရလိုက်ပါတယ်။ မြတ်စွာဘုရားရဲ့ ကိုယ်တော်စား စေတီတော်၊ ရုပ်ပွားတော်ကို အရင်ဆုံး သတိရလိုက်ပါတယ်။ ပြီးတော့မှ ဂုဏ်တော်ဆက်ပွားတယ်ပေါ့။

နောက်တစ်ခုက ' ဝိတက္ကာ ဂေဟနိဿိတာ'

အိမ်နဲ့ ပတ်သက်တဲ့ အကြံအစည်တွေ၊ အိမ်နဲ့ ပတ်သက်တဲ့ အတွေးတွေ ပေါ်လာရင်လည်း ဘုရားကို သတိရလိုက်ပါတယ်။

ရသေ့ဆိုတော့ ကျောင်းမှာ နေတာပဲ။ ကျောင်းမှာ နေရင် ကျောင်းစိတ်နဲ့ပဲ နေရမယ်။ အိမ်မှာနေရင် အိမ်စိတ်နဲ့ပဲ နေရမယ်။

အိမ်မှာ နေပြီးတော့ ကျောင်းစိတ်နဲ့ နေရင်လည်း စိတ်ချမ်းသာမှု မရနိုင်ပါဘူး။ ကျောင်းမှာ နေပြီးတော့ အိမ်စိတ်နဲ့ နေရင်လည်း စိတ်ချမ်းသာမှု မရနိုင်ပါဘူး။ ကိုယ်ရောက်နေတဲ့နေရာနဲ့ ကိုယ့်စိတ်နဲ့က သဘာဝမကျ၊ သဟဇာတမဖြစ်၊ အံဝင်ခွင်ကျ မဖြစ်တဲ့အတွက်ကြောင့် စိတ်ချမ်းသာမှု မဖြစ်နိုင်ပါဘူး။

တစ်နည်းပြောရင်တော့ လူဆိုရင်လည်း လူစိတ်ရှိရမယ်။ လူဆိုတာ လူ့ဝတ်ကြောင်ကိုပဲ ရည်ရွယ်ပါတယ်။ လူဆိုရင် လူစိတ်နဲ့နေရမယ်။ လူဖြစ်ပြီးတော့ ဘုန်းကြီးစိတ်နဲ့နေရင်လည်း သဘာဝမကျဘူး။ ဘုန်းကြီးဆိုရင်လည်း ဘုန်းကြီးစိတ်နဲ့နေရမယ်၊ ဘုန်းကြီးဖြစ်ပြီးတော့ လူစိတ်နဲ့နေရင်လည်း ဘဝနဲ့စိတ် သဟဇာတမဖြစ်တော့ဘူး။

လူဖြစ်ပြီးတော့ ဘုန်းကြီးစိတ်နဲ့နေရင်လည်းပဲ လူ့ဘဝမှာ ပျော်

ရှင်မှုဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဘုန်းကြီးဖြစ်ပြီးတော့ လူစိတ်နဲ့ နေရင်လည်းပဲ ဘုန်းကြီးဘဝမှာ ဘယ်လိုမှ ပျော်ရွှင်မှု မရရှိနိုင်ပါဘူး။ စိတ်ချမ်းသာမှု မရှိနိုင်ပါဘူး။

ဒီတော့ လူမှန်နေရာမှန် ဆိုတာလိုပဲ လူမှန်စိတ်မှန်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဘဝနဲ့စိတ် တစ်ထပ်တည်းကျဖို့၊ ကိုယ်ရောက်နေတဲ့နေရာနဲ့ ကိုယ်ထားနေတဲ့စိတ် အံဝင်ခွင်ကျဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် အိမ်မှာနေရင် အိမ်စိတ်နဲ့နေပါ၊ ကျောင်းမှာနေရင် ကျောင်းစိတ်နဲ့ နေပါ။

သို့သော်လည်းပဲ အများအားဖြင့်တော့ ကျောင်းမှာနေရင်းသာ အိမ်စိတ်ဖြစ်ကြတာပါ။ အိမ်မှာနေပြီးတော့ ကျောင်းစိတ်ဖြစ်တာကတော့ ခပ်ရှားရှားပါနော်။ ကျောင်းမှာ တရားအားထုတ်ပြီဆိုရင် လူကတော့ ကျောင်းမှာ ရောက်နေတယ်။ စိတ်ကတော့ အိမ်ရောက်နေတယ်၊ ဈေးထဲ ရောက်နေတယ် စသည်အားဖြင့်ပေါ့၊ ကျောင်းမှာနေပြီးတော့ အိမ်စိတ် ဖြစ်တာကတော့ မဆန်းလှပါဘူး။

အိမ်မှာနေပြီး ကျောင်းစိတ်ဖြစ်ဖို့ကတော့ အင်မတန် ခက်ပါတယ်။ နေရာနဲ့စိတ်နဲ့ သဟဇာတ မဖြစ်ဘူးဆိုပေမယ့် အိမ်မှာနေပြီး ကျောင်းစိတ်ဖြစ်မယ်ဆိုရင်တော့ ကုသိုလ်အာရုံကို အာရုံပြုပြီး ကုသိုလ် စိတ်ကလေးနဲ့ နေတာဆိုရင်တော့လည်း ဒါဖြစ်ထိုက်ပါတယ်။

လူက အိမ်မှာနေပေမယ့်၊ ဆိုပါတော့ အခု ဆံတော်ရှင်ဘုရားငါးဆူကို သတိရနေတယ်။ လူကတော့ အိမ်မှာပဲ၊ စိတ်က ဘုရားကို သတိရနေတယ်။ သတိရပြီးတော့ ဘုရားရဲ့ဂုဏ်တော်တွေ ပွားနေတယ်။ ဘုရားငါးဆူဆရာတော်ကို သတိရနေတယ်။ ဆရာတော်ရဲ့ ဆုံးမလမ်းညွှန်မှုတွေ သတိရနေတယ်။ ဒါဆိုရင်တော့ ကုသိုလ်စိတ်ကလေးနဲ့

သတိရနေတာမို့ ဖြစ်သင့်တာပါပဲ။

အိမ်မှာနေပြီး ကျောင်းစိတ် မဖြစ်သင့်ဘူးဆိုတာကတော့ လူကတော့ အိမ်မှာနေတယ်၊ ဒါပေမဲ့ လူ့ဘောင်မှာ မပျော်ဘူး။ ဘုန်းကြီးဝတ်ချင်တယ်။ ဘုန်းကြီးဝတ်ချင်တယ်လည်း ပြောသေး၊ လူကတော့ အိမ်မှာနေတယ် ဆိုရင်တော့ ဖြစ်ပါ့မလား။ ဝတ်ချင်ဝတ်လိုက်ရုံပဲ ရှိတာပေါ့။ တကယ် မဝတ်ချင်သေးလို့သာ အိမ်မှာနေနေတာပေါ့နော်။

အိမ်မှာနေပြီးတော့ ဘုန်းကြီးဝတ်ဖို့ပဲ စိတ်ကူးနေတယ်ဆိုရင်တော့လည်း ဘယ်ပျော်နိုင်ပါတော့မလဲ။ ဘုန်းကြီးဝတ်ချင်တဲ့စိတ် တကယ်ရှိပေမယ့် ဘုန်းကြီးဝတ်ဖို့ အခွင့်အလမ်း မသာသေးဘူးဆိုရင်တော့လည်း အိမ်မှာနေရင် အိမ်စိတ်ကလေးနဲ့ အိမ်မှုကိစ္စ၊ အိမ်ရဲ့တာဝန်၊ အိမ်ထောင်ရဲ့တာဝန်၊ လူမှုတာဝန်တွေ ကျေပွန်အောင် ထမ်းဆောင်ဖို့တော့ လိုအပ်တာပေါ့။

အဲဒီတော့ နာရဒရသေ့က ကျောင်းမှာနေပေမယ့် တစ်ခါတလေမှာ အိမ်စိတ်ဖြစ်တယ်။ အိမ်ဆိုတာ အဓိကအားဖြင့်တော့ ကာမဂုဏ်ကို ပြောတာပါ။ သတ္တဝါတွေက ကာမဂုဏ်နဲ့ပဲ အမြဲတမ်း နေနေကြတာဆိုတော့၊ အိမ်ဆိုတာလည်း လူတွေရဲ့ အမြဲတမ်း နေနေတဲ့ နေရာဆိုတော့၊ ကာမဂုဏ်နဲ့အိမ် အမြဲတမ်းနေတာချင်း တူလို့ တင်စားပြီးတော့ ကာမဂုဏ်ကို အိမ်လို့ခေါ်ပါတယ်။ အိမ်စိတ်ဆိုတာ ကာမဂုဏ်စိတ်ကို ပြောတာပါ။ ကာမဂုဏ်နဲ့ ပတ်သက်ပြီး တွေးကြံနေရင် အိမ်စိတ် ဖြစ်နေတာပါပဲ။

ရသေ့ရဟန်းဖြစ်ပြီးတော့ ကာမဂုဏ်နဲ့ပတ်သက်တဲ့ အတွေးအကြံတွေ ကြံနေပြီဆိုရင် အဲဒီအတွေးအကြံ ကင်းပျောက်ဖို့အတွက် ဘုရားကို သတိရလိုက်ပါတယ်။ ဘုရားဂုဏ်တော်ကို ပွားလိုက်ပါတယ်။

စေတီတော်ကို စေတီလို့ စေတီသက်သက်အဖြစ်နဲ့ သတိရတာမျိုး၊ ဘုရားဂုဏ်တော်ကို ဂုဏ်တော်သက်သက်အဖြစ်နဲ့ သတိရတာမျိုး မဟုတ်ပါဘူး။ ဘုရားဂုဏ်တော်နဲ့ အလားတူ အရည်အသွေးမျိုး ကိုယ့်မှာလည်း ရှိလာအောင် လက်တွေ့ကျင့်ကြံအားထုတ်တဲ့အနေနဲ့ သတိရတာပါ။

နာရဒရသေ့ သဲပုံစေတီ၊ ရွှေစေတီတည်တာ ရည်ရွယ်ချက်နှစ်ခုပါ။ တစ်ခုက ပူဇော်ထိုက်သူကို ပူဇော်ဖို့၊ တစ်ခုက ဆုံးမစွမ်းသူကို ဆရာတင်ဖို့ . . . ။

စေတီကို ပူဇော်တာကတော့ ဟုတ်ပါပြီ။ စေတီကို ပန်း၊ နံ့သာ၊ သစ်သီး စသည်နဲ့ ပူဇော်လိုက်ရုံပါပဲ။ စေတီရှေ့မှာ တရားဘာဝနာ အားထုတ်ပြီး ပူဇော်လိုက်ရုံပါပဲ။ ပစ္စည်းနဲ့ပဲ ပူဇော်ပူဇော်၊ တရားနဲ့ပဲ ပူဇော်ပူဇော်၊ စေတီကို သက်တော်ထင်ရှားဘုရားအမှတ်နဲ့ ပူဇော်လို့ ရပါတယ်။ ဆုံးမတာကျတော့ ဘယ်လိုလုပ်မလဲ။ စေတီက အသံထွက်စကားပြောပြီး ဆုံးမမှာမှ မဟုတ်ဘဲ။

စေတီကို ကြည့်ပြီး ဘုရားဂုဏ်တော်ပွားများလိုက်လို့ သက်ဆိုင်ရာ ဘုရားဂုဏ်တော်ရဲ့ အရည်အသွေးတွေ ဓာတ်ကူးလာခြင်းသည်ပင်လျှင် စေတီက ကိုယ့်ကို ဆုံးမခြင်းပါပဲ။ စေတီကို မြင်တိုင်း ဘုရားအဆုံးအမတွေ သတိရပြီး အဲဒီ အဆုံးအမတွေအတိုင်း လိုက်နာကျင့်သုံးခြင်းသည်ပင်လျှင် စေတီက ကိုယ့်ကို ဆုံးမခြင်းပါပဲ။

စေတီက ကိုယ့်ကို ဆုံးမတယ် ဆိုပေမယ့် တကယ်တမ်းကျတော့ စေတီကို အကြောင်းပြုပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးမတာပါပဲ။

ဒီလိုဆိုရင် စေတီမြင်တိုင်း ကိုယ့်ကိုယ်ကိုယ် ဆုံးမနိုင်ဖို့အတွက် ဘုရားဂုဏ်တော်တွေကို မြန်မာလို ကျေကျေညက်ညက် နှံ့နှံ့စပ်စပ် သိထားဖို့လိုတယ်၊ ဘုရားအဆုံးအမတွေကို မြန်မာလို ကျယ်ကျယ်ပြန့်ပြန့်

လေးလေးနက်နက် လေ့လာထားဖို့ လိုတယ် ဆိုတာ ထင်ရှားပါတယ်။ ဒါမှ စေတီမြင်တိုင်း ကိုယ့်ကိုယ်ကိုယ် ဆုံးမနိုင်မှာပါ။

ဘယ်ဘုရား၊ ဘယ်စေတီပဲ တွေ့တွေ့ ဘုရားဂုဏ်တော်လည်း ပွားပါ။ ဘုရားအဆုံးအမလည်း သတိရပါ။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် တမင်လှည့်ပြီး မဆုံးမတောင် အလိုလို ဆုံးမပြီးသား ဖြစ်သွားပါလိမ့်မယ်။

ဘယ်ဘုရားပဲ မြင်မြင်၊ ဘယ်စေတီပဲ တွေ့တွေ့၊ 'မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတဲ့ ဘုရားအဆုံးအမ ကိုတော့ အနည်းဆုံး သတိရသင့်ပါတယ်။ ဒီအဆုံးအမက ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ ဘုရားရှင်တိုင်းရဲ့ လိုရင်းအဆုံးအမပါ။

အဲဒီ အဆုံးအမကို သတိရလိုက်တာနဲ့ တစ်ပြိုင်နက် 'ငါ မကောင်းမှုမှန်သမျှ ရှောင်မယ်၊ ငါ ကောင်းမှုမှန်သမျှ ပြည့်စုံအောင်လုပ်မယ်၊ ငါ့စိတ်ကို ဖြူစင်သန့်ရှင်းအောင် အမြဲထားမယ်' လို့ ကိုယ့်ကိုယ်ကို ဆုံးမလိုက်ရပါမယ်။

အဲဒီလိုကြီး တမင် မဆုံးမတောင်မှ မကောင်းမှုရှောင်ချင်တဲ့ စိတ်၊ ကောင်းမှုလုပ်ချင်တဲ့စိတ်၊ စိတ်ဖြူစင်စေချင်တဲ့စိတ်ကတော့ အဲဒီ အဆုံးအမ သတိရနေတဲ့အချိန်မှာ အလိုလို ဖြစ်သွားပါတယ်။

တခြား ကိုယ်အနှစ်သက်ဆုံး ဘုရားအဆုံးအမတွေကိုလည်း စေတီဘုရားတွေ့တိုင်း နှလုံးသွင်း ဆင်ခြင်နိုင်ပါတယ်။ အဲဒီလို နှလုံးသွင်း ဆင်ခြင်တာကိုက စေတီဘုရားက ကိုယ့်ကို ဆုံးမနေတာပါပဲ။

ဘာဂုဏ်တော်မှ မပွား၊ ဘာအဆုံးအမမှ မဆင်ခြင်ဘဲနဲ့ စေတီဘုရား ဖူးမြော်နေလို့ကတော့ အဲဒီစေတီဘုရားက ကိုယ့်ကို ဘာမှ ဆုံးမ သွန်သင်ပေးမှာ မဟုတ်ပါဘူး။ စေတီဘုရား ဖူးမြော်ရကျိုး၊ ပူဇော်ရကျိုး

လည်း နပ်သင့်သလောက် မနပ်တော့ပါဘူး။

ရွှေတိဂုံစေတီတော်ကြီး သိင်္ဂုတ္တရတောင်ထိပ်ပေါ်မှာ မားမား မတ်မတ် ရပ်တည်နေတာဟာ အပူဇော်ခံဖို့သက်သက် မဟုတ်ပါဘူး။ ဂုဏ်တော်လည်း ပွားဖို့၊ အဆုံးအမတွေလည်း သတိရဖို့ပါ။

တစ်နည်းပြောရရင်တော့ ရွှေတိဂုံစေတီတော်ကြီးက သတ္တဝါ တွေကို အသံတိတ်တရားဟောဖို့ တည်ရှိနေတာပါ။ ဉာဏ်နားရှိသူတွေ မှ ကြားနိုင်တဲ့ တရားဒေသနာတွေကို ရွှေတိဂုံစေတီတော်ကြီးက အချိန် တိုင်း ဟောပြောပြသနေပါတယ်။ တစ်ကမ္ဘာလုံးက တခြားစေတီဘုရား တွေလည်း နည်းတူပါပဲ။

စေတီဘုရားတွေက ဟောကြားတဲ့ အသံတိတ် တရားဒေသနာ တွေကို ဉာဏ်နားနဲ့ နာကြားနိုင်ဖို့ဆိုတာက ဘုရားဂုဏ်တော်တွေကို ကိုယ့်ဘာသာစကားနဲ့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားမှ၊ ဘုရားအဆုံး အမတွေကို ကိုယ့်ဘာသာစကားနဲ့ နှံ့နှံ့စပ်စပ် လေ့လာထားမှ ဖြစ်နိုင်တာ ပါ။

ဒါကြောင့် မြန်မာစကားသုံးနှုန်းတဲ့ မြန်မာလူမျိုးတွေအနေနဲ့ ဘုရားဂုဏ်တော်တွေနဲ့ ဘုရားအဆုံးအမတွေကို မြန်မာလို ကျယ်ကျယ် ပြန့်ပြန့် နှံ့နှံ့စပ်စပ် အဓိပ္ပာယ်သိအောင် လေ့လာထားဖို့ လိုအပ်ပါတယ်။

တစ်ကြိမ်တစ်ခါ အဓိပ္ပာယ်သိပြီးရုံနဲ့လည်း မပြီးဘဲ ကိုယ်သိ ထားတဲ့ မြန်မာလို ဘုရားဂုဏ်တော်တွေ၊ မြန်မာလို ဘုရားအဆုံးအမတွေ ကို ထပ်ကာထပ်ကာ အမြဲမပြတ် ပွားများနေဖို့၊ နှလုံးသွင်း ဆင်ခြင်နေဖို့ လည်း လိုအပ်ပါတယ်။

■

## စိတ်ကူးကောင်းရင်စိတ်ကောင်းကူးပါတယ်

နာရဒရသေ့က စေတီကို ပုံတော်သက်သက်နဲ့ သတိရတာမျိုး မဟုတ်ပါဘူး။ ပုံတော်နဲ့ဂုဏ်တော်ကို တွဲသတိရပြီးတော့ ဆင်ခြင်ပါသေးတယ်။ ဘယ်လို ဆင်ခြင်သလဲဆိုတော့ 'ကိလေသာကင်းတဲ့ မြတ်စွာဘုရားကို အာရုံပြုနေတဲ့ ငါ့ရဲ့သန္တာန်မှာ ကိလေသာတွေဖြစ်နေလို့ ဘယ်သင့်တော်ပါ့မလဲ'။ အဲဒီလို ဆင်ခြင်လိုက်ပါတယ်။

လောကမှာ လူတစ်ယောက်ကို အမှန်တကယ် ကြည်ညိုလေးစားတဲ့စိတ်နဲ့ မိတ်ဆွေဖွဲ့ထားတယ်ဆိုရင် အဲဒီမိတ်ဆွေရဲ့ ကောင်းမြတ်တဲ့ စိတ်နေစိတ်ထား၊ အပြုအမူသဘောထားတွေကိုလည်းပဲ မိမိက ထပ်တူထပ်မျှ အတုယူ ကျင့်သုံးရပါတယ်။ တစ်ထပ်တည်းမကျတောင် အတတ်နိုင်ဆုံး နီးစပ်အောင် ကျင့်သုံးရပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ကို မိတ်ဆွေကောင်းမိတ်ဆွေမြတ် အဖြစ်နဲ့ ကြည်ညိုလေးစားပါတယ် ပြောပြီးတော့ အဲဒီပုဂ္ဂိုလ်ရဲ့ ကောင်းမြတ်တဲ့

စိတ်နေစိတ်ထားတွေ အတုမယူ၊ ကောင်းမြတ်တဲ့ အပြုအမူ သဘောထား တွေ၊ လုပ်ရပ်တွေ အတုမယူဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ကို တကယ်ကြည်ညို လေးစားတယ်ဆိုတာ မဖြစ်နိုင်ဘူး။

ဒါ့ကြောင့် ပုဂ္ဂိုလ်တစ်ယောက်ကို ကြည်ညိုလေးစားတဲ့စိတ်နဲ့ အမှန်တကယ် မိတ်ဆွေကောင်း မိတ်ဆွေမြတ်လို့ သတ်မှတ်တယ်ဆိုရင် အဲဒီမိတ်ဆွေရဲ့ ကောင်းမြတ်တဲ့ သဘောထားတွေကို၊ ကောင်းမြတ်တဲ့ သဘောတရားတွေကို မိမိသန္တာန်မှာလည်း ကူးစက်လာအောင်၊ မိမိ သန္တာန်မှာလည်း ကိန်းဝပ်လာအောင် ကြိုးစားအားထုတ်ရပါတယ်။

အဲဒီလိုပါပဲ၊ မြတ်စွာဘုရားကို တကယ်ကြည်ညိုပါတယ်ဆိုရင် မြတ်စွာဘုရားက ကိလေသာတွေ ကင်းနေတာပဲ၊ ငါလည်း ကိလေသာ ကင်းအောင် ကြိုးစားမယ်။ ဒီလို ဖြစ်ရပါမယ်။ ဒီလိုဖြစ်မှ ဘုရားကို တကယ် ကြည်ညိုရာရောက်ပါတယ်။ ဘုရားရဲ့ ကိလေသာ ကင်းတာ တော့ ကြည်ညိုတယ်။ ငါတော့ ကိလေသာတွေနဲ့ ကဲချင်တိုင်း ကဲလိုက် မယ်ဆိုရင်တော့ ဘုရားကို တကယ် ကြည်ညိုတယ်ဆိုတာ စကားနား ထောင်ကောင်းရုံ ပြောတာပဲ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် နာရဒရသေ့က 'သြော် ငါက ဘုရားကိုယ်စား ရွှေ စေတီလေးကို သတိရတယ်။ ရွှေစေတီကို အခြေခံထားပြီးတော့ မြတ်စွာ ဘုရားရဲ့ ဂုဏ်တော်တွေကို သတိရတယ်။ ငါသတိရတဲ့ ဘုရားရှင်က ကိလေသာကင်းတဲ့ ဘုရားရှင်ဖြစ်တယ်။ ကိလေသာကင်းတဲ့ ဘုရားကို သတိရတဲ့ ငါ့ရဲ့သန္တာန်မှာ ကိလေသာဖြစ်နေလို့ ဘယ်သင့်တော်ပါ့မလဲ' လို့ ဆင်ခြင်လိုက်ပါတယ်။

အဲဒီလိုလည်း ဆင်ခြင်တယ်။ ဘုရားဂုဏ်တော်တွေကိုလည်း ပွားများလိုက်ပါတယ်။ အဲဒီလို ပွားများတဲ့အခါ ဘာဖြစ်လာလဲဆိုတော့

သဟာ အာဝဇ္ဇိတေ ထူပေ၊
ဂါရဝံ ယောတိ မေ တဒါ။
ကုဝိတက္ကေ ဝိနောဒေသိ၊
နာဂေါ တုတ္ထဒ္ဓိတော ယထာ။

စေတီတော်ကို သတိရလိုက်တာနဲ့ တစ်ပြိုင်နက်၊ စေတီတော်ကို သတိရပြီးတော့ စေတီတော်ရဲ့ နောက်ကွယ်က ဘုရားရှင်ရဲ့ဂုဏ်တော်တွေကို ပွားများလိုက်တာနဲ့တစ်ပြိုင်နက်တည်း ဘုရားရှင်အပေါ်မှာ လေးစားတဲ့စိတ်တွေ တဖွားဖွား ဖြစ်လာပါတယ်။

ဘုရားကို တကယ်သတိရတယ်ဆိုရင် ဘုရားကို တကယ် လေးစားတဲ့စိတ် ဖြစ်လာဖို့ လိုပါတယ်။ ဘုရားကို တကယ်လေးစားတယ်ဆိုရင်လည်း ဘုရားရဲ့အဆုံးအမအတိုင်း ကျင့်သုံးဖို့ လိုအပ်ပါတယ်။

နာရဒရသေ့က ဘုရားကို ကြည်ညိုလေးစားတဲ့စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ ကြည်ညိုလေးစားတဲ့စိတ်နဲ့ ဂုဏ်တော်တွေ ပွားလိုက်တော့ ဘာအကျိုးရလာသလဲဆိုတော့ . . .

မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ပွားများလိုက်တဲ့အခါမှာ နာရဒရသေ့ရဲ့ သန္တာန်မှာ အကြံဆိုးတွေ ကင်းပျောက်သွားပါတယ်။

ရိုင်းနေတဲ့ဆင်ကို သံချွန်နဲ့ ထိုးဆွပြီးတော့ ဆုံးမလိုက်မယ်ဆိုရင် ရိုင်းစိုင်းတဲ့စိတ်တွေ ကင်းပျောက်ပြီးတော့ ယဉ်ကျေးသွားရသလိုပဲ။

မိမိရဲ့ ကိလေသာတွေနဲ့ ရိုင်းနေတဲ့စိတ်ရိုင်းကြီးကို ဗုဒ္ဓါနုဿတိဆိုတဲ့ သံချွန်နဲ့ ထိုးဆွဆုံးမလိုက်တဲ့အခါမှာ ရိုင်းတဲ့စိတ်တွေ ပျောက်ပြီးတော့ စိတ်ယဉ်ကျေးလေး ဖြစ်သွားပါတယ်။

ကိလေသာတွေနဲ့ ကြမ်းတမ်းနေတဲ့ စိတ်ကြမ်းကြီးကို ဗုဒ္ဓါနုဿတိ ဆိုတဲ့ သံချွန်နဲ့ ထိုးဆွပြီးတော့ ဆုံးမလိုက်တဲ့အခါမှာ ကြမ်းနေတဲ့

စိတ်တွေ ပျောက်ပြီးတော့ စိတ်နူးညံ့လေး ဖြစ်လာပါတယ်။

ကိလေသာတွေကြောင့် ညစ်နွမ်းနေတဲ့ စိတ်ညစ်ကြီးကို ဗုဒ္ဓါနုဿတိဆိုတဲ့ သံချွန်နဲ့ ထိုးဆွဆုံးမလိုက်တဲ့အခါမှာ ညစ်နေတဲ့စိတ်တွေ ပျောက်ပြီးတော့ စိတ်သန့်ကလေး ဖြစ်လာရပါတယ်။

အမှန်ကတော့ ဂုဏ်တော်ပွားတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆုံးမတာပါပဲ။ 'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်တာဟာ 'မင်း ကိလေသာ မဖြစ်စေနဲ့' လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်တာပါပဲ။

'ကောင်းသောစကား၊ မှန်ကန်၍ အကျိုးရှိသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်တာဟာ 'မင်း မမှန်တာ မပြောနဲ့၊ မှန်တာပဲ ပြော။ မင်း အကျိုးမရှိတာ မပြောနဲ့၊ အကျိုးရှိတာပဲ ပြော။ မှန်တိုင်းလည်း မပြောနဲ့၊ အကျိုးရှိမှ ပြော၊ လိုအပ်မှ ပြော၊ လိုအပ်သလောက် ပြော' လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်တာပါပဲ။

'မေတ္တာတရား ကြီးမားတော်မူသော မြတ်စွာဘုရား'၊ 'ခန္တီတရား ကြီးမားတော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်တာဟာ 'မင်း မေတ္တာတရား ကြီးမားပါစေ'၊ 'မင်း ခန္တီတရား လက်ကိုင်ထားစမ်းပါ' လို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်တာပါပဲ။

တခြားဂုဏ်တော်တွေလည်း နည်းတူပါပဲ။ ကိုယ်က သံယောဇဉ် ကြီးတတ်ရင် 'သံယောဇဉ် ကင်းစင်တော်မူသော မြတ်စွာဘုရား၊ သံယောဇဉ်နှောင်ကြိုးမှန်သမျှ ဖြတ်တောက်ပြီးတော်မူသော မြတ်စွာဘုရား' စသည်အားဖြင့် သံယောဇဉ် ကင်းစေမယ့် စကားလုံးမျိုးနဲ့ သံယောဇဉ်ကင်းတဲ့ ဂုဏ်ကို များများ ပွားရမှာပေါ့။

ကိုယ်က ဒေါသကြီးတတ်ရင် 'ဒေါသ ကင်းစင်တော်မူသော

မြတ်စွာဘုရား၊ ဘယ်သူ့ကိုမှ ဘာအကြောင်းကြောင့်မှ စိတ်မဆိုး၊ စိတ်မတိုတော်မူသော မြတ်စွာဘုရား၊ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်း ကင်းတော်မူသော မြတ်စွာဘုရား၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း ကင်းတော်မူသော မြတ်စွာဘုရား' စသည်အားဖြင့် ဒေါသကင်းစေမယ့် စကားလုံးမျိုးနဲ့ ဒေါသကင်းတဲ့ဂုဏ်ကို များများပွားရမှာပေါ့။

သံယောဇဉ်ကင်းတဲ့ဓာတ်ကို အာရုံပြုဖန်များရင် ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာလည်း သံယောဇဉ်ကင်းတဲ့ဓာတ် ကူးစက်လာပြီး သံယောဇဉ် နည်းလာပါတယ်။ ဒေါသကင်းတဲ့ဓာတ်ကို အာရုံပြုဖန်များရင် ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားမှာလည်း ဒေါသကင်းတဲ့ဓာတ် ကူးစက်လာပြီး ဒေါသနည်းလာပါတယ်။

ဓာတ်ဆိုတာ ကူးစက်တတ်တဲ့သဘော ရှိပါတယ်။ ကောင်းတဲ့ဓာတ်နဲ့ ထိတွေ့ရင် ကောင်းတဲ့ဓာတ် ကူးပြီး ဆိုးတဲ့ဓာတ်နဲ့ ထိတွေ့ရင် ဆိုးတဲ့ဓာတ် ကူးပါတယ်။ ဓာတ်ကောင်းကူးချင်ရင် ဓာတ်ကူးကောင်းဖို့ အရေးကြီးပါတယ်။ ဓာတ်ကောင်းရှိသူရဲ့ ဓာတ်ကောင်းတွေကို နှလုံးသွင်းဆင်ခြင်နေတာဟာ ဓာတ်ကူးကောင်းတာပါပဲ။ ဓာတ်ကူးကောင်းရင်တော့ ဓာတ်ကောင်းကူးပြီပေါ့။

ဓာတ်ကောင်းကူးဖို့ ဂုဏ်တော်ပွားတာဖြစ်တဲ့အတွက် ကိုယ့်မှာရှိတဲ့ အားနည်းချက်တွေ ပျောက်ကင်းချင်ရင် 'အဲဒီအားနည်းချက် ဘုရားမှာ မရှိဘူး' လို့ ပွားလိုက်ရုံပါပဲ။ ကိုယ်နှစ်သက်တဲ့ အားသာချက်တွေ ပြည့်စုံချင်ရင် 'အဲဒီအားသာချက် ဘုရားမှာ အမြင့်ဆုံးစံချိန်နဲ့ ရှိတယ်'လို့ ပွားလိုက်ရုံပါပဲ။

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ . . . စတဲ့ ပါဠိတွေထဲ ဝင်ဖို့၊ မဝင်ဖို့ထက် အဓိပ္ပာယ်မှန်ကန်ဖို့၊ ဘုရားမှာရှိတဲ့ ဂုဏ်အရည်အသွေးဖြစ်ဖို့က

ပိုအရေးကြီးပါတယ်။ ဘုရားမှာတကယ်ရှိတဲ့ ဂုဏ်အရည်အသွေးသာမှန်ရင် ဂုဏ်တော်ကိုးပါးထဲက တစ်ပါးပါးထဲတော့ ဝင်တာချည်းပါပဲ။ စကားလုံးတိုက်ရိုက်တော့ ဖြစ်ချင်မှ ဖြစ်မှာပေါ့။

ကိုယ့်မှာ သောကမီးတောက်နေတဲ့အချိန် ဘုရားဂုဏ်တော် ဘယ်လိုပွားရမလဲ စဉ်းစားမနေနဲ့၊ 'သောကခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား' လို့သာ ပွားလိုက်၊ အဲဒါ ဘုရားဂုဏ်တော်ပဲ၊ အဲဒီလို ပွားနေတာ ဘုရားဂုဏ်တော် ပွားနေတာပါပဲ။

'သောကမီးတောက်အားလုံးကို ငြိမ်းသတ်ပြီးတော်မူသော မြတ်စွာဘုရား၊ သောကဆူးငြောင့်အားလုံးကို ပယ်နုတ်ပြီးတော်မူသော မြတ်စွာဘုရား' လို့ ကိုယ့်စိတ်ထဲ ခံစားရသလို ဥပမာလေးတွေနဲ့ ဝေဝေဆာဆာ ပွားလည်းရပါတယ်။ သောကငြိမ်းတဲ့ဓာတ်ကို အာရုံပြုဖန်များရင် တဖြည်းဖြည်းနဲ့ ဓာတ်ကူးပြီး သောကငြိမ်းသွားပါလိမ့်မယ်။

ဗုဒ္ဓါနုဿတိ ပွားများလို့ အကျိုးဆိုးတွေ ကင်းသွားတယ်ဆိုတာ ဗုဒ္ဓါနုဿတိက အကြံဆိုးတွေကို ဖယ်ရှားပစ်လိုက်လို့ပါ။ ဗုဒ္ဓါနုဿတိ ပွားများလို့ အကျိုးကောင်းတွေရတယ်ဆိုတာ ဗုဒ္ဓါနုဿတိက အကြံကောင်းတွေကို မွေးဖွားပေးလိုက်လို့ပါ။

အကြံဆိုးတွေကြောင့် အကျိုးဆိုးတွေနဲ့ တွေ့ကြုံရပါတယ်။ အကြံကောင်းတွေကြောင့် အကျိုးကောင်းတွေနဲ့ တွေ့ကြုံရပါတယ်။ အကျိုးဆိုးတွေ ကင်းရှင်းချင်တယ်ဆိုရင် အကြံဆိုးတွေကို ဖယ်ထုတ်ပစ်ဖို့ပါပဲ။ ဗုဒ္ဓါနုဿတိနဲ့ အကြံဆိုးတွေကို ဖယ်ထုတ်ပစ်နိုင်ပါတယ်။

အကျိုးကောင်းတွေကို လိုချင်တယ်ဆိုရင် အကြံကောင်းတွေကို မွေးမြူဖို့ပါပဲ။ အကြံကောင်းတွေ ဖြစ်ပေါ်တိုးပွားလာဖို့အတွက် ဗုဒ္ဓါနုဿတိက တာဝန်ယူပါတယ်။

## အံ့ဖွယ်အကျိုးလိုချင်ရင်အံ့ဖွယ်ပုဂ္ဂိုလ်ကိုသတိရပါ

အဲဒီလိုနဲ့ နာရဒရသေ့က အသက်ထင်ရှားရှိသမျှ ကာလပတ်လုံး တစ်နေ့ နှစ်ကြိမ် ဘုရားကို ဝတ်ပြုတယ်။ နှုတ်အသံထွက်ပြီးတော့ ရှိခိုး ပူဇော်တယ်။ စိတ်နဲ့လည်းပဲ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ ပြောရင်း ဆိုရင်း၊ စားရင်းသောက်ရင်း၊ နေရင်းထိုင်ရင်း ပွားများပြီးတော့ နေပါတယ်။

အဲဒီလိုနဲ့ သေဆုံးသွားတဲ့အခါကျတော့ ဗြဟ္မာ့ပြည် ရောက်သွားပါတယ်။ ဗြဟ္မာ့ပြည်က စုတေတော့ တာဝတိံသာနတ်ပြည်မှာ သိကြားမင်း ဖြစ်ပါတယ်။ သိကြားမင်း အကြိမ်(၈၀) ဖြစ်ပါတယ်။

သံသရာမှာ စကြာမင်း အကြိမ်(၃၀၀)ဖြစ်ပါတယ်။ ပဒေသရာဇ် မင်းဖြစ်တဲ့အကြိမ်ကတော့ ရေတွက်လို့ကို မကုန်နိုင်ပါဘူး။ ဒါကတော့ ထင်ရှားတဲ့ လောကီအကျိုးတွေကို ပြောတာပါ။ သာမန်သူဌေးတွေ ဖြစ်တာကတော့ ပြောစရာကို မလိုတော့ပါဘူး။ အဲဒီလိုနဲ့ သံသရာမှာ

အထက်တန်းကျတဲ့ဘဝ၊ အဆင့်အတန်းမြင့်တဲ့ဘဝတွေကိုချည်းပဲ ကျင်လည်ခဲ့ရပါတယ်။

တခြား သမထကမ္မဋ္ဌာန်းတွေနဲ့ ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်း မတူတဲ့အချက်က တခြား တခြားသော သမထကမ္မဋ္ဌာန်းတွေက သမာဓိတွေရပြီးတော့ ဈာန်တရားတွေ၊ အဘိညာဉ်တရားတွေ ရစေနိုင်ပါတယ်။ အဲဒီ ဈာန်၊ အဘိညာဉ်ရစေနိုင်တဲ့ အကျိုးလောက်ပဲ ပေးနိုင်ပါတယ်။

ဗုဒ္ဓါနုဿတိသမထကမ္မဋ္ဌာန်းကတော့ ဈာန်၊ အဘိညာဉ်တော့ မရစေနိုင်ဘူး။ ဒါပေမဲ့ သံသရာကျင်လည်တဲ့အခါမှာတော့ ထူးခြားဆန်းကြယ် အံ့ဩဖွယ်ကောင်းတဲ့ အကျိုးတရားတွေကို မကြံစည်နိုင်လောက်အောင် ပေးနိုင်ပါတယ်။

ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရှင်က အစိန္တိယပုဂ္ဂိုလ် – မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ကို အာရုံပြုတဲ့ ပုဂ္ဂိုလ်မှာလည်း မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ကုသိုလ်တွေ တိုးပွားသွားပါတယ်။

အဲဒီကုသိုလ်ပိုင်ရှင်တွေရဲ့ သံသရာမှာ အကျိုးပေးကလည်းပဲ မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ အကျိုးတရားတွေချည်းပဲ အကျိုးပေးရပါတယ်။

အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ ကုသိုလ်တွေ တိုးပွားနေတဲ့အတွက် ပစ္စုပ္ပန်သံသရာမှာ မကြံစည်နိုင်လောက်အောင် ဆန်းကြယ်တဲ့ အကျိုးတရားတွေ၊ ကိုယ်

ဘယ်လိုမှ ကြံစည်စိတ်ကူးမထားတဲ့ ဆန်းကြယ်တဲ့ အကျိုးတရားတွေ အံ့မခန်း ပေးနိုင်ပါတယ်။

ဒါကြောင့် နာရဒရသေ့ သံသရာမှာ ကျင်လည်တော့လည်းပဲ ထူးခြားဆန်းကြယ်တဲ့ အကျိုးတွေချည်းပဲ ပေးခဲ့ပါတယ်။ ဆန်းကြယ်တာလေးတစ်ခု နမူနာပေးရမယ်ဆိုရင်တော့ ဖြစ်လေရာဘဝတိုင်းမှာ သူ့ကို အထိန်းတော်အဖြစ်နဲ့ ကျွေးမွေးပြုစုမယ့် နို့ထိန်းပေါင်းက တစ်သိန်းလောက် အမြဲတမ်း ခြံရံနေပါတယ်။ ဆိုလိုတာကတော့ ဖြစ်လေရာဘဝတိုင်းမှာ အခြံအရံ ပေါများတယ်လို့ ဆိုလိုပါတယ်။

ကောင်းပါတယ်ဆိုတဲ့ အကျိုးမှန်သမျှ၊ လူအများ လိုချင်မက်မောပါတယ်ဆိုတဲ့ လောကီကောင်းကျိုးချမ်းသာ မှန်သမျှကို ဗုဒ္ဓါနုဿတိ ဘာဝနာပိုင်ရှင်ဟာ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပိုပိုလျှံလျှံ ကဲကဲသာသာ ရရှိနိုင်ပါတယ်။

ဗုဒ္ဓါနုဿတိရဲ့ အကျိုးတွေကို ထူးထူးခြားခြားတစ်ခုအနေနဲ့ ရွှေစေတီ ကိုယ်တော်လေးက နောက်ကြောင်းပြန်ပြောထားတာကလည်း ဗုဒ္ဓါနုဿတိ ကျေးဇူးကြောင့် ဖြစ်လေရာဘဝတိုင်းမှာ သူ့ရဲ့ခန္ဓာကိုယ်မှာ ကြေး(ဂျီး)အညစ်အကြေးတွေ လုံးဝ ကပ်ငြိခြင်း မရှိပါဘူးတဲ့။ ဘယ်လောက် ကောင်းထားလဲနော်။

ကြေး(ဂျီး)လုံးဝ မထူဘူးပေါ့လေ။ ရေမချိုး၊ ကြေးမတွန်းလည်းပဲ ကြေးမထူပါဘူး။ သူ့ရဲ့ ခန္ဓာကိုယ် အသားအရေ ဖွဲ့စည်းပုံကိုက အညစ်အကြေးတွေ ခန္ဓာကိုယ်ကို ထိပေမယ့်လည်း ကပ်ငြိခြင်း မရှိပါဘူးတဲ့။ ချွေးတောင်မှ မထွက်ဘူးလို့ စာထဲမှာ အတိအကျ ဆိုပါတယ်။ ချွေးမထွက်ဘူးဆိုတာက လုံးဝမထွက်တာကို ဆိုလိုတာတော့ မဟုတ်ပါဘူး။ ချွေးလုံးဝ မထွက်ရင်တော့လည်း ကျန်းမာရေးကို ထိခိုက်မှာပေါ့လေ။

ဒါပေမဲ့ သူ့ထွက်တဲ့ချွေးက ခန္ဓာကိုယ်မှာ အညစ်အကြေးတွေနဲ့ ပေကျံနေလောက်အောင် မဖြစ်ဘူး။ ဒီချွေးတွေဟာ ခန္ဓာကိုယ်မှာ ညစ်ထေး မနေဘဲနဲ့ သန့်စင်ပြီးတော့နေတယ်။ ဖြစ်လေရာဘဝတိုင်းမှာ ခန္ဓာကိုယ်ဟာ ရွှေအဆင်းလို ဝါဝင်းပြီးတော့ သန့်စင်တောက်ပပြီးတော့ နေပါတယ်။

အဲဒီလိုအားဖြင့်ပေါ့လေ။ သံသရာမှာ လောကီကောင်းကျိုးချမ်းသာတွေ မရေမတွက်နိုင်အောင် ခံစားရတယ်။ ဒီဘဝမှာတော့ အထူးပြောစရာမလိုဘူး။ ဒါက ကမ္ဘာမခြားပါဘူး။ ကဿပဘုရားရှင်နဲ့ ဂေါတမဘုရားရှင်ရဲ့ ကြားကာလပါ။

တကယ်လို့ ကမ္ဘာတွေခြားပြီးတော့ ကျင်လည်ရဦးမယ်ဆိုရင်လည်းပဲ ဖြစ်လေရာဘဝတိုင်းမှာ အပါယ်ငရဲက လွတ်တဲ့အကျိုးတွေ ရမှာပါ။ ဗုဒ္ဓါနုဿတိပွားများတဲ့ ဝတ္ထုကြောင်းတွေမှာ ကမ္ဘာပေါင်းလေးသောင်း အပါယ်မလားဘူးဆိုတာတွေ၊ ကမ္ဘာပေါင်းတစ်သိန်း အပါယ်မလားဘူးဆိုတာတွေ ရှိပါတယ်။

လူသားတိုင်း လူသားတိုင်း ကိုယ့်ကိုယ်ကိုယ်တောင် မယုံကြည်နိုင်လောက်အောင် အံ့ဩဖွယ်ကောင်းတဲ့ အကျိုးတရားတွေ ရချင်ကြတဲ့သူချည်းပါပဲ။ အံ့ဖွယ်ကောင်းတဲ့ အကျိုးတရားတွေ ရချင်ရင် အံ့ဖွယ်ကောင်းတဲ့ပုဂ္ဂိုလ်အကြောင်း အမြဲစဉ်းစားနေဖို့ လိုပါတယ်။ တစ်လောကလုံးမှာ အံ့ဖွယ်အကောင်းဆုံးပုဂ္ဂိုလ်ကတော့ ဗုဒ္ဓမြတ်စွာဘုရားပါပဲ။

ဘုရားဂုဏ်တော်ပွားပြီး ဘုရားကို အမြဲသတိရနေတဲ့သူဟာ ပစ္စုပ္ပန်မှာရော၊ သံသရာမှာပါ အံ့ဖွယ်ကောင်းကျိုးတွေ ရရှိနိုင်ပါတယ်။ ဉာဏ်ကြီးတဲ့ဂုဏ်ကို ပွားလို့ ဉာဏ်ပဲကြီးတာမျိုး မဟုတ်ပါဘူး။ တခြားအံ့ဖွယ်ကောင်းကျိုးတွေလည်း ရရှိနိုင်ပါတယ်။



## ဂုဏ်တော်လှေကားနဲ့တက်ရင်လည်းနိဗ္ဗာန်ရောက်ပါတယ်

ဒီဘဝမှာလည်းပဲ ခုနစ်နှစ်အရွယ်နဲ့ ရဟန္တာဖြစ်ရတယ်။ ဖြစ်ပုံကလည်း ရွှေစေတီကို ကြည်ညိုရင်းနဲ့ အတိတ်က နာရဒရသေ့ဘဝက ရွှေစေတီပူဇော်ခဲ့တာကို သွားပြီးတော့ သတိရတယ်။

သတိရလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ပီတိတွေ တဖွားဖွား ဖြစ်တယ်။ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကိုအာရုံပြုပြီးတော့လည်း ကုသိုလ် ပီတိတွေ တဖွားဖွားဖြစ်တယ်။

အခုလည်း သာသနာထွန်းကာလဆိုတော့ ဘုရားရဲ့ဂုဏ်တော်တွေကို နားနဲ့ဆတ်ဆတ်ကြားနေရတဲ့အတွက် ဂုဏ်တော်တွေကိုလည်းပဲ နာရဒရသေ့ဘဝတုန်းကထက်ကို အဆပေါင်းများစွာ အဆင့်မြင့်မြင့်နဲ့ ပွားများနိုင်သွားပြီ။ ဒီတော့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို တစ်ခုပြီး တစ်ခု ပြောင်းပြောင်း ပြောင်းပြောင်းပြီးတော့ ပွားများ၊ ပွားများရင်း ပွားများရင်းနဲ့ ပီတိတွေ တဖွားဖွားဖြစ်လာ၊ အဲဒီပီတိတွေကို သတိပဋ္ဌာန်

ဝိပဿနာနည်းအတိုင်း ဝိပဿနာ ဆက်ရှုတယ်။

ဥပမာ – ဝမ်းမြောက်တယ်၊ ဝမ်းမြောက်တယ်၊ နှစ်သက်တယ် နှစ်သက်တယ်၊ သဘောကျတယ်၊ သဘောကျတယ် စသည်အားဖြင့် ဖြစ်နေတဲ့ ပီတိကိုပဲ တိုက်ရိုက်ဝိပဿနာရှုပါတယ်။

ပြီးတော့မှ ပီတိရဲ့တည်ရာ ရုပ်ခန္ဓာမှာရှိတဲ့ ထင်ရှားရာကိုလည်းပဲ ဝိပဿနာဆက်ရှုပါတယ်။ နှာသီးဝလေးမှာ သတိကပ်လိုက်။ နှာသီးဝလေးမှာ လေလေးကထိပြီးတော့ ဝင်သွားတယ်။ ထိရာအရပ် သတိကပ်ပြီးတော့ 'ဝင်တယ်'။ နှာသီးဝကို လေလေးကတိုးပြီးတော့ ထွက်သွားတယ်။ ထိရာအရပ် သတိကပ်ပြီးတော့ 'ထွက်တယ်'။

လေ ဝင်တိုင်း၊ လေ ထွက်တိုင်း ဝင်တယ်၊ ထွက်တယ်။ ဝင်တယ်၊ ထွက်တယ်လို့ စကားအရ မှတ်ပေမယ့်လို့ သိနေရမှာကတော့ ထိနေတဲ့ သဘောလေး။ ဘယ်လိုထိနေလဲဆိုတဲ့ သဘောလေး။

ထိနေတဲ့သဘောလေးကို ပိုင်ပိုင်မိမိ သိသွားပြီဆိုရင် မာ၊ ပျော့၊ ကြမ်း၊ ချော၊ လေး၊ ပေါ့ဆိုတဲ့ ပထဝီဓာတ်ရဲ့သဘောတွေ၊ ဖွဲ့စည်း၊ယိုစီးဆိုတဲ့ အာပေါဓာတ်ရဲ့ သဘောတွေ၊ ပူ၊ အေး၊ နွေးဆိုတဲ့ တေဇောဓာတ်ရဲ့ သဘောတွေ၊ တွန်းကန်၊ ထောက်ခံ ဆိုတဲ့ ဝါယောဓာတ်ရဲ့သဘောတွေ၊ ဒါတွေကို တစ်ခုချင်းတစ်ခုချင်း ကွဲပြားသိသွားပါတယ်။

အဲဒီနောက် အဲဒီဓာတ်ကြီးလေးပါးနဲ့တကွ ထင်ရှားရာ ထင်ရှားရာ ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်ပျက်သဘောတွေ၊ နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေ၊ တစ်ဆင့်ပြီးတစ်ဆင့် ဉာဏ် ရင့်ရင့်ပြီးတော့ ဝိပဿနာ အထွတ်အထိပ်ရောက်သွားတဲ့အခါမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရပါတယ်။

ဒီတော့ ဂုဏ်တော်ပွားတယ်၊ ပီတိဖြစ်တယ်၊ ဝိပဿနာရှုတယ်၊

သောတာပန် ဖြစ်သွားတယ်။ ပြီးတော့ ဂုဏ်တော်ဆက်ပွားတယ်။ ဝိပဿနာရှုတယ်။ သကဒါဂါမိ ဖြစ်သွားတယ်။ ဂုဏ်တော်ဆက်ပွားတယ်။ ဝိပဿနာရှုတယ်။ အနာဂါမိ ဖြစ်သွားတယ်။ ဂုဏ်တော်ဆက်ပွားတယ်။ ဝိပဿနာရှုတယ်။ ရဟန္တာ ဖြစ်သွားတယ်။

တစ်ထိုင်တည်းနဲ့ ရဟန္တာ ဖြစ်သွားပါတယ်။ ဗုဒ္ဓါနုဿတိကို အခြေခံထားပြီးတော့ ဝိပဿနာ ရှုမှတ်လိုက်တဲ့အတွက်ကြောင့် တစ်ထိုင်တည်းနဲ့ ရဟန္တာ ဖြစ်သွားပါတယ်။

တစ်ထိုင်တည်းနဲ့ ထိုင်ပြီးတော့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများ၊ ဂုဏ်တော်ကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိကို အခြေခံပြီးတော့ ဝိပဿနာပွားများနိုင်တဲ့အတွက်ကြောင့် တစ်ထိုင်တည်းနဲ့ အရဟတ္တဖိုလ် ဆိုက်ရောက်တော်မူခဲ့ပါတယ်။

ခုနစ်နှစ်အရွယ် ကလေးငယ်လေး ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများပြီးတော့ လူဝတ်ကြောင်ဘဝနဲ့ပဲ အိမ်ထဲမှာ တစ်ထိုင်တည်းနဲ့ ရဟန္တာ ဖြစ်သွားပါပြီ။ ရဟန္တာဖြစ်သွားပြီးတော့မှ အရှင်သာရိပုတ္တရာဆီ ချဉ်းကပ်ပြီးတော့ ရဟန်းပြုပါတယ်။

မြတ်စွာဘုရားကလည်း အသက်ခုနစ်နှစ်နဲ့ ရဟန္တာဖြစ်ပြီးပြီဆိုတော့ ရဟန်းပြုပေးလိုက်ပါတယ်။ အသက်နှစ်ဆယ်ပြည့်အောင် စောင့်နေစရာ မလိုပါဘူး။ ခုနစ်နှစ်နဲ့ ရဟန်းစင်စစ် ဖြစ်သွားပါတယ်။

ဒီလောက်ဆိုရင် ဗုဒ္ဓါနုဿတိနှလုံးသားက လောကုတ္တရာကောင်းကျိုးချမ်းသာ လိုချင်တဲ့လိုတကိုလည်း ရစေနိုင်တယ်ဆိုတာ ပေါ်လွင်သွားပါပြီ။ လောကုတ္တရာကောင်းကျိုးချမ်းသာ လိုချင်တဲ့ လိုတ ရစေနိုင်တယ်ဆိုမှတော့ လောကီကောင်းကျိုးချမ်းသာ လိုချင်တဲ့ လိုတလည်း ရစေနိုင်တယ်ဆိုတာ အထူးပြောစရာမလိုတော့ပါဘူး။

ဂုဏ်တော်တန်ခိုးကြောင့် စီးပွားလာဘ်လာဘရွှင်လန်းတဲ့သူ တွေ၊ ရာထူးဌာနန္တရ တိုးတက်တဲ့သူတွေ၊ လူချစ်လူခင် ပေါများပြီး ကူညီစောင့်ရှောက်မယ့်သူ ဝိုင်းဝိုင်းလည်နေတဲ့သူတွေ အများကြီးပါပဲ။ သာသနာတော်မှာ ဘုန်းတန်ခိုးကြီးမားနေကြတဲ့ ဆရာတော် သံဃာတော် တွေအားလုံးဟာလည်း ဗုဒ္ဓါနုဿတိ ပွားများကြတဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ။

ဒါကြောင့် ဆိုလိုက်ပါ။

ချမ်းသာရလို၊ ဂုဏ်တော်ကို၊ ပွားကိုပွားရမည်။

ဂုဏ်တော်ပွားပြီးတော့ ဗုဒ္ဓါနုဿတိနဲ့ ရဟန္တာဖြစ်နိုင်တယ်လို့ ဆိုပေမယ့် ဂုဏ်တော်ပွားလို့ ဖြစ်လာတဲ့ သမာဓိက အားနည်းပါတယ်။ ပီတိတွေကသာ အားကောင်းနေတဲ့အတွက်ကြောင့် သမာဓိက အားနည်း သွားပါတယ်။

ဒါ့ကြောင့် ဗုဒ္ဓါနုဿတိကနေ ဝိပဿနာကူးပြောင်းတဲ့နည်းက တော့ နှစ်နည်းရှိပါတယ်။ ဗုဒ္ဓါနုဿတိကရတဲ့ ပီတိ၊ ဘုရားဂုဏ်တော် ပွားများလို့ ဖြစ်လာတဲ့ ဗုဒ္ဓါနုဿတိပီတိကို တိုက်ရိုက်ရှုပြီးတော့ ဝိပဿ နာ တက်တဲ့နည်းက တစ်မျိုး။

ဗုဒ္ဓါနုဿတိပွားများလို့ သမာဓိရလာတဲ့အခါမှာ ဗုဒ္ဓါနုဿတိ ကို လွှတ်ထားလိုက်ပြီးတော့ ရှုပွားနေကျအတိုင်း ဝင်လေထွက်လေမှာ သတိကပ်ပြီးတော့ အာနာပါနကမ္မဋ္ဌာန်းရှုမယ်။ ရုပ်ထင်ရှားရင် ရုပ်ကို ဆက်ရှုမယ်။ နာမ်ထင်ရှားရင် နာမ်ကို ဆက်ရှုမယ်။ ရုပ်နာမ်ထင်ရှားရင် ရုပ်နာမ်ကို ဆက်ရှုမယ်။ မိမိရှုပွားနေကျ သတိပဋ္ဌာန် ဝိပဿနာကိုပဲ ဆက်လက်ပွားများပြီးတော့ နိဗ္ဗာန်ကို အရယူတဲ့နည်းကတစ်မျိုး။

ပိုကောင်းတာကတော့ ဗုဒ္ဓါနုဿတိကို သမာဓိအားကောင်း အောင် ပွားများပြီးတော့မှ ဗုဒ္ဓါနုဿတိကို လွှတ်ထားလိုက်ပြီးတော့ မိမိ

ရှုပွားနေကျ အာနာပါန အစရှိတဲ့ သတိပဋ္ဌာန်ဝိပဿနာကို ဆက်ပြီးတော့ ရှုပွားတာက အကောင်းဆုံးပါပဲ။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကတော့ အကူအပံ့ကမ္မဋ္ဌာန်းအဖြစ်နဲ့၊ အထောက်အကူပြု ကမ္မဋ္ဌာန်းအဖြစ်နဲ့ ဘာသတိပဋ္ဌာန်ပဲရှုရှု၊ ဘာဝိပဿနာနည်းနဲ့ပဲ အားထုတ်အားထုတ်၊ မပွားမဖြစ် ပွားကိုပွားရမယ့် ကမ္မဋ္ဌာန်းဖြစ်ပါတယ်။

ဒါ့ကြောင့် ဗုဒ္ဓါနုဿတိကိုပဲ ပင်တိုင်ထားပြီးတော့ ပွားပွား၊ တခြား တခြား သတိပဋ္ဌာန်ဝိပဿနာကို ပွားများရင်းနဲ့ပဲ အကူအပံ့ကမ္မဋ္ဌာန်းအဖြစ်နဲ့ ပွားပွား၊ ဗုဒ္ဓါနုဿတိကတော့ ဗုဒ္ဓဘာသာဝင်တွေ မပွားမဖြစ် ပွားရမယ့် ကမ္မဋ္ဌာန်းဖြစ်နေတာကတော့ ဘယ်လိုမှ ငြင်းပယ်လို့ မရပါဘူး။

ဝိပဿနာအားထုတ်နေရင်းနဲ့ စိတ်မကြည်မလင် ဖြစ်လာတဲ့ အခါမျိုး၊ ပျင်းရိငြီးငွေ့မှု ဖြစ်လာတဲ့အခါမျိုးတွေမှာ ဝိပဿနာကို ခဏလွှတ်ထားပြီး ဗုဒ္ဓါနုဿတိ ပွားလိုက်ရင် စိတ်ပြန်ကြည်လင်လာတတ်ပါတယ်၊ ပျင်းရိငြီးငွေ့မှု ပျောက်ပြီး စိတ်ရွှင်လန်းတက်ကြွလာတတ်ပါတယ်။ အဲဒီအခါကျမှ ဝိပဿနာ ပြန်ဆက်ရှုရင် ဗုဒ္ဓါနုဿတိကြားမဝင်ဘဲ ဝိပဿနာသက်သက် ပေတေအားထုတ်နေတာထက် အဆပေါင်းများစွာ ပိုထိရောက်တာကို တွေ့ရပါလိမ့်မယ်။

ဝိပဿနာအားထုတ်နည်းကတော့ တခြားတရားတွေမှာ ခဏခဏ ပြောခဲ့ပြီးသားမို့ ဒီမှာ ထပ်မပြောတော့ပါဘူး။ ကိုယ်အမူအရာ ဘာပဲပြုပြု – ပြုနေစဉ်၊ စိတ်အမူအရာ ဘာပဲဖြစ်ဖြစ် – ဖြစ်နေစဉ်၊ နေစဉ်တိုင်း နေစဉ်တိုင်းမှာ ဖြစ်နေတဲ့သဘောကို ဖြစ်နေတဲ့အတိုင်း ရှုမှတ်သွားရုံပါပဲ။

## တစ်ညှာဆွဲရင်တစ်တွဲလုံးပါပါတယ်

ဒီနေ့ ဘုရားငါးဆူဆံတော်ရှင် စေတီတော်များကို ရွှေထီးတော်များ၊ စိန်ဖူးတော်များ တင်လှူပူဇော်တဲ့ ဗုဒ္ဓပူဇာပွဲတော်ကြီးမှာ ဘုရားရှင်ကို ပူဇော်တဲ့သဘောက တိုက်ရိုက်ထင်ရှားနေတဲ့အတွက်ကြောင့် အရဟံဂုဏ်တော်ရဲ့ ပူဇော်အထူးခံထိုက်ပုံကို အဓိကပွားရင်တော့ အခြေအနေအချိန်အခါနဲ့ ပိုပြီး သင့်လျော်တဲ့အတွက် သတိအား ပိုပြီးတော့ ကောင်းကြလိမ့်မယ်လို့ ထင်ပါတယ်။

'အရဟံ – ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'

ဒါကတော့ ကိုယ့်အိမ်ကိုယ်နေရင်းနဲ့ ဘုရားပန်းအိုး လဲတဲ့အခါ၊ သောက်တော်ရေ လဲတဲ့အခါ၊ ဆွမ်းတော် ကပ်တဲ့အခါ၊ အဲဒီလိုအခါမျိုးတွေမှာလည်း ပွားများလို့ ရပါတယ်။

ဥပမာ – ဘုရားပန်းအိုးလဲတယ်ဆိုရင်လည်း ဘုရားပန်းကပ်ဖို့

အတွက် ပန်းအိုးကို ဆေးကြောနေတဲ့အချိန်၊ ပန်းတွေကို ဆေးကြော သုတ်သင်နေတဲ့အချိန်၊ အဲဒီလိုအချိန်တွေမှာ စိတ်ထဲကနေ 'အရဟံ – ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊ ပူဇော်အထူးကို ခံယူတော် မူထိုက်သော မြတ်စွာဘုရားကို ဒီ လှပတဲ့၊ မွှေးကြိုင်တဲ့ ပန်းတွေနဲ့ ပူဇော်ပါတယ်ဘုရား'

စသည်အားဖြင့် စိတ်ထဲကနေ မြတ်စွာဘုရားရဲ့ ပူဇော်အထူးခံထိုက်တဲ့ ဂုဏ်ကို အဓိက ပင်တိုင်ထား အာရုံပြုပြီးတော့ လုပ်ကိုင်နေရင် အခြေအနေ အချိန်အခါနဲ့လည်း အံဝင်ခွင်ကျ ဖြစ်တဲ့အတွက် သဒ္ဓါအား၊ ကုသိုလ်အား ပိုပြီးတော့ ကောင်းလာနိုင်ပါတယ်။

'ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား' ဆိုတာကို အခြေခံပင်တိုင်ထားပြီးတော့ ပွားများလိုက်ပေမယ့် ကျန်တဲ့ အရဟံ ဂုဏ်တော်ရဲ့ တခြားအဓိပ္ပာယ်တွေ အပါအဝင် ဂုဏ်တော်ကိုးပါးလုံး၊ ဂုဏ်တော်အနန္တလုံး ပါဝင်သွားတာချည်းပါပဲ။

မြတ်စွာဘုရားရှင်ဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။ ဒါလေးကို ပင်တိုင်ထားပြီးတော့ ကျန်တာကို ချဲ့ထွင်ပြီးတော့ ပွားရမယ်။ ကျန်တဲ့ ဂုဏ်တော် ကိုးပါးလုံးဟာ ပူဇော်အထူးကို ခံထိုက်ခြင်းရဲ့ အကြောင်းတရားတွေ ဖြစ်သွားပါတယ်။

မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။ ဘာဖြစ်လို့လဲ။ အရဟံ – ကိလေသာတွေ ကင်းစင်နေလို့ပဲ။ ကိလေသာ အညစ်အကြေးတွေ ဝါသနာအငွေ့အသက်မကျန် ကင်းစင်နေလို့ မြတ်စွာဘုရားက ပူဇော်အထူးကို ခံယူတော်မူထိုက်တာပါလား။ အရဟံဂုဏ်တော်ရဲ့ တခြားအဓိပ္ပာယ်တစ်ခုက အကြောင်းပြချက် ဖြစ်သွားတယ်။

သမ္မာသမ္ဗုဒ္ဓေါ – မြတ်စွာဘုရားဟာ သိစရာအားလုံးကို အမှန်

အတိုင်း ကိုယ်ပိုင်ဉာဏ်နဲ့ သိမြင်တော်မူတယ်။ ဒါ့ကြောင့် မြတ်စွာဘုရား ဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။ ပူဇော်အထူးကို ခံယူတော်မူ ထိုက်သော မြတ်စွာဘုရား စသည်အားဖြင့် ပွားရုံပါပဲ။

ဝိဇ္ဇာစရဏသမ္ပန္နော – မြတ်စွာဘုရားဟာ အသိရော အကျင့် ရော ပြည့်စုံတယ်။ သိရုံသာ သိပြီး မကျင့်တာ မဟုတ်ဘူး။ ကျင့်ရုံသာ ကျင့်ပြီး မသိတာ မဟုတ်ဘူး။ အသိရော အကျင့်ရော ပြည့်စုံတယ်။ ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊ စရဏ(၁၅)ပါးနဲ့ ပြည့်စုံတယ်။ အဲဒီ အပါးရေ တွေကိုတော့ အသေးစိတ် ကိုယ့်ဟာကိုယ် သရုပ်ဖော်ပေါ့။ အဲဒီလို အသိ အကျင့် ပြည့်စုံတဲ့အတွက်ကြောင့် မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။

သုဂတော – မြတ်စွာဘုရားဟာ ကောင်းသောစကားကို ဆို တော်မူတယ်။ မှန်ပြီးတော့ အကျိုးရှိတဲ့စကားကိုသာ ဆိုတော်မူတယ်။ အဲဒီအတွက်ကြောင့်လည်း မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော် မူထိုက်တယ်။ သုဂတော – ကောင်းသော နိဗ္ဗာန်ကိုပဲ ကြွတော်မူတဲ့ အတွက်ကြောင့် ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။

လောကဝိဒူ – သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလော က လို့ခေါ်တဲ့ လောကသုံးပါးကို သိတော်မူတဲ့အတွက်ကြောင့် မြတ်စွာ ဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။

အနုတ္တရော ပုရိသ ဒမ္မသာရထိ – ဆုံးမထိုက်တဲ့ပုဂ္ဂိုလ်တွေကို အတုမရှိ ဆုံးမတော်မူနိုင်လို့လည်းပဲ မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။

သတ္ထာ ဒေဝမနုဿာနံ – နတ်လူတို့ကို ကောင်းရာကောင်း ကြောင်း ညွှန်ပြတဲ့ ဆရာကောင်း ခေါင်းဆောင်ကောင်း ဖြစ်တဲ့အတွက်

ကြောင့် မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တယ်။

ဗုဒ္ဓေါ – မြတ်စွာဘုရားဟာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာတရားလေးပါးကို ကိုယ်တော်တိုင်လည်းသိ၊ သတ္တဝါဝေနေယျတို့ ကိုလည်း သိအောင် ဟောပြနိုင်တဲ့အတွက်ကြောင့် ပူဇော်အထူးကို ခံယူ တော်မူထိုက်တယ်။

ဘဂဝါ – ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့အတွက် ကြောင့်လည်း မြတ်စွာဘုရားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက် တယ်။ ဘုန်းတော်ခြောက်ပါးကိုတော့ အသေးစိတ် သရုပ်ဖော်ပေါ့။

အဲဒီလိုအားဖြင့် ကျန်တဲ့ဂုဏ်တော်ကိုးပါးလုံးဟာ ပူဇော်အထူး ကို ခံထိုက်တဲ့ ဂုဏ်တော်ရဲ့ အကြောင်းပြချက်တွေ ဖြစ်သွားတာပါပဲ။ ပူဇော်အထူးကို ခံထိုက်တာကို ပင်တိုင်ထားပြီးတော့ ကျန်တဲ့ ဂုဏ်တော် တွေကို မိမိ သိသမျှ၊ ဗဟုသုတရှိသမျှ လှည့်ပတ်ပြီးတော့ ပွားများနိုင်ပါ တယ်။ အဲဒီလို ပွားများပြီးတော့ ပူဇော်နိုင်ကြရမယ်။

နောက်ဆုံး 'ပူဇော်အထူးကို ခံထိုက်တယ်' ဆိုတာကို အာရုံပြု ရင်းနဲ့ မြတ်စွာဘုရားဟာ ပန်းစတဲ့ အရာတွေနဲ့ ပူဇော်တာထက် ဝိပဿ နာ မဂ်ဖိုလ်နိဗ္ဗာန်လို့ခေါ်တဲ့ ဓမ္မနဲ့ပူဇော်တာကို ပိုပြီးတော့ သဘောကျ တယ်။

ဒီတော့ 'ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ဓမ္မနဲ့ ငါပူဇော်မယ်ဟဲ့' ဆိုပြီးတော့ သတိပဋ္ဌာန်တရား၊ ဝိပဿနာတရား ရှုပွားပြီးတော့ ပူဇော် မယ်ဆိုရင်တော့ အကောင်းဆုံး အထွတ်အမြတ်ဆုံးပါပဲ။

ကိုယ်အကြိုက်ဆုံး ဂုဏ်တော်တစ်ခု၊ သို့မဟုတ် လောလော ဆယ် ကိုယ်အပွားချင်ဆုံး ဂုဏ်တော်တစ်ခုကို ပင်တိုင်ထားပြီး တခြား ဂုဏ်တော်တွေနဲ့ အကြောင်းအကျိုးဆက်နွယ် ပွားလိုက်ရင် ကိုယ့်နှလုံး

သားမှာ ဘုရားစေတီတွေ အများကြီး တည်ပြီးသား ဖြစ်သွားပါတယ်။

အရဟံဂုဏ်တော်ကို ပင်တိုင်ထားရင် အရဟံစေတီက ပင်မစေတီ၊ ကျန်တဲ့ ဂုဏ်တော်ရှစ်ပါး၊ သို့မဟုတ် အရဟံရဲ့ တခြားဂုဏ်တော်တွေ အပါအဝင် ဂုဏ်တော်ကိုးပါးက စေတီရံတွေပေါ့။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ပင်တိုင်ထားရင် သမ္မာသမ္ဗုဒ္ဓစေတီက ပင်မစေတီ၊ ကျန်တဲ့ ဂုဏ်တော်ရှစ်ပါးက စေတီရံတွေပေါ့။

အဲဒီလိုအားဖြင့် နှလုံးသားတောင်ထိပ်မှာ စေတီတစ်ဆူ တည်တိုင်းတည်တိုင်း စေတီရံတွေ စုံအောင် တည်သင့်ပါတယ်။ စေတီတစ်ဆူ တည်းထက်စာရင် စေတီရံတွေ ဝေဝေဆာဆာနဲ့က ပိုပြီး ကြည်ညိုစရာ ကောင်းတာပေါ့။

ကိုယ့်နှလုံးသားထဲက အဲဒီစေတီတော်တွေကို မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ဆိုတဲ့ ရွှေထီးတော်ရှစ်ဆင့်ရယ်၊ နိဗ္ဗာန် ဆိုတဲ့ စိန်ဖူးတော်ရယ်နဲ့ တင်လှူပူဇော်နိုင်ပြီ ဆိုရင်တော့ မြတ်စွာဘုရားရှင်ကို အကောင်းဆုံး ဓမ္မနဲ့ ပူဇော်ပြီးသား ဖြစ်သွားပါပြီ။

ဒါ့ကြောင့် ပန်းစတဲ့ အာမိသနဲ့လည်း ပူဇော်နိုင်ကြပါစေ။ ဂုဏ်တော်၊ သတိပဋ္ဌာန် စတဲ့ ဓမ္မနဲ့လည်း ပူဇော်နိုင်ကြပါစေ။ ပူဇော်နိုင်ကြတဲ့ အတိုင်းလည်းပဲ ဝိပဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ တရားကို နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန – မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ – သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာ သုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓုပါဘုရား။



[၂၀၀၀ ပြည့်နှစ်၊ မတ်လ(၂၂)ရက်၊ သထုံမြို့ ဘုရားငါးဆူတောင် ဆံတော်ရှင်စေတီတော်များ ထီးတင်ပွဲ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။]

အရှင်သန္တာဓိက(ရွှေပါရမီတောရ)

ဘုရားဂုဏ်တော်ကိုးပါးရဲ့
လိုရင်းအဓိပ္ပာယ်တွေကို
မြန်မာလို သိထားသင့်ပါတယ်။
အလွတ်ရအောင် ကျက်ထားပြီး
အနည်းဆုံး တစ်နေ့တစ်ခေါက်
ပါဠိလိုရော မြန်မာလိုပါ
ပွားများသွားမယ်ဆိုရင်
မေ့မှာလည်း မဟုတ်တော့ပါဘူး။
အကျိုးလည်း အင်မတန် ကြီးပါတယ်။
မြန်မာလူမျိုးတွေအနေနဲ့
မြန်မာလို ဂုဏ်တော်ပွားတာ
အကောင်းဆုံးပါပဲ။
အဓိပ္ပာယ် ရင်ထဲရောက်တဲ့အတွက်
ဘုရားကိုလည်း ပိုကြည်ညိုပါတယ်။
မာတ်ကောင်းတွေလည်း ပိုကူးစက်ပါတယ်။
တန်ခိုးသတ္တိလည်း ပိုထက်မြက်ပါတယ်။

# ဘုရားဂုဏ်တော်ကိုးပါး

## အရဟံ

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

လူမင်း၊ နတ်မင်း၊ ပြဟ္မာမင်းနှင့်တကွ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါအားလုံးတို့၏

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

## သမ္မာသမ္ဗုဒ္ဓေါ

သိစရာအားလုံးတို့ကို အမှန်အတိုင်း၊ ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူသော

မြတ်စွာဘုရား။

## ဝိဇ္ဇာစရဏသမ္ပန္နော

အသိဉာဏ်ရော၊ အကျင့်ပါ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော

မြတ်စွာဘုရား။)

## သုဂတော

ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။

(မှန်ကန်၍ အကျိုးရှိသောစကားကို ဆိုတော်မူသော မြတ်စွာဘုရား။)

ကောင်းသောနိဗ္ဗာန်သို့ ကြွတော်မူသော မြတ်စွာဘုရား။

## လောကဝိဒူ

လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။
(သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟုဆိုအပ်သော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။)

## အနုတ္တရောပုရိသဒမ္မသာရထိ

ဆုံးမထိုက်သော သတ္တဝါတို့ကို အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

## သတ္ထာဒေဝမနုဿာနံ

နတ်လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။
(နတ်လူတို့အား ကောင်းရာကောင်းကြောင်း ညွှန်ပြတော်မူသော မြတ်စွာဘုရား။)

## ဗုဒ္ဓေါ

သစ္စာလေးပါးကို ကိုယ်တိုင်လည်း သိတော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင်ဟောတော်မူသော မြတ်စွာဘုရား။
(ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟုဆိုအပ်သော သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်း သိတော်မူ၊ သူတစ်ပါးတို့ကိုလည်း သိအောင် ဟောတော်မူသော မြတ်စွာဘုရား။)

ဘာဂဝါ

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁။ဣဿရိယဘုန်းတော်

မိမိစိတ်ကိုရော၊ တစ်လောကလုံးကိုပါ အစိုးရတော်မူသော မြတ်စွာဘုရား။

၂။ဓမ္မဘုန်းတော်

မဂ်၊ဖိုလ်၊ နိဗ္ဗာန်တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၃။ယသဘုန်းတော်

များပြားသော အခြံအရံ၊ ပျံ့နှံ့သော အကျော်အစောနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၄။ သိရီဘုန်းတော်

အတုမရှိသော ကျက်သရေတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၅။ ကာမဘုန်းတော်

လိုအင်ဆန္ဒ တောင့်တမှုမှန်သမျှ ခဏချက်ချင်း ပြည့်ဝတော်မူသော မြတ်စွာဘုရား။

၆။ပယတ္တဘုန်းတော်

အတုမရှိသော လုံ့လဝီရိယနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။



# နှလုံးသားတောင်ထိပ်က
## အရဟံစေတီ

ရွှေတိဂုံစေတီတော်မြတ်ကြီးကို သူ့ရဲ့ တောင်ဝိသေသနနဲ့တွဲပြီး ပြောမယ်ဆိုရင် သိင်္ဂုတ္တရတောင်ထိပ်က ရွှေတိဂုံစေတီ လို့ ပြောနိုင်ပါတယ်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကို သူ့ရဲ့ တောင်ဝိသေသနနဲ့တွဲပြီး ပြောမယ်ဆိုရင် ပေါင်းလောင်းတောင်ထိပ်က ကျိုက်ထီးရိုးစေတီ လို့ပြောနိုင်ပါတယ်။ စေတီတော်ရဲ့ တည်ထားရာ ကုန်းတော်နဲ့၊ တောင်နဲ့ တွဲပြီးတော့ ပြောဆိုသုံးနှုန်းလိုက်ခြင်း ဖြစ်ပါတယ်။

ဒီကနေ့ တရားနာပရိသတ်များကို တည်ထားဖို့အတွက် တိုက်တွန်းမယ့် စေတီကတော့ အရဟံစေတီ ဖြစ်ပါတယ်။ အဲဒီ အရဟံစေတီက ဘယ်မှာ တည်ထားရမှာလဲဆိုရင် နှလုံးသားတောင်ထိပ်မှာ တည်ထားရမှာ၊ ဒါကြောင့် မိမိတို့ရဲ့ နှလုံးသားတောင်ထိပ်မှာ အရဟံစေတီ တည်ပြီးသွားပြီဆိုရင် အဲဒီ စေတီတော်ရဲ့ ဘွဲ့တော်ကတော့ နှလုံးသားတောင်ထိပ်က အရဟံစေတီ လို့ ပြောရမှာပါပဲ။

ဗုဒ္ဓဘာသာဝင် သူတော်စင်ရယ်လို့ ဖြစ်လာရင် အနည်းနဲ့အများ ဆိုသလို ဘုရား တည်တာကို ဝါသနာ ပါကြပါတယ်။ ဝါသနာ ပါတဲ့အတိုင်းလည်းပဲ မိမိတို့ စွမ်းနိုင်သမျှ ဘုရားတည်နေကြတာပါပဲ။

မိမိတစ်ဦးတည်း ဘုရားတစ်ခုလုံးရဲ့၊ စေတီတစ်ခုလုံးရဲ့ ဒါယကာ ၊ ဒါယိကာမအဖြစ်နဲ့လည်း ဘုရားတည်ချင်တည်မယ်၊ တစ်ဦးတည်း မစွမ်းနိုင်ခဲ့ရင်လည်း အများစုပေါင်းပြီးတော့ တည်မယ်။ ဒါမှမဟုတ် အများစုပေါင်းပြီးတော့ တည်မယ့်ဘုရားထဲမှာ မိမိကစွမ်းနိုင်သမျှ ကုသိုလ်ပါဝင်မယ်။

အသစ်တည်ထားတာ မဟုတ်တောင်မှ တည်ထားပြီးသား စေတီတော်များရဲ့ ပြုပြင်မွမ်းမံမှု လုပ်ငန်းများမှာ ပါဝင်ပြီးတော့ လှူဒါန်းမယ်၊ ရွှေဆိုင်းသင်္ကန်းတွေ ကပ်မယ်၊ ရွှေပြားသင်္ကန်းတွေ ကပ်မယ်၊ စိန်ဖူးတော်တွေ လှူမယ် စသည်အားဖြင့် တည်ထားပြီးသား စေတီတော်ရဲ့ လိုအပ်တဲ့ အစိတ်အပိုင်းတွေကို ထပ်မံပြီးတော့ လှူဒါန်းတာဟာလည်း စေတီတည်တာပါပဲ၊ ဘုရားတည်တာပါပဲ။

အဲဒီလိုအားဖြင့် သဒ္ဓါတရားရှိတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်းဟာ ဘုရားတည်တဲ့ အလုပ်နဲ့ လုံးဝ မကင်းလွတ်နိုင်ပါဘူး။ အနည်းနဲ့ အများဆိုသလို ဘုရားတည်နေကြတာချည်းပါပဲ။

ဘုရားတည်ခြင်းက အပြင်မှာ ဘုရားတည်ခြင်းနဲ့ အတွင်းမှာ ဘုရားတည်ခြင်းလို့ နှစ်မျိုးရှိပါတယ်။ အပြင်မှာ ဘုရားတည်တယ်ဆိုတာကတော့ မြေကြီးပေါ်မှာ ဘုရားတည်တာပါပဲ။ အုတ်တွေ၊ ကျောက်တွေ၊ သဲတွေ၊ သံတွေ၊ ဘိလပ်မြေတွေ၊ ထုံးတွေ၊ အဲဒီလို ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ မြေကြီးပေါ်မှာ ဘုရားတည်ခြင်းကတော့ အပြင်မှာ ဘုရားတည်ခြင်း။

အတွင်းမှာ ဘုရားတည်တယ်ဆိုတာကတော့ နှလုံးသားထဲမှာ

ဘုရားတည်တာပါပဲ။ မိမိရဲ့စိတ်၊ မိမိရဲ့ နှလုံးသားထဲမှာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများနေခြင်းသည်ပင်လျှင် ဘုရားတည်ခြင်းပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို မိမိရဲ့ စိတ်နှလုံးသားထဲမှာ ထုံမွမ်းပြီးတော့နေတာ၊ မိမိရဲ့ စိတ်နှလုံးကို ဂုဏ်တော်ထဲမှာ စိမ်ပြီးတော့ နေတာ၊ ဂုဏ်တော်ပွားများနေတာဟာ နှလုံးသားထဲမှာ ဘုရားတည်နေတာ ပါပဲ။ အဲဒီလို စိတ်ထဲကနေ ဂုဏ်တော်ပွားများသောအားဖြင့် နှလုံးသားထဲ မှာ ဘုရားတည်ခြင်းကိုတော့ အတွင်းမှာ ဘုရားတည်ခြင်းလို့ ခေါ်ပါတယ်။

အပြင်မှာ ဘုရားတည်တဲ့ အလုပ်ကလည်း လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပါပဲ။ အတွင်းမှာ ဘုရားတည်တဲ့ အလုပ်ကလည်း လုပ်သင့်လုပ် ထိုက်တဲ့ အလုပ်ပါပဲ။

အပြင်မှာ ဘုရားတည်တာဟာလည်း တကယ်တမ်းကျတော့ မိမိရဲ့ နှလုံးသားထဲမှာ ပြောင်းရွှေ့ပြီးတော့ ဂုဏ်တော်ဘုရားတည်ဖို့အတွက် အထောက်အကူပြု ပစ္စည်း၊ အာရုံပြုစရာ ပစ္စည်းအဖြစ်နဲ့ တည်ထားခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်လည်း မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်၊ ကျေးဇူးတော်တွေကို မိမိပိုင်ဆိုင်သော ပစ္စည်းဝတ္ထုများ စွန့်လွှတ်လှူဒါန်း ခြင်းအားဖြင့် ပူဇော်ခြင်းပါပဲ။

အပြင်မှာ တည်ထားတဲ့ ဘုရားတွေကို ဖူးတိုင်းဖူးတိုင်း၊ အပြင်မှာ တည်ထားတဲ့ ဘုရားတွေနဲ့ ပတ်သက်တဲ့ ကုသိုလ်ကောင်းမှုတွေ ပြုတိုင်း ပြုတိုင်း အပြင်မှာရှိတဲ့ ဘုရားကို မိမိရဲ့ နှလုံးသားထဲမှာ ပြောင်းရွှေ့ပြီး တည်ထားရမယ်။ အပြင်မှာရှိတဲ့ ဘုရားကို အာရုံပြုပြီး ဘုရားဂုဏ်တော် တွေ ပွားများနေတာဟာ အပြင်ကဘုရားကို နှလုံးသားထဲ ပြောင်းရွှေ့တည် လိုက်တာပါပဲ။

အမှန်ကတော့ အပြင်မှာတည်ထားတဲ့ ဘုရားတွေကို အာရုံပြုနေ

တာ၊ ရှိခိုးနေတာ၊ ဘုရားတွေဖူးတာ၊ ရွှေစင်သက်န်း၊ ရွှေပြားသက်န်း၊ ရွှေဆိုင်းသင်္ကန်းတွေ ကပ်နေတာဟာလည်း တကယ်တော့ ကိုယ့်နှလုံးသားထဲမှာ ဘုရားတည်နေခြင်း ဖြစ်ပါတယ်။ ဒီဘုရားတည်နည်းကတော့ ပြင်ပရုပ်ဝတ္ထုပစ္စည်းရဲ့ အထောက်အကူကို ယူရပါသေးတယ်။

နှလုံးသားထဲမှာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ပွားများတဲ့ လုပ်ငန်းသက်သက်နဲ့ပဲ တည်တဲ့ဘုရားကတော့ ရုပ်ဝတ္ထုပစ္စည်း ဘာတစ်ခုမျှ အကူအညီမလိုပါဘူး။ စိတ်သက်သက်နဲ့ပဲ ပွားများပြီးတော့ တည်ရပါတယ်။ မိမိရဲ့စိတ်က စွမ်းရည်သတ္တိတွေ ပြည့်ဝနေတယ်ဆိုရင် မိမိရဲ့ စိတ်နှလုံးသားထဲမှာ ဘုရားတည်လို့ရပါပြီ။

အာရုံခံဘုရားနဲ့ အာရုံမှန်ဘုရားလို့ ဘုရားနှစ်မျိုး ရှိပါတယ်။ ပြင်ပမြေကြီးပေါ်မှာ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ တည်ထားတဲ့ဘုရားကို 'အာရုံခံဘုရား' လို့ ခေါ်ပါတယ်။ အတွင်းနှလုံးသားထဲမှာ ဂုဏ်တော်ပွားများသောအားဖြင့် တည်ထားတဲ့ဘုရားကို 'အာရုံမှန်ဘုရား' လို့ ခေါ်ပါတယ်။

ပြင်ပက ဘုရားတွေကို အာရုံခံပြီး စိတ်ထဲကနေ ဂုဏ်တော်ပွားများတာတို့၊ နှုတ်ကနေ ဂုဏ်တော်ပရိတ်တော် ရွတ်ဆို၊ ဘုရားရှိခိုးတာတို့၊ ပန်းရေချမ်းဆွမ်းဆီမီးကပ်တာတို့ ပြုလုပ်ရတဲ့အတွက် အဲဒီ ပြင်ပကဘုရားတွေကို အာရုံခံဘုရားတွေလို့ ခေါ်ပါတယ်။ ဘုရားတွေမှာရှိတဲ့ အာရုံခံတန်ဆောင်းဆိုတာ အာရုံခံဘုရားတွေကို အာရုံခံဖို့ ပြုလုပ်ထားလို့ ခေါ်တာပါ။

အာရုံခံဘုရားကို အာရုံခံပြီး ပွားများလိုက်လို့ စိတ်ထဲရောက်သွားတဲ့ ဘုရားဂုဏ်တော်တွေကတော့ အမှန်တကယ် အာရုံပြုရမယ့် သဘောတရားတွေဖြစ်လို့ အဲဒီဘုရားဂုဏ်တော်တွေကို အာရုံမှန်ဘုရားတွေလို့ ခေါ်ပါတယ်။ ပြင်ပက အာရုံခံဘုရားတွေကို ဖူးမြော်ပူဇော်တာဟာ အတွင်းစိတ် နှလုံးသားထဲမှာ အာရုံမှန်ဘုရား တည်ဖို့အတွက်ပါ။



## နှလုံးသားမြေပြန့်လား၊နှလုံးသားတောင်ထိပ်လား

အပြင်မှာ တည်တဲ့ ဘုရားတွေကလည်း မြေပြန့်မှာ တည်တဲ့ ဘုရား၊ ကုန်းကမူလေးပေါ်မှာ တည်တဲ့ဘုရား၊ တောင်နိမ့်နိမ့်လေးပေါ်မှာ တည်တဲ့ဘုရား၊ တောင်မြင့်မြင့်ကြီးပေါ်မှာ၊ တောင်ထွတ်တောင်ထိပ်ကြီးပေါ်မှာ တည်တဲ့ဘုရားလို့ ဘုရားရဲ့တည်နေရာ မြေအနေအထား မြေနေရာ အနိမ့်အမြင့်ပေါ် မူတည်ပြီးတော့ အမျိုးမျိုး ကွဲပြားနေပါသေးတယ်။

အဲဒီလိုပါပဲ၊ နှလုံးသားမှာတည်တဲ့ဘုရားကလည်း မြေပြန့်နှလုံးသားမှာ တည်တဲ့ဘုရား၊ ကုန်းကမူနှလုံးသားမှာ တည်တဲ့ဘုရား၊ တောင်နိမ့်နိမ့် နှလုံးသားမှာ တည်တဲ့ဘုရား၊ တောင်မြင့်မြင့်နှလုံးသား၊ တောင်ထွတ်တောင်ထိပ်နှလုံးသားပေါ်မှာ တည်တဲ့ဘုရားလို့ အနိမ့်အမြင့်အမျိုးမျိုး ကွာခြားနေပါသေးတယ်။

ပြင်ပမှာ တည်ထားတဲ့ ဘုရားတွေထဲက မြေပြန့်မှာ တည်တဲ့ဘုရားနဲ့ တောင်ထိပ်မှာတည်တဲ့ဘုရားမှာ တောင်ထိပ်မှာတည်တဲ့ဘုရားက

ပိုပြီးတော့ စိတ်နှလုံးကို ကြည်နူးစေနိုင်တယ်။ ကြည်ညိုသဒ္ဓါတရား ပွားများစေနိုင်တယ်။

မြေပြန့်မှာ တည်တဲ့ ဘုရားဆိုရင် ပတ်ဝန်းကျင်မှာ အိမ်တွေ ရှိတယ်။ လူတွေ ရှိတယ်၊ လူသံတွေ၊ ကားသံတွေ၊ ခွေးသံတွေ အစရှိသည် အားဖြင့် လူ့ လောကရဲ့ အသံဗလံတွေ ဆူညံပြီးတော့နေတဲ့အတွက်ကြောင့် ဝိဝေက လို့ခေါ်တဲ့ တိတ်ဆိတ်ငြိမ်သက်မှုကို မရရှိနိုင်ပါဘူး။ သမထ၊ ဝိပဿနာ ဘာဝနာတွေ ပွားများရတာ သိပ်ပြီးတော့ အဆင်မပြေဘူး။ လေကောင်းလေသန့်လည်း ကောင်းကောင်း မရဘူး။

တောင်ထွတ်တောင်ထိပ်မှာ တည်တဲ့ ဘုရားတွေကျတော့ လေကောင်းလေသန့်လည်း ရတယ်။ လူသံတွေ၊ ကားသံတွေ၊ ခွေးသံတွေ၊ အသံပေါင်းစုံ မကြားရတဲ့ အတွက်ကြောင့်လည်းပဲ တိတ်ဆိတ်ငြိမ်သက်မှု ဝိဝေက အပြည့်အဝ ရတယ်။ တိတ်ဆိတ်ငြိမ်သက်မှု အပြည့်အဝ ရတဲ့ အတွက်ကြောင့်လည်း သမထ၊ ဝိပဿနာ၊ ဘာဝနာတွေ ပွားများရတာ အဆင်ပြေတယ်။

မြေပြန့်မှာ တည်တဲ့ဘုရားက အဲဒီဘုရားရဲ့ အနီးနားကို ရောက်သွားမှပဲ ဖူးမြော်လို့၊ ကြည်ညိုလို့ရတယ်။ တောင်ထွတ်တောင်ထိပ်ကြီးတွေပေါ်မှာ တည်ထားတဲ့ဘုရားတွေကျတော့ အဝေးကနေ လှမ်းမျှော်ပြီးတော့ ကြည်ညိုလို့၊ ဖူးမြော်လို့၊ ပူဇော်လို့ ရပါတယ်။

မြေပြန့်မှာတည်တဲ့ ဘုရားက အနီးအနားရောက်လာတဲ့ ပုဂ္ဂိုလ်တွေကိုပဲ ကုသိုလ်တရား တိုးပွားစေနိုင်တယ်။ တောင်ထွတ်တောင်ထိပ်ကြီးတွေပေါ်မှာ တည်ထားတဲ့ ဘုရားကျတော့ အဝေးက ပုဂ္ဂိုလ်တွေကိုလည်းပဲ ကုသိုလ်တရား တိုးပွားစေနိုင်ပါတယ်။

ဘုရားချင်းကတော့ အတူတူပါပဲ။ မြတ်စွာဘုရားရှင်တို့ရဲ့ ဂုဏ်

တော်တွေကို ပွားများလို့ ရရှိမယ့် တန်ခိုးသတ္တိတွေကလည်း အတူတူပါပဲ။ ဒါပေမဲ့ အဲဒီ ဘုရားရှင်တို့ရဲ့ အဲဒီ ရုပ်ပွားတော် စေတီတို့ရဲ့ တည်နေရာ၊ မြေအနေအထားပေါ် မူတည်ပြီးတော့ အကြမ်းဖျင်းအားဖြင့်၊ ယေဘုယျ အားဖြင့် ခြုံငုံသုံးသပ်လိုက်တဲ့အခါကျတော့ မြေပြန့်မှာတည်တဲ့ ဘုရား ထက် တောင်ထိပ်မှာတည်တဲ့ဘုရားက ပိုပြီးတော့ တန်ခိုးကြီးတယ်၊ ပိုပြီး တော့ စိတ်နှလုံးကို သဒ္ဓါတရား၊ ကုသိုလ်တရား ပွားများစေနိုင်တယ်။

ပြင်ပမှာ တည်တဲ့ ဘုရားတွေထဲမှာ တောင်ထွတ်တောင်ထိပ်၊ တောင်တန်းကြီးတွေပေါ်မှာတည်တဲ့ ဘုရားက မြေပြန့်မှာတည်တဲ့ ဘုရား ထက် ပိုပြီးတော့ တန်ခိုးကြီးသလို နှလုံးသားမှာတည်တဲ့ ဘုရားတွေထဲမှာ လည်းပဲ မြေပြန့်နှလုံးသားမှာ တည်တဲ့ ဘုရားထက် တောင်ထွတ်တောင် ထိပ် နှလုံးသားပေါ်မှာ တည်တဲ့ဘုရားက ပိုပြီးတော့ တန်ခိုးကြီးပါတယ်။ ပိုပြီးတော့ အစွမ်းထက်ပါတယ်။

နှလုံးသားဆိုတာ မိမိရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတာပဲ၊ တည်နေရာ တစ်နေရာတည်းမှာပဲ ရှိတာပဲ။ ဘာဖြစ်လို့ မြေပြန့်တွေ တောင်ထိပ်တွေ ကွဲနေရသလဲလို့တော့ မေးစရာရှိတယ်။

တောင်တွေဆိုတာ မြေပြန့်ပေါ်မှာရှိတဲ့ မြေတွေကျောက်တွေနဲ့ မြေချင်း၊ ကျောက်ချင်း အတူတူပါပဲ။ ဒါပေမဲ့ အဲဒီ မြေသားကျောက်သား တွေက နိမ့်ရာကနေ တဖြည်းဖြည်းချင်း၊ တဖြည်းဖြည်းချင်း မြင့်မြင့်တက် သွားတဲ့အတွက်ကြောင့် တောင်ဆိုပြီးတော့ ခေါ်ရခြင်း ဖြစ်ပါတယ်။

မြေတွေ ကျောက်တွေ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီးတော့ မြင့်သွား တယ်ဆိုရင် တောင်လို့ ခေါ်ရတယ်။ ပိုပြီး မြင့်သွားရင် တောင်ထွတ်ကြီး တွေ၊ တောင်ထိပ်ကြီးတွေ လို့ ခေါ်ရတယ်။

အဲဒီလိုပဲ မိမိတို့ရဲ့ ဘုရားတည်မယ့် နှလုံးသားဟာလည်း သဒ္ဓါ

ပညာဆိုတဲ့ မြေသားကျောက်သားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ ဆိုတော့ သဒ္ဓါပညာအားလေးက နည်းနေရင် မိမိရဲ့နှလုံးသားဟာ မြေပြန့်နှလုံးသားပဲ။ သဒ္ဓါပညာအား အထိုက်အလျောက် များနေရင် မိမိရဲ့နှလုံးသားဟာ ကုန်းကမူနှလုံးသားပဲ။ သဒ္ဓါပညာအား တော်တော်လေး များနေရင်တော့ မိမိရဲ့နှလုံးသားဟာ တောင်နှလုံးသားပဲ။

အဲဒီလိုအားဖြင့် သဒ္ဓါပညာအား ကောင်းရင်ကောင်းသလောက် မိမိရဲ့နှလုံးသားတောင်ဟာ မြင့်မြင့်သွားမှာပဲ။ သဒ္ဓါပညာတည်းဟူသော မြေစိုင်မြေသား၊ ကျောက်တုံးကျောက်သားတွေ အရေအတွက် အများဆုံး၊ အရည်အသွေး အဆင့်အတန်း အမြင့်မားဆုံးနဲ့ အကြီးအကျယ် ဖွဲ့စည်းတည်ဆောက်ထားတဲ့ နှလုံးသားကတော့ နှလုံးသားတောင်ထိပ်ပါပဲ။

ဘုရားဂုဏ်တော်ပွားတဲ့ကိစ္စမှာ သဒ္ဓါဆိုတာကတော့ 'မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များဟာ ပွားများသင့် ပွားများထိုက်တယ်။ ဘုရားဂုဏ်တော်ပွားတဲ့အလုပ်ဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ပဲ။ ဘုရားဂုဏ်တော်ပွားခြင်းကြောင့် လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာနှစ်ဖြာနဲ့ ပြည့်စုံနိုင်တယ်' လို့ ယုံကြည်တဲ့ သဒ္ဓါတရားပါပဲ။ အဲဒီ သဒ္ဓါတရားက ကျောက်သားမြေသားနဲ့ တူပါတယ်။

ယုံကြည်ရုံနဲ့ မပြီးသေးဘူး။ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကိုလည်း သိရမယ်။ ဂုဏ်တော်ရဲ့ အဓိပ္ပာယ်တွေကို ထိုးထိုးထွင်းထွင်း နက်နက်ရှိုင်းရှိုင်း သဘောပေါက် နားလည်ရမယ်။ အဲဒီလို ဂုဏ်တော်တွေရဲ့အနက်အဓိပ္ပာယ်ကို သိမြင်နားလည်တဲ့ ပညာဟာလည်း ကျောက်သားမြေသားပါပဲ။

အဲဒီ သဒ္ဓါပညာဆိုတဲ့ ကျောက်သား မြေသားတွေ အဆင့်မြင့်မြင့် ပြည့်စုံနေပြီဆိုရင် မိမိရဲ့ နှလုံးသားဟာ တောင်ထိပ်နဲ့တူတဲ့ နှလုံးသား

ဖြစ်နေပါပြီ။ နှလုံးသားတောင်ထိပ် ဖြစ်နေပါပြီ။

တစ်နည်းအားဖြင့်လည်း သဒ္ဓါတရားကို မြေသားနဲ့ ဥပမာပေးပေါ့။ ပညာကိုတော့ ကျောက်သားနဲ့ ဥပမာပေးပေါ့။ ပညာဆိုတာကတော့ ခိုင်မာရမယ်၊ ထက်မြက်ရမယ်၊ ဆန့်ကျင်ဘက်အန္တရာယ် ဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိရမယ်။ ဒါကြောင့် ပညာကို ကျောက်သားနဲ့တူတယ်လို့ ဥပမာထားလိုက်ပါ။

သဒ္ဓါ ဆိုတာကတော့ နူးညံ့တယ်၊ ပျော့ပျောင်းတယ်။ ပညာတည်း ဟူသော ကျောက်သားတွေ တစ်ခုနဲ့တစ်ခု ကွာဟ မသွားအောင် ဆက်စပ်ပေးနိုင်တယ်။ ဒါကြောင့် သဒ္ဓါကို မြေသားနဲ့ တူတယ်လို့ ဥပမာထားလိုက်ပါ။

သဒ္ဓါတည်းဟူသော မြေသားနဲ့ ပညာတည်းဟူသော ကျောက်သားတို့ တစ်ခုနဲ့ တစ်ခု ဆက်စပ်ပြီးတော့ အဆင့်မြင့်မြင့် ပြည့်စုံသွားပြီဆိုရင် မိမိရဲ့ နှလုံးသားဟာ တောင်ထိပ်နဲ့တူတဲ့ နှလုံးသား ဖြစ်သွားပါပြီ။ နှလုံးသားတောင်ထိပ် ဖြစ်သွားပါပြီ။

အဲဒီနှလုံးသားတောင်ထိပ်ပေါ်မှာ ဘုရားဂုဏ်တော် ပွားများခြင်းအားဖြင့် စေတီတည်ရမှာပါပဲ။ အရဟံဂုဏ်တော် ပွားများရင် အရဟံစေတီ၊ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ပွားများရင် သမ္မာသမ္ဗုဒ္ဓစေတီ . . . စသည်အားဖြင့် . . . နောက်ဆုံးဂုဏ်တော်ဖြစ်တဲ့ ဘဂဝါဂုဏ်တော်ပွားများရင် ဘဂဝါစေတီ တည်ပြီးသား ဖြစ်သွားပါတယ်။

ဂုဏ်တော်ကိုးပါးလုံး ပွားများရင် စေတီကိုးဆူ တည်ပြီးသား ဖြစ်တာပေါ့။ ဂုဏ်တော်အနန္တပွားများရင် စေတီအနန္တတည်ပြီးသား ဖြစ်တာပေါ့။ အခြေအနေ၊ အချိန်အခါနဲ့ ခံစားချက်အပေါ် မူတည်ပြီး ကိုယ်နှစ်သက်ရာစေတီ တည်နိုင်ပါတယ်။



## ကမ္ဘာပေါ်မှာတန်ခိုးအကြီးဆုံးဘုရား သင့်နှလုံးသားထဲမှာရှိပါသည်

ဒီနေ့ တည်ထားကိုးကွယ်မှာက အရဟံစေတီဆိုတော့ အရဟံဂုဏ်တော် ပွားများနေခြင်းသည်ပင် မိမိရဲ့ နှလုံးသားမှာ အရဟံစေတီတည်နေခြင်းပါပဲ။ မိမိရဲ့ နှလုံးသားတောင်ထိပ်မှာ အရဟံစေတီတည်မယ်ဆိုရင် အရဟံဂုဏ်တော်အပေါ်မှာ ယုံကြည်တဲ့ သဒ္ဓါတည်းဟူသော ကျောက်သား မြေသားတွေနဲ့လည်း ပြည့်စုံရမယ်။ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို ပီပီပြင်ပြင် ရှင်းရှင်းလင်းလင်း နက်နက်ရှိုင်းရှိုင်း သိမြင်တဲ့ ပညာဆိုတဲ့ ကျောက်သား မြေသားတွေနဲ့လည်း ပြည့်စုံရမယ်။

အရဟံဂုဏ်တော် ပွားများခြင်းရဲ့ တန်ခိုးသတ္တိတွေအပေါ်မှာလည်း ယုံကြည်ပြီ၊ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်တွေကိုလည်း ထိုးထိုးထွင်းထွင်း သိမြင်ပြီဆိုရင်တော့ မိမိရဲ့ နှလုံးသားဟာ တောင်ထွတ်တောင်ထိပ်ကြီး ဖြစ်ပါပြီ။

အဲဒီအခါမှာ ယုံကြည်တဲ့သဒ္ဓါ၊ သိမြင်တဲ့ပညာကို အခြေခံပြီး

တော့ မိမိ သိထားတဲ့ အရဟံဂုဏ်တော်ကို ထပ်တလဲလဲ ပွားများရမှာပါ ပဲ။ အဲဒီလို ထပ်တလဲလဲ ပွားများလိုက်ပြီဆိုရင် မိမိရဲ့ နှလုံးသားတောင်ထိပ်မှာ အရဟံစေတီတော်ကြီး တဖြည်းဖြည်း၊ တဖြည်းဖြည်းနဲ့ မြင့်တက်ပြီး ပေါ်ပေါက်လာပါတယ်။

နည်းနည်းပဲ ပွားရသေးတယ်၊ အစပဲ ပွားရသေးတယ် ဆိုရင်တော့ အုတ်မြစ်လောက်ပဲ ရှိဦးမှာပါ။ ဒီထက် ဆက်ပွားသွားမယ်ဆိုရင် သူ့အဆင့်နဲ့သူ ပစ္စယံလေးတွေ၊ သပိတ်မှောက်တွေ၊ ငှက်ပျောဖူးတွေ စသည်အားဖြင့် အဆင့်ဆင့် တက်တက်ပြီးတော့ နောက်ဆုံး စိန်ဖူးတော်နဲ့ တကွ ထီးတော်အထွတ် တင်ရမှာပေါ့။ တစ်ကြိမ်လောက်ပဲ ပွားများရုံနဲ့တော့ စေတီတော်ကြီး တစ်ဆူလုံး ပြီးမှာမဟုတ်သေးဘူး။

ပြင်ပလောကမှာ တည်ထားတဲ့ စေတီတော်များဟာလည်း တစ်ရက်တည်းနဲ့ နေချင်းပြီး တည်လို့မှမရဘဲ၊ ပြီးစလွယ်တည်တဲ့ ဘုရားဆိုရင်တော့ ရမှာပေါ့လေ။ ဗေဒင်ယတြာ တွက်ပေးတဲ့သူက ဘယ်နှတောင်လောက်ဘုရား နေ့ချင်းပြီး တည်ရမယ်၊ ဘယ်နှနာရီအတွင်း တည်ရမယ်ဆိုလို့ ဗေဒင် ယတြာသဘောနဲ့ လောလောဆယ် လောကီရဲ့အကျိုး၊ မရေရာမသေချာတဲ့ လောကီအကျိုးတွေကို မျှော်လင့်တောင့်တပြီးတော့ ပြီးစလွယ် တည်တဲ့ ဘုရား၊ သေးသေးငယ်ငယ် တည်တဲ့ဘုရားဆိုရင်တော့ နေ့ချင်း ပြီးချင်ပြီးမှာပေါ့။ တကယ်ပီပီပြင်ပြင်တည်တဲ့ ဘုရားဆိုရင်တော့ ရက်တွေ၊ လတွေ၊ နှစ်တွေ အချိန်ယူရမှာပါပဲ။

အဲဒီလိုပါပဲ၊ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို တစ်ခေါက်လောက် သိထားရုံနဲ့၊ တစ်ခေါက်လောက်ပွားလိုက်ရုံနဲ့ အရဟံစေတီတော်ကြီး မပြီးသေးဘူး။ အကြိမ်ပေါင်း ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်း၊ သိန်းဂဏန်း၊ သန်းဂဏန်း၊ ကုဋေကုဋာ၊ ရက်တွေ၊ လတွေ၊ နှစ်

တွေ ချိုပြီးတော့ အရဟံဂုဏ်တော်ကို ထပ်တလဲလဲ ပွားများရမယ်။

တစ်ခါပွားများရင် အုတ်တစ်ချပ်စီပြီးသားဖြစ်လိုက်၊ တစ်ခါပွားများရင် အုတ်တစ်ချပ်စီပြီးသားဖြစ်လိုက်နဲ့ စေတီတော်ကြီး တဖြည်းဖြည်းနဲ့ ကြီးမားလာပါတယ်။ ဒါကလည်း ဥပမာအရသာ ခွဲခြားပြီး ပြောနေတာပါ။ အရဟံဂုဏ်တော်ကို တိုးတိုးပွားလေ မိမိရဲ့ နှလုံးသားတောင်ထိပ်ဟာလည်း မြင့်မြင့်လာလေ၊ မိမိရဲ့ အရဟံ စေတီတော်ကြီးဟာလည်း ကြီးကြီးလာလေ ဖြစ်တာပါပဲ။

တောင်တည်ဆောက်တဲ့အလုပ်က သီးခြားတစ်ခု၊ စေတီတည်တဲ့အလုပ်က သီးခြားတစ်ခုလို့တော့ မရှိပါဘူး။ စကားအရသာ ဥပမာအနေနဲ့ ထင်ရှားအောင် ပြောရခြင်းပါ။ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို မသိသေးခင် သိအောင် လေ့လာတာကတော့ တောင်ကုန်းဖြစ်အောင် တောင်ထွတ်တောင်ထိပ်ဖြစ်အောင် တည်ဆောက်တယ်ပဲ ထားပါတော့။ သိပြီးတဲ့နောက် အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို ထပ်တလဲလဲ ပွားတာကတော့ စေတီတည်တဲ့ အလုပ်ပါပဲ။

ဒီတော့ မိမိရဲ့ နှလုံးသားတောင်ထိပ်မှာ အရဟံစေတီကြီး တည်ကြရအောင်။ အရဟံဂုဏ်တော်ကို ပွားများဆင်ခြင်နေရင် အရဟံ စေတီတည်တာပါပဲ။

'အရဟံ – ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'

အဲဒါ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ပါပဲ။ အဲဒီအဓိပ္ပာယ်သည်ပင်လျှင် အရဟံ ဂုဏ်တော် ပွားများတဲ့ နည်းလမ်းပါပဲ။ အရဟံဂုဏ်တော်ဆိုတာ ကိလေသာ ကင်းစင်ခြင်းပဲဆိုတာ သိပြီး ဘယ်လို ပွားများရမလဲလို့ တွေးနေစရာ မလိုပါဘူး။

အရဟံဆိုတာ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား

လို့ အဓိပ္ပာယ်လေး တစ်ခေါက် သိပြီးတဲ့နောက် အရဟံဂုဏ်တော်ပွားတဲ့ အခါမှာ 'အရဟံ၊ အရဟံ၊ အရဟံ' နဲ့ အဲဒီလို ပါဠိလိုချည်း ဆက်တိုက်ရွတ် ရမှာ မဟုတ်ပါဘူး။ ရွတ်လို့လည်း ရတော့ ရပါတယ်။

သို့သော် မိမိက ပါဠိလူမျိုး မဟုတ်တဲ့အတွက်ကြောင့် အရဟံ ဆိုတာ ကိလေသာကင်းစင်တဲ့သူလို့ အဓိပ္ပာယ်ရတယ်ဆိုတာ သိထားပေ မယ့် အရဟံ ဆိုတဲ့ စကားလုံးကိုထပ်ကာထပ်ကာရွတ်တဲ့အခါမှာတော့ ရွတ်တိုင်းရွတ်တိုင်း 'ကိလေသာကင်းစင်သူ'ဆိုတဲ့ အဓိပ္ပာယ်ကို သိမြင် မနေတော့ပါဘူး။

ဆိုပါတော့၊ ပုတီးတစ်ပတ် ဆိုရင်ပဲ (၁၀၈)ခေါက်၊ အဲဒီလို (၁၀၈)ခေါက်လုံး အရဟံ၊ အရဟံလို့ ရွတ်နေတဲ့အချိန်မှာတော့ (၁၀၈) ခေါက်လုံး 'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား' ဆိုတဲ့ အဓိပ္ပာယ်ပေါ်မှာ အာရုံမရောက်တော့ပါဘူး။ ပထမနှစ်ခေါက် သုံးခေါက် လောက်ကတော့ အရဟံလို့ ဆိုလိုက်တာနဲ့ ကိလေသာတွေ ကင်းစင်တော် မူသော မြတ်စွာဘုရားလို့ အဓိပ္ပာယ်က အာရုံထဲမှာ ထင်ချင်ထင်လိမ့်မယ်။ နောက်အခေါက်တွေ နောက်အခေါက်တွေကျတော့ အရဟံ အရဟံနဲ့ အ- ရ- ဟံ ဆိုတဲ့ စာလုံးလေး သုံးလုံးပဲ မျက်စိထဲ မြင်နေတော့တယ်။

ဒါမှမဟုတ်ရင်လည်းပဲ မိမိကြည်ညိုတဲ့၊ မိမိ အာရုံယူထားတဲ့ ရုပ်ပွားတော်တစ်ဆူဆူ၊ သို့မဟုတ် ရုပ်ပွားတော် တစ်ဆူဆူရဲ့ မျက်နှာတော်၊ ဒါမဟုတ် စေတီတော်၊ အဲဒီလိုအားဖြင့် မြတ်စွာဘုရားရှင်ရဲ့စေတီတော် တွေ ရုပ်ပွားတော်တွေ မျက်နှာတော်တွေကိုပဲ မိမိအာရုံထဲမှာ မြင်နေတော့ မှာပဲ၊ ကိလေသာ ကင်းခြင်းဆိုတဲ့ ဂုဏ်သတ္တိ၊ ကိလေသာကင်းခြင်းဆိုတဲ့ စိတ်အရည်အသွေးလေးရဲ့အပေါ်မှာ မိမိစိတ်က အာရုံ မရောက်တော့ဘူး။

အဲဒီလိုဆိုရင် မိမိရဲ့ အရဟံစေတီဟာ သိပ်ပြီးတော့ ကြည်ညို

ဖွယ်ရာ မဖြစ်တော့ဘူး။ သိပ်ပြီးတော့ မသပ္ပာယ်တော့ဘူး။ သိပ်ပြီးတော့ အစွမ်းသတ္တိ မထက်မြက်တော့ဘူး။ သိပ်ပြီးတော့ တန်ခိုးမကြီးတော့ဘူး။

သပ္ပာယ်ပြီး တန်ခိုးကြီးတဲ့ အရဟံစေတီကို တည်မယ်ဆိုရင်တော့ စိပ်ပုတီးစိပ်တာ ဝါသနာပါတဲ့ ပုဂ္ဂိုလ်များကလည်းပဲ 'အရဟံ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ အဲဒီလို အပြည့်အစုံဆိုပြီးတော့မှ ပုတီးလေး တစ်လုံးချ၊ နောက်တစ်လုံးကျတော့လည်း 'အရဟံ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ တစ်လုံးချ၊ 'အရဟံ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား' တစ်လုံးချ။ ပါဠိလိုရော၊ မြန်မာလို အဓိပ္ပာယ်ရော ပွားများပြီးတော့မှ ပုတီးလေးတစ်လုံးစီ ချသွား၊ ပါဠိသက်သက်ပွားတာထက် ပိုပြီးတော့ အစွမ်းသတ္တိ ထက်မြက်ပါတယ်။

မြန်မာလိုပါတွဲရွတ်တိုင်းရွတ်တိုင်း မြတ်စွာဘုရားရှင် စိတ်အစဉ်မှာ ကိလေသာတွေကင်းစင်နေတဲ့ သဘောလေးကို အာရုံပြုပြီးတော့ ကြည်ညိုလို့ရပါတယ်။ ဂုဏ်တော်အပေါ်မှာ ကြည်ညိုတဲ့စိတ် ဖြစ်မှလည်းပဲ ဂုဏ်တော်ပွားခြင်းကြောင့် ပီတိပဿဒ္ဓိလို့ခေါ်တဲ့ နှစ်သက်ဝမ်းမြောက်မှု၊ ငြိမ်းအေးမှုဆိုတာ ဖြစ်နိုင်ပါတယ်။

ဂုဏ်တော်အပေါ်မှာ ကြည်ညိုပြီး နှစ်သက်ဝမ်းမြောက် ငြိမ်းအေးနေတဲ့ ပီတိပဿဒ္ဓိ အားကောင်းမှသာလျှင် ဂုဏ်တော်ပွားခြင်းရဲ့ လောကီ လောကုတ္တရာ တန်ခိုးသတ္တိတွေကို အပြည့်အဝ ရရှိနိုင်ပါတယ်။

ဒါပေမဲ့ ဘာဝနာဆိုတာကတော့ စိတ်ရဲ့ အလုပ်မျှသာ ဖြစ်ပါတယ်။ နှုတ်ရဲ့ အလုပ်လည်း မဟုတ်ပါဘူး၊ လက်ရဲ့ အလုပ်လည်း မဟုတ်ပါဘူး။ စိတ်သက်သက်နဲ့ အာရုံပြု ပွားများနိုင်လောက်အောင် မိမိက စိတ်စွမ်းရည် မပြည့်ဝသေးဘူးဆိုရင်တော့ ပြင်ပ ရုပ်ဝတ္ထုပစ္စည်းတစ်ခုခုရဲ့ အကူအညီကို ယူပြီးတော့ ပွားများရမှာပေါ့။

စိတ်သက်သက်နဲ့ပဲ ပွားများလို့ရလာအောင်၊ စိတ်သက်သက်နဲ့ပဲ အာရုံပြုကြည်ညိုလို့ရလာအောင် မိမိမှာ စိတ်စွမ်းရည် ပြည့်ဝနေပြီဆိုရင်တော့ ပြင်ပ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ အကူအညီ လုံးဝ မလိုအပ်တော့ပါဘူး။ နှုတ်ရဲ့ အကူအညီလည်းပဲ လုံးဝ မလိုအပ်တော့ပါဘူး။

ဘာဝနာပွားတဲ့ အချိန်ကို ပြောတာပါ။ ဘာဝနာပွားတဲ့နည်းနဲ့ မဟုတ်ဘဲနဲ့ ကိုယ့်ဘာသာကိုယ် ကြည်ညိုလို့ အသံထွက်ပြီးတော့ ရွတ်ဆိုချင်တယ်၊ ရွတ်ပွားချင်တယ်ဆိုရင်တော့ ရပါတယ်။

စိတ်သက်သက်နဲ့ပဲ ဗုဒ္ဓါနုဿတိဘာဝနာ ပီပြင်လာအောင် ပွားများချင်တယ်ဆိုရင်တော့ အခုပြောမယ့် ဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်တွေကို စိတ်သက်သက်နဲ့ပဲ အာရုံပြုပြီးတော့ ကြည်ညိုရမှာပါ။

ဂုဏ်တော်ပွားသောအားဖြင့် ကိုယ့်နှလုံးသားမှာ တည်လိုက်တဲ့ ဘုရားက ကိုယ့်အတွက်တော့ ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံးဘုရားပါပဲ။ ပြင်ပမှာ တည်ထားတဲ့ ဘုရားတွေက အလကားနေရင်း အလိုအလျောက် ကိုယ့်ကို လာပြီး ကောင်းကျိုးမပေးနိုင်ပါဘူး။ ကိုယ့်နှလုံးသားမှာ တည်ထားတဲ့ ဘုရားကမှ ကိုယ့်ကို ကောင်းကျိုးပေးနိုင်တာပါ။

ပြင်ပက တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ပူဇော်တာဟာ အဲဒီဘုရားတွေကို အာရုံပြုပြီး ကိုယ့်နှလုံးသားမှာ ဘုရားတည်ဖို့အတွက်ပါပဲ။ ကိုယ့်နှလုံးသားမှာ ဘုရားပြောင်းမတည်ဘဲနဲ့တော့ ဘယ်တန်ခိုးကြီးဘုရားကမှ ကိုယ့်ကို မ,မစနိုင်ပါဘူး။

ဂုဏ်တော်တွေကို တစ်ကြိမ်တစ်ခါလောက် ပွားရုံ၊ အကြိမ်နည်းနည်း ပွားရုံနဲ့လည်း တစ်သက်စာ အားကိုးရလောက်အောင် နှလုံးသားထဲက ဘုရားက တန်ခိုးမကြီးသေးပါဘူး။ အကြိမ်ကြိမ်အထပ်ထပ် ပွားမှ တန်ခိုးကြီးလာတာပါ။



## စိတ်အေးချင်ရင်စိတ်အေးသူကိုသတိရပါ

အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်များစွာရှိတဲ့အထဲက အခုပထမဆုံး အဓိပ္ပာယ်ကတော့ 'ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ခု ဦးဇင်း ဆက်ပြီးပြောမယ့် အကြောင်းအရာတွေက ဂုဏ်တော် ပွားများတဲ့အချိန်မှာ စိတ်ထဲကနေ ထပ်တလဲလဲ ဆင်ခြင်နှလုံးသွင်းပြီး ပွား များရမယ့် အချက်အလက်တွေချည်းပါပဲ။ အရဟံရဲ့ အဓိပ္ပာယ်ကို ဗဟု သုတအဖြစ်နဲ့ သိအောင် ပြောပြနေတဲ့ အချက်အလက်များ မဟုတ်ပါဘူး။

ဂုဏ်တော်ပွားတော့မယ်ဆိုရင် အာနာပါနကမ္မဋ္ဌာန်းတို့၊ သတိ ပဋ္ဌာန်ဝိပဿနာတို့ ပွားများသလိုပါပဲ။ သီးသန့် အချိန်ရတယ်ဆိုရင်၊ ထိုင် ဖို့လည်း အဆင်ပြေတယ်ဆိုရင် တင်ပျဉ်ခွေကလေးထိုင်၊ ခါးဆန့်ဆန့်ထား၊ ခေါင်းကလေးလည်း မတ်မတ်ထား၊ မျက်စိလေး မျက်လွှာလေးနှစ်ခုကို အိပ်ခါနီး ပိတ်တဲ့အခါထိသလို ခပ်ဖွဖွလေး ထိပြီး ပိတ်ထား၊ လက်ကို

သင့်တော်သလို အနေအထားလေးနဲ့ ပေါင်ပေါ်၊ ဒူးပေါ်မှာ ထား။

ပြီးတော့ ပထမဆုံးအနေနဲ့ ဝင်လေထွက်လေကို သတိလေးကပ်ပြီးတော့ကြည့်၊ နှာသီးဝ လေထိတဲ့ နေရာကလေးမှာ သတိကပ်ထားပြီးတော့ လေဝင်လာရင် 'ဝင်တယ်'။ လေထွက်လာရင် 'ထွက်တယ်'။ မိမိက နာရီဝက်လောက် ဂုဏ်တော်ပွားမယ် ဆိုလို့ရှိရင်လည်း အာနာပါနကမ္မဋ္ဌာန်းလေးကို သုံးမိနစ်လောက်၊ ငါးမိနစ်လောက်တော့ အရင်ဆုံး ပွားလိုက်ဦးပေါ့။

အာနာပါနကမ္မဋ္ဌာန်းနဲ့ ကိုယ့်စိတ်ကလေးကို အရင်ဆုံး ရှင်းပြီးတော့ ပေးလိုက်ဦး၊ ဝင်လေ ထွက်လေကလေးကို ငါးမိနစ်လောက် ရှုပွားလိုက်လို့ စိတ်ကလေး ကြည်လင်သွားပြီ ဆိုလို့ရှိရင် ခန္ဓာကိုယ်ကလေး ကြည်လင်အေးချမ်းသွားပြီ၊ ခန္ဓာကိုယ်ကလေး ကြည်လင်လန်းဆန်းသွားပြီဆိုလို့ရှိရင် ဂုဏ်တော်ကလေးကို စပြီး ပွားများလိုက်တော့ပေါ့။

ပွားတော့စိတ်ထဲကနေ ဘယ်လိုဆင်ခြင်ရမလဲဆိုရင် ခုပြောခဲ့တဲ့ အဓိပ္ပာယ်ကိုပဲ ဆင်ခြင်ရမှာပါပဲ။ 'အရဟံ – ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ ပထမ နှစ်ခေါက်သုံးခေါက်ပဲ 'အရဟံ'ဆိုတဲ့ ပါဠိစကားလုံး ထည့်ဆိုပြီး နောက်အခေါက်တွေမှာတော့ အရဟံဆိုတဲ့ စကားလုံးကို ဖြုတ်ထားလိုက်လို့ရပါတယ်၊ 'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'။

ဒီအဓိပ္ပာယ်ကလေးကိုပဲ ထပ်တလဲလဲ ပွားများရမယ်။ အကြိမ် ၂၀၊ ၃၀၊ ၄၀၊ ၅၀ လောက်ပွားများလိုက်လို့ရှိရင် နည်းနည်းလေး စိတ်အထိုင်ကျသွားပြီ၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်အပေါ်မှာ အာရုံကပ်သွားပြီ။ အဲဒီအချိန်မှာ အဓိပ္ပာယ်ကို တဖြည်းဖြည်း ချဲ့ထွင်ပြီး ပွားများရမယ်။

'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား' ဆိုတာက

တော့ အမိက ပဓာနအကျဆုံးအချက်ကို လိုရင်းချုပ်ပြီးတော့ ခေါင်းစဉ် တပ်ထားတာပါပဲ။ အမိကလည်း အမိကပါပဲ။ သွားရင်း လာရင်း၊ လုပ်ရင်း ကိုင်ရင်းနဲ့ ပွားတော့မယ်ဆိုရင် အသေးစိတ် အချက်အလက်တွေ တွေးနေဖို့ အချိန်မရဘူး။ အဲဒီအခါမျိုးမှာတော့ 'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ 'အရဟံ၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'၊ ဒါလေးလောက်ပဲ ထပ်တလဲလဲ ပွားများရမှာပါ။

အရဟံ – ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ဒီ လိုရင်းအဓိပ္ပါယ်ကိုပဲ ထပ်တလဲလဲ ပွားနေရမှာပါ။ သီးသန့် ပွားများဖို့ အချိန်ရတယ်ဆိုရင်တော့ အကြိမ် လေးငါးဆယ်လောက် 'ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'လို့ ရိုးရိုးလေး ရွတ်ပွားပြီးရင် တဖြည်းဖြည်းချင်း ချဲ့ထွင်ရမယ်။

'စိတ်အပူအလောင်မှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား'

ကိလေသာဆိုတာ စိတ်ကို ပူလောင်စေတတ်တဲ့တရားတွေ ဖြစ်ပါတယ်။ ကိလေသာ ကင်းစင်တယ်ဆိုတော့ ကိလေသာဆိုတာ ပါဠိစကားလုံး ဖြစ်နေတော့ အဓိပ္ပာယ် ရှင်းချင်မှရှင်းမယ်၊ ဉာဏ်ထဲမှာ ကွင်းကွင်းကွက်ကွက်နဲ့ သဘောပေါက်ချင်မှပေါက်မယ်၊ ကိုယ့်နှလုံးသားထဲမှာ ရောက်ချင်မှရောက်မယ်၊ ကိုယ့်မြန်မာစကားလုံးလေးနဲ့ ဖလှယ်ပြီးတော့ စဉ်းစားလိုက်တော့ ရှင်းသွားတယ်။ ရင်ထဲ ရောက်သွားတယ်။

'စိတ်အပူအလောင်မှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ မြတ်စွာဘုရားရှင်ရဲ့ စိတ်မှာ ပူတာ လောင်တာ လုံးဝ မရှိဘူး။ မြတ်စွာဘုရားရှင်ရဲ့ စိတ်ကလေးဟာ အမြဲတမ်း အေးချမ်းနေတာပဲ။ ငါတို့ စိတ်တွေဆိုရင် အမြဲတမ်း လောဘတွေ၊ ဒေါသတွေနဲ့ ပူလောင်ပြီးတော့

နေလိုက်တာ၊ မြတ်စွာဘုရားရှင်ရဲ့ စိတ်ကတော့ လောဘ၊ ဒေါသစတဲ့ ကိလေသာအပူအလောင်တွေ အမြဲတမ်း ကင်းရှင်းနေတဲ့အတွက်ကြောင့် အေးချမ်းနေတာပဲ'

အဲဒီလို ပွားများနေရမှာပါ။ ခု ဦးဇင်းပြောခဲ့တဲ့ စကားရပ်တွေဟာ ကိုယ့်စိတ်ထဲက ပွားများနေရမယ့် စကားရပ်တွေပါ။ သီးသန့် နားလည် အောင် ရှင်းပြနေတာ မဟုတ်ပါဘူး။ နောက်တစ်လုံး ထပ်ပြီးတော့ ချဲ့ လိုက်။

'စိတ်အညစ်အကြေး မှန်သမျှ ကင်းစင်တော်မူသော မြတ်စွာ ဘုရား'

ကိလေသာဆိုတာ စိတ်ကို ညစ်နွမ်းစေတတ်တဲ့အရာတွေ ဖြစ်ပါ တယ်။ ကိလေသာကင်းတယ်ဆိုတာ စိတ်အညစ်ကြေးတွေ ကင်းနေတာ ပါပဲ။ သြော် မြတ်စွာဘုရားရှင်ရဲ့ စိတ်မှာ အညစ်အကြေးတွေ ဘာမှမရှိဘူး။ လောဘဒေါသစတဲ့ အညစ်အကြေး ဘာမှမရှိဘူး။ မြတ်စွာဘုရားရှင်ရဲ့စိတ် ကလေးဟာ သန့်စင်ပြီးနေတာပဲ။ အဲဒီလို အာရုံပြု ပွားများရမယ်။

နောက်တစ်ခုကတော့ 'စိတ်အနောက်အကျူမှန်သမျှ ကင်းစင် တော်မူသော မြတ်စွာဘုရား'

ကိလေသာဆိုတာ စိတ်ကို နောက်ကျူစေတတ်တဲ့ အရာတွေ ဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ စိတ်မှာ နောက်ကျူနေတာ ဘာမှမရှိဘူး။ မြတ်စွာဘုရားရှင်ရဲ့ စိတ်ကလေးဟာ အမြဲတမ်း ကြည်လင်ပြီးတော့နေတာ ပဲ။

နောက်တစ်ခု 'စိတ်အရှုပ်အထွေးမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား'

ကိလေသာဆိုတာ စိတ်ကို ရှုပ်ထွေးစေတတ်တဲ့ တရားတွေ ဖြစ်

ပါတယ်။ ကိလေသာကင်းစင်တယ် ဆိုတာ စိတ်အရှုပ်အထွေးတွေ ကင်းစင်တာပဲ ဖြစ်ပါတယ်။ သြော် ငါတို့စိတ်ဆိုရင် အမြဲတမ်းရှုပ်ထွေးပြီးတော့နေတာပဲ။ တစ်ခုမဟုတ်တစ်ခု အမြဲတမ်း ရှုပ်ထွေးနေတယ်။ မြတ်စွာဘုရားရှင့် စိတ်ကလေးကတော့ အမြဲတမ်း ရှင်းနေတာပဲ။ အဲဒီလိုပဲ အာရုံပြုကြရမှာ ဖြစ်ပါတယ်။

ကိုယ့်မြန်မာစကားလေးနဲ့ အာရုံပြုလိုက်တော့ ဘုရားကိုကြည်ညိုတဲ့ စိတ်လည်း ပိုဖြစ်တယ်။ ကိုယ်အာရုံပြု နှလုံးသွင်းနေတဲ့ စာသားအဓိပ္ပာယ်နဲ့ သက်ဆိုင်တဲ့ ဘုရားရဲ့ ဓာတ်ကောင်းဓာတ်မြတ်တွေလည်း ကိုယ့်စိတ်မှာ ကူးစက်လာပါတယ်။

'စိတ်အပူအလောင် မှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား'လို့ ပွားလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်စိတ်ကလေးလည်း အပူအလောင်တွေ ချက်ချင်းကင်းပျောက်ပြီးတော့ အေးချမ်းသွားသလို ခံစားရပါတယ်။ တကယ်လည်း အေးချမ်းသွားပါတယ်။

'စိတ်အညစ်အကြေးမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား'လို့ ပွားလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်စိတ်ကလေးလည်း အညစ်အကြေးတွေ ချက်ချင်း ကင်းပျောက်ပြီးတော့ သန့်စင်သွားသလို ခံစားရပါတယ်။ တကယ်လည်း သန့်စင်သွားပါတယ်။

'စိတ်အနောက်အကျုမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား'လို့ပွားလိုက်တာနဲ့တစ်ပြိုင်နက် ကိုယ့်စိတ်ကလေးလည်း အနောက်အကျုတွေ ချက်ချင်းကင်းပျောက်ပြီးတော့ ကြည်လင်သွားသလို ခံစားရပါတယ်။ တကယ်လည်း ကြည်လင်သွားပါတယ်။

'စိတ်အရှုပ်အထွေးမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်စိတ်ကလေးလည်း အရှုပ်အထွေး

တွေ ချက်ချင်းကင်းပျောက်ပြီးတော့ ရှင်းလင်းသွားသလို ခံစားရပါတယ်၊ တကယ်လည်း ရှင်းလင်းသွားပါတယ်။

ဒါကြောင့် 'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'ဆိုတဲ့ စကားရပ်ကလေးကို ကိုယ့်မြန်မာစကားလေးနဲ့ တဖြည်းဖြည်းချဲ့ထွင်ပြီး ပွားများရတယ်။ ချဲ့ထွင်ပြီးတော့ ပွားများတဲ့အခါမှာလည်း ကိုယ့်ဘဝဖြစ်စဉ်၊ ကိုယ့်စိတ်ကလေးရဲ့ ဖြစ်စဉ်ကလေးနဲ့ နှိုင်းယှဉ် နှိုင်းယှဉ်ပြီးတော့ ပွားရမယ်။

လောကမှာ ပုဂ္ဂိုလ်တစ်ယောက်ကို ကြည်ညိုတယ် ကြည်ညိုတယ်ဆိုတာ ကိုယ့်မှာ မရှိတဲ့ အရည်အသွေးတွေ ရှိရင် ကြည်ညိုတာပဲ။ ကိုယ်မလုပ်နိုင်တဲ့ အလုပ်ကို လုပ်နိုင်ရင် ကြည်ညိုတာပါပဲ။

သြော် ငါ့မှာတော့ စိတ်အပူအလောင်တွေ၊ စိတ်အညစ်အကြေးတွေ၊ စိတ်အနှောက်အယှက်တွေ၊ စိတ်အရှုပ်အထွေးတွေနဲ့၊ မြတ်စွာဘုရားမှာတော့ ဒါတွေ ကင်းနေပါလားဆိုတော့ ကြည်ညိုတဲ့စိတ်တွေ တဖွားဖွားပေါ်လာတော့တာပေါ့။

ကြည်ညိုတဲ့ စိတ်တွေ ဖြစ်တာနဲ့အတူ ကိုယ့်သန္တာန်မှာလည်းပဲ စိတ်အပူအလောင်ကင်းတဲ့ခဏ၊ စိတ်အညစ်အကြေး ကင်းတဲ့ခဏ၊ စိတ်အနှောက်အယှက် ကင်းတဲ့ခဏ၊ စိတ်အရှုပ်အထွေး ကင်းတဲ့ခဏတွေ ကူးစက်လာပါတယ်။

စံပယ်ပန်းထုပ်တဲ့ဖက် စံပယ်ပန်းရနံ့ သင်းသလို ကိလေသာကင်းခြင်းဂုဏ်ဆိုတဲ့ စံပယ်ပန်းရနံ့ကလေးနဲ့ ထုံးမွမ်းထားတဲ့ မိမိရဲ့ နှလုံးသားတည်းဟူသော ဖက်ကလေးဟာလည်း ကိလေသာကင်းတဲ့ ရနံ့ကလေးတွေ ကူးစက်လာတာပေါ့။ မြတ်စွာဘုရားရှင်ရဲ့ ကိလေသာ ကင်းစင်တဲ့ဂုဏ်ကို ပွားနေရင်းပွားနေရင်းနဲ့ ကိုယ့်စိတ်မှာလည်း ကိလေသာတွေ

တစ်ဖတ်ပြီးတစ်ဖတ် ကွာကွာကျနေတော့တာပါပဲ။

အဲဒီလို အဓိပ္ပာယ်ကို သိပြီးပွားမှ ကိလေသာက ကွာကျတာ၊ အဓိပ္ပာယ်မသိဘဲနဲ့ ရိုးရိုးပဲ အရဟံ အရဟံနဲ့ဆိုရင်တော့ ကိလေသာကွာကျဖို့ မလွယ်ပါဘူး။ အများစုကတော့ ပုတီးစိပ်ကြတယ်။ ဂုဏ်တော်တွေ ရွတ်ကြတယ်။ ဘာလို့ ရွတ်တာလဲ။ ဈေးရောင်းကောင်းအောင်လို့၊ ရာထူးတက်အောင်လို့၊ စီးပွားတိုးအောင်လို့၊ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်အောင်လို့ စသည်အားဖြင့်၊ အရဟံ အရဟံ ပါးစပ်ကသာ ရွတ်နေတာ စိတ်ထဲ၊ မျက်စိထဲမှာတော့ ကိုယ်လိုချင်တဲ့ အကျိုးတရားတွေကိုပဲ မြင်နေတယ်။

ဈေးရောင်းကောင်းအောင်ဆိုပြီးတော့ အရဟံဂုဏ်တော် ရွတ်တဲ့သူကလည်း 'အရဟံ၊ အရဟံ' ရွတ်နေတာပါပဲ။ မျက်စိထဲ မြင်နေတော့ ကိုယ့်ဆိုင်မှာ ဖောက်သည်တွေ အများကြီး ဝယ်နေတဲ့ပုံပဲ မြင်နေတယ်။ ဒီတော့ အရဟံဂုဏ်တော်အပေါ်မှာ ကြည်ညိုတယ်ဆိုတာ ဘယ်မှာဖြစ်နိုင်ပါတော့မလဲ။

သိပ်မကြာသေးခင်ကပဲ ဦးဇင်းတို့ ရွှေပါရမီတောရကျောင်းကို လာရောက်ဖူးမြော်ကြတဲ့ ဒကာ၊ ဒကာမတွေထဲက တစ်ယောက်က လျှောက်ထားပါတယ်၊ တပည့်တော် အရဟံဂုဏ်တော်ကို တစ်နေ့ တစ်နာရီ ပုတီးစိပ်နေတာ ဆယ်နှစ်တောင်ရှိသွားပြီတဲ့။

ဟာ ဒကာမကြီး ဖွဲကောင်းလှချည်လား။ ဒါနဲ့ အရဟံဂုဏ်တော်ဆိုတာ ဘာလဲ ပြောပြပါဦး။ အရဟံဂုဏ်တော်ဆိုတာ ဘာလဲလို့ မေးလိုက်တော့ သူကလည်း မဆုတ်မဆိုင်း ချက်ချင်းပဲ ဖြေပါတယ်၊ 'မသိပါဘူး'။

အရဟံ ဂုဏ်တော်ကို ပွားနေတာ တစ်နေ့ကို တစ်နာရီ၊ နှစ်ကလည်း ဆယ်နှစ်တောင် ရှိပြီ၊ အရဟံဂုဏ်တော် ဘာလဲ လို့ မေးတော့ မသိဘူးတဲ့၊ ကောင်းကြသေးရဲ့လား။ အဲဒီဒကာမလို လူတွေ အများကြီး

ရှိပါတယ်။

ဒါကြောင့် အရဟံဂုဏ်တော်ကို အဓိပ္ပာယ်မသိပါဘဲနဲ့ မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်ကို ကြည်ညိုလိုက်တာဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို မသိဘဲနဲ့ မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်ကြီး ကြည်ညိုလိုက်တာ၊ ငါတော့ နေ့တိုင်းပွားနေတော့တာပဲဆိုတာ ဖြစ်ကို မဖြစ်နိုင်ပါဘူး။

အရဟံဆိုတဲ့စကားလုံးကို ထပ်ကာထပ်ကာရွတ်ရင် စီးပွားတက်၊ ရာထူးတိုး၊ အန္တရာယ်ကင်း၊ လာဘ်ရွှင်ဆိုတဲ့ အကျိုးတွေ ရနိုင်တယ်ဆိုတဲ့ သူပြောလူပြောနဲ့သာ ရှုပွားနေခြင်း၊ ပုတီးစိပ်နေခြင်းပဲ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ဂုဏ်တော်ကိုကြည်ညိုဖို့ဆိုရင် ဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကို သိရမယ်။ သိထားတဲ့ အဓိပ္ပာယ်ကိုလည်း ထပ်တလဲလဲ ပွားများရပါမယ်။ ပါဠိသက်သက် ပွားများရမှာ မဟုတ်ပါဘူး။ ကိုယ်သိထားတဲ့ မြန်မာလို အဓိပ္ပာယ်တွေကို ထပ်တလဲလဲ ပွားများရမှာပါ။ ထပ်တလဲလဲ စဉ်းစားရမှာပါ။

ပါဠိသက်သက် ရွတ်ပွားတာ မှားတယ်လို့ မဆိုလိုပါဘူး။ မှန်ပါတယ်။ ကုသိုလ်လည်း ရသင့်သလောက် ရပါတယ်။ ဒါပေမဲ့ မြန်မာလို ပွားများတာလောက်တော့ ရင်ထဲ၊ နှလုံးသားထဲ မရောက်ပါဘူး။ ကိုယ့်အတွင်းစိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကြည်ညိုဝမ်းမြောက်တာမျိုး မဖြစ်နိုင်ပါဘူး။ ခတ်ကူးစက်မှုအားလည်း သိပ်ကို နည်းပါးပါတယ်။

မြန်မာစကား အမြဲသုံးနှုန်းနေတဲ့ လူတစ်ယောက်အတွက် ဂုဏ်တော်တွေကို မြန်မာလို ပွားများတာ အကောင်းဆုံးပါပဲ။ ကြည်ညိုဝမ်းမြောက်စိတ်လည်း ပိုအားကောင်းသလို ခတ်ကူးစက်မှုလည်း ပိုနက်ရှိုင်းပါတယ်။

## ဂုဏ်တော်ပွားတယ်ဆိုတာ ကိုယ့်စိတ်ကိုယ်ကြေး(ဂျီး)ချွတ်နေတာပါ

'ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'ဆိုတာ ခုနပြောတဲ့အတိုင်း ပွားများပြီးပြီ။ ပွားများပြီးတော့ နည်းနည်းလေး ထပ်ပြီးတော့ချဲ့လိုက်ပါဦး။ 'ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'ဆိုတဲ့ စကားကိုတော့ အခြေခံအကျဆုံး စကားအဖြစ် မှတ်ပြီး ထားရမယ်။

ကိလေသာတွေကလည်း အမျိုးမျိုးရှိတာဆိုတော့ တစ်မျိုးချင်း အစားသွင်းပြီးတော့ ပွားများရပါမယ်၊ ကိလေသာ(၁၀)ပါးလို့ အများကြားဖူးကြတယ်၊ အဘိဓမ္မာမှာ လာတဲ့အတိုင်း အတိအကျ ပြောရရင်တော့ ကိလေသာ (၁၄)ပါး ပါပဲ။ ဒါအကျဉ်းချုပ်ပေါ့၊ အကျယ်ဆိုတော့ ၁၅၀၀ ကိလေသာ ဆိုတာ ရှိပါတယ်။

အကုသိုလ် စေတသိက် ၁၄ ပါးဆိုတာ စိတ်ကို ပူလောင်စေတတ်၊ ညစ်နွမ်းစေတတ်လို့ ကိလေသာတွေချည်းပါပဲ။ ကိလေသာဆယ်ပါးထဲ တိုက်ရိုက်မပါတဲ့ ကျန်စေတသိက်လေးပါးကို 'ကိလေသာ' လို့

စာပေမှာ သီးခြား နာမည်တပ်မထားပေမယ့် အဲဒီစေတသိက်လေးပါးက လည်း စိတ်ကို ပူလောင်စေတတ်၊ ညစ်နွမ်းစေတတ်တာပဲမို့ ကိလေသာလို့ ခေါ်နိုင်ပါတယ်။ အဲဒီ ကိလေသာ (၁၄)ပါးရဲ့ သရုပ်ကို ရအောင် ကျက် ထားရမယ်၊ ကျက်ထားပြီးတော့ တစ်ခုချင်းတစ်ခုချင်း ပွားများရပါမယ်။

ပထမဆုံး လောဘကိလေသာ၊ 'ကိလေသာ'ဆိုတဲ့နေရာမှာ လောဘကိလေသာကို အစားသွင်းပြီး ပွားများရမယ်၊ 'လောဘကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား ဆိုတဲ့ စကားထဲမှာ ရှေ့က လောဘတစ်ခု ထပ်တိုးလိုက် ပေါ့။ ကိလေသာရဲ့ သဘော အဓိပ္ပာယ်တွေကို တစ်ခုချင်း ပွားများမလို့ပါ၊ လောဘကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား။

အဲဒီမှာ လောဘဆိုတာကလည်း ပါဠိစကားလုံး ဖြစ်နေသေး တယ်။ လောဘရဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အဓိပ္ပာယ်တွေက အများကြီးရှိ ပါတယ်။ လိုချင်တာလည်း လောဘပဲ၊ စွဲလမ်းတာလည်း လောဘပဲ၊ သာယာတာ၊ နှစ်သက်တာ၊ တပ်မက်တာ၊ ငြိကပ်တာ၊ သံယောဇဉ်ဖြစ်တာ၊ အနှောင်အဖွဲ့ရစ်ပတ်တာ၊ ဒါတွေအားလုံးဟာ လောဘတွေချည်းပါပဲ။

'လောဘကင်းစင်တော်မူသော မြတ်စွာဘုရား'လို့ ရိုးရိုးလေး ပွား များရုံလေးနဲ့လည်း အဓိပ္ပာယ်က ကိုယ့်နှလုံးသားထဲမှာ ထိခိုက်ဦးမှာ မဟုတ်ဘူး၊ အဲတော့ လောဘရဲ့ မြန်မာလို အဓိပ္ပာယ်ကိုပါ ဆက်ပြီးတော့ ပွားလိုက်။ 'လိုချင်မှု ကင်းစင်တော်မူသော မြတ်စွာဘုရား'

မြတ်စွာဘုရားဟာ ဘာကိုမှ မလိုချင်တော့ဘူး၊ သက်ရှိပုဂ္ဂိုလ် တွေနဲ့ ပတ်သက်လို့လည်း ဘာကိုမှ မလိုချင်တော့ဘူး၊ သက်မဲ့ အရာဝတ္ထု တွေနဲ့ ပတ်သက်လို့လည်း ဘာကိုမှ မလိုချင်တော့ဘူး။ ဩော် မြတ်စွာ ဘုရား လိုချင်တာဆိုလို့ လောကကြီးမှာ ဘာမှ မရှိတော့ပါလား။

ကောင်းလိုက်တာ ငြိမ်းချမ်းလိုက်တာ၊ ငါတို့ဆိုရင် ဟိုဟာလိုချင် ဒီဟာလိုချင်၊ ဟိုဟာရချင် ဒီဟာရချင်နဲ့ စိတ်က အမြဲတမ်း လိုချင်၊ ရချင်နေတာပဲ။ မြတ်စွာဘုရားရှင်ကတော့ ဘာဆိုဘာမျှ မလိုချင်တော့ဘူး။ လိုချင်မှုတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ လိုချင်မှုအားလုံးကို ပယ်သတ်ပြီးတော်မူသော မြတ်စွာဘုရား။ လိုချင်မှုတွေအားလုံး ချုပ်ငြိမ်းတော်မူသော မြတ်စွာဘုရား စသည်အားဖြင့်ပေါ့။ ကိုယ်စကားပရိယာယ် ကြွယ်ရင်ကြွယ်သလို လိုချင်မှု ကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတာလေးကိုပဲ စကားလုံးအမျိုးမျိုးနဲ့ လှည့်ပတ်ပွားရပါတယ်။

စကားလုံးတစ်လုံးတည်း ထပ်တလဲလဲ ပွားတော့ စိတ် ငြီးငွေ့နေတတ်တယ်၊ မပျော်ဘူး။ ဒီတော့ စကားပရိယာယ်ကလေးတွေနဲ့ ခုန ပြောသလိုပေါ့၊ လိုချင်မှု ကင်းစင်တော်မူသော မြတ်စွာဘုရား၊ လိုချင်မှုတွေအားလုံးကို ပယ်သတ်ပြီးတော်မူသော မြတ်စွာဘုရား၊ လိုချင်မှုတွေအားလုံး ချုပ်ငြိမ်းတော်မူသော မြတ်စွာဘုရား စသည်အားဖြင့် ပွားများရမယ်။

နောက်တစ်ခါ တပ်မက်မှုတွေအားလုံး ကင်းစင်တော်မူသော မြတ်စွာဘုရား၊ သာယာမှုတွေ အားလုံး ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ငြိကပ်မှုတွေအားလုံး ကင်းစင်တော်မူသော မြတ်စွာဘုရား၊ သံယောဇဉ်တွေအားလုံး ကင်းစင်တော်မူသော မြတ်စွာဘုရား၊ အနှောင်အဖွဲ့တွေအားလုံး ကင်းစင်တော်မူသော မြတ်စွာဘုရား။

အဲဒီလိုအားဖြင့် လောဘရဲ့အဓိပ္ပာယ်တွေ၊ လောဘရဲ့သဘောသဘာဝတွေ အားလုံးကို ကိုယ်ဉာဏ်စွမ်းရှိသမျှ၊ ကိုယ် လက်လှမ်းမီသမျှ၊ ကိုယ်စိတ်လှမ်းမီသမျှ၊ တစ်ခုချင်းတစ်ခုချင်း အာရုံပြုပြီးတော့ ပွားများရပါမယ်၊ အဲဒီလို ပွားများလိုက်မယ်ဆိုလို့ရှိရင် . . . .

လိုချင်မှု ကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတာလေးကို ပွား

များလိုက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်စိတ်ဟာလည်း လိုချင်မှုတွေ တဖြည်းဖြည်းချင်း လျော့ပါးသွားပါတယ်။ လိုချင်မှုဆိုတဲ့ လောဘစိတ်ကလေးတွေ ဖြည်းဖြည်းချင်း လျော့လျော့ လျော့လျော့သွားပါတယ်။ လိုချင်တဲ့ ဓာတ်သတ္တိတွေ တစ်ဖတ်ချင်း တစ်ဖတ်ချင်း ကွာ ကွာကျသွားပါတယ်။

သာယာမှု၊ နှစ်သက်မှု စတဲ့စကားလုံးလေးတွေ ကျော်လိုက်ပေါ့။ သံယောဇဉ် ကင်းစင်တော်မူသော မြတ်စွာဘုရား ဆိုတာလေး အာရုံပြုလိုက်တော့ ကိုယ့်မှာ သံယောဇဉ်တွေ များနေတယ်ဆိုရင် သံယောဇဉ်ဆိုတာ မကောင်းဘူးဆိုတာ အလိုလိုနေရင်း ခံစားပြီးတော့ သိပါမယ်၊ ဒီ သံယောဇဉ်တွေကို စွန့်ပစ်ချင်တဲ့ စိတ်လည်း အလိုလို ဖြစ်လာမယ်။ သံယောဇဉ်ဓာတ်တွေလည်း တဖြည်းဖြည်း ပါးလျားပြီးတော့ သွားပါလိမ့်မယ်။ ဂုဏ်တော်ပွားခြင်းရဲ့ အနှစ်သာရဟာ အဲဒါပါပဲ။

ဂုဏ်တော်ပွားတယ်ဆိုတာ အန္တရာယ်ကင်း လာဘ်ရွှင်ဖို့က အဓိက မဟုတ်ပါဘူး။ မိမိ ပွားများတဲ့ ဂုဏ်တော်နဲ့ သက်ဆိုင်တဲ့ စိတ်စွမ်းရည်တွေ၊ မိမိပွားများတဲ့ သက်ဆိုင်ရာ ဂုဏ်တော်နဲ့ လိုက်လျောညီထွေတဲ့ စိတ်အရည်အသွေးတွေ၊ ဘ၀အရည်အသွေးတွေ၊ မိမိရဲ့ နှလုံးသားမှာ၊ မိမိရဲ့ ကိုယ်နှုတ်စိတ်မှာ၊ မိမိရဲ့ ရုပ်နာမ်ခန္ဓာမှာ ကိန်းဝပ်လာဖို့အတွက် ဂုဏ်တော် ပွားများရခြင်း ဖြစ်ပါတယ်။

လိုချင်မှု ကင်းစင်တော်မူသောမြတ်စွာဘုရားလို့ ပွားများနေတာဟာ ကိုယ့်နှလုံးသားမှာ လိုချင်မှုဓာတ်တွေ လျော့ပါးသွားဖို့အတွက်ပါ။ သံယောဇဉ် ကင်းစင်တော်မူသော မြတ်စွာဘုရားလို့ ပွားများနေတာဟာ ကိုယ့်နှလုံးသားမှာလည်း သံယောဇဉ်ဓာတ်တွေ တဖြည်းဖြည်း လျော့ပါးသွားဖို့အတွက်ပါ။ အဲဒီလို အဓိပ္ပာယ်သိသိနဲ့ ပွားရင် ကိလေသာဓာတ်တွေ၊ သံယောဇဉ်ဓာတ်တွေ လျော့ချင်ချင် မလျော့ချင်ချင်၊ လျော့ပြီးတော့ သွား

ပါတယ်။

လျှော့သွားလို့လည်း ဝမ်းနည်းစရာမလိုပါဘူး၊ လောဘဓာတ်တွေ လျှော့သွားတာကိုပဲ တချို့က ဝမ်းနည်းနေတတ်သေးတယ်။ သံယောဇဉ်တွေ ကင်းတော်မူသော မြတ်စွာဘုရားလို့ပွားပြီးတော့ ငါ့ဘယ်သူ့မှ သံယောဇဉ်မရှိရင်တော့ ခက်ရချည်ရဲ့။ ဒီလိုလည်းပဲ ကြံဖန်ပြီးတော့ တွေးနေသူက ရှိတတ်ပါသေးတယ်။ သံယောဇဉ်တွေ လျှော့သွားတာများ ဝမ်းနည်းစရာ မဟုတ်ပါဘူး။

အဲဒီလိုအားဖြင့်ပေါ့လေ၊ လောဘကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတာရဲ့ မြန်မာလို ဖြစ်သင့်တဲ့ အဓိပ္ပာယ်တွေ မိမိဉာဏ်မီသမျှ၊ စိတ်မီသမျှ ချဲ့ထွင်ပြီး ပွားများပါတော့။ ကျန်တဲ့ ကိလေသာတွေကိုလည်း လိုရင်းအဓိပ္ပာယ်လောက်ပဲ ပြောတော့မယ်။ ပွားများတဲ့အခါမှာတော့ ကိုယ့်ဘာသာကိုယ် ရှေ့က လောဘရဲ့အဓိပ္ပာယ်ကို နည်းမှီပြီးတော့ ပွားများလိုက်ကြပါ။

နောက် ကိလေသာတစ်ခုက ဒေါသ၊ ဒေါသကင်းစင်တော်မူသော မြတ်စွာဘုရား၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတဲ့ စကားထဲက 'ကိလေသာ'နေရာမှာ 'ဒေါသ'ကို အစားသွင်းလိုက်၊ ဒေါသကင်းစင်တော်မူသော မြတ်စွာဘုရား၊ ပြီးတော့မှ ဒေါသရဲ့ မြန်မာလို အဓိပ္ပာယ်တွေ အများကြီးရှိတယ်။

ဒေါသဆိုတာ စိတ်ဆိုးတာ၊ စိတ်ပျက်တာ၊ စိတ်ညစ်တာ၊ စိတ်ကောက်တာ၊ အမျက်ထွက်တာ၊ ရန်ငြိုးဖွဲ့တာ၊ ကလဲ့စားချေတာ၊ ဝမ်းနည်းတာ၊ ပူဆွေးတာ၊ လွမ်းဆွတ်တာ၊ ပူပန်တာ၊ ဒါတွေအားလုံးဟာ ဒေါသတွေချည်းပါပဲ။ ကြောက်တာလည်း ပါပါတယ်။ ကြောက်တတ်တယ်ဆိုတာလည်း ဒေါသပါပဲ။ အဲဒါတွေ တစ်ခုချင်း ပွားဖို့ပါပဲ။

ဒေါသထဲက တစ်ခု နမူနာ၊ ကိုယ်ကကြောက်တတ်တယ် ဆိုပါတော့ 'ကြောက်ရွံ့ခြင်း ကင်းတော်မူသောမြတ်စွာဘုရား'၊ မြတ်စွာဘုရား ဘယ်နေရာပဲသွားသွား မကြောက်တတ်ဘူး၊ မြတ်စွာဘုရား ဘယ်သူနဲ့ပဲ တွေ့တွေ့ မကြောက်တတ်ဘူး။ ကြောက်ရွံ့ခြင်း ကင်းတော်မူသော မြတ်စွာဘုရား၊ အဲဒီလို ပွားများရမယ်။ ကြောက်ခြင်း ကင်းတော်မူသော မြတ်စွာဘုရားဆိုတာ ပွားရင်းပွားရင်းနဲ့ ကိုယ့်မှာလည်းပဲ မကြောက်တဲ့ သတ္တိတွေ တဖြည်းဖြည်းချင်း တိုးပွားပြီးတော့ လာပါတယ်၊ ဂုဏ်တော်ပွားခြင်းရဲ့ အနှစ်သာရဟာ အဲဒါပါ။

နောက်တစ်ခု ကိလေသာက မောဟ၊ မောဟဆိုတာ အမှန်ကို အမှန်အတိုင်း မသိတာ၊ အမှန်ကို အမှားလို့သိတာ၊ အမှားကို အမှန်လို့သိတာ။ အဲဒါဟာ မောဟပါပဲ။ အတိုချုပ်ကတော့ အမှန်ကို အမှန်အတိုင်း မသိတာ မောဟပါပဲ။ မောဟ ကင်းစင်တော်မူသော မြတ်စွာဘုရား စသည်အားဖြင့် ပွားများပေတော့။

နောက် ကိလေသာတစ်ခုက မာန။ မာန ကင်းစင်တော်မူသော မြတ်စွာဘုရား။ မာနဆိုတာ ဘဝင်မြင့်တာ၊ ထောင်လွှားတာ၊ တက်ကြွတာ၊ ခြေဖျားထောက်တာ စသည်အားဖြင့်ပေါ့။

နောက်တစ်ခုက ဒိဋ္ဌိ၊ ဒိဋ္ဌိဆိုတာ အယူအဆတွေ လွဲမှားပြီးတော့ နေတာ။ အယူအဆလွဲမှားခြင်း ကင်းစင်တော်မူသော မြတ်စွာဘုရား၊ အယူမှားမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရားလို့ ပွားများရမယ်။

နောက် ကိလေသာတစ်ခုက ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ ဆိုတာကတော့ ယုံမှားသံသယဖြစ်တာ၊ မဆုံးဖြတ်နိုင်ဘဲနဲ့ တွေဝေနေခြင်းကို ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်။ အဲဒီသဘော ကင်းစင်တော်မူသော မြတ်စွာဘုရားလို့ ပွားများရမယ်။ အဲဒီသဘောဆိုတာ စကားတိုအောင် ပြောလိုက်တာ၊ ကိုယ်ပွား

ရင်တော့ စကားအပြည့်အစုံ ဆိုပြီး ပွားပေါ့။

နောက်တစ်ခုက ထိန၊ ထိနဆိုတာ အိပ်ချင်ငိုက်မျဉ်းတာ၊ ထိုင်းမှိုင်းတာ၊ လေးတွဲ့နေတာ၊ ပျင်းရိနေတာ။ အဲဒါ ကင်းစင်တော်မူသော မြတ်စွာဘုရားလို့ ပွားပေတော့။ နောက်တစ်ခုက ဥဒ္ဓစ္စ၊ ဥဒ္ဓစ္စ ကင်းစင်တော်မူသော မြတ်စွာဘုရား။ ဥဒ္ဓစ္စဆိုတာ စိတ်ပျံ့လွင့်တာ၊ စိတ်မတည်ငြိမ်တာ၊ စိတ်ယောက်ယက်ခတ်နေတာ၊ စိတ်တွေ ပြေးလွှားနေတာ။ အဲဒါတွေ ကင်းစင်တော်မူသော မြတ်စွာအုရားလို့ ကိုယ်ကျွမ်းကျင်တဲ့ စကားပရိယာယ်နဲ့ ပွားပေတော့ပေါ့။

နောက်တစ်ခုက အဟိရိက၊ မကောင်းမှုပြုရမှာ မရှက်တာ။ နောက်တစ်ခုက အနောတ္တပ္ပ၊ မကောင်းမှုပြုရမှာမကြောက်တာ။ မကောင်းမှု ပြု ပြော ကြံရမှာ မရှက်, မကြောက်တဲ့သဘော ကင်းစင်တော်မူသော မြတ်စွာဘုရား၊ မကောင်းမှု ပြု ပြော ကြံရမှာ ရှက်, ကြောက်တဲ့ ဟိရီ, ဩတ္တပ္ပနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ အဟိရိကနဲ့ အနောတ္တပ္ပရဲ့ ပြောင်းပြန်က ဟိရီနဲ့ ဩတ္တပ္ပ။ ဒါကြောင့် ပေါင်းပြီးတော့ ပူးတွဲပွားလည်း ရပါတယ်။

အဲဒီတော့ ကိလေသာဆယ်ပါးကို အရင်ဆုံး ကျက်ထားပြီးတော့ ပွားများပါ။ ကိလေသာဆယ်ပါး ကင်းစင်တော်မူသော မြတ်စွာဘုရားလို့ ကိလေသာ ဆယ်ပါး ကင်းစင်တာကို အရင်ဆုံးပွားများပြီးပြီဆိုမှ လူတွေမှာလည်း အဖြစ်များလေ့ရှိတဲ့၊ ကိလေသာဆယ်ပါးထဲမှာလည်း မပါဘဲ ကျန်နေတဲ့ ကိလေသာတွေကို ထပ်ပြီးတော့ တိုးချဲ့ပွားပါ။

ဒေါသကိလေသာနဲ့ သဘောချင်း တူညီလို့ဆိုပြီးတော့ ချန်ထားရစ်ခဲ့တာက ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ။ အဲဒီသုံးပါးကို ဒေါသ ကိလေသာဆိုတဲ့အထဲမှာ ပေါင်းပြီး ထည့်ရမယ်။ ပွားတဲ့အခါမှာတော့ ဒေါသပွားပြီး

တဲ့အခါမှာ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စကိုပါ တစ်ဆက်တည်း ပွားလို့ရပါတယ်။ ခုကတော့ နားလည်လွယ်အောင် ဆယ်ပါးကို အရင်ပြောလိုက်တာပါ။

ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဒီလေးပါးကို 'ဒေါသမူလေးပါး'လို့ ခေါ်ပါတယ်။ ဣဿာဆိုတာကတော့ သူတစ်ပါး ကြီးပွားတာ၊ တိုးတက်တာ၊ ပြည့်စုံတာကို မလိုလားတဲ့ သဘောပါပဲ။ ဣဿာ (အိတ်သာ) ဆိုတဲ့အတိုင်းပါပဲ။ သူများ အိတ်က ကိုယ့်အိတ်ထက် သာနေလို့ရှိရင် သဘောမကျဘူး။ ဒါကြောင့် ကိုယ့်ထက် အိတ်သာတဲ့သူကို သဘောမကျတဲ့သဘော၊ မကျေနပ်တဲ့သဘောကို ဣဿာ (အိတ်သာ)လို့ ခေါ်ပါတယ်။ ဣဿာရဲ့အသံထွက်အတိုင်း အဓိပ္ပာယ်ဖော်လိုက်တာပေါ့။

မစ္ဆရိယဆိုတာ ကိုယ်ကြီးပွားသလို သူများ မကြီးပွားစေချင်တဲ့သဘော၊ ကိုယ်တိုးတက်သလို သူများ မတိုးတက်စေချင်တဲ့သဘော၊ ကိုယ်ပြည့်စုံသလို သူများမပြည့်စုံစေချင်တဲ့သဘောပါပဲ။

ကုက္ကုစ္စဆိုတာကတော့ ပြုခဲ့ပြီးတဲ့ မကောင်းမှုတွေ၊ မပြုခဲ့သေးတဲ့ ကောင်းမှုတွေအတွက် ပြန်လည်သတိရပြီးတော့ နောက်ထပ်တစ်ဖန် ပူပန်တဲ့သဘောပါပဲ။ နောင်တပေါ့။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ဒီလေးမျိုးဟာ ဒေါသသဘော သက်ဝင်နေတဲ့အတွက် ကိလေသာဆယ်ပါးထဲမှာတော့ ဒေါသ ဆိုတဲ့အထဲမှာ ပေါင်းထည့်ထားတယ်။

နောက်ကျန်နေတဲ့ ကိလေသာတစ်ခုကတော့ မိဒ္ဓပါပဲ။ ဒါလည်းပဲ ထိနမိဒ္ဓလို့ အများသုံးနေကြတဲ့အတိုင်း ထိနနဲ့ သဘောချင်းတူလို့ သူ့ကိုလည်း ချန်ထားခြင်း ဖြစ်ပါတယ်။ ကိုယ်ကတော့ ပြည့်စုံအောင် ပွားလိုက်တော့ပေါ့။ မိဒ္ဓဆိုတဲ့ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။ ထိနဆိုတာ စိတ်ထိုင်းတဲ့သဘော၊ မိဒ္ဓဆိုတာ စိတ်မှိုင်းတဲ့သဘော၊ ထိနနဲ့

မိဒ္ဓပေါင်းပြီး ထိနမိဒ္ဓလို့ ပြောရင်တော့ စိတ်ထိုင်းမှိုင်းတဲ့သဘောပေါ့။

တ္ထသာရဲ့သဘောကို ဆင်ခြင်ပြီးရင် 'တ္ထသာကင်းစင်တော်မူသောမြတ်စွာဘုရား . . . ။ မြတ်စွာဘုရားမှာ သူတစ်ပါး ကြီးပွားတာ၊ တိုးတက်တာ၊ ပြည့်စုံတာကို မလိုလားတဲ့သဘော လုံးဝ မရှိဘူး။ သူတစ်ပါး ကြီးပွားတိုးတက်နေတာ၊ သူတစ်ပါး ပြည့်စုံချမ်းသာနေတာကို မြင်တွေ့ရရင် ဝမ်းမြောက်တယ်၊ ကျေနပ်တယ်၊ မြတ်စွာဘုရားမှာ ကြီးမားတဲ့ မုဒိတာတရားနဲ့ ပြည့်စုံတယ်' စသည်အားဖြင့် ပွားများရပါမယ်။

မစ္ဆရိယတို့၊ ကုက္ကုစ္စတို့၊ မိဒ္ဓတို့လည်း နည်းတူပွားများရမှာပါပဲ။ ပါဠိလိုရော မြန်မာလိုသဘောအဓိပ္ပာယ်တွေရောပေါ့။

မြတ်စွာဘုရားရဲ့ တ္ထသာကင်းတဲ့ဂုဏ်ကို ပွားရင်းပွားရင်း ကိုယ့်စိတ်မှာလည်း တ္ထသာစိတ်တွေ တဖြည်းဖြည်း လျော့ပါးသွားပါတယ်။ တ္ထသာဖြစ်ချင်တဲ့စိတ်တွေလည်း မရှိသလောက် ကင်းပြတ်သွားပါတယ်။ အကြောင်းတိုက်ဆိုင်လို့ မလွှဲမရှောင်သာ ဖြစ်လာရင်လည်း ချက်ချင်း သတိဝင်ပြီး ပယ်သတ်နိုင်ပါတယ်။ ဒါဟာ ဂုဏ်တော်ပွားခြင်းရဲ့ အဓိကပဓာနအကျိုးတရားပါပဲ။ ကျန်တဲ့ ကိလေသာတွေလည်း နည်းတူပါပဲ။ မစ္ဆရိယကင်းတဲ့ဂုဏ် ပွားရင် ကိုယ့်မှာ မစ္ဆရိယ ခေါင်းပါးလာတယ်။ ကုက္ကုစ္စကင်းတဲ့ဂုဏ် ပွားရင် ကိုယ့်မှာ ကုက္ကုစ္စ လွင့်ပျောက်သွားတယ်။ မိဒ္ဓကင်းတဲ့ဂုဏ် ပွားရင် ကိုယ့်မှာ မိဒ္ဓချုပ်ငြိမ်းသွားတယ်။

ကိလေသာ ဆယ်ပါး၊ ဆယ့်လေးပါးရဲ့ သရုပ်ကိုလည်း အလွတ်ရအောင် ကျက်ထားရမယ်။ အဲဒီသရုပ်တွေရဲ့ မြန်မာလို ဖြစ်သင့် ဖြစ်ထိုက်တဲ့ အဓိပ္ပာယ်တွေကိုလည်း အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် သိအောင် လုပ်ထားရမယ်၊ လုပ်ထားပြီးတော့ အဲဒီ သိထားတဲ့ အဓိပ္ပာယ်အတိုင်းပဲ မြတ်စွာဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကို ပွားများရပါမယ်။

ဒါလောက်ဆိုရင် ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတဲ့ စကားရပ်ကလေးကို အကျယ်ချဲ့ပြီးတော့ ပွားများတတ်ပါပြီ။ ကိလေသာ (၁၅၀၀) ဆိုပြီးတော့ ပွားလိုက်လို့ရှိရင် ရှုပ်ထွေးသွားမှာစိုးလို့ မပြောတော့ပါဘူး။ ဒီဆယ့်လေးပါးကို ရအောင်ကျက်ထားတယ်ဆိုရင်ပဲ တော်တော်လေး နေရာကျသွားပါပြီ။

ဆယ့်လေးပါးလုံး မရဘူးပဲ ထားလိုက်ပါတော့။ လူတွေမှာ အများစု အဖြစ်များလေ့ရှိတဲ့ လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယဆိုတဲ့ ဒီကိလေသာငါးမျိုးတော့ ရအောင်ကျက်ထားရမယ်။ ဘာမှလည်း မခက်ပါဘူး၊ အမြဲတမ်း သုံးနေကျ စကားလုံးလေးတွေပါပဲ။

ဘာကြောင့် ဒီငါးမျိုးကို ပွားသင့်သလဲဆိုတော့ ဒီငါးမျိုး ကိုယ့်စိတ်အစဉ်မှာ၊ ကိုယ့်နှလုံးသားမှာ မဖြစ်ဖို့အတွက်ပါပဲ။ လောဘလည်း မဖြစ်စေချင်လို့၊ ဒေါသလည်း မဖြစ်စေချင်လို့၊ မာနလည်းမဖြစ်စေချင်လို့၊ ဣဿာလည်း မဖြစ်စေချင်လို့၊ မစ္ဆရိယလည်း မဖြစ်စေချင်လို့။

ဒီတရားငါးမျိုး နှလုံးသားထဲ ဝင်ရောက်နေရင်တော့ ပစ္စုပ္ပန်မှာရော သံသရာမှာရော အကြီးအကျယ် ဒုက္ခရောက်ရတော့မှာပဲ။ ဒါကြောင့် မဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် သတိပေးဖို့အတွက် ဒီငါးမျိုးတော့ အနည်းဆုံး ပွားများစေချင်ပါတယ်။ ဆယ့်လေးပါးလုံး ပွားများရမှာ ပျင်းတယ်ဆိုရင်ပေါ့။

ဂုဏ်တော်ပွားတယ် ဆိုတာ တကယ်တော့ ကိုယ့်စိတ်ကိုယ်ကြေး(ဂျီး) ချွတ်နေတာပါ။ လောဘကြေးတွေ၊ ဒေါသကြေးတွေ၊ မာနကြေးတွေ၊ ဣဿာမစ္ဆရိယကြေးတွေ . . . စသည်အားဖြင့် ကိလေသာကြေးတွေ ကိုယ့်စိတ်မှာ ကင်းစင်သွားအောင် ဂုဏ်တော်ပွားနေတာပါ။ မြတ်စွာဘုရားရဲ့ ကိလေသာကြေး ကင်းစင်တဲ့ဂုဏ်ကို အာရုံပြုနေရင်းနဲ့

ကိုယ့်စိတ်လည်း ခေတ်ကူးပြီး ကိလေသာကြေးတွေ ကင်းစင်သွားတာပါပဲ။ အမြစ်ပြတ် ကင်းစင်ဖို့ကတော့ ဝိပဿနာ ဆက်ရှုရမှာပေါ့။

ကိလေသာကြေး ကင်းစင်လေ, ကုသိုလ်ဘုန်းကံ ကြီးမားလေ၊ ကုသိုလ်ဘုန်းကံ ကြီးမားလေ, လောကီကောင်းကျိုးချမ်းသာတွေ မလိုချင် အဆုံး ရရှိလေပါပဲ။

ကိလေသာနဲ့ ဘုန်းကံဆိုတာ ချိန်ခွင်တစ်ခုရဲ့ ဟိုဘက်ခွက်နဲ့ ဒီဘက်ခွက်လိုပါပဲ။ ချိန်ခွင်တစ်ခုမှာ အလေးထည့်တဲ့ခွက်က ပိုသွားရင် ပစ္စည်းထည့်တဲ့ခွက်က ပေါ့တက်သွားပြီး ပစ္စည်းထည့်တဲ့ခွက်က ပိုသွားရင် အလေးထည့်တဲ့ခွက်က ပေါ့တက်သွားပါတယ်။ အားများရာဘက်၊ အချိန်စီးရာဘက်၊ အလေးသာရာဘက်ကို ချိန်ခွင်လျှာက ပိုထွက်သွားပါတယ်။ တစ်ဖက်ဖက်က အလေးချိန်လျော့လေ တစ်ဖက်ဖက်က ပိုလေးသွားလေ ပါပဲ။

အဲဒီလိုပါပဲ။ ကိလေသာခွက်ဘက်က အလေးသာရင် ချိန်ခွင်လျှာက ကိလေသာဘက် စောင်းထွက်ပြီး ဘုန်းကံခွက်က ပေါ့တက်သွားပါတယ်။ ဘုန်းကံခွက်ဘက်က အလေးသာရင် ချိန်ခွင်လျှာက ဘုန်းကံဘက် စောင်းထွက်ပြီး ကိလေသာခွက်က ပေါ့တက်သွားပါတယ်။ တစ်ဖက်က လေးရင် တစ်ဖက်က ပေါ့ပြီး တစ်ဖက်က ပေါ့ရင် တစ်ဖက်က လေးသွားပါတယ်။ ကိုယ်က ဘုန်းကံခွက်ဘက်ကို ပိုလေးစေချင်တယ်ဆိုရင် ကိလေသာခွက်ဘက်ကို အလေးချိန် လျှော့နိုင်သမျှ လျှော့ရမှာပေါ့။ ကိလေသာခွက်ဘက်က အလေးချိန်လျော့လေ၊ ဘုန်းကံခွက်ဘက်က အလေးချိန် တိုးလေပါပဲ။ ဆိုလိုတာကတော့ ကိလေသာများလေ, ဘုန်းကံနည်းလေ၊ ကိလေသာနည်းလေ, ဘုန်းကံများလေ – ဘုန်းကံကြီးလေ လို့ ဆိုလိုပါတယ်။

## အပွေ့အဖက်သန့်ရင်အငွေ့အသက်ကျန်တယ်

‘ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား’ဆိုတာကို ဆယ့်လေးမျိုးသရုပ်နဲ့ ပွားများပြီးတော့ နည်းနည်းလေး ချဲ့ထွင်ပြီးတော့ ပွားများရဦးမယ်။ ဆိုလိုက်ပါဦး။

‘ဝါသနာ အငွေ့အသက်မကျန် ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား’

အရဟံ၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား၊ ဝါသနာအငွေ့အသက်မကျန် ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ကိလေသာကင်းတယ်ဆိုတဲ့ ဂုဏ်သတ္တိလေးကို ပိုမိုပြည့်စုံအောင် ချဲ့ထွင်ပြီး ပွားများလိုက်ခြင်းပါပဲ။ မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်မှာ ကိလေသာတွေ ကင်းစင်နေတာ ဘယ်လောက်ထိအောင် ကင်းစင်နေသလဲဆိုရင် ဝါသနာ အငွေ့အသက်ကလေးတောင် မကျန်ဘူး။

အခြား အခြားသော ရဟန္တာအရှင်မြတ်များ၊ အခြားအခြားသော ပစ္စေကဗုဒ္ဓါ လို့ခေါ်တဲ့ သီးခြားဘုရားများ၊ အခြားသော ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာအရှင်မြတ်များလည်းပဲ ကိလေသာတွေ အကုန်လုံးကို အရဟတ္တမဂ်နဲ့ ပယ်သတ်ပြီးသားဖြစ်လို့ ကိလေသာ ကင်းစင်နေကြတဲ့ပုဂ္ဂိုလ်များပါပဲ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၊ ရဟန္တာ အရှင်မြတ်များ ကိလေသာ ကင်းစင်ပါလျက်နဲ့ သူတို့ကျတော့ ဘာကြောင့် အရဟံဂုဏ်တော်နဲ့ မချီးကျူးထိုက်တာလဲလို့ဆိုရင် သူတို့တစ်တွေ ကိလေသာ ကင်းစင်ကြတယ်ဆိုတာက ဝါသနာ အငွေ့အသက်တွေ ကျန်ပြီးတော့နေတယ်၊ ဝါသနာအငွေ့အသက်တွေကို မပယ်သတ်နိုင်ကြဘူး။

ဝါသနာ ဆိုတဲ့ စကားလုံးကို မြန်မာစကားအဖြစ်နဲ့ အမြဲတမ်း ပြောနေကြတာဆိုတော့ ဝါသနာဆိုတာ ဘာလဲမေးရင် ဝါသနာဆိုတာ ဝါသနာပေါ့လို့ပဲ ပြောကြမှာပေါ့နော်။

ဝါသနာဆိုတာ အထုံကို ပြောတာပါပဲ။ ဒီဝါသနာနဲ့ အထုံဆိုတဲ့ စကားလုံးလေးကို တွဲတွဲပြီး ပြောကြတာဆိုတော့ မှတ်လို့လည်း သိပ်မခက်ပါဘူး။ အထုံဝါသနာ အထုံဝါသနာလို့ပြောလေ့ရှိတယ်။ ဝါသနာ ဆိုတာ အထုံ၊ ထုံတယ်ဆိုတာ ထပ်တလဲလဲ ပြုလုပ်တာကို ခေါ်တာပါပဲ။

ပစ္စည်းဝတ္ထုတစ်ခုခုကို အနံ့ကောင်းကောင်းလေး ရအောင်လို့ဆိုရင် အနံ့ကောင်းကောင်းလေးရှိတဲ့ သေတ္တာလေးထဲ၊ ပစ္စည်းထုပ်လေးထဲမှာ အဲဒီ တခြား ပစ္စည်းလေးတစ်ခုကို အချိန်ကြာကြာလေး ထားလိုက်ရတယ်။ သေတ္တာထဲ၊ ပစ္စည်းထုပ်ထဲက အနံ့လေးက အဲဒီပစ္စည်းလေးနဲ့ ထပ်တလဲလဲ ထပ်တလဲလဲ ထိတွေ့ဖန်များတော့ တခြားပစ္စည်းမှာပါ ခတ်ကူးပြီး အနံ့လေး ရလာတယ်။

အဲဒီလိုအားဖြင့် ဝါသနာ – ထုံတယ်ဆိုတာ ထပ်တလဲလဲပြုလုပ်

တာကို ပြောတာပါပဲ။ ပုထုဇဉ်ဘဝတုန်းက ကိလေသာတွေနဲ့ ထပ်တလဲလဲ ပြုလုပ်လာခဲ့တဲ့ အပြောအဆို အပြုအမူတွေကို ဝါသနာ လို့ခေါ်ပါတယ်။

တစ်နည်းပြောရင်တော့ ဝါသနာဆိုတာ ကိလေသာအစွမ်းသတ္တိပါပဲ။ ဒီလူမှာ ဒီကိလေသာရှိတယ် ဆိုတာကို ဒီအပြောအဆို ဒီအပြုအမူကို ကြည့်ပြီးတော့ သိနိုင်တာ ဖြစ်တဲ့အတွက်ကြောင့် ကိလေသာရဲ့ အစွမ်းသတ္တိ၊ ကိလေသာရဲ့ အရိပ်အရောင်၊ ကိလေသာရဲ့ အသွင်သဏ္ဍာန်ကို ဝါသနာလို့ ခေါ်ပါတယ်။

သံသရာမှာ လောဘကိလေသာနဲ့ လောဘစိတ်တွေနဲ့ ထပ်တလဲလဲ အထုံရထားတဲ့ပုဂ္ဂိုလ်ဟာ ရဟန္တာဖြစ်လို့ လောဘကိလေသာ ကင်းသွားတာတောင်မှ သူ့ရဲ့အပြောအဆိုလေး၊ သူ့ရဲ့ အပြုအမူလေးက လောဘရဲ့ အငွေ့အသက်ကလေး ကျန်ရှိနေသေးတယ်။ အကြောင်းမသိတဲ့လူဆိုရင် ဒီပုဂ္ဂိုလ် လောဘ ရှိသေးတယ်၊ လောဘ ကိလေသာ မကုန်သေးဘူး လို့ ကောက်ချက်ချမိစရာပါပဲ။

သံသရာမှာ ဒေါသကိလေသာနဲ့ ထပ်တလဲလဲ အထုံရထားတဲ့ ပုဂ္ဂိုလ်ဆိုရင်လည်း ရဟန္တာ ဖြစ်လို့ ဒေါသကိလေသာ ကင်းသွားပေမယ့် သူ့ရဲ့ အပြောအဆို၊ သူ့ရဲ့ အပြုအမူတွေက ဒေါသအငွေ့အသက်ကလေး ကျန်နေသေးတယ်။ ဟိုယခင် ဒေါသကိလေသာကို မပယ်သတ်နိုင်သေးတုန်းက ဒေါသနဲ့ ထပ်တလဲလဲ ပြုလုပ်ခဲ့တဲ့ အပြောအဆို အပြုအမူတွေက ဒီမှာ အရိပ်လာထင်နေတဲ့သဘော၊ ဒေါသဆိုင်ရာ အလေ့အကျင့်က မပျောက်ပျက်ဘဲ ရှိနေသေးတဲ့သဘောပါပဲ။

အတိုချုပ်ပြောမယ်ဆိုရင်တော့ ဝါသနာဆိုတာ ကိလေသာရဲ့ အစွမ်းသတ္တိ၊ ကိလေသာရဲ့ အရိပ်အယောင်၊ ကိလေသာ လွှမ်းခြုံနေတဲ့ အပြောအဆို အပြုအမူ၊ ကိလေသာရှိတယ်လို့ ထင်ရတဲ့အမူအရာ၊ ဒါကို

ဝါသနာလို့ ခေါ်ပါတယ်။

မြတ်စွာဘုရားရှင်မှာတော့ အဲဒီလို ကိလေသာ အသွင်သဏ္ဌာန်ဆောင်တဲ့ အပြုအမူအပြောအဆိုတွေ ဘာမှမရှိတော့ပါဘူး။ မြတ်စွာဘုရားရဲ့ အပြောအဆို၊ အပြုအမူလေး ကြည့်ပြီးတော့ မြတ်စွာဘုရား လောဘသိပ်ကြီးတာပဲ၊ မြတ်စွာဘုရား ဒေါသသိပ်ကြီးတာပဲလို့ ထင်ရလောက်အောင် ကိလေသာရဲ့ အငွေ့အသက်တွေ တစ်စွန်းတစ်စမှ မြတ်စွာဘုရားရှင်ရဲ့ သန္တာန်မှာ မတွေ့မမြင်ရတော့ပါဘူး။

တခြားသော ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာအရှင်မြတ်များကတော့ ကိလေသာတွေ အကြွင်းမဲ့ ကုန်နေပေမယ့် ဝါသနာလေးတွေက တချို့ရှိနေတတ်တယ်။ တချို့ရယ်လို့ မဟုတ်ဘူးပေါ့လေ။ ပစ္စေကဗုဒ္ဓါတွေ၊ ရဟန္တာတွေအားလုံးမှာ ဝါသနာ အငွေ့အသက်တွေ ရှိတာချည်းပါပဲ။ သိပ်မထင်ရှားတာနဲ့ ထင်ရှားတာပဲ ကွာပါတယ်။

ထင်ထင်ရှားရှားကို အထုံရခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ သူ့ရဲ့အပြောအဆို၊ အပြုအမူက ကိလေသာရှိတဲ့ အပြောအဆို၊ အပြုအမူမျိုး ထင်ထင်ရှားရှား ဖြစ်နေတတ်တယ်။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက အရှင်ပိလိန္ဒဝစ္ဆလို့ခေါ်တဲ့ ရဟန္တာအရှင်မြတ်ကြီးတစ်ပါး ရှိပါတယ်။ အဲဒီအရှင်မြတ်ကြီးဟာ သံသရာမှာ မာနကိလေသာနဲ့ ထပ်တလဲလဲ ထုံထားတဲ့ အပြောအဆို အမူအရာလေး တစ်ခု ရှိနေတယ်။

ရဟန္တာအရှင်မြတ်ကြီး ဖြစ်တဲ့အတွက်ကြောင့် မာနကိလေသာကတော့ အကြွင်းမဲ့ ပယ်ပြီးသားပါပဲ။ ဒါပေမဲ့ စကားပြောလိုက်ပြီဆိုရင် တကယ့်ကို မာနကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ထင်မှတ်ရတယ်။ အမျိုးသားတစ်ယောက် လမ်းမှာတွေ့ပြီ၊ ဒါမှမဟုတ် ကျောင်းမှာတွေ့ပြီဆိုရင်

တွေ့လိုက်တာနဲ့ 'ဟဲ့ လူယုတ်မာကြီး၊ ဘယ်ကလာတာလဲ'။ ကျောင်းထဲကနေ အပြင်ပြန်တော့မယ်ဆိုရင်လည်း 'ဟဲ့ လူယုတ်မာကြီး၊ ပြန်တော့မှာလား၊' ဒီလို ပြောလေ့ရှိတယ်။

အမျိုးသမီးတစ်ယောက် တွေ့တယ်ဆိုရင် 'ဟဲ့ အယုတ်မကြီး၊ ဘယ်သွားမလို့လဲ'၊ 'ဟဲ့ အယုတ်မကြီး ပြန်တော့မလို့လား' စသည်အားဖြင့် လူတွေ့လို့ရှိရင် ဒကာကြီး၊ ဒကာမကြီး စသည်အားဖြင့် ဘယ်တော့မှ ပြောလေ့မရှိဘူး။ ယောကျ်ားဆိုရင် 'ဟဲ့ အယုတ်ကောင်'၊ အမျိုးသမီးဆိုရင် 'ဟဲ့ အယုတ်မ'၊ ဒီလိုပဲ အမြဲပြောလေ့ရှိတယ်။ ပါဠိလိုဆိုရင်တော့ 'ဝသလ' ပေါ့။

အကြောင်းမသိတဲ့သူ၊ အရှင်မြတ်ကြီးရဲ့ စိတ်တော်ကို မသိတဲ့သူဆိုရင် 'ဟာ ဒီကိုယ်တော် တော်တော်မိုက်ရိုင်းတဲ့ ကိုယ်တော်ပဲ။ ဒီကိုယ်တော် အပြောအဆို ကြမ်းတမ်းလိုက်တာ။ တော်တော်မာနကြီးတဲ့ ကိုယ်တော်ပဲ၊ တော်တော် ဘဝင်မြင့်တယ်။ သူ့ကိုယ်သူ ဘာများထင်နေသလဲ မသိဘူး။ တို့လှူတာတွေစားနေပြီး ဘဝင်မြင့်လိုက်တာ၊ မာနကြီးလိုက်တာ၊ ဒေါသကလည်း ကြီးလိုက်တာ' စသည်အားဖြင့် ဝေဖန်မိမှာ အသေအချာပါပဲ။

သူ့များအပြစ်ကို အလွယ်တကူ ရှုမြင်တတ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုရင်တော့ တစ်ဆင့်စကား ကြားတာနဲ့ကိုပဲ 'အဲဒီ ကိုယ်တော်ဆီကို ငါ ဘယ်တော့မှ မသွားဘူး၊ ကြည်ညိုစရာ တစ်စက်မှ မရှိတဲ့ ကိုယ်တော်' စသည်အားဖြင့် အစဉ်အမြဲ အပြစ်တင်နေမှာ သေချာပါတယ်။

ဘာဖြစ်လို့ ဒီလို မာနကိလေသာ ဝါသနာအငွေ့အသက်တွေ လွှမ်းမိုးနေသလဲဆိုရင် ဒီအရှင်ပိလိန္ဒဝစ္ဆက အရှင်ပိလိန္ဒဝစ္ဆဘဝ မရောက်ခင် ဘဝငါးရာဆက်တိုက် ဇာတ်မြင့်တဲ့ ပုဏ္ဏားမျိုးမှာ ဖြစ်ခဲ့ဖူးတယ်။

အဲဒီခေတ်က ဓာတ်မြင့် ဓာတ်နိမ့် ခွဲတဲ့ခေတ်ဆိုတော့ ဓာတ်မြင့်တဲ့ ပုဏ္ဏားမျိုး၊ ပညာရှိမျိုးမှာ ဖြစ်ခဲ့တော့ သူသာလျှင် ဓာတ်မြင့်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒီ့ပြင်လူတွေဟာ ဓာတ်နိမ့်တဲ့လူတွေ ဖြစ်တယ်ဆိုပြီးတော့ . . .

တခြားလူတွေအပေါ်မှာ အဲဒီလို ကြမ်းတမ်းတဲ့စကား၊ မောက်မာတဲ့ စကားတွေ၊ သူတစ်ဖက်သားကို နှိမ့်ချတဲ့စကားတွေနဲ့ အမြဲတမ်း ဘဝငါးရာဆက်တိုက် ပြောလာခဲ့တယ်၊ မာနကိလေသာနဲ့ သူ့ရဲ့ နှုတ်ကိုအမြဲတမ်း ထုံမွှမ်းထားခဲ့တယ်။ အဲဒီအထုံက အခုရဟန္တာဖြစ်တဲ့အထိ ပါနေတာပါပဲ။ ပရိနိဗ္ဗာန်ပြုတဲ့အထိ ဆိုပါတော့။

ထပ်တလဲလဲ ပြောခဲ့၊ ပြုခဲ့တဲ့ အမူအရာတွေဟာ အထုံဓာတ် အားကောင်းနေတဲ့အတွက် ဖျောက်ဖျက်ပစ်ဖို့ အင်မတန်ခက်ပါတယ်။ အထုံသဘောမျိုး ပြောခဲ့၊ ပြုခဲ့စဉ်တုန်းက ကိလေသာတွေ အခြေခံခဲ့ပေမယ့် ရဟန္တာဖြစ်ပြီးလို့ ပြောနေ၊ ပြုနေစဉ်မှာတော့ ကိလေသာတွေ အခြေမခံတော့ပါဘူး။ ဒါပေမဲ့ အပြော၊ အပြု အမူအရာကို ကြည့်ရင် ကိလေသာတွေ လွှမ်းမိုးနေသလို ထင်ရပါတယ်။

ရဟန္တာ မဖြစ်သေးသမျှ ကိလေသာရှိကြတာချည်းမို့ ပုထုဇဉ်ဘဝမှာ ကိလေသာအခြေခံတဲ့ အပြောအဆို၊ အပြုအမူတွေကို ပြောကြ၊ ပြုကြတာချည်းပါပဲ။ ဒါပေမဲ့ ကိလေသာအစွန်းရောက်တဲ့ အပြောအဆိုအမှားမျိုးတွေ၊ ကိလေသာအစွန်းရောက်တဲ့ အပြုအမူအမှားမျိုးတွေကိုတော့ ထပ်တလဲလဲ မပြော၊ မပြုမိဖို့ အထူးသတိထားရပါမယ်။

နို့မဟုတ်ရင် အထုံဝါသနာ ပါသွားပြီး ရဟန္တာဖြစ်တာတောင် ကြည်ညိုဖွယ်မဆောင်ဘဲ ဂုဏ်ရောင်မှေးမှိန်နေပါလိမ့်မယ်။ သာမန်ပုထုဇဉ်ဘဝမှာ အထုံဝါသနာဆိုးတွေ ထင်ရှားနေရင်တော့ ဂုဏ်သိက္ခာ ကျဆင်းလိုက်မှာ မပြောပါနဲ့တော့။



## အပေါ်ယံကြည့်ပြီးဝေဖန်တာ
## အပေါ်ယံသမားတွေရဲ့အလုပ်ပါ

တစ်နေ့တော့ ဒကာတစ်ယောက် ပိတ်ချင်းသီး ထည့်ထားတဲ့ တောင်းလေးကို ကိုင်ပြီးတော့ လမ်းမပေါ်မှာ လျှောက်လာတယ်။ မနက်စောစော အရှင်ပိလိန္ဒဝစ္ဆကလည်း ဆွမ်းခံကြွလာတယ်။ ဆွမ်းခံထွက်ရင်းနဲ့ ပိတ်ချင်းသီးတောင်း ကိုင်ထားတဲ့ ဒကာကိုမြင်တော့ သူ့ဝသီအတိုင်း သူ့ဝါသနာအတိုင်း . . .

'ဟဲ့ အယုတ်တမာကောင်၊ တောင်းထဲက ဘာတွေလဲ'

အဲဒီလို မေးတော့ ပိတ်ချင်းသီးတောင်း ကိုင်ထားတဲ့ ဒကာက တော်တော် ချဉ်သွားတယ်။ တော်တော် အမြင်ကတ်သွားတယ်။ 'ဟာ ဒီကိုယ်တော်စကားပြောတာ ကြမ်းတမ်းလိုက်တာ၊ ငါ့ကိုများ အယုတ်ကောင်လေး ဘာလေးနဲ့၊ သူက အယုတ်ကောင်လို့ပြောတော့ ငါကလည်း ခပ်ကြမ်းကြမ်းပဲ ပြန်ပြောရမှာပေါ့၊ အိုးရှဲ့ရင် စလောင်းရှဲ့နဲ့ ပြန်ဖုံးလိုက်မယ်' ဆိုပြီးတော့ . . .

'ကိုယ်တော် . . . ကြွက်ချေးတွေ၊ ကြွက်ချေးတွေ'

လို့ ပြန်ပြောလိုက်တယ်။ အဲတော့ အရှင်မြတ်ကြီးကလည်းပဲ

'သြော် . . . ကြွက်ချေးဆိုလည်း ကြွက်ချေးပေါ့လေ'

အဲဒီလို ပြောလိုက်ပြီးတော့ ဆွမ်းခံဆက်ကြွသွားတယ်။ စကားပြောဆိုပြီးလို့ ပိတ်ချင်းသီးဒကာက သူ့တောင်းထဲက ပိတ်ချင်းသီးတွေကို ငုံ့လည်း ကြည့်လိုက်ရော၊ အကုန်လုံး ကြွက်ချေးတွေ ဖြစ်နေတယ်။ ပိတ်ချင်းသီးတောင်းလည်း ကြွက်ချေးတောင်းပဲ ဖြစ်သွားတယ်။

ခပ်လှမ်းလှမ်းမှာ ထားထားတဲ့လှည်းပေါ်မှာ ဖြည့်ထားပြီးသား ပိတ်ချင်းသီးတွေ ပြေးကြည့်လိုက်တဲ့အခါမှာလည်း လှည်းပေါ်မှာ တင်ထားပြီးသား ပိတ်ချင်းသီးတွေ အားလုံးဟာ ကြွက်ချေးတွေအားလုံး ဖြစ်ကုန်တယ်။

'ဒါဟိုကိုယ်တော်လက်ချက်ပဲ ဖြစ်ရမယ်။ ဟိုကိုယ်တော် ဘာမျက်လှည့်အတတ်တွေ တတ်ထားလဲ မသိဘူး။ ဘာပဋ္ဌလက်အတတ်တွေ တတ်ထားလည်း မသိဘူး။ ဘာအောက်လမ်းနည်းတွေနဲ့ ငါ့ကို လုပ်ထားလဲ မသိဘူး။ ဘယ်နှကြိုးများ တတ်ထားလဲ မသိဘူး။ ဒီကိုယ်တော် လက်ချက်ပဲ ဖြစ်မယ်။ သူ့ကို ကြွက်ချေးလို့ ပြောလိုက်တာနဲ့ ငါ့ပိတ်ချင်းသီးတွေ အကုန်လုံး ကြွက်ချေးတွေ အကုန်လုံး ဖြစ်ကုန်တာပါပဲ။ ဘယ်လိုများ လုပ်ရပါ့မလဲ'

ဆိုပြီးတော့ စိတ်ညစ်နေတယ်။

အဲဒီအချိန်မှာ လူတစ်ယောက်က အကြံပေးတာနဲ့ သူပေးတဲ့ အကြံအတိုင်း လုပ်လိုက်ပါတယ်။ ကြွက်ချေးတောင်းကြီး ကိုင်သွားပြီးတော့ အရှင်ပိလိန္ဒဝစ္ဆရဲ့ နောက်ကနေ ပြေးလိုက်တယ်။ လိုက်ပြီးတော့ အရှင်ပိလိန္ဒဝစ္ဆရဲ့ ရှေ့နားမှာ ယောင်လည်လည်လေး ရပ်နေတယ်။ အဲဒီ

အချိန်မှာ အရှင်ပိလိန္ဒဝစ္ဆကတော့ ထုံးစံအတိုင်းပါပဲ။ စကားလုံး မပြင်ပါဘူး။

'ဟဲ့ အယုတ်တမာ၊ တောင်းထဲက ဘာတုံး'

'အရှင်ဘုရား၊ ပိတ်ချင်းသီးပါဘုရား'

ရိုသေလွန်းလို့ ပြောတာတော့ မဟုတ်ဘူး။ သူ့ကြွက်ချေးတွေ ပိတ်ချင်းသီး ပြန်ဖြစ်ချင်လို့ ပြောတာပါနော်။ ပိတ်ချင်းသီးတွေပါဘုရား လို့လျှောက်တော့ . . . .

'အေးလေ၊ ပိတ်ချင်းသီးတွေဆိုလည်း ပိတ်ချင်းသီးတွေပဲပေါ့'

အဲဒီလိုလည်း ပြောလိုက်ရော တောင်းထဲကကြွက်ချေးဖြစ်နေတဲ့ ပိတ်ချင်းသီးတွေ အကုန်လုံး ပိတ်ချင်းသီးတွေ ပြန်ဖြစ်သွားပါတယ်။ အဲဒီတော့မှ အဲဒီ ဒကာက မထေရ်မြတ်ကို ရှိခိုးပြီး သူ့လှည်းပေါ် သွားကြည့်လိုက်တော့ လှည်းပေါ်က ကြွက်ချေး ဖြစ်နေတာတွေ အားလုံးလည်း ပိတ်ချင်းသီးတွေ ပြန်ဖြစ်သွားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားရှင်မှတစ်ပါး အခြားသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ၊ ရဟန္တာအရှင်မြတ်များဟာ ကိလေသာကင်းစင်ပေမယ့် ဝါသနာ အငွေ့အသက်ကလေးတော့ ကျန်နေသေးတယ်။

အရက်ပုလင်းထဲမှာရှိတဲ့ အရက်တွေကို သွန်ချလိုက်လို့ရှိရင် အရက်တွေ တစ်စက်မှ ပုလင်းထဲမှာ မရှိတော့ပေမယ့် အဲဒီ ပုလင်းဟာ အရက်နံ့ နံနေပါသေးတယ်။ အရက်က ပုလင်းထဲမှာ အကြာကြီး နေနေခဲ့တာဆိုတော့ အထုံရနေလို့ အဲဒီ ပုလင်းဟာ အရက်နံ့ စွဲနေတာပေါ့။

အရက်ပုလင်းနဲ့ ဥပမာ ပေးတာ မကောင်းရင် ငါးပိအိုးနဲ့ ဥပမာ ပေးပေါ့။ ဒါလည်း သိပ်တော့ မကောင်းပါဘူးလေ၊ မကောင်းတဲ့ဟာဆိုတော့ မကောင်းတဲ့ ဥပမာပဲ လာမှာပါပဲ။ ငါးပိတွေ သိပ်ထည့်ထားတဲ့

ငါးပိအိုးထဲက ငါးပိတွေကို တစ်ဖတ်မှမကျန်အောင် အကုန်လုံး ထုတ်ပြီးတော့ သွန်ချလိုက်ပေမယ့် ငါးပိနံ့ကတော့ စွဲကျန်နေသေးတာပါပဲ။

အဲဒီလိုပါပဲ။ မိမိရဲ့စိတ်ဆိုတဲ့ ငါးပိအိုးထဲမှာ ကိလေသာ ဆိုတဲ့ ငါးပိတွေကို အကုန်လုံး ထုတ်လိုက်ပေမယ့် ဒီစိတ်ငါးပိအိုးထဲမှာ ကိလေသာငါးပိနံ့ကလေးတော့ စွဲကျန်နေသေးတယ်။ ဒါဟာ ဝါသနာအငွေ့အသက်တွေပါပဲ။

ဒီတော့ ခုန အရှင်ပိလိန္ဒဝစ္ဆနဲ့ ပိတ်ချင်းသီးဒါယကာတို့ရဲ့ ဖြစ်စဉ်လေးကို ကြည့်ပြီးတော့ ကောက်ချက်ချရမယ်ဆိုရင် လူတစ်ယောက်ရဲ့ အပေါ်ယံ အပြောအဆို၊ အပေါ်ယံ အပြုအမူလေးကို ကြည့်ပြီးတော့ အလွယ်တကူ မကဲ့ရဲ့မိဖို့၊ မရှုတ်ချမိဖို့၊ မဝေဖန်မိဖို့၊ အပြစ်မပြောမိဖို့ အထူးသတိထားရမယ်။

ကိုယ် ကဲ့ရဲ့ ဝေဖန်တဲ့ ပုဂ္ဂိုလ်က ကိုယ် ကဲ့ရဲ့ ဝေဖန်တဲ့အတိုင်းပဲ အပြစ်ရှိနေတယ် ဆိုရင်တော့ သိပ်မထောင်းတာလှဘူးပေါ့။ ကိုယ်ထင်သလို မဟုတ်ဘဲနဲ့ ခုန အရှင်ပိလိန္ဒဝစ္ဆကို ဝေဖန်မိသလိုမျိုး ဖြစ်သွားမယ်ဆိုရင်တော့ ကိုယ့်မှာ အင်မတန် အပြစ်ကြီးပါတယ်။

အရိယာဖြစ်နေပြီးသားပုဂ္ဂိုလ်ကို သူ့ရဲ့ ကိုယ်မကြိုက်တဲ့ အပေါ်ယံ အပြုအမူ၊ အပြောအဆိုလေး ကြည့်ပြီးတော့ ဝေဖန် ပြောဆိုမိမယ်ဆိုရင်တော့ အရိယူပဝါဒ ကံကြီးထိုက်ပြီးတော့ ဒီဘဝမှာ တရားအားထုတ်ချင်သလောက်အားထုတ်၊ တရားထူးတရားမြတ် မရနိုင်ပါတော့ဘူး။

ဒီဘဝက သေဆုံးသွားရင်လည်း အဝီစိငရဲကို တန်းရောက်သွားမယ်၊ ဖြစ်လေရာဘဝသံသရာမှာလည်း အပါယ်လေးဘုံမှာ ကျင်လည်ရဦးမယ်၊ လူဖြစ်တော့လည်း လူစဉ်မမီတဲ့သူသာဖြစ်လိမ့်မယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ အပေါ်ယံ အပြောအဆို အပြုအမူလေးတွေ ကြည့်ပြီးတော့

သူ့ရဲ့ စိတ်နေစိတ်ထား၊ သူ့ရဲ့ စိတ်ဓာတ်ကို အလွယ်တကူ မဝေဖန်မိဖို့၊ မကဲ့ရဲ့မိဖို့ အထူး သတိပြုရပါမယ်။

အရဟံဂုဏ်တော်လေး ပွားများတဲ့အခါမှာလည်း ဒီဝတ္ထုလေး ထည့်ပြီးတော့ ပွားများရမှာပါ။ ပွားရင်းနဲ့လည်း ကိုယ့်စိတ်ကို ဆုံးမပြီးသား ဖြစ်သွားမှာပါ၊ တစ်ဖက်သားရဲ့ အပေါ်ယံအပြုအမူလေး၊ အပေါ်ယံ အပြော အဆိုလေးကို ကြည့်ပြီးတော့ ရမ်းသမ်း မဝေဖန်လိုက်နဲ့နော်။ အလွယ် တကူ အပြစ်မပြောလိုက်နဲ့နော် ဆိုပြီးတော့ ဆုံးမရမှာပါ။

အဲဒီစကားလုံးတွေနဲ့ အထူးတလည် မဆုံးမ,တောင်မှ ဒီဂုဏ် တော်တွေ ပွားရင်းပွားရင်းနဲ့ကို အလိုလိုနေရင်း ဓာတ်သတ္တိတွေစိမ့်ဝင်ပြီး ဆုံးမပြီးသား ဖြစ်နေမှာပါပဲ။

လူတစ်ယောက်ကို အပေါ်ယံ အပြောအဆို အပြုအမူ ကြည့်ပြီး တော့ ဝေဖန်ချင်တဲ့ စိတ်ကလေး၊ ကဲ့ရဲ့ချင်တဲ့စိတ်ကလေး ပေါ်လာပြီဆို တာနဲ့ ကိုယ်က အရဟံဂုဏ်တော်ကို စနစ်တကျ နက်နက်ရှိုင်းရှိုင်း ပီပီ ပြင်ပြင် ပွားများထားတာဆိုတော့ ဒီအဖြစ်အပျက်ကလေး သွားသတိရ တယ်။

'သြော် . . . မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ဝါသနာအငွေ့ အသက်တွေကို မပယ်သတ်နိုင်ပါဘူး။ အပြောအဆို သိပ်မကောင်းပေမယ့်၊ အပြုအမူ သိပ်မကောင်းပေမယ့် သူ့စိတ်ထားလေးကတော့ ကောင်းချင် ကောင်းမှာပါလေ၊ သူ့ရဲ့ ဝါသနာကြောင့်သာ ခုလိုပြောတာ ဖြစ်ပါလိမ့် မယ်၊ ခုလိုပြုတာ ဖြစ်ပါလိမ့်မယ်'

အဲဒီလို ယောနိသော မနသိကာရလေး ဝင်သွားပြီဆိုရင် မလိုအပ် ဘဲနဲ့ သူတစ်ပါးအပေါ်မှာ ဝေဖန် ကဲ့ရဲ့ ရှုတ်ချတဲ့ အကုသိုလ် ပြုမိမှာ မဟုတ်တော့ပါဘူး။

တကယ်တော့ လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ဝေဖန်တဲ့ အလုပ်ဟာ အပေါ်ယံသမားတွေရဲ့ အလုပ်ပါ။ ကိုယ်ကိုယ်တိုင်က အပေါ်ယံသမား ဖြစ်နေတော့ သူတစ်ပါးကိုလည်း အပေါ်ယံကြည့်ပြီး ဝေဖန်တော့တာပေါ့။

တချို့ဆို ကိုယ့်ကိုယ်ကို လုံးဝ အပြစ်ကင်းစင်နေသလို သဘောထားပြီး သူတစ်ပါးကို နေရာတကာ အပြစ်ရှာတတ်ပါတယ်။ သူတစ်ပါးကို ပြောတဲ့အပြစ်မျိုး ကိုယ့်မှာ ရှိနေတာကိုတောင် သတိမမူနိုင်ကြတော့ပါဘူး။ သူတစ်ပါးကို 'ပုဂ္ဂိုလ်ရေး မဝေဖန်ပါနဲ့' ပြောပြီး ကိုယ်ကိုယ်တိုင်ကျတော့ ပုဂ္ဂိုလ်ရေး ဝေဖန်နေတဲ့သူတွေ ရှိသလို သူတစ်ပါးကို 'အဝေဖန်ခံနိုင်ရမယ်' ပြောပြီး ကိုယ်ကိုယ်တိုင်ကျတော့ အဝေဖန် မခံနိုင်တဲ့သူတွေလည်း ရှိပါတယ်။

သူတစ်ပါးကို အပြစ်ပြောတာကျတော့ 'စေတနာနဲ့ပြောတာပါ' လို့ နာမည်ကောင်းယူပြီး ကိုယ့်ကို အပြစ်ပြောတာကျတော့ 'စေတနာကို နားမလည်ဘူး' လို့ နာမည်ဆိုးတပ်တတ်ကြပါတယ်။

သူတစ်ပါးအပြစ်ပြောတာကို 'စေတနာနဲ့ ပြောတာပါ' လို့ ခံယူခဲ့ရင် ကိုယ့်အပြစ်ပြောတာကိုလည်း 'စေတနာနဲ့ပြောတာပါ' လို့ ခံယူနိုင်ရပါမယ်။

ကိုယ့်ကို သူတစ်ပါးအပြစ်ပြောတာတော့ ကိုယ်လက်မခံဘဲ သူတစ်ပါးကို ကိုယ်အပြစ်ပြောတာတော့ သူတစ်ပါး လက်ခံစေချင်တယ်ဆိုရင် အဲဒီလူဟာ ပညာရှိ မဟုတ်ဘဲ ပညာရှိအယောင်ဆောင်သာ ဖြစ်ပါလိမ့်မယ်။

■



## ဂုဏ်တော်ပွားတယ်ဆိုတာမိတ္တူကူးတာပါ

မြတ်စွာဘုရားရှင်မှတစ်ပါး ဘယ်သူမှ ဝါသနာအငွေ့အသက်ကို မပယ်သတ်နိုင်ဘူးလို့ဆိုပေမယ့်လည်း မြတ်စွာဘုရားရှင်ရဲ့ ဝါသနာအငွေ့အသက်မကျန် ကိလေသာကင်းတယ်ဆိုတာကို အာရုံပြုပွားများနေတဲ့ မိမိကတော့ . . . .

'ဩော် ဝါသနာအငွေ့အသက်ဆိုတဲ့ ကိလေသာအထုံဓာတ်တွေဟာ သိပ်ကြောက်စရာကောင်းပါလား၊ ကိလေသာသဘောဆောင်တဲ့၊ ကိလေသာ အသွင်သဏ္ဍာန်ဖြစ်နေတဲ့၊ ကိလေသာ လွှမ်းမိုးနေတဲ့ အပြောအဆိုတွေ၊ အပြုအမူတွေ၊ မပြောမိ မပြုမိအောင် ငါဆင်ခြင်မယ်'

လို့ ဒီလို နှလုံးသွင်းပြီးတော့ ကိလေသာရဲ့ အရိပ်အငွေ့တွေ လွှမ်းခြုံသွားစေနိုင်တဲ့ အပြောအဆိုမျိုး မပြောမိအောင်၊ ကိလေသာရဲ့ အရိပ်အငွေ့တွေ လွှမ်းခြုံသွားစေနိုင်တဲ့ အပြုအမူမျိုး မပြုမိအောင်တော့ အထူးသတိထားရမှာပေါ့။

ဝါသနာဆိုတာ ဘုရားကလွဲရင် ဘယ်သူမှ ပယ်နိုင်တာမှ မဟုတ်ဘဲဆိုပြီးတော့ ကိုယ်ပြောချင်တာ လျှောက်ပြော၊ ကိုယ်လုပ်ချင်တာ လျှောက်လုပ်လို့ ရပါ့မလား၊ မရဘူး။ ဒါကြောင့် ဝါသနာအငွေ့အသက် မကျန် ကိလေသာကင်းတယ်ဆိုတာကို ထပ်တလဲလဲ ပွားများနေခြင်းအားဖြင့် ကိလေသာရဲ့သဘောကိုဆောင်တဲ့၊ ကိလေသာရဲ့ အစွမ်းသတ္တိလို့ခေါ်တဲ့၊ ဝါသနာသဘော သက်ရောက်တဲ့ အပြုအမူ၊ အပြောအဆို၊ အကြံအစည်တွေကို ရှောင်ကြဉ်ချင်တဲ့စိတ် အလိုလို ဖြစ်ပေါ်လာပါလိမ့်မယ်။

အပြုအမူတစ်ခုခု ပြုတော့မယ်၊ အလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် အလိုလိုနေရင်း သတိထားမိသွားမယ်။ ငါ့အပြုအမူမှာ လောဘအမူအရာလွှမ်းမိုးနေလို့ မဖြစ်ဘူး၊ ငါ့အပြုအမူမှာ ဒေါသအမူအရာ လွှမ်းမိုးနေလို့ မဖြစ်ဘူး။

စကားတစ်ခုခု ပြောတော့မယ်ဆိုရင်လည်းပဲ သတိထားမိသွားမယ်။ ငါပြောတဲ့စကား လောဘသံ မပါစေနဲ့၊ ငါပြောတဲ့စကား ဒေါသသံ မပါစေနဲ့။ စိတ်ကူးကြံစည်တဲ့အခါမှာလည်း သတိထားမိသွားမယ်။ သြော် ငါကြံနေတဲ့အကြံတွေမှာ လောဘသဘောတွေ ပါနေလေရဲ့။ အို မကြံနဲ့၊ မကြံနဲ့၊ ဖျောက်လိုက်၊ ဖျောက်လိုက်၊ ဟော ငါစိတ်ကူးနေတာ ဒေါသသဘောတွေပါနေပါလား။ အို ငါစိတ်ကူးနေတာ ဣဿာမစ္ဆရိယသဘောတွေ ပါနေပါလား၊ အို . . . ဘာလို့လက်ခံနေမှာလဲ၊ မတွေးနဲ့ မတွေးနဲ့။

အဲဒီလိုအားဖြင့်ပေါ့လေ။ ကိလေသာရဲ့ အရိပ်အငွေ့၊ ကိလေသာရဲ့ အစွမ်းသတ္တိ၊ ကိလေသာရဲ့ အသွင်သဏ္ဌာန်ဆောင်တဲ့ အပြောအဆို၊ အပြုအမူ၊ အကြံအစည်မှန်သမျှကို သတိထားပြီးတော့ ရှောင်ကြဉ်ကြ၊ ပယ် သတ်ကြရမှာပါပဲ။ ဂုဏ်တော်ပွားခြင်းရဲ့ အနှစ်သာရဟာ အဲဒါပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ကိလေသာကင်းတဲ့ ဂုဏ်တော်ကို ပွားနေ

တာဟာ မိမိစိတ်အစဉ်မှာလည်း ကိလေသာကင်းဖို့အတွက်ပါ။ ရဟန္တာ အရှင်မြတ်ကြီးများလို အမြစ်ပြတ်ချုပ်ငြိမ်းပြီး ကင်းသွားတာမဟုတ်တောင် မှ အတိုင်းအတာတစ်ခုအထိတော့ ကင်းရမှာပေါ့။

ဆိုပါတော့၊ ပုထုဇဉ်သမားမှာ လောဘ၊ဒေါသ ဖြစ်တယ်ဆိုရင် လည်း မတော်မတရားတဲ့ လောဘတွေ မဖြစ်အောင်၊ မတော်မတရားတဲ့ ဒေါသတွေမဖြစ်အောင်၊ မလိုအပ်တဲ့ မာန်မာနတွေ၊ မလိုအပ်တဲ့ ဣဿာ မစ္ဆရိယစိတ်တွေ မဖြစ်အောင် ကိလေသာကင်းတဲ့ အရဟံဂုဏ်တော်ကို ပွားရပါတယ်။ ကိလေသာတွေ ကြမ်းကြမ်းတမ်းတမ်း ထင်ထင်ရှားရှား မဖြစ်အောင်ပေါ့။

တစ်နည်းအားဖြင့် ပြောရင်လည်း အချိန်ကြာကြာ ကိလေသာ မဖြစ်အောင်၊ အရှိန်ပြင်းပြင်း ကိလေသာမဖြစ်အောင် ဂုဏ်တော်ပွားတာ ပါ။ ပုထုဇဉ်သဘာဝ ကိလေသာ ဖြစ်တော့ ဖြစ်မယ်၊ ကိလေသာ ကင်းတဲ့ မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်ကို ပွားများတဲ့အတွက်ကြောင့် ကိလေ သာ ဖြစ်တောင်မှ အဲဒီ ကိလေသာဟာ အချိန်ကြာကြာ မဖြစ်တော့ပါဘူး။

ကိလေသာဖြစ်ပြီဆိုရင်တောင်မှ အဲဒီကိလေသာဟာ အရှိန်ပြင်း ပြင်းကြီး မဖြစ်တော့ပါဘူး။ ခပ်ပေါ့ပေါ့၊ ခပ်လျော့လျော့၊ ခပ်ဖျော့ဖျော့၊ ခပ်မှိန်မှိန်လောက်ပဲ ဖြစ်မယ်ပေါ့။ ရုတ်တရက် အရှိန်ပြင်းပြင်း ဖြစ်သွား တောင်မှ အရဟံ – ကိလေသာကင်းတာကို သတိရလိုက်တာနဲ့ တစ်ပြိုင် နက် ချက်ချင်းလက်ငင်းပဲ အရှိန်က ကျသွားနိုင်တာပါပဲ။

ဒါကြောင့် ပုထုဇဉ်သဘာဝ ကိလေသာဖြစ်တောင်မှ အချိန်ကြာ ကြာမဖြစ်၊ အရှိန်ပြင်းပြင်း မဖြစ်အောင် မြတ်စွာဘုရားရှင်ရဲ့ ကိလေသာ ကင်းတဲ့ အရဟံဂုဏ်တော်ကို ပွားနေရခြင်း ဖြစ်ပါတယ်။

'ကိလေသာကင်းအောင် ပွားနေတယ်ဆို၊ ငါလိုချင်တဲ့ အန္တရာယ်

ကင်း၊ လာဘ်ရွှင်၊ စီးပွားတက်၊ ရာထူးတိုး၊ ဈေးရောင်းကောင်းဆိုတဲ့အကျိုး တွေ ရမှရပါတော့မလား'လို့ တွေးမနေပါနဲ့။ ကိလေသာ ကင်းတဲ့အကျိုး ကို ရပြီဆိုရင် ခုနအန္တရာယ်ကင်းလာဘ်ရွှင်ဆိုတဲ့ဟာတွေက မျှော်လင့်ထား တာထက်တောင် ပိုပြီးရနိုင်ပါတယ်။ လိုချင်တာတွေ မရတတ်တဲ့ လောက ကြီးထဲမှာ မလိုချင်မှဘဲ ရတတ်ပါတယ်။

ဒီတော့ ကိုယ်က အပေါ်ယံဖြစ်တဲ့ အန္တရာယ်ကင်း လာဘ်ရွှင်ဆို တဲ့ အကျိုးစီးပွားတွေ အာရုံမပြုဘဲနဲ့ မြတ်စွာဘုရားရှင်ရဲ့ သက်ဆိုင်ရာ ဂုဏ်တော်ပေါ်မှာရှိနေတဲ့ စိတ်ဓာတ်အရည်အသွေးတွေ၊ ဘ၀အရည်အသွေး တွေ ငါ့နှလုံးသားထဲမှာ ကိန်းဝပ်လာဖို့ ဂုဏ်တော်ပွားတယ် လို့ အဲဒီလိုပဲ အာရုံပြုပြီးတော့ ပွားပါ။ ကျန်တဲ့ ဘေးထွက်ကောင်းကျိုးတွေ ရဖို့ကို အလေးအနက်ထားပြီး မျှော်လင့်မနေပါနဲ့။

အန္တရာယ်ကင်း၊ လာဘ်ရွှင်၊ စီးပွားတက်၊ ရာထူးတိုး၊ ဈေးရောင်း ကောင်းဆိုတဲ့ အကျိုးတွေဟာ ဂုဏ်တော်ပွားခြင်းရဲ့ ဘေးထွက်အကျိုးတွေ ပါ၊ ပင်မအကျိုး မဟုတ်ပါဘူး။ ကိုယ့်စိတ်ကလေး ကိလေသာကင်းသွား ခြင်းသည်သာလျှင် ဂုဏ်တော်ပွားခြင်းရဲ့ ပင်မအကျိုး ဖြစ်ပါတယ်။

ပင်မအကျိုးတရားကို ပိုင်ပိုင်နိုင်နိုင်ကြီး၊ ပီပီပြင်ပြင်ကြီး ရနေပြီ ဆိုရင် ဘေးထွက်အကျိုးတရားတွေလည်း အလိုအလျောက် ပြည့်စုံလာမှာ ပါပဲ။ အိမ်ထောင်ပြုကြတယ်ဆိုတာ အမျိုးသားက အမျိုးသမီးကို၊ အမျိုး သမီးက အမျိုးသားကို လိုချင်လို့ ပြုကြတာပါ။ အမျိုးသားတစ်ယောက်က သူတကယ်လိုချင်တာ ဘယ်သူလဲ၊ အမျိုးသမီးကို လိုချင်တာပါနော်၊ ဒါပေ မဲ့ ဘေးထွက်အကျိုးတရားအနေနဲ့ သားတွေသမီးတွေလည်း ပွားများလာ တာပါပဲ။

အဲဒီလိုပါပဲ၊ ကိုယ်လိုချင်တာက ကိလေသာကင်းတဲ့ အကျိုးလို

ချင်တာပါပဲ၊ ဒါပေမဲ့ ကိလေသာကင်းတဲ့ အကျိုးတရားအပြင် သူ့ရဲ့သားသမီးတွေအဖြစ်နဲ့ အန္တရာယ်ကင်း လာဘ်ရွှင်စတဲ့ လောကီကောင်းကျိုးတွေကလည်း ကိုယ်မလိုချင်လေ ပိုပြီးတော့ ရလေပါပဲ။

ဒါကြောင့် အတိုချုပ် မှတ်ထားရမှာက . . .

'လိုချင်တာ မရတတ်တဲ့ လောကကြီးမှာ မလိုချင်မှပဲ ရတတ်ပါတယ်'

ကောင်းကျိုးချမ်းသာတွေဆိုတာ ရချင်တိုင်းရတာ မဟုတ်ပါဘူး၊ ရသင့်မှ ရတာပါ။ ရချင်တဲ့စိတ်တွေကိုပဲ ထပ်တလဲလဲ မွေးမြူနေမယ်ဆိုရင် တဏှာလောဘ ကိလေသာတွေပဲ တိုးပွားနေပါလိမ့်မယ်။ တဏှာ လောဘ ကိလေသာဆိုတာ အကုသိုလ်ပါ။ အကုသိုလ်ကြောင့် ကောင်းကျိုးချမ်းသာ ရတယ်လို့ မရှိပါဘူး။

ရသင့်တဲ့ ကံတွေကို ထပ်တလဲလဲ ထူထောင်မယ်ဆိုရင်တော့ ကုသိုလ်တရားတွေ တိုးပွားနေပါလိမ့်မယ်။ ကောင်းကျိုးချမ်းသာဆိုတာ ကုသိုလ်တရားရဲ့ ရလဒ်ဖြစ်လို့ ကုသိုလ်ပိုင်ရှင်တွေရဲ့ ဘဝမှာ ကောင်းကျိုးချမ်းသာတွေ ဝေဝေဆာဆာ ပြည့်စုံနေပါလိမ့်မယ်။

ဂုဏ်တော်ပွားတယ်ဆိုတာ ရသင့်တဲ့ကံတွေ အားကောင်းလာအောင် ထူထောင်နေတာပါ။ ရသင့်တဲ့ကံတွေအားကောင်းနေမှတော့ ရချင်တဲ့ ကောင်းကျိုးချမ်းသာတွေ အလိုရှိတိုင်း ရပြီပေါ့။

'အလိုရှိတိုင်း ရပြီပေါ့' ဆိုတာထက် 'အလိုရှိတာထက် အဆပေါင်းများစွာ ပိုရပြီပေါ့' လို့ ပြောရင် ပိုမှန်ပါမယ်။ ဘာလို့လဲဆိုတော့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေက ဂုဏ်တော်ပွားသူ ပွားနိုင်တာထက် အဆပေါင်းများစွာ ပိုလွန်နေလို့ပါပဲ။

တကယ်တော့ ဂုဏ်တော်ပွားတယ်ဆိုတာ မိတ္တူကူးတာပါ။

မြတ်စွာဘုရားရှင်မှာရှိတဲ့ စိတ်ကောင်းစိတ်မြတ်တွေ၊ ခတ်ကောင်းခတ်မြတ်တွေကို ကိုယ့်စိတ်ထဲ၊ ကိုယ့်နှလုံးသားထဲမှာ စိမ့်ဝင်ပျံ့နှံ့လာအောင် မိတ္တူကူးယူတာပါ။ မြတ်စွာဘုရားရှင်ရဲ့ စိတ်ခတ်အရည်အသွေးတွေ၊ လုပ်ရပ်အရည်အသွေးတွေ ကိုယ့်ဘဝထဲ ရောက်လာအောင် မိတ္တူကူးယူတာပါ။

မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တစ်ခုကို ပွားရင် အဲဒီ ဂုဏ်တော်တစ်ခုရဲ့ အရည်အသွေးမျိုး ကိုယ့်စိတ်မှာ ကူးစက်လာပါတယ်။ ဥပမာ၊ 'လိုချင်မှု ကင်းစင်တော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်ရင် ကိုယ့်စိတ်မှာလည်း လိုချင်မှု ကင်းစင်တဲ့ခတ်တွေ ကူးစက်လာပါတယ်။ 'သံယောဇဉ် ကင်းစင်တော်မူသော မြတ်စွာဘုရား' လို့ ပွားလိုက်ရင် ကိုယ့်စိတ်မှာလည်း သံယောဇဉ် ကင်းစင်တဲ့ခတ်တွေ စိမ့်ဝင်လာပါတယ်။

တစ်ခါပွားရင် တစ်ခါကူးစက်၊ တစ်ခါပွားရင် တစ်ခါစိမ့်ဝင်နဲ့ ပွားဖန်များလာတဲ့အခါ ကူးစက်စိမ့်ဝင်မှု အားကောင်းပြီး မြတ်စွာဘုရားရှင်မှာရှိတဲ့ အရည်အသွေးမျိုး ကိုယ့်မှာလည်း ကိုယ့်အတိုင်းအတာနဲ့ကိုယ် ပြည့်စုံလာပါတယ်။ မြတ်စွာဘုရားနဲ့ ထပ်တူထပ်မျှကြီးတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

ဂုဏ်တော်ပွားခြင်းကြောင့် မြတ်စွာဘုရားရှင်ရဲ့ စိတ်ကောင်းစိတ်မြတ်တွေ၊ ခတ်ကောင်းခတ်မြတ်တွေ ကိုယ့်နှလုံးသားမှာ ကူးစက်လာပြီဆိုရင် ကိုယ့်နှလုံးသားဟာလည်း နှလုံးသားကောင်း နှလုံးသားမြတ် ဖြစ်သွားပါတယ်။

ကောင်းမြတ်တဲ့ နှလုံးသားပိုင်ရှင်ဟာ ဘာပဲလိုလို ရပြီပေါ့၊ ဘာပဲတတ ရပြီပေါ့။ ကောင်းကျိုးချမ်းသာတွေဆိုတာ စိတ်ကောင်းစိတ်မြတ်ရဲ့ ရလဒ်၊ ခတ်ကောင်းခတ်မြတ်ရဲ့ အကျိုးဆက်တွေပဲ မဟုတ်လား။

ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားကိုတော့ ကောင်းမြတ်အောင် မလုပ်ဘူး၊ ကောင်းကျိုးချမ်းသာကျတော့ လိုတရချင်တယ်ဆိုရင် သဘာဝမကျပါဘူး။ 'စိတ်ကောင်းမှ ကံကောင်းတယ်၊ ကံကောင်းမှ အကျိုးပေးကောင်းတယ်' ဆိုတာကို လုံးဝ မမေ့လိုက်ပါနဲ့။ ဂုဏ်တော်ပွားတယ်ဆိုတာ ကိုယ့်စိတ်ကို အကောင်းဆုံးဖြစ်အောင် လုပ်နေတာပါ။

ဓာတ်တွေရဲ့ ကူးစက်တတ်မှုသဘာဝအတိုင်း မြတ်စွာဘုရားရှင်ရဲ့ ရွှေအဆင်းလို ဝါဝင်းပြီး တင့်တယ်သပ္ပာယ်တဲ့ ကျက်သရေတော်ကို အာရုံပြုနေတဲ့ ပုဂ္ဂိုလ်ရဲ့ ရုပ်အဆင်းဟာလည်း တင့်တယ်ဝင်းပပြီး အလှကျက်သရေနဲ့ ပြည့်စုံလာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ကိလေသာ အပူအညစ်ကင်းပြီး သန့်ရှင်းကြည်လင် စင်ကြယ်အေးမြနေတဲ့ စိတ်တော်အစဉ်ကို အာရုံပြုနေတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ဟာလည်း ကိလေသာ အပူအညစ်ကင်းပြီး သန့်ရှင်းကြည်လင် စင်ကြယ်အေးမြလာပါတယ်။ စိတ်နှလုံး ငြိမ်းချမ်းလာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ သိစရာအားလုံး အကုန်အစင် သိမြင်နိုင်တဲ့ ဉာဏ်တော်ကြီးကို အာရုံပြုနေတဲ့ပုဂ္ဂိုလ်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာလည်း တစ်နေ့တခြား တိုးတက်ထက်မြက်လာပါတယ်။ အရာရာကို အမှန်အတိုင်း သိလာပါတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိလာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတန်ခိုးကြီးမားတာကို အာရုံပြုနေတဲ့ ပုဂ္ဂိုလ်ရဲ့ ဘုန်းတန်ခိုးဟာလည်း တစ်နေ့တခြား ကြီးမားလာပါတယ်။

ဘယ်ဂုဏ်တော်ကိုပဲ ပွားပွား၊ မြတ်စွာဘုရားရှင်ရဲ့ အတုမဲ့ကျက်သရေ၊ အတုမဲ့စိတ်ဓာတ်၊ အတုမဲ့အသိဉာဏ်နဲ့ အတုမဲ့ဘုန်းတန်ခိုးတွေက ဂုဏ်တော်ပွားသူရဲ့ နှလုံးသားမှာ ဓာတ်သတ္တိ ကူးစက်လာတာချည်းပါပဲ။ အဓိပ္ပာယ်သိသိနဲ့ ပွားဖို့တော့ လိုအပ်တာပေါ့။

## ဂုဏ်တော်လမ်းကသွားရင်လည်းနိဗ္ဗာန်ရောက်ပါတယ်

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့ နောက်ပိုင်း သီဟိုဠ်ခေတ်မှာ ဖုဿဒေဝလို့ခေါ်တဲ့ မထေရ်မြတ်ကြီးတစ်ပါး ရှိခဲ့ဖူးပါတယ်။ အဲဒီ ဖုဿဒေဝမထေရ်မြတ်ဟာ နေ့စဉ်နေ့တိုင်း စေတီတော်ရင်ပြင်မှာ တံမြက်စည်းလှည်းတဲ့ ဝတ်ကို ဆောက်တည်ထားတယ်။ တစ်နေ့မှ မပျက်ဘူး။ စေတီရင်ပြင်မှာ နေ့တိုင်း တံမြက်စည်း လှည်းတယ်။ တံမြက်စည်း လှည်းရင်း လှည်းရင်းနဲ့လည်း အရဟံဂုဏ်တော်ကို ပွားများပါတယ်။

တံမြက်စည်းလှည်းလိုက်ပြီဆိုတော့ အမှိုက်သရိုက်တွေ၊ မလိုအပ်တဲ့ ကျောက်စရစ်ခဲတွေ၊ သဲတွေ၊ အညစ်အကြေးတွေ ပြောင်စင်ပြီးတော့ ရှင်းလင်းသွားတာပေါ့။ အညစ်အကြေးကင်းစင်ပြီး ကြည်လင်နေတဲ့ စေတီတော်ရင်ပြင်ကြီးကို ကြည့်ကြည့်ပြီးတော့ ဖုဿဒေဝ မထေရ်မြတ်ကြီး အရဟံဂုဏ်တော်ကို အာရုံယူပါတယ်။

'အမှိုက်တွေရှုပ်ပွနေတဲ့ စေတီရင်ပြင်၊ သစ်ရွက်ခြောက်တွေ ရှုပ်ပွ

နေတဲ့ စေတီရင်ပြင်ပေါ်မှာ ငါလှည်းလိုက်လို့ အမှိုက်သရိုက်တွေ ပြောင်စင်ပြီးတော့ သွားသလိုပဲ မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်မှာလည်း ကိလေသာဆိုတဲ့ အမှိုက်သရိုက်တွေ၊ ကိလေသာဆိုတဲ့ ဆူးငြောင့်ခလုတ်တွေ၊ ကိလေသာဆိုတဲ့ သစ်ရွက်ခြောက်တွေ၊ ကိလေသာဆိုတဲ့ ကျောက်စရစ်ခဲတွေ၊ သဲတွေ ကင်းစင်ပြီးတော့နေတယ်'

'အရဟံ – ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'

'အရဟံ – ကိလေသာ အမှိုက်သရိုက်၊ ကိလေသာအညစ်အကြေး ကင်းရှင်းတော်မူသော မြတ်စွာဘုရား'

'အရဟံ – ကိလေသာ အမှိုက်သရိုက်၊ ကိလေသာ အညစ်အကြေး ကင်းစင်တဲ့အတွက် စိတ်အစဉ် ကြည်လင်သန့်ရှင်းတော်မူသော မြတ်စွာဘုရား'

'အရဟံ – ကိလေသာကင်းစင်တဲ့အတွက် စိတ်ကြည်လင်၊ စိတ်ကြည်လင်တဲ့အတွက် မျက်နှာတော်ကြည်လင်တော်မူသော မြတ်စွာဘုရား'

အရဟံ ဂုဏ်တော်ရဲ့ ကိလေသာ ကင်းစင်တဲ့ သဘောကို မိမိတံမြက်စည်းလှည်းလိုက်လို့ အမှိုက်သရိုက် ကင်းစင်သွားတဲ့သဘောနဲ့ နှိုင်းယှဉ်ပြီးတော့ မိမိဉာဏ်ရှိသလို၊ မိမိ စကားပရိယာယ်ကြွယ်ဝသလို ချဲ့ထွင်ပြီးတော့ ပွားများပါတယ်။

တံမြက်စည်းလှည်းတဲ့ ပုဂ္ဂိုလ်တိုင်း ဘယ်သူမဆို ကိုယ်လှည်းပြီးသားနေရာလေး ကြည့်ပြီး စိတ်ချမ်းသာတာပါပဲ။ ကိုယ့်အိမ်ပေါ်မှာ အိမ်ရှေ့ခန်း၊ ဧည့်ခန်း စသည်အားဖြင့် တံမြက်စည်းလှည်းရင်းလည်းပဲ လှည်းပြီးသားနေရာကလေး ပြန်ကြည့်လို့ရှိရင် မည်သူမဆို စိတ်ချမ်းသာတာချည်းပါပဲ။

လမ်းပေါ်တွေ၊ မြေကြီးပေါ်တွေ၊ စေတီရင်ပြင်ပေါ်တွေပေါ်မှာ

တံမြက်စည်းလှည်းရင်လည်းပဲ ကိုယ်လှည်းလိုက်လို့ ပြောင်သွားတဲ့ နေရာကလေးကို ကြည့်ပြီးတော့ စိတ်ကလေးဟာ အလိုလိုနေရင်း ကြည်လင်နေတာပါပဲ၊ တံမြက်စည်းလှည်းခြင်းရဲ့ တိုက်ရိုက်အကျိုးအနေနဲ့ ကိုယ်ကိုယ်တိုင် စိတ်ကြည်လင်ခြင်းဆိုတဲ့ အကျိုးဟာ သေချာပေါက်ရပါတယ်။

အိုးခွက်ပန်းကန်တွေ ဆေးကြောတဲ့ ပုဂ္ဂိုလ်ဟာလည်း အဲဒီအတိုင်းပါပဲ၊ ထမင်းလုံးတွေ၊ ဟင်းဖတ်တွေနဲ့ ညစ်ပတ်နေတဲ့ အိုးခွက်ပန်းကန်တွေ ဆေးကြောပွတ်တိုက်ပြီး သန့်စင်သွားပြီဆိုရင် ကိုယ်ဆေးထားတဲ့ ပန်းကန်တွေ၊ အိုးတွေကိုကြည့်ပြီးတော့ စိတ်ချမ်းသာလိုက်တာ။ တချို့များ အိုးခွက်ပန်းကန်တွေ ကိုယ်ဆေးလိုက်လို့ သန့်ရှင်းပြောင်စင်သွားတာကို ကြည့်ပြီးတော့ စိတ်ချမ်းသာလွန်းလို့ ခဏခဏကို ဆေးကြောနေတဲ့ လူတွေလည်း ရှိပါသေးတယ်။

တံမြက်စည်းလှည်းလို့ ပြောင်စင်သွားတဲ့ မြင်ကွင်းကို ကြည့်ပြီးတော့ စိတ်ချမ်းသာတိုင်း၊ စိတ်ကြည်လင်တိုင်း၊ ဆေးကြောလိုက်လို့ ပြောင်စင်သွားတဲ့ အိုးခွက်ပန်းကန်တွေ ကြည့်ပြီးတော့ စိတ်ချမ်းသာတိုင်း၊ စိတ်ကြည်လင်တိုင်း၊ အဲဒီပြောင်စင်သွားတဲ့ ကြမ်းပြင်တွေ၊ အဲဒီ ပြောင်စင်သွားတဲ့ အိုးခွက်ပန်းကန်တွေမှာလောက်ပဲ စိတ်ကို ရပ်မထားပါနဲ့။ မြတ်စွာဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ထိ ရောက်အောင် စိတ်ကို ပို့လိုက်ပါ။

'သြော် ငါဆေးလိုက်တဲ့ အိုးခွက်ပန်းကန်တွေ အညစ်အကြေးတွေ ပြောင်စင်သွားသလို မြတ်စွာ ဘုရားရှင်ရဲ့ စိတ်မှာလည်း ကိလေသာ အညစ်အကြေးတွေအားလုံး ပြောင်စင်တော်မူတယ်။ ကိလေသာ ကင်းစင်တော်မူသောမြတ်စွာဘုရား၊ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'

အိုးခွက်ပန်းကန်တွေ နေ့တိုင်း ဆေးကြောနေရတဲ့ ပုဂ္ဂိုလ်တွေ

အိုးခွက်ပန်းကန် ဆေးရင်းနဲ့လည်း အရဟံ ဂုဏ်တော် ပွားလို့ရပါတယ်။ ခု ဖုသဒေဝမထေရ်ကြီး ကြည့်ပေါ့။ တံမြက်စည်း လှည်းရင်းနဲ့ အရဟံ ဂုဏ်တော် ပွားနေတာပါ။

ဂုဏ်တော်ပွားတယ်ဆိုတာကလည်း တရားအစတုန်းက ပြောခဲ့သလို မျက်စိမှိတ် သီးသန့်ထိုင်ပွားတဲ့ အချိန်မှာတော့ ဝင်လေထွက်လေ ကလေး ခဏမှတ်၊ စိတ်ကြည်လင်လာပြီ၊ စိတ်အေးချမ်းလာပြီဆိုတော့မှ ဂုဏ်တော်ကို တရားထိုင်သလို ဆက်ထိုင်ရင်း ပွားနိုင်ပါတယ်။

တကယ်တော့ အရဟံ ဂုဏ်တော် ပွားတယ် ဆိုတာကလည်း သတိပဋ္ဌာန်တရား ပွားများသလိုပါပဲ၊ သွားရင်း၊ လာရင်း၊ ပြောရင်း၊ ဆိုရင်း၊ လုပ်ရင်း၊ ကိုင်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ စားရင်း၊ သောက်ရင်း၊ လျှော်ရင်း၊ ဖွပ်ရင်း၊ ချက်ရင်း၊ ပြုတ်ရင်း၊ အိမ်မှုကိစ္စတွေ၊ လူမှုကိစ္စတွေ လုပ်ရင်းကိုင်ရင်းနဲ့ပဲ တွဲဖက်ပြီးတော့ ပွားများသွားလို့ ရပါတယ်။

ကိလေသာ ကင်းစင်တဲ့ဂုဏ်ကိုပဲ အခြေအနေ၊ အချိန်အခါပေါ် မူတည်ပြီး အမျိုးမျိုး ပွားလို့ရပါတယ်။ ဥပမာ၊ ရေချိုးရင်းနဲ့ ပွားရင် ခန္ဓာကိုယ်နဲ့ ထိတွေ့လာတဲ့ ရေရဲ့ အေးမြမှုကို သက်သေထားပြီး 'ကိလေသာ အပူခပ်သိမ်း အေးငြိမ်းတော်မူသော မြတ်စွာဘုရား' လို့ ပွားနိုင်ပါတယ်။ ကြေး(ဂျီး)တွန်းရင်းနဲ့ ပွားရင် 'ကိလေသာကြေး(ဂျီး) အားလုံးကို တွန်းပြီးတော်မူသော မြတ်စွာဘုရား၊ ကိလေသာ အညစ်အကြေးမှန်သမျှ ကင်းစင်တော်မူသော မြတ်စွာဘုရား' လို့ ပွားနိုင်ပါတယ်။ ရေအိမ်ခန်းထဲမှာ မစင်စွန့်ရင်းနဲ့ ပွားရင် 'ကိလေသာမစင်မှန်သမျှ စွန့်ချပြီးတော်မူသော မြတ်စွာဘုရား၊ ကိလေသာမစင်အားလုံး စွန့်ပြီးတဲ့အတွက် စိတ်ပေါ့ပါးတော်မူသော မြတ်စွာဘုရား' လို့ ပွားနိုင်ပါတယ်။

ကိုယ်ဉာဏ်ရှိရင် ရှိသလို အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျော

ညီထွေစွာ အမျိုးမျိုး ပွားများနိုင်ပါတယ်။ သူများပြောတဲ့အတိုင်းကြီး မှုသေ မှတ် ပွားရမှာ မဟုတ်ပါဘူး။ ဘယ်ဂုဏ်တော်မဆိုပါပဲ။

ဖုသဒေဝ မထေရ်မြတ်ကြီးက တံမြက်စည်း လှည်းလိုက်လို့ ပြောင်စင်သွားတဲ့ မြင်ကွင်းကို ကြည့်ပြီးတော့ အရဟံဂုဏ်တော်ကို ပွားများ နေတယ်။ တစ်နေ့မှာ မျက်စိမှိတ်ပြီး အရဟံဂုဏ်တော်ကို ပွားများနေတဲ့ အချိန် တောထဲက မျောက်ညိုကြီး တစ်ကောင် ထွက်လာပြီး နွားချေး ခြောက်တွေ ချေမွပြီးတော့ တံမြက်စည်းလှည်းပြီးသား ရင်ပြင်အနှံ့ လိုက်ပြီး ဖြန့်ကြဲပစ်လိုက်တယ်။

မထေရ်မြတ်က ဂုဏ်တော်ပွားပြီးလို့ မျက်စိကို ဖွင့်ကြည့်လိုက်တဲ့ အခါ ရင်ပြင်တော်တစ်ခုလုံး နွားချေးခြောက်တွေ ကြဲပွနေတာ တွေ့လိုက် တော့ အဲဒါတွေ လိုက်ပြီးတော့ သိမ်းဆည်းရတယ်။ ရှင်းလင်းရတယ်၊ အဲဒီလိုနဲ့ပဲ တစ်နေကုန်သွားတယ်။

နောက်တစ်နေ့ ဒီလိုပဲ တံမြက်စည်းလှည်းလိုက်လို့ ပြောင်စင် ကြည်လင်သွားတဲ့ရင်ပြင်တော်ကို ကြည့်ပြီးတော့၊ အဲဒီ ပြောင်စင် ကြည် လင်သွားတဲ့သဘောကို အခြေခံပြီးတော့၊ မျက်လုံးလေး မှိတ်ပြီးတော့ မြတ်စွာဘုရားရှင်ရဲ့ ကိလေသာကင်းတဲ့ အရဟံဂုဏ်တော်ကို ထပ်တလဲလဲ ပွားများနေတယ်။

အဲဒီလို ပွားများနေတဲ့အချိန်မှာပဲ တောထဲက နွားအိုကြီး တစ် ကောင် ထွက်လာတယ်။ ထွက်လာပြီးတော့ တံမြက်စည်း လှည်းထားတဲ့ ရင်ပြင်အနှံ့ နွားချေးတွေ စွန့်ချတယ်။ ဖုသဒေဝမထေရ်မြတ်ကြီး ဂုဏ် တော်ပွားပြီးလို့ မျက်စိကို ဖွင့်ကြည့်လိုက်တော့ ရင်ပြင်တော်အနှံ့ နွားချေး တွေ ပေနေတာတွေ့တော့ အဲဒါကို ထပ်ပြီးတော့ သန့်ရှင်းရေး လုပ်ရပြန် တယ်။

တတိယမြောက်နေ့ကျတော့လည်း မျက်စိမှိတ်ပြီး အရဟံ ဂုဏ်တော် ပွားများနေတဲ့အချိန်မှာ အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ လူတစ်ယောက်၊ ခန္ဓာကိုယ်အောက်ပိုင်း ဆွံ့နေတဲ့ လူတစ်ယောက်က အဲဒီ တံမြက်စည်းလှည်းထားတဲ့ ရင်ပြင်မှာ ခြေထောက် တရွတ်တိုက် ဆွဲပြီး တော့ သွားနေတယ်။

ဆွံ့နေတယ်ဆိုတော့ ခြေထောက်ပုံမှန်အတိုင်း သွားလို့ မရဘူး ပေါ့လေ။ ခြေထောက် တရွတ်တိုက်ကြီးနဲ့ သွားနေတော့ ရင်ပြင်ပေါ်မှာ အစင်းကြောင်းတွေ၊ အရာတွေ၊ ခြစ်ရာတွေထင်ပြီးတော့ ရင်ပြင်တော်ကြီး ဟာ အင်မတန်မှ အရုပ်ဆိုး အကျည်းတန်သွားပြန်ပါတယ်။

အဲဒီအခါမှာတော့ ဖုသ္သဒေဝမထေရ်မြတ်ကြီးက 'ငါဆွမ်းခံတဲ့ ဒီရွာပတ်ဝန်းကျင်မှာ ဒီလောက်အရုပ်ဆိုးအကျည်းတန်တဲ့ လူ ငါတစ်ခါမှ မတွေ့ဖူးပါဘူး။ ကေန္တတော့ ဒီလူဟာ လူအစစ် မဟုတ်လောက်ဘူး။ မာရ် နတ်ပဲဖြစ်ရမယ်'၊ အဲဒီလိုတွေးပြီးတော့ မေးလိုက်ပါတယ်။

'ဟဲ့ဒကာ၊ သင် မာရ်နတ်မဟုတ်လား'

အဲဒီလိုလည်း မေးလိုက်ရော ခြေထောက် ဆွံ့နေတဲ့ လူကြီးက 'မှန်လှပါ၊ တပည့်တော် မာရ်နတ်ပါဘုရား'လို့ ဝန်ခံပါတယ်။

မာရ်နတ်ဟာ ကုသိုလ်ကောင်းမှုပြုနေတဲ့ပုဂ္ဂိုလ်၊ တရားဘာဝနာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို အမျိုးမျိုးဒုက္ခပေးတယ်ဆိုပေမယ့် ကုသိုလ် တွေ ပြုနေပါတယ်၊ တရားတွေ အားထုတ်နေပါတယ် ဆိုတဲ့ တချို့ လူတွေ ထက်တော့ ဒီအချက်မှာ သာသွားတယ်၊ အမှန်ကို အမှန်အတိုင်း ပြော တတ်ပါတယ်၊ မလိမ်တတ် မညာတတ်ပါဘူး။

သင် မာရ်နတ်မဟုတ်လားလို့ မေးလိုက်တယ်ဆိုရင်ပဲ မဟုတ်ပါ ဘူးလို့ ဝှေလည်ကြောင်ပတ်နဲ့ ဟိုပြောဒီပြော မပြောပါဘူး၊ ဟုတ်ပါတယ်၊

တပည့်တော် မာရ်နတ်ပါ၊ အရှင်ဘုရားကို တပည့်တော်လှည့်စားလို့ မရပါဘူး။

အဲဒီလိုပြောတော့ ဖုသဒေဝမထေရ်မြတ်ကြီးက 'ငါ တံမြက်စည်း လှည်းနေတာ၊ လာပြီးတော့ နှောင့်ယှက်ရကောင်းလား' ဆိုပြီးတော့ စိတ်မဆိုးပါဘူး၊ ဒေါသ မဖြစ်ပါဘူး။ ဘာလို့ စိတ်မဆိုးတာလဲ၊ ဘာလို့ ဒေါသ မဖြစ်တာလဲ၊ အရဟံဂုဏ်တော် ပွားများခြင်းရဲ့ သတ္တိပါပဲ။ 'ဒေါသ ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား' ဆိုတာကို ထပ်တလဲလဲ ပွားများထားတဲ့ ဖုသဒေဝ မထေရ်မြတ်ကြီးရဲ့ နှလုံးသားမှာ ဒေါသ ဘယ်ဖြစ်တော့ပါမလဲ။

ကိလေသာကင်းတဲ့ ဂုဏ်တော်တွေ၊ တခြားတခြားသော ဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်တွေကို ထပ်တလဲလဲ ပွားများနေတဲ့ မထေရ်မြတ်ကြီးဆိုတော့ ဘုရားကို အမြဲတမ်း သတိရနေတယ်၊ မာရ်နတ်ကို မြင်လိုက်ရတယ်ဆိုရင်ပဲ အပြစ်မတင်တဲ့အပြင် ဝမ်းသာအားရ ဖြစ်ပြီးတော့၊ မျက်နှာလေး ပြုံးပြီးတော့ . . . .

'အို ဒကာကြီး မာရ်နတ်လား၊ မာရ်နတ်ဆိုရင်တော့ ဦးဇင်းကို တစ်ခု ကူညီစမ်းပါဦး။ ကျေးဇူးအများကြီးတင်ပါတယ်။ တစ်ခုလောက်တော့ ကူညီပါနော်၊ အားတော့နာပါရဲ့'

'ဘာများကူညီရမလဲ ဘုရား'

'တခြားတော့ မဟုတ်ပါဘူး။ အသင်မာရ်နတ်က မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးတွေ့ရတာဆိုတော့ မြတ်စွာဘုရားရှင်ရဲ့ ပုံသဏ္ဍာန်ဖန်ဆင်းပြစမ်းပါ၊ ဦးဇင်း ကြည်ညိုချင်လို့ပါ'

'အရှင်ဘုရား၊ သက်တော်ထင်ရှား တကယ့် မြတ်စွာဘုရား ပုံတော်နဲ့ ချွတ်စွပ်တူအောင်တော့ မဖန်ဆင်းနိုင်ပါဘူး။ အနီးစပ်ဆုံး၊

အတတ်နိုင်ဆုံး တူအောင်တော့ တပည့်တော် ဖန်ဆင်းပြနိုင်ပါတယ်'

'အို ထပ်တူထပ်မျှ မဟုတ်တောင်မှ အနီးစပ်ဆုံး တူတယ်ဆိုရင်ပဲ ကျေနပ်ပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဖန်ဆင်းပြပါဦး'

ဒီတော့ မာရ်နတ်က သူ မြင်တွေ့ခဲ့ဖူးတဲ့ မြတ်စွာဘုရားရှင်ရဲ့ ပုံသဏ္ဌာန်ကို ဖန်ဆင်းပြလိုက်ပါတယ်။ အဲဒီအခါမှာ ဖုဿဒေဝမထေရ်မြတ်ကြီးက ကြည်ညိုလိုက်တာ . . . ။

'လောဘ ဒေါသ အစရှိတဲ့ ကိလေသာ အညစ်အကြေးတွေ တင်းကျမ်းပြည့်နေတဲ့ မာရ်နတ်တောင်မှ ဒါလောက် ကြည်ညိုစရာကောင်းရင် ကိလေသာအညစ်အကြေးတွေ အားလုံး ဝါသနာအငွေ့ အသက်မကျန် ကင်းစင်နေတဲ့ တကယ့် သက်တော်ထင်ရှား မြတ်စွာဘုရားဆိုရင် ဘယ်လောက်များ ကြည်ညိုစရာ ကောင်းလိုက်မလဲ'

လက်အုပ်ကလေးချီပြီး ကြည်ညိုနေတယ်၊ မာရ်နတ်ဖန်ဆင်းပြတဲ့ မြတ်စွာဘုရားရှင်ကို ကြည်ညိုရင်း ကြည်ညိုရင်းနဲ့ အရဟံ ဂုဏ်တော်ကြီးကို ထပ်တလဲလဲ ပွားများတော်မူပါတယ်။

'ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အပူအလောင်တွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အညစ်အကြေးတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ စိတ်အရှုပ်အထွေးတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ လောဘတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား၊ ဒေါသတွေ ကင်းစင်တော်မူသော မြတ်စွာဘုရား'

စသည်အားဖြင့် ကိလေသာကင်းတဲ့ ဂုဏ်တော်တစ်ခုတည်းကိုပဲ ထပ်တလဲလဲ ပွားများတော်မူပါတယ်။ မာရ်နတ် ဖန်ဆင်းပြတဲ့ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရင်းနဲ့ အရဟံဂုဏ်တော်ကို ထပ်တလဲလဲပွားများလိုက်တာ အင်မတန် အင်အားကြီးမားတဲ့ ပီတိတွေဖြစ်လာတယ်။

အဲဒီ ပီတိကို သတိပဋ္ဌာန် ဝိပဿနာနည်းနဲ့ ဆက်ပြီးတော့ ရှုပွား ပါတယ်။ ဝမ်းမြောက်တယ်၊ ဝမ်းမြောက်တယ်၊ နှစ်သက်တယ်၊ နှစ်သက် တယ်၊ သဘောကျတယ်၊ သဘောကျတယ်၊ ကျေနပ်တယ်၊ ကျေနပ် တယ်၊ အားရတယ်၊ အားရတယ် စသည်အားဖြင့် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများခြင်းကြောင့် ဖြစ်လာတဲ့ မိမိရဲ့စိတ်အစဉ်ကို သတိ ပဋ္ဌာန်နည်းအတိုင်း ပွားများတော်မူပါတယ်။

အဲဒီ စိတ်ရဲ့ တည်ရာဖြစ်တဲ့ ရုပ်ခန္ဓာတွေကိုလည်း သတိပဋ္ဌာန် နည်းအတိုင်း ပွားများတော်မူပါတယ်၊ မထေရ်မြတ်က ရပ်ရင်းနဲ့ ပွားနေ တယ်ဆိုတော့ ရပ်တယ်၊ ရပ်တယ်၊ ခြေထောက်နဲ့ ရင်ပြင်တော် ကြမ်းပြင်နဲ့ ထိတဲ့နေရာကို သတိကပ်ပြီးတော့ ထိတယ်၊ ထိတယ်၊ ပူတာလေးတွေ ထင်ရှားလာတော့ ပူတယ်၊ ပူတယ်၊ အေးတာလေးတွေ ထင်ရှားလာတော့ အေးတယ်၊ အေးတယ် စသည်အားဖြင့် ထင်ရှားရာ ရုပ်နာမ်တွေကို သဘောသိအောင် ပွားများတော်မူပါတယ်။

ဂုဏ်တော် ပွားရင်းပွားရင်းနဲ့ နှာသီးဝကလေး သတိကပ်ပြီးတော့ လေဝင်ရင် ဝင်တယ်၊ လေထွက်ရင် ထွက်တယ်၊ နှာသီးဝ လေထိတဲ့ နေရာ ကလေး သတိကပ်ပြီးတော့ ဝင်တယ်၊ ထွက်တယ်၊ ဝင်တယ်၊ ထွက်တယ်။

အဲဒီလိုအားဖြင့်ပေါ့လေ။ ဣရိယာပုတ်ကလေးကို ရှုလိုက်၊ ဂုဏ် တော်ပွားခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိပဿဒ္ဓိ စိတ်စေတသိက် ကလေးတွေကို ရှုလိုက်နဲ့၊ ရုပ်တရား၊ နာမ်တရားတွေကို ဝိပဿနာဆက်ပြီး တော့ ရှုပွားလိုက်တာ ဝိပဿနာဉာဏ်တွေ ရင့်ကျက်ပြီးတော့ သောတာ ပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရတဲ့ သောတာပန် ဖြစ်သွားပါတယ်။

သောတာပန် ဖြစ်ပြီးတော့လည်း ဂုဏ်တော် ဆက်ပွားတယ်။ ကိလေသာကင်းစင်တော်မူသောမြတ်စွာဘုရား၊ ဂုဏ်တော်ပွားတော့ ပီတိ

တွေ ဖြစ်လာပြန်တယ်။ အဲဒီ ပီတိတွေနဲ့ ရုပ်နာမ်ခန္ဓာတွေကို ဝိပဿနာ ဆက်ပြီးတော့ ရှုတယ်၊ သကဒါဂါမ် ဖြစ်သွားတယ်။

ဆက်ပြီးတော့ ဂုဏ်တော်ပွားတယ်၊ ဝိပဿနာ ရှုတယ်၊ အနာဂါမ်ဖြစ်သွားတယ်၊ ဆက်ပြီးတော့ ဂုဏ်တော်ပွားတယ် ဝိပဿနာရှုတယ်၊ ရဟန္တာဖြစ်သွားတယ်။

မာန်နတ်ဖန်ဆင်းထားတဲ့ မြတ်စွာဘုရားရှင်ရဲ့ ရုပ်ပွားတော်ကြီးကို ဖူးမြော်ပြီးတော့ အရဟံဂုဏ်တော်ကို နက်နက်ရှိုင်းရှိုင်း ပီပီပြင်ပြင် ကျယ်ကျယ်ပြန့်ပြန့် ထိုးထိုးထွင်းထွင်း ပွားများလိုက်တဲ့အတွက်ကြောင့် ဖုသဒေဝမထေရ်မြတ်ကြီးဟာ မတ်တတ်ရပ်ရင်းနဲ့ ရဟန္တာဖြစ်သွားပါတယ်။

တခြားတခြားသော ပုဂ္ဂိုလ်တွေဆိုရင်တော့ အရဟံ ဂုဏ်တော်ကို ထပ်တလဲလဲ ပွားများထားတာ မဟုတ်လို့ စိတ်ထား နူးညံ့ပျော့ပျောင်းမှု မရှိတဲ့အတွက်ကြောင့် မာရ်နတ်ဆိုတာ သိတာနဲ့ ကြိမ်းလား မောင်းလား ရိုက်လား နက်လား သတ်လား ဖြတ်လား လုပ်မှာသေချာပါတယ်။ အခုတော့ အရဟံဂုဏ်တော်ကို မိမိရဲ့နှလုံးသားထဲမှာ အမြဲတမ်း စိမ်ထားတဲ့ ပုဂ္ဂိုလ်ဆိုတော့ အဲဒီလို မလုပ်ပါဘူး။

တကယ်တော့ မာရ်နတ်နဲ့ တွေ့ရတယ်ဆိုတာ အဆိုးနဲ့ တွေ့ရတာပါပဲ။ ဒါပေမဲ့ ယောနိသော မနသိကာရဆိုတဲ့ စိတ်ကောင်းလေးရှိတဲ့ အတွက်ကြောင့်၊ တစ်နည်းအားဖြင့် စိတ်ထားလေး မှန်တဲ့အတွက်ကြောင့် ကိုယ့်ကို ဒုက္ခပေးတဲ့မာရ်နတ်ကို ရဟန္တာဖြစ်တဲ့ အထိအောင် အသုံးချနိုင်ပါတယ်။

ဒါကြောင့် အဆိုးတွေနဲ့ တွေ့ကြုံလာတဲ့အခါမှာ အဲဒီ အဆိုးထဲကနေ အမြတ်ထုတ်နိုင်အောင် ကြိုးစားရမယ်။ တစ်ခုမဟုတ် တစ်ခုတော့

အမြတ်ထုတ်နိုင်အောင် ကြိုးစားရမယ်။ ရုပ်ဝတ္ထုနဲ့ ပတ်သက်လို့ အမြတ်မထွက်တောင် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကိုတော့ အမြတ်ထွက်အောင် ကြိုးစားရမယ်။

ဒီတော့ တရားနာပရိသတ်များ သမထဘာဝနာတွေ၊ ဝိပဿနာဘာဝနာတွေပွားများလို့ အကြောင်းအားလျော်စွာ မာန်နတ်နဲ့ တွေ့လို့ရှိရင် ထွက်လည်းမပြေးပါနဲ့။ ကြောက်လို့ဆိုပြီးတော့ အော်လည်း မအော်ပါနဲ့။ ဖုဿဒေဝမထေရ်မြတ်ကြီးထုံး နှလုံးမူပြီးတော့ 'မာရ်နတ်ရယ်၊ ကျေးဇူးအများကြီးတင်ပါတယ်။ ဘုရားပုံလေ ဖန်ဆင်းပြပါနော်။ လိုချင်တာပေးပါ့မယ်' ဆိုပြီး ဘုရားပုံသာ ဖန်ဆင်းခိုင်းပေတော့။

မာရ်နတ်နဲ့များ မလွှဲမရှောင်သာလို့ တွေ့ရင်၊ မြို့မှာနေရင်းနဲ့ဖြစ်ဖြစ်၊ တောမှာနေရင်းနဲ့ဖြစ်ဖြစ် မာရ်နတ်နဲ့များ ရင်ဆိုင်တွေ့ရရင်တော့ လက်ခမောင်းသာ ခတ်ပေတော့။

အဲဒီတော့ ဂုဏ်တော်ပွားများတယ် ဆိုတာ ဘာအတွက်လဲ။ မြတ်စွာဘုရားရဲ့ ကိလေသာကင်းတဲ့ ဂုဏ်တော်ကိုပွားတဲ့သူရဲ့ စိတ်နှလုံးမှာလည်း ကိလေသာကင်းတဲ့ ဓာတ်သတ္တိတွေ ကိန်းဝပ်လာဖို့အတွက် ပွားများရခြင်း ဖြစ်ပါတယ်။

'အရဟံ၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား' ဆိုတဲ့ အဓိပ္ပာယ်တစ်ခုကို ဒါလောက်နဲ့ပဲ ရပ်နားလိုက်ပါစို့။ ကျန်တာတွေကို မိမိတို့ဉာဏ်မီသလောက် စိတ်မီသလောက် ချဲ့ထွင်ပြီးတော့ ပွားများရမယ်၊ ဓာတ်တော်တွေနဲ့လည်း ချဲ့ထွင်ပြီးတော့ ပွားများလို့ရတာပါပဲ။

ဘုရားဖြစ်မှသာ ကိလေသာ ကင်းတာ မဟုတ်ပါဘူး။ ဘုရားလောင်းအဖြစ်နဲ့ ပါရမီတွေဖြည့်ကျင့်စဉ်တုန်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ စည်းစိမ်ဥစ္စာတွေ စွန့်လွှတ်ပြီး တောထွက်ခဲ့တယ်၊ တရားဘာဝနာ အား

ထုတ်ခဲ့တယ်၊ ချာန်အဘိညာဉ်တွေ ရရှိခဲ့တယ်၊ အဲဒီကတည်းက ကိလေသာတွေ ကင်းစင်ခဲ့တယ် စသည်အားဖြင့် မိမိကြည်ညိုတဲ့ ကိလေသာကင်းတာနဲ့ သက်ဆိုင်မှုရှိတဲ့ ဇာတ်တော်တွေနဲ့လည်း အာရုံပြုပြီးတော့ ပွားများလို့ ရပါတယ်။

သို့သော် ပင်မဖြစ်တဲ့ 'အရဟံ – ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား'ဆိုတာကိုတော့ လက်မလွှတ်ပါနဲ့၊ မမေ့လိုက်ပါနဲ့။ တခြားတခြားသော အဓိပ္ပာယ်တွေကို ဆင်ခြင်ပြီးတိုင်း ဒီမူရင်း အဓိပ္ပာယ်၊ မူရင်းစွမ်းရည်ကို ပြန်ပြီးတော့ ဦးတည်ပါ၊ 'အရဟံ – ကိလေသာ ကင်းစင်တော်မူသော မြတ်စွာဘုရား'၊ ဒါလေးကိုတော့ ဖျောက်မပစ်ပါနဲ့။

ဗုဒ္ဓါနုဿတိဟာ သမထဆိုပေမယ့် အဲဒီသမထကို အခြေခံပြီးဖြစ်ပေါ်လာတဲ့ ပီတိပဿဒ္ဓိတွေ၊ အဲဒီ ပီတိပဿဒ္ဓိနဲ့ ယှဉ်တွဲနေတဲ့ စိတ်စေတသိက်တွေ၊ တခြား ထင်ရှားရာ ရုပ်နာမ်တွေကို ဝိပဿနာဆက်ပြီးရှုရင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါတယ်။ ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က ဧကေမ္မသုတ္တန်များမှာ 'ဗုဒ္ဓါနုဿတိဟာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း တစ်ခုသောတရားပဲ = ဧကော ဓမ္မောပဲ' လို့ မိန့်ကြားတော်မူထားပါတယ်။

ဗုဒ္ဓါနုဿတိနဲ့လည်း နိဗ္ဗာန်ရောက်နိုင်ပါတယ်လို့ ဆိုလိုပါတယ်။ ဗုဒ္ဓါနုဿတိသက်သက်တော့ မဟုတ်ဘူးပေါ့။ ဗုဒ္ဓါနုဿတိ အားကောင်းလာတဲ့အခါ ဝိပဿနာ ကူးပြောင်းပြီး ရှုပွားဖို့တော့ လိုတာပေါ့။ ဝိပဿနာ ဆက်ရှုဖို့ ဦးတည်ထားတဲ့ ဗုဒ္ဓါနုဿတိကို ရည်ရွယ်ပြီး 'ဗုဒ္ဓါနုဿတိနဲ့လည်း နိဗ္ဗာန်ရောက်နိုင်တယ်' လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတာပါ။

■

## ကွယ်ရာမှာလုပ်တဲ့မကောင်းမှု
## ကွယ်ရာမှာပဲအကျိုးပေးလိမ့်မည်မဟုတ်

တရားအစဦးမှာဆိုခဲ့တဲ့အတိုင်း နောက် အရဟံ ဂုဏ်တော်လေး တစ်ခု ပွားများပြီးတော့ အရဟံ စေတီလေးတစ်ဆူ တည်လိုက်ကြရအောင်။

'အရဟံ–ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား'

'အရဟံ – ဆိတ်ကွယ်အရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား'၊ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား ဆိုတဲ့ အဓိပ္ပာယ်ကို နှစ်နှစ်ခြိုက်ခြိုက် သဘောပေါက်ပြီဆိုရင် မခက်တော့ပါဘူး။ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား ဆိုတာကတော့ အဓိကပါပဲ။ ကိလေသာကင်းတယ်ဆိုမှတော့ မကောင်းမှုကို ဘယ်ပြုပါတော့မလဲ။

သတ္တဝါတွေ မကောင်းမှုတွေ ပြုကြတယ်ဆိုတာ ကိလေသာကြောင့် ပြုကြတာပါ။ တချို့မကောင်းမှုတွေကို လောဘကြောင့် ပြုတယ်၊

တချို့ မကောင်းမှုတွေကို ဒေါသကြောင့် ပြုတယ်၊ တချို့ မကောင်းမှုတွေကို မာနတို့၊ ဣဿာ မစ္ဆရိယတို့ကြောင့်ပြုတယ် စသည်အားဖြင့် ကိလေသာတစ်ခုခုကို အရင်းခံပြီးတော့သာ မကောင်းမှုကို ပြုကြတာပါ။

'ဟာ ကိလေသာတော့ မရှိပါဘူးကွာ၊ ဒါပေမဲ့ ဒီမကောင်းမှုကိုတော့ ပြုလိုက်မိတယ်' ဆိုတာ မရှိပါဘူး၊ မကောင်းမှုတိုင်း မကောင်းမှုတိုင်းရဲ့ နောက်ကွယ်မှာ ကိလေသာတစ်ခုခုတော့ သို့မဟုတ် တစ်ခုထက်များတဲ့ ကိလေသာတွေတော့ အမြဲတမ်း ရှိနေပါတယ်။ မြတ်စွာဘုရားရှင်ကဝါသနာ အငွေ့အသက်မကျန် ကိလေသာကင်းတယ်ဆိုမှတော့ မကောင်းမှုကို ဘယ်ပြုပါတော့မလဲ။

လောကမှာ မကောင်းမှုတွေမပြုဘူးဆိုတဲ့နေရာမှာ တချို့သော ပုဂ္ဂိုလ်တွေ၊ တချို့သော ပညာရှိပုဂ္ဂိုလ်တွေ၊ တချို့သော သူတော်ကောင်း ပုဂ္ဂိုလ်တွေ၊ တချို့သော ပညာရှိသူတော်ကောင်း အမည်ခံပုဂ္ဂိုလ်တွေကတော့ လူရှေ့သူရှေ့ လူမြင်သာတဲ့နေရာမှာသာ မကောင်းမှု မပြုပေမယ့် လူကွယ်ရာမှာတော့ တိတ်တဆိတ် မကောင်းမှုကို ပြုကြတယ်။ မြတ်စွာဘုရားရှင်ကတော့ ကိလေသာတွေကို အကြွင်းမဲ့ အငွေ့အသက်မကျန် ပယ်သတ်ပြီးသားဆိုတော့ လူရှေ့သူရှေ့မှာလည်း မကောင်းမှု မပြုတော့ဘူး။ လူကွယ်ရာမှာလည်း မကောင်းမှု မပြုတော့ဘူး။

မကောင်းမှုရဲ့ ဆိုးကျိုးဆိုတာ လူရှေ့သူရှေ့မှာပြုမှ ခံရတာမဟုတ်ပါဘူး။ ပစ္စုပ္ပန် လောကအပြစ်ဆိုရင်တော့လည်း လူရှေ့သူရှေ့မှာလုပ်တဲ့ မကောင်းမှုအတွက်ကြောင့် သက်ဆိုင်ရာ ရာဇဝတ်ဘေးတို့ ခံရင်ခံရမယ်ပေါ့။ ဒါပေမဲ့ ကွယ်ရာမှာ ပြုတဲ့ မကောင်းမှုတွေက ပစ္စုပ္ပန်မှာတော့ သူတစ်ပါး မမြင်တဲ့အတွက်ကြောင့် အဲဒီ ရာဇဝတ်ဘေးတွေ မသင့်တောင်မှဘဲ ပစ္စုပ္ပန်မှာလည်း အဲဒီမကောင်းမှုရဲ့ အကျိုးတရားကို တစ်နည်းတစ်ဖုံ

အားဖြင့် ခံစားရတတ်ပါတယ်။ သံသရာမှာတော့ အထူးပြောစရာ မလို တော့ပါဘူး။

ဒီတော့ မကောင်းမှုဆိုတာ ရှေ့မှောက်မှာပြုမှ အကျိုးပေးတာ မဟုတ်ပါဘူး။ ကွယ်ရာမှာ ပြုလည်း အကျိုးပေးပါတယ်။ ကိုယ်ပြုတဲ့ မကောင်းမှုကို သူများသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကိုယ်ပြုလိုက်ပြီ ဆိုရင်တော့ အဲဒီမကောင်းမှုဟာ ကိုယ့်ရဲ့နှလုံးသားထဲမှာ၊ ကိုယ့်ရဲ့စိတ် အစဉ်မှာ ဓာတ်သတ္တိအဖြစ်နဲ့ မြှုပ်နှံပြီးသားဖြစ်သွားပြီ၊ အချိန်တန်တဲ့အခါ မှာ အကျိုးပေးတော့မယ်။ ပစ္စုပ္ပန်မှာသော်လည်းကောင်း၊ သံသရာမှာသော် လည်းကောင်း၊ မကောင်းမှုပြုစဉ်တုန်းက သူတစ်ဖက်သားမသိတောင်မှ အကျိုးပေးပြီဆိုရင်တော့ သိတော့တာပေါ့။

လူတစ်ယောက်မှာ မြင်နေတွေ့နေတဲ့ အကျိုးပေးကို ကြည့်ခြင်း အားဖြင့် သူကတော့ မကောင်းမှုကို ဒီဘဝမှာသော်လည်းကောင်း၊ ဘဝ တစ်ခုမှာသော်လည်းကောင်း လုပ်ခဲ့တာ သေချာပြီလို့ သိနိုင်တယ်။ သူရဲ့ အကျိုးပေးကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့ မကောင်းမှုကို အကြောင်းအကျိုး ဆက်ပြီး ကောက်ချက်ချလို့ ရတယ်။

ပစ္စုပ္ပန်မှာကောင်းတာတွေချည်းပဲ လုပ်နေပေမယ့် တစ်ခါတစ်ရံ မကောင်းတဲ့ အကျိုးတွေလည်း ကြုံတတ်သေးတယ်၊ ပစ္စုပ္ပန်အနေနဲ့က တော့ ဒီလူဟာ သိပ်ကောင်းတဲ့ လူပဲလို့ ချီးကျူးရမှာပါ၊ ဒါပေမဲ့ ခုလို မကောင်းမှုတွေဖြစ်တာ ဘဝတစ်ခုခုကတော့ သူမကောင်းတာ လုပ်ခဲ့လို့ပဲ။ သူတစ်ပါးကြောင့် ကိုယ့်မှာ မကောင်းကျိုးတွေ ဖြစ်တယ်ဆိုရင်လည်း ဩော် . . . ငါက အရင်ဘဝတုန်းက သူတစ်ပါးအပေါ် မကောင်းတာလုပ် ခဲ့လို့ ဖြစ်မှာပဲဆိုတာ သေချာပေါက် ကောက်ချက်ချလို့ ရပါတယ်။

မကောင်းကျိုးတွေ ဖြစ်တယ်ဆိုတာ ကောင်းမှုကြောင့် ဖြစ်တာ

မဟုတ်ပါဘူး။ ကောင်းမှုကြောင့် မကောင်းကျိုးတွေဖြစ်တယ်ဆိုတာ လုံးဝ မရှိပါဘူး။ မကောင်းမှုကြောင့်သာ မကောင်းကျိုးဖြစ်ရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ရှေးဆရာတော်ကြီးတွေ ပြောလေ့ရှိတာပေါ့၊ စာသင်တိုက်တွေမှာ သက်န်းတွေ လှမ်းထားတယ်၊ တစ်ခါတစ်ရံမှာ သင်းပိုင် ပျောက်သွားပြန်ပြီ၊ တစ်ခါတစ်ရံ ကေသီပျောက်သွားပြန်ပြီနဲ့ အဲဒီလို ပျောက်သွားပြန်ပြီဆိုရင် ဆရာတော်ကြီးတွေက ပြောတယ်၊ ပျောက်ပြီ ပျောက်ပြီ လို့ လိုက်ကြေညာတဲ့ ကိုယ်တော်တွေကို . . .

'ကိုရင် ကိုရင်၊ ဦးဇင်း ဦးဇင်း၊ သိပ်မပြောနဲ့၊ သိပ်မပြောနဲ့၊ ရှက်စရာကြီး။ သင်းပိုင် ပျောက်သွားလို့ဆိုရင် ကိုရင် အရင်ဘဝတုန်းက သူများသင်းပိုင် ခိုးခဲ့လို့ ဖြစ်မှာပေါ့။ အို ကိုယ့်သင်းပိုင်မှ မဟုတ်တော့ဘဲနဲ့ မပြောပါနဲ့၊ ရှက်စရာကြီး'

အဲဒီလို ပြောလေ့ရှိပါတယ်။

ဒီဘဝမှာတော့ သူများပစ္စည်း မခိုးပါဘူးနော်။ ဒါပေမဲ့ ဒီဘဝမှာ ကိုယ့်ပစ္စည်း သူများ အခိုးခံရတယ်ဆိုတာ အတိတ်ဘဝတုန်းက သူများ ပစ္စည်း ကိုယ်ခိုးခဲ့လို့ပေါ့။

ရုပ်ဆင်းဥပဓိ ဖောက်ပြန်ပျက်စီးစေတဲ့ မကောင်းမှုတစ်ခုကို ကိုယ်က ကွယ်ရာမှာ လုပ်မိတယ်ဆိုပါတော့။ မကောင်းမှုလုပ်တာကို လူ မသိပေမယ့် ရုပ်ဆင်းဥပဓိ ဖောက်ပြန်ပျက်စီးသွားတာကိုတော့ လူသိပါတယ်။ လိင်ဖောက်ပြန်လို့ ခုခံအားကျရောဂါဖြစ်နေသူတစ်ယောက်ရဲ့ ကွယ်ရာမှာ လိင်ဖောက်ပြန်တဲ့ မကောင်းမှုကို လူမမြင်ရပေမယ့် ရောဂါ နှိပ်စက်မှုကြောင့် ကိုယ်ခန္ဓာ ဖောက်ပြန်ပျက်စီးနေတာ၊ ရောဂါနဲ့ သေဆုံးသွားတာကိုတော့ လူမြင်ရပါတယ်။

ဒါကြောင့် မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမှာပဲ ပြုပြု၊ ရှေ့

မှောက်မှာပဲ ပြုပြု၊ ဆိုးကျိုးပေးတတ်တယ်ဆိုတဲ့ သဘောကို နားလည်ထား ပြီးတော့ 'ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား'လို့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများနေတဲ့ ပုဂ္ဂိုလ် အနေနဲ့ 'ငါလည်းပဲ မကောင်းမှုတွေကို ရှေ့တွင်လည်း မပြုဘူး၊ ကွယ်ရာ မှာလည်း မပြုဘူး'လို့ အဲဒီလို နှလုံးသွင်းပြီးတော့ မကောင်းမှုတွေကို ရှောင် ကြဉ်ဖို့ပါပဲ။

ရှောင်ကြဉ်ချင်တဲ့ စိတ်ဟာလည်း အလိုလိုကို ဖြစ်လာတာပါပဲ။ ဂုဏ်တော်ကိုသာ အဓိပ္ပာယ်သိသိနဲ့ တကယ်တမ်း နှစ်နှစ်ခြိုက်ခြိုက်၊ စူးစူး ရှရှ၊ နက်နက်ရှိုင်းရှိုင်း ပွားများပြီဆိုရင် 'ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်း မှုကို ပြုတော်မမူသော မြတ်စွာဘုရား'လို့ ပွားရင်းပွားရင်း ဆိတ်ကွယ်ရာ မှာလည်း မကောင်းမှု မပြုချင်တဲ့စိတ်တွေ အားကောင်း အားကောင်းလာ ပါတယ်။

ကိုယ်က ရှေ့တွင်သာ မကောင်းမှုပြုမယ့်ကိစ္စကို ရှောင်တာက တော့ မခက်ဘူးပေါ့လေ။ ကိုယ်လုပ်လိုက်လို့ရှိရင် သူများ မြင်သွားလိမ့် မယ်၊ သူများ ကဲ့ရဲ့လိမ့်မယ်၊ သူများ အထင်သေးလိမ့်မယ်ဆိုတော့ ရှောင် ဖြစ်ပါတယ်၊ ကွယ်ရာမှာလုပ်တဲ့ မကောင်းမှုကျတော့ မရှောင်ဖြစ်ကြဘူး ပေါ့။

အဲတော့ ဒီအရဟံဂုဏ်တော်ကို ပွားများနေတဲ့ ပုဂ္ဂိုလ်ကတော့ စိတ်ထဲမှာ မကောင်းမှုတစ်ခုခု၊ ဒုစရိုက်တစ်ခုခု၊ မလုပ်သင့်မလုပ်ထိုက်တဲ့၊ လူ့အသိုင်းအဝိုင်းက လုံးဝလက်မခံတဲ့ အပြုအမူတစ်ခုကို လုပ်တော့မယ် ကြံရင် . . . .

'ဆိတ်ကွယ်ရာ အရပ်၌ပင် မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား'

'ဩော် ငါဟာ ဆိတ်ကွယ်ရာမှာတောင် မကောင်းမှု မပြုတဲ့ မြတ်စွာဘုရားရဲ့ဂုဏ်တော်ကို ပွားများနေတာပဲ၊ ဘာဖြစ်လို့ ဒီမကောင်းမှု ကို လုပ်ချင်တာလဲ' ဆိုပြီးတော့ အလိုလိုနေရင်း သတိဝင်လာပြီးတော့ အဲဒီ မကောင်းမှုကို ရှောင်ကြဉ်ဖြစ်သွားပါတယ်။

ပုထုဇဉ်လူ့လောကအနေနဲ့ကတော့ ဆိတ်ကွယ်ရာမှာလည်း မကောင်းမှု မပြုရဘူး ဆိုတာဟာ ကိလေသာ သဘောသက်ရောက်တဲ့ အပြုအမူတွေအားလုံးကို ဆိုလိုတာ မဟုတ်ပါဘူး။ လူ့အသိုင်းအဝိုင်းက လက်မခံတဲ့ အပြုအမူတွေ၊ လူ့အသိုင်းအဝိုင်းက သိသွားလို့ရှိရင် ကဲ့ရဲ့ရှုတ် ချတဲ့ အပြုအမူတွေကိုသာ ဆိုလိုတာပါ။

လောကမှာတော့ ရှေ့မှောက်မှာ မပြုသင့်မပြုထိုက်ပေမယ့် ကွယ် ရာမှာ ပြုသင့်ပြုထိုက်တဲ့ တချို့ ကိလေသာ အပြုအမူတွေက ရှိနေသေးတာ ကိုး။ အဲဒါတွေကို လုံးဝမရှောင်ကြဉ်နိုင်သေးတောင်မှ လူ့အသိုင်းအဝိုင်းက လုံးဝ လက်မခံတဲ့ မကောင်းမှု ဒုစရိုက်တွေကိုတော့ ဆိတ်ကွယ်ရာအရပ် မှာလည်း မပြုပါနဲ့။

လူ့အသိုင်းအဝိုင်းက လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ကိလေသာသဘော သက်ရောက်တဲ့ မကောင်းမှုမှန်သမျှ အကုန်မပြုတော့ ဘူးဆိုရင်တော့ အကောင်းဆုံးပေါ့။ ဒါကလည်း ရဟန္တာဖြစ်မှပဲ ဖြစ်မှာပါ။

မြတ်စွာဘုရားရှင်ဟာ ဆိတ်ကွယ်ရာအရပ်မှာလည်း မကောင်းမှု ကို မပြုဘူး ဆိုတဲ့နေရာမှာ ဆိတ်ကွယ်ရာရဲ့ တခြား အဓိပ္ပာယ်လေးတစ်ခု ကိုလည်း ပွားများရဦးမယ်၊ ဆိတ်ကွယ်ရာနဲ့ မျက်မှောက်ဆိုတော့ လူမရှိ တာနဲ့ ရှိတာလောက်ပဲ ထင်နေဦးမယ်။

တချို့တချို့သော ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်များက လူရှေ့မှာ ပဲဖြစ်ဖြစ်၊ ကွယ်ရာမှာပဲဖြစ်ဖြစ်၊ ကိုယ်နဲ့ နှုတ်နဲ့တော့ မကောင်းတာ မလုပ်

ပါဘူး။ ဒါပေမဲ့ စိတ်ထဲကတော့ မကောင်းတဲ့စိတ်တွေ ဖြစ်နေတတ်တယ်။ စိတ်ထဲမှာ မကောင်းတာတွေ ကြံစည်နေတတ်တယ်၊ တွေးတောနေတတ်တယ်။ ဒါလည်းပဲ ဆိတ်ကွယ်ရာမှာ မကောင်းမှု ပြုနေတာပဲပေါ့။

လူမရှိတဲ့နေရာမှ ဆိတ်ကွယ်ရာ မဟုတ်ဘူး။ လူမမြင်တဲ့စိတ်ဟာလည်း ဆိတ်ကွယ်ရာပဲ။ လူရှေ့သူရှေ့မှာ ကိုယ်နဲ့၊ နှုတ်နဲ့ မကောင်းမှု မပြုပေမယ့် စိတ်နဲ့ မကောင်းတာကြံနေရင် ဆိတ်ကွယ်ရာမှာ မကောင်းမှု ပြုနေတာပဲ။ စိတ်ဆိုတာ လူမမြင်ရတဲ့ ဆိတ်ကွယ်ရာပဲ မဟုတ်လား။

မြတ်စွာဘုရားရှင်ကတော့ ကိုယ်နဲ့နှုတ်နဲ့လည်း မကောင်းမှု မပြုပါဘူး၊ စိတ်နဲ့လည်း မကောင်းမှုတွေ မပြုတော့ပါဘူး၊ စိတ်တော်ကိုက အလွန်ကို ကြည်လင်သန့်ရှင်းနေပါပြီ၊ ဘာကြောင့် ကြည်လင်သလဲဆိုတာ ခုန ပွားခဲ့တဲ့ အရဟံအဓိပ္ပာယ်နဲ့ ဆက်စပ်ပြီး ပွားရုံပါပဲ။

ဘုရားဖြစ်မှ စိတ်မှာ ကိလေသာ ကင်းသွားတာ မဟုတ်ဘူး၊ ဘုရားမဖြစ်ခင် အလောင်းတော်ဘဝ ဒုက္ကရစရိယာကျင့်နေစဉ် ခြောက်နှစ်မှာကတည်းကိုက မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်မှာ မကောင်းမှု အညစ်အကြေးတွေ၊ ကိလေသာ အညစ်အကြေးတွေ ကင်းစင်နေခဲ့ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ အပြစ်ကို၊ မြတ်စွာဘုရားရှင်ရဲ့ ကိလေသာဖြစ်ခွင့်၊ အကုသိုလ်ဖြစ်ခွင့် အပေါက်အကြားကို ကြည့်မယ် ဆိုပြီးတော့ ခုနစ်နှစ်လုံးလုံး မြတ်စွာဘုရားရှင်ရဲ့ နောက်ကနေ မာရ်နတ်ကြီး ထက်ကြပ်မကွာ လိုက်ပြီးတော့ စုံစမ်းခဲ့တယ်။ ဒါပေမဲ့ ကိလေသာဖြစ်ခွင့်၊ အကုသိုလ်ဖြစ်ခွင့်၊ အပေါက်အကြားကို လုံးဝရှာမတွေ့ခဲ့ဘူး၊ မာရ်နတ်ကြီး အရှုံးပေးခဲ့ရဖူးပါတယ်။

ခုနစ်နှစ်ဆိုတာက ဒုက္ကရစရိယာ ကျင့်တဲ့ ခြောက်နှစ်ရယ်၊ ဘုရားဖြစ်ပြီးတဲ့ တစ်နှစ်ရယ်၊ ပေါင်း ခုနစ်နှစ်။ မြတ်စွာဘုရား တောထွက်တဲ့

အချိန်ကစပြီးတော့ မာရ်နတ်ကြီး မြတ်စွာဘုရား နောက်ကနေ လိုက်ပြီး တော့ ချောင်းတယ်။ ခုနစ်နှစ်လုံးလုံး ဘာအလုပ်မှ မလုပ်တာ၊ တော်တော် အားနေပုံပေါ်တယ်နော်။

လောကမှာ ဒီလိုလူတွေ ရှိပါတယ်။ ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲ နဲ့ သူများအပြစ်ပဲ လိုက်ရှာနေတတ်တယ်၊ ဒီလူဘာလုပ်လဲ၊ ဒီလူဘာပြော တယ်၊ လူလူချင်း ကိုယ့်အချင်းချင်း လှည့်ပြီးတော့ ဟိုလူက ဘယ်လိုလေ၊ ဒီလူကဘယ်လိုပေါ့ စသည်အားဖြင့် သူများအပြစ်ပဲ အမြဲတမ်း ပြောနေ တတ်တယ်။ အဲဒီလိုဆိုရင်တော့ မာရ်နတ်ရဲ့ အသင်းအပင်းထဲပါသွားလိမ့် မယ်။

ခုနစ်နှစ်လုံးလုံး မြတ်စွာဘုရားရှင်ရဲ့ စိတ်ကို မာရ်နတ်က သူ့ရဲ့ စိတ်တန်ခိုးနဲ့ ထက်ကြပ်မကွာ လိုက်ပြီးတော့ ကြည့်နေတာ၊ ကိလေသာ စိတ်လေး တစ်ချက်တောင် ဖြစ်တာ မတွေ့ရဘူးတဲ့။

ဘုရားဖြစ်မှ ကိလေသာကင်းတာ မဟုတ်ဘူး၊ အလောင်းတော် ဘဝ ပုထုဇဉ်ဘဝမှာကတည်းကိုက မာရ်နတ်ကြီး အပြစ်ရှာလို့မရအောင် ကိလေသာတွေ ကင်းနေတာ၊ သြော် ကြည်ညိုစရာကောင်းလိုက်တာ၊ ကြည်ညိုစရာကောင်းလိုက်တာနဲ့၊ အဲဒီလို ဂုဏ်တော်ကို ပွားများရမှာဖြစ် ပါတယ်။

ဒီတော့ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို ပြုတော်မမူ သော မြတ်စွာဘုရားဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ဒါလောက်နဲ့ပဲ ရပ်နားထား ကြပါစို့။ တရားပွဲအဖွင့်မှာဆိုခဲ့တဲ့ နောက်ဆုံးတစ်ခု ဆိုလိုက်ကြရအောင်။

■

## စွမ်းအားရှင်ဆိုတာ

## စွမ်းအားမျိုးစုံကိုရှင်သန်စေနိုင်ရတယ်

'အရဟံ၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'

လောကမှာ အဆင်းကလည်း မလှ၊ အနံ့ကလည်း မမွှေးတဲ့ပန်း ဆိုရင် ဘယ်သူကမှ မမြတ်နိုးကြဘူး၊ ဘယ်သူကမှ မလိုချင်ကြဘူး၊ ဘယ်သူကမှ မသိမ်းပိုက်ချင်ကြဘူး၊ ဘယ်သူကမှ တန်ဖိုးမထားချင်ကြဘူး။

အဆင်းလည်းလှ၊ အနံ့လည်းမွှေးတဲ့ ပန်းဆိုရင်တော့ လူတိုင်းက မြတ်နိုးကြတယ်၊ တန်ဖိုးထားကြတယ်၊ အလေးအမြတ်ထားကြတယ်၊ သိမ်းပိုက်ပြီးတော့ ထားကြတယ်။

အဲဒီလိုပါပဲ၊ မြတ်စွာဘုရားရှင်ဟာ အဆင်းလည်းလှ၊ အနံ့လည်း မွှေးတဲ့ ပန်းနဲ့ တူပါတယ်၊ ရေတွက်လို့ မကုန်နိုင်တဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူပါတယ်။

အဆင်းအနေနဲ့ ကြည့်မယ်ဆိုရင်လည်း မြတ်စွာဘုရားရှင်ရဲ့ ရုပ်အဆင်းဟာ တစ်လောကလုံးမှာ ရှိရှိသမျှ ချောပါတယ်၊ လှပါတယ်၊ ကျက်သရေရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာ

အောင် တင့်တယ် သပ္ပာယ်တော်မူပါတယ်။

ပင်ကို ပုထုဇဉ်ဘဝမှာကတည်းကိုက ရွှေအဆင်းနဲ့ ဝါဝင်းပြီးတော့ ကြည်လင်သန့်စင်နေတဲ့ မျက်နှာတော်အပါအဝင် ဥပဓိရုပ်တော်ဟာ ဘုရားဖြစ်တဲ့အခါမှာ ကိလေသာအညစ်အကြေးတွေ ကင်းစင်နေတဲ့အတွက်ကြောင့် အထူးတောက်ပပြီးတော့ ကျက်သရေ ရှိတော်မူပါတယ်။

အဝါရောင်၊ အဖြူရောင် အစရှိတဲ့ ရောင်ခြည်တော်ခြောက်သွယ်ကလည်း ကွန့်မြူးပြီးတော့ အင်မတန် ကျက်သရေရှိတယ်၊ အင်မတန် တင့်တယ်တယ်၊ အဆင်းအားဖြင့်လည်း အင်မတန် လှပါတယ်။ ရန့် လို့ ခေါ်တဲ့ ဂုဏ်တော်တွေ အနေနဲ့ကျတော့လည်း မရေမတွက်နိုင်လောက်အောင်ကို များပြားလွန်းပါတယ်။

မြတ်စွာဘုရား တစ်ဆူ ပွင့်လာလို့ ဘုရားဖြစ်ပြီးတဲ့နောက်မှာ တခြားတရားတွေ တစ်ပုဒ်မှ မဟောဘဲနဲ့၊ ဘယ်ကိုမှလည်း မကြွဘဲနဲ့၊ ဘယ်သူနဲ့မှလည်း စကားမပြောဘဲနဲ့၊ ဆွမ်းခံတွေလည်း မကြွဘဲနဲ့၊ ဘုရားဖြစ်တဲ့အချိန်ကစပြီးတော့ ဘုရားတစ်ဆူရဲ့ ဂုဏ်တော်တွေကို ထိုင်ပြီးတော့ စိတ်နဲ့ပဲ၊ အင်မတန် လျင်မြန်တဲ့ စိတ်နဲ့ပဲ စဉ်းစားရင်တောင်မှ အဲဒီ ဘုရားရှင်သာ ပရိနိဗ္ဗာန်စံသွားမယ်၊ ဘုရားတစ်ဆူရဲ့ ဂုဏ်တော်တွေက မကုန်သေးပါဘူး။ အဲဒီလောက်တောင် မြတ်စွာဘုရား တစ်ဆူတစ်ဆူရဲ့ ဂုဏ်တော်တွေဟာ များပြားလွန်းလှပါတယ်။

ကောင်းကင်ပေါ်မှာ ရှိတဲ့ နက္ခတ်တာရာတွေ၊ ကြယ်တွေကို ရေတွက်လို့ မရသလို ဘုရားတစ်ဆူရဲ့ ဂုဏ်တော်တွေကိုလည်း ရေတွက်လို့ မရပါဘူး။ ရေတွက်လို့မရအောင် များပြားလှတဲ့ ဂုဏ်တော်တွေကို အနှစ်ချုပ်ပြီးတော့ မြတ်စွာဘုရားရှင်က ဂုဏ်တော်ကိုးပါး ဆိုပြီးတော့ ဟောခဲ့ပါတယ်။ အဲဒီ ဂုဏ်တော်ကိုးပါးထဲမှာလည်း အရဟံဂုဏ်တော်ဟာ အနှစ်

ချုပ်ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟာ အဆင်းလည်းလှ၊ အနံ့လည်း မွှေးတဲ့ပန်းနဲ့ တူတဲ့အတွက်ကြောင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးက အမြတ်တနိုး တန်ဖိုးထားပြီးတော့ ပူဇော်ကြတယ်၊ လှူဒါန်းကြတယ်။ အဲဒီလိုအားဖြင့် မြတ်စွာဘုရားရှင်ဟာ အဆင်းလည်း လှ၊ ရနံ့လည်း မွှေးတဲ့ပန်းလို မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ အတွက်ကြောင့်လည်း ပူဇော်အထူး ခံထိုက်တယ်။ ဒါကတော့ အကြမ်းဖျင်း အဓိပ္ပာယ်ပါပဲ။

အဓိက မှတ်ရမှာကတော့ 'ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'ဆိုတဲ့ အဓိပ္ပာယ်ကို ပွားများလိုက်တာနဲ့ တစ်ပြိုင်နက် ဘာကြောင့် အပူဇော်အထူးကို ခံယူထိုက်တာလဲ ဆိုတာကို စဉ်းစားတဲ့ နေရာမှာ အဆင်းလည်းလှ၊ ရနံ့လည်းမွှေးတဲ့ပန်းလို မရေမတွက်နိုင်လောက်အောင် များပြားကြီးကျယ်တဲ့ ဂုဏ်သတ္တိတွေ၊ အရည်အချင်းတွေနဲ့ ပြည့်စုံလို့ လို့ ထည့်စဉ်းစားရမှာပါပဲ။

နောက်တစ်နည်း၊ 'ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'ဆိုတာကို အကြောင်းပြချက် ဖြည့်စွက်ပြီးတော့ . . .

'ပူဇော်တဲ့ ပုဂ္ဂိုလ်အား အကျိုးကြီးမားစွာ ဖြစ်ထွန်းစေနိုင်တဲ့ အတွက်ကြောင့် ပူဇော် အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'လို့ ချဲ့ထွင်ပြီးတော့ ပွားများရမယ်။ ပူဇော်တဲ့ပုဂ္ဂိုလ်ကို မရေမတွက်နိုင်လောက်အောင်၊ မကြံစည်နိုင်လောက်အောင်ကို အကျိုးတရားတွေ ပေးစွမ်းနိုင်တဲ့ အတွက်ကြောင့် မြတ်စွာဘုရားရှင်ဟာ ပူဇော်အထူးကို ခံယူတော်မူထိုက် တယ်။

အမှန်ကတော့ ပူဇော်တဲ့ပုဂ္ဂိုလ်ကို အကျိုးတွေ ပေးသည်ဖြစ်စေ၊

မပေးသည်ဖြစ်စေ မြတ်စွာဘုရားရှင်မှာ အင်မတန် ကြည်ညိုစရာကောင်းတဲ့ ဂုဏ်တော်တွေ ပြည့်စုံနေတဲ့အတွက်ကြောင့်လည်းပဲ အကျိုးမမျှော်တဲ့စိတ်နဲ့ ပူဇော်တဲ့ပုဂ္ဂိုလ်တွေက ပူဇော်ချင်နေတာပါပဲ။

မျက်မှောက်လောကမှာကိုပဲ ကိုယ့်အလုပ်ကို ကြိုးကြိုးစားစား လုပ်နေတယ်၊ တစ်ဖက်သားကိုလည်း အနှောင့်အယှက်မဖြစ်တဲ့၊ အင်မတန် မွန်မြတ်တဲ့၊ အင်မတန် အဆင့်အတန်းမြင့်တဲ့ ကိုယ့်အလုပ်ကိုယ် အရည်အသွေးကောင်းအောင် ကြိုးစားအားထုတ်နေတယ်ဆိုရင်ပဲ အဲဒီလို တကယ် အလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်ကို သိကြ၊ ကြားကြတဲ့ ပုဂ္ဂိုလ်တွေက ကြည်ညိုကြတာပါပဲ။ ပူဇော်ချင်ကြတာပါပဲ။

ဒီပုဂ္ဂိုလ်ကို လှူဒါန်းတဲ့အတွက်ကြောင့် အကျိုးပေးချင်ပေး၊ မပေးချင်နေ သူ့အလုပ်သူ လုပ်နေတာကိုက ကြည်ညိုလွန်းလို့၊ ကြည်ညိုလွန်းလို့။ ဒါကြောင့် ကိုယ့်အလုပ်ကို တကယ်ပီပီပြင်ပြင် လုပ်နေတယ်ဆိုရင်ကိုပဲ တကယ်ကြည်ညိုချင်စရာ ကောင်းပါတယ်။ ကိုယ့်အလုပ်ကို တကယ်လုပ်နေလို့ ကောင်းမြတ်တဲ့ ဂုဏ်ပေါင်းခနေတယ်ဆိုရင် အဲဒီဂုဏ်ပေါင်းခနေတဲ့ ပုဂ္ဂိုလ်ကို အကျိုးပေးပေး မပေးပေး တမြတ်တနိုးနဲ့ ပူဇော်ချင်တာပါပဲ။

ဒါကြောင့် မြတ်စွာဘုရားရှင် ဘာလို့ ပူဇော်ခံထိုက်သလဲဆိုရင် မြတ်စွာဘုရားရှင်က ကြည်ညိုစရာ ကောင်းလွန်းလို့ကို ပူဇော်ခံထိုက်နေတာပါပဲ။ သိစရာတွေ အကုန်သိတယ်၊ သဗ္ဗညုတဉာဏ်တော်နဲ့ သိစရာတွေ အကုန်သိတယ် ဆိုတော့လည်း ကြည်ညိုချင်စရာကြီး၊ သတ္တဝါ ဝေနေယျတွေအပေါ်မှာ တစ်ပြေးညီတည်း ကရုဏာတရားထားတယ်ဆိုတာလည်း ကြည်ညိုချင်စရာကြီး။

မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်မှာ လောဘ ဒေါသတွေ ဘာမှ မရှိဘူး။ ကိုယ်နှုတ် အမူအရာမှာလည်း ကိလေသာ အမူအရာတွေ ဘာမှ

မရှိဘူး။ ဣန္ဒြေသိက္ခာတွေ ပြည့်ဝလိုက်တာဆိုရင်လည်း ကြည်ညိုချင်စရာ ကြီး။ အကျိုးပေးပေး၊ မပေးပေး ပူဇော်ကို ပူဇော်ချင်နေတာပါပဲ။ ကြည်ညို လွန်းလို့ကို ပူဇော်ချင်နေတာ၊ ကြည်ညိုစရာကောင်းလွန်းလို့ကို ပူဇော် အထူးခံထိုက်တာ။

ဒါကတော့ ပူဇော်ချင်သည်ဖြစ်စေ၊ မပူဇော်ချင်သည်ဖြစ်စေ မြတ်စွာဘုရားရှင်ကိုယ်၌က ကြည်ညိုချင်စရာဂုဏ်သတ္တိတွေ ပြည့်စုံနေလို့ကို ပူဇော်ထိုက်တာပါ။ အကျိုးတရားအနေနဲ့ ကြည့်မယ်ဆိုရင်လည်းပဲ မြတ်စွာ ဘုရားရှင်ကို ပူဇော်လိုက်တယ်ဆိုရင် ပူဇော်တဲ့ပုဂ္ဂိုလ်မှာ မရေတွက်နိုင် အောင် အကျိုးတရားတွေ ဖြစ်ထွန်းလာနိုင်တယ်။

ပူဇော်တယ်ဆိုတာ မျိုးစေ့နဲ့ တူပါတယ်၊ ပူဇော်ခံတဲ့ပုဂ္ဂိုလ် ဆို တာ လယ်ယာမြေနဲ့ တူပါတယ်။ လယ်ယာမြေတစ်ခုမှာ စိုက်လိုက်တဲ့ မျိုးစေ့တစ်ခုရဲ့ ရှင်သန်ကြီးထွားမှု၊ ဖွံ့ဖြိုးစည်ပင်ပြန့်ပွားမှုဆိုတာ လယ်ယာ မြေအပေါ်မှာ အများကြီး မူတည်ပါတယ်။ မြေက မြေဩဇာကောင်းတဲ့ မြေဖြစ်မှ စိုက်လိုက်တဲ့ မျိုးစေ့ဟာ ရှင်သန်ကြီးထွားမယ်၊ ဖွံ့ဖြိုးစည်ပင်မယ်။

မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်တည်းဟူသော လယ်ယာမြေကြီး၊ မြတ်စွာဘုရားရှင်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတည်း ဟူသော လယ်ယာမြေကြီး ဟာ ကိလေသာတည်းဟူသော အမှိုက်သရိုက်တွေ၊ ပေါင်းမြက်တွေ၊ ဆူး ခြောင့်ခလုတ်တွေ ကင်းရှင်းပြီးတော့ နေတယ်။ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာ အစရှိတဲ့ မြေဩဇာတွေကလည်း ပြည့်စုံပြီးတော့နေ တယ်။

လောကမှာ အမှိုက်သရိုက်တွေ ကင်းပြီးတော့ မြေဩဇာကောင်း တဲ့ လယ်ယာမြေဟာ မျိုးစေ့ကို ရှင်သန်ကြီးထွား စည်ပင်စေနိုင်သလိုပဲ၊ ကိလေသာ အမှိုက်သရိုက်တွေ ကင်းပြီးတော့ သီလ၊ သမာဓိ၊ ပညာ

မြေဩဇာတွေ သိပ်ကောင်းနေတဲ့ မြတ်စွာဘုရားရှင်တည်းဟူသော လယ်ယာမြေဟာလည်း ပူဇော်တဲ့ပုဂ္ဂိုလ်ရဲ့ ပူဇော်မှု တည်းဟူသော မျိုးစေ့ကို ရှင်သန် ကြီးထွား စည်ပင်စေပြီး ကြီးကျယ်ဖွံ့ဖြိုးတဲ့ အကျိုးတရားတွေ အကျိုးပေးစေနိုင်ပါတယ်။

ဒါကြောင့် ပူဇော်အထူးကို ခံထိုက်တယ် ဆိုတဲ့ ဂုဏ်တော်ရဲ့ အကြောင်းပြချက်ဟာလည်း ပထမပိုင်းမှာ ပြောသွားခဲ့တဲ့ ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရားဆိုတဲ့ အဓိပ္ပာယ်ပဲ သွားကျတာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ စိတ်အစဉ်မှာ ကိလေသာတွေ ကင်းနေတယ်။ ကိလေသာလို့ခေါ်တဲ့ ပေါင်းမြက်၊ အမှိုက်သရိုက်တွေ ကင်းနေတဲ့ အတွက်ကြောင့် မြတ်စွာဘုရားရှင်တည်းဟူသော လယ်ယာမြေကြီးဟာ လယ်ယာမြေကောင်းကြီးဖြစ်နေတယ်။

သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာဆိုတဲ့ မြေဩဇာလည်း ပြည့်စုံနေတယ်။ ဒါကြောင့် ပူဇော်ခြင်း တည်းဟူသော မျိုးစေ့ကလေး စိုက်ပျိုးလိုက်မယ်ဆိုရင် အကျိုးတရားတွေက တခြား တခြားသော လယ်ယာမြေတွေမှာ စိုက်ပျိုးတာထက် ပိုမိုပြီး ဖြစ်ထွန်းနိုင်တယ်။

ဒါကြောင့်လည်းပဲ မြတ်စွာဘုရားရှင်ဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါတယ်။ ပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တာ၊ တရားအားထုတ်တာတွေနဲ့ ပူဇော်တာဆိုတာ အသာထားလိုက်ပေါ့။ ဂုဏ်တော်ရဲ့အဓိပ္ပာယ်တွေကို မသိဘဲနဲ့ မြတ်စွာဘုရားရှင်ရဲ့ ရုပ်သွင်တော်ကို စိတ်ကလေးနဲ့ ကြည်ညိုလိုက်တယ်ဆိုရင်ပဲ အကျိုးပေး ကြီးကျယ်တာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ သဘာဝခေတ်သတ္တိကတော့ တုံ့ပြန်မှု ထူးခြားလွန်းပါတယ်။ မြတ်စွာဘုရားရှင်ဟာ သတ္တဝါအသီးသီး လိုချင်တဲ့ စွမ်းအားမျိုးစုံကို ရှင်သန်ဖြစ်ထွန်းစေနိုင်တဲ့ တကယ့်စွမ်းအားရှင်အစစ်ပါပဲ။



## စိတ်ဖြစ်တိုင်းမျိုးစေ့ကောင်းကြဲမိပါစေ

မြတ်စွာဘုရားရှင်လက်ထက်တုန်းက မဋ္ဌကုဏ္ဍလီ ဆိုတဲ့ လူငယ်လေးတစ်ယောက် ရှိတယ်။ သူ့အဖေက အင်မတန် နှမြောတတ်တယ်။ ဘယ်သူ့ကိုမှ ဘာပစ္စည်းမှ မပေးဖူးပါဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ ဘာပစ္စည်းမှ မပေးဖူးလို့ သူ့ကို အဒိန္နပုဗ္ဗက လို့ခေါ်ပါတယ်။

သူ့သား အရွယ်ရောက်လာလို့ လက်ဝတ်တန်ဆာတွေ ဆင်မြန်းတဲ့အရွယ် ရောက်တဲ့အခါမှာ ရွှေထည်ပစ္စည်းဆင်ဖို့အတွက် ပန်းထိမ်အပ်ရမယ့်ဥစ္စာ၊ ပန်းထိမ်ခ ကုန်မှာစိုးလို့ ဆိုပြီးတော့ သူကိုယ်တိုင် ရွှေကို အချောင်းလိုက်ကြီး ရိုက်နှက်ပြီးတော့ သူ့သားကို နားကပ်အဖြစ်နဲ့ လုပ်ပေးတယ်။

နားကပ်က ပန်းထိမ်ပညာတွေနဲ့ စနစ်တကျ လုပ်ထားတာ မဟုတ်တဲ့အတွက် ရွှေအချောင်းလိုက် ပြောင်ချောကြီး ဖြစ်နေတယ်။ ဒါ့ကြောင့် မဋ္ဌဆိုတာ ပြောင်ချောကြီးဖြစ်နေသော၊ ကုဏ္ဍလဆိုတာ နား

တောင်း, နားကပ်, နားဆွဲ၊ မဋ္ဌကုဏ္ဍလီဆိုတာ နားကပ်ပြောင်ချောကြီး ဝတ်ထားသောလူလို့ အဓိပ္ပာယ်ရပါတယ်။ သူ့အဖေ နှမြောလို့ပါ။

တစ်နေ့တော့ မဋ္ဌကုဏ္ဍလီက အသည်းရောင်အသားဝါရောဂါ ဖြစ်ပါတယ်။ အဲဒီလိုရောဂါဖြစ်တော့လည်း ဆေးကုရင် ပိုက်ဆံကုန်မှာစိုးလို့ ဆေးဆရာနဲ့ ဆေးမကုပါဘူး။ မိခင်ဖြစ်သူက ခင်ပွန်းဖြစ်သူကို ပြောတယ်။ 'သားကို ဆေးကုကြရအောင်'ဆိုတော့ 'မင်းက ငါ့ပစ္စည်းတွေ ကုန်အောင်လုပ်ချင်လို့လား။ မကုနိုင်ဘူး' ဆိုပြီးတော့ ဆေးဆရာဆီ လုံးဝ သွားမပြပါဘူး။ ဒါတစ်ဦးတည်းသောသားပါပဲ။ ဘယ်လောက်ထိအောင် နှမြောလဲဆိုရင် တစ်ဦးတည်းသောသား ရောဂါဖြစ်တာတောင် မကုပေးနိုင် လောက်အောင်ပဲ။

ဒါနဲ့ ဆေးဆရာတွေဆီ သွားပြီးတော့ ဒီလိုရောဂါဖြစ်ရင် ဘယ်လို ကုရသလဲ။ အသည်းရောင် အသားဝါရောဂါဖြစ်ရင် ဘယ်လိုကုရပါသလဲလို့ လိုက်မေး။ ဆေးဆရာတွေကလည်းပဲ ဒီလူနှမြောတတ်မှန်းသိလို့ မဟုတ်က ဟုတ်က သစ်မြစ်တွေ၊ သစ်ရွက်တွေ လျှောက်ပြော၊ သူက အဟုတ်မှတ်ပြီးတော့ တောထဲမှာ သစ်မြစ်တွေ၊ သစ်ရွက်တွေ လျှောက်ရှာ၊ ထောင်းထုကျွေး။ အဲလိုနဲ့ ရောဂါက ပိုပိုပြီးတော့ဆိုးလာ၊ နောက်ဆုံးတော့ သေတော့မယ်ဆိုတဲ့ အနေအထားကို ရောက်သွားတယ်။

သေတော့မယ်ဆိုတဲ့ အနေအထားကို ရောက်ပြန်တော့လည်းပဲ အိမ်ပေါ်မှာထားလို့ရှိရင် လူနာလာမေးတဲ့လူတွေ၊ တကယ်လို့ သူသေသွားလို့ရှိရင် အသုဘလာမေးတဲ့သူတွေက အိမ်ထဲဝင်ကြလိမ့်မယ်။ အိမ်ထဲဝင်ကြလို့ရှိရင် အိမ်ထဲက အသုံးအဆောင်ပစ္စည်းတွေ၊ ရွှေငွေရတနာတွေ စသည်အားဖြင့် အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာတွေကို ချေ့သည်တွေ မြင်သွားမှာ စိုးလို့ ဆိုပြီး သေလုမြောပါးဖြစ်နေတဲ့သားကို အိမ်ထဲကနေ အပြင်ထုတ်

ထားတယ်။

အိမ်ရှေ့ ဆင်ဝင်အောက်မှာတောင် မထားဘူး။ ဆင်ဝင်အပြင်ဘက်မှာ ဒီအတိုင်းပဲ ခုတင်တစ်လုံးနဲ့ ထားတယ်။ လူနာမေးလာလို့ရှိရင် ခြံထဲက မြေကွက်မှာပဲ လူနာမေးကြပေါ့။ အိမ်ပေါ်မတက်နဲ့။

အဲဒီလို အိမ်ပြင်ထုတ်ထားတော့ တစ်နေ့တော့ မြတ်စွာဘုရားရှင်က ဉာဏ်တော် ကွန်ရက်ကြီးနဲ့ ဖြန့်ကြက်ပြီးတော့ ကယ်ချွတ်ရမယ့်သတ္တဝါကို ကြည့်လိုက်တော့ သူ့ကိုတွေ့တယ်။ ဒါနဲ့ မဋ္ဌကုဏ္ဍလီရဲ့အိမ်ရှေ့မြတ်စွာဘုရား ကြွသွားပါတယ်။ မဋ္ဌကုဏ္ဍလီက အိမ်ဘက်ကို မျက်နှာမူပြီးတော့ စောင်းအိပ်နေတာဆိုတော့ မမြင်တဲ့အတွက်ကြောင့် ရောင်ခြည်တော် လွှတ်လိုက်ပါတယ်။

မဋ္ဌကုဏ္ဍလီက အိမ်တံခါးဝကို လှည့်ကြည့်လိုက်တော့ ရောင်ခြည်တော် ခြောက်သွယ်နဲ့ အင်မတန် တင့်တယ်သပ္ပာယ်တဲ့ မြတ်စွာဘုရားရှင်ကို မြင်တွေ့လိုက်၊ ဖူးတွေ့လိုက်ရတယ်။ ဖူးတွေ့လိုက်ရတော့ . . . .

'အင်မတန် မိုက်တဲ့အဖေကို အမှီပြုပြီးတော့ ငါ့မှာ ဒါနလည်း မပြုရဘူး။ ဝေယျာဝစ္စတွေလည်း မပြုရဘူး။ တရားလည်း မနာရဘူး။ အင်မတန် မိုက်မဲတဲ့အဖေကို အကြောင်းပြုပြီးတော့ ငါ့မှာ မြတ်စွာဘုရားရှင်ကို အကြောင်းပြုပြီး ကုသိုလ်တရားတွေ တိုးပွားခွင့် မရတော့ဘူး'

'ခုတော့ ငါ့လက်၊ ငါ့ခြေတွေတောင် ငါ မသယ်နိုင်တော့ဘူး။ ထတောင် မထနိုင်တော့ဘူး။ သေလုမြောပါး ဖြစ်နေပြီ။ ဒီတော့ မတတ်နိုင်ဘူး။ စိတ်နဲ့ပဲ ကြည်ညိုရတော့မှာပဲ'

ဆိုပြီးတော့ မြတ်စွာဘုရားရှင်ကို ကြည်ညိုတဲ့စိတ်တွေပဲ ဖြစ်နေလိုက်ပါတယ်။ မဋ္ဌကုဏ္ဍလီမှာ ဘုရားကြည်ညိုတဲ့စိတ်တွေ အားရပါးရဝအောင်ဖြစ်ပြီဆိုတော့မှ မြတ်စွာဘုရားရှင်က ပြန်ကြွသွားတော်မူပါတယ်။

မြတ်စွာဘုရားရှင်လည်း ကြွသွားရော၊ မဋ္ဌကုဏ္ဍလီလည်း စုတိစိတ်ကျပြီး သေဆုံးသွားတာပါပဲ။ သေပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ နတ်သား သွားဖြစ်ပါတယ်။ တစ်သက်လုံး ဘာကုသိုလ်ကောင်းမှုမှ မပြုခဲ့ရပေမယ့် သေခါနီးကလေးမှာ မြတ်စွာဘုရားရှင်ကို သတိရစိတ်၊ မြတ်စွာဘုရားရှင်ကို အာရုံပြုပြီးတော့ ကြည်ညိုတဲ့စိတ်ကလေး ဖြစ်လိုက်တာနဲ့ကိုပဲ နတ်ပြည်တာဝတိံသာကို ရောက်ရှိသွားပါတယ်။

မြတ်စွာဘုရားရှင်ကို ကြည်ညိုတဲ့စိတ်ကလေး ဖြစ်ရုံသက်သက်နဲ့ သေလွန်ပြီးတဲ့နောက် ကောင်းရာသုဂတိကို ရောက်ရှိသွားရပါတယ်။ မြတ်စွာဘုရားတည်းဟူသော လယ်ယာမြေဟာ ကြည်ညိုခြင်းတည်းဟူသော မျိုးစေ့ကလေးရဲ့ စိုက်ပျိုးကြဲချရာ အကောင်းဆုံး လယ်ယာမြေကြီး ဖြစ်နေပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားရှင်ဟာ ပူဇော်သူတွေကို အကျိုးကြီးမားစေနိုင်တဲ့အတွက် ပူဇော်အထူးကို ခံယူတော်မူထိုက်ပါတယ်။ ခံထိုက်တဲ့အတိုင်းလည်းပဲ ဒီနေ့ ဒီအချိန်အထိ ပူဇော်အထူးကို ခံယူတော်မူနေရပါတယ်။

'အရဟံ–ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား'

ပစ္စည်းဝတ္ထု အကုန်အကျခံပြီး ပေးလှူမှ ကုသိုလ်မျိုးစေ့ ကြဲစိုက်ရာ ရောက်တာ မဟုတ်ပါဘူး။ စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကြည်ညိုဝမ်းမြောက်နေရင်လည်း ကုသိုလ်မျိုးစေ့ ကြဲစိုက်ရာရောက်ပါတယ်။

ကိုယ်နဲ့လုပ်၊ နှုတ်နဲ့ပြောမှ ကံမြောက်တာ မဟုတ်ပါဘူး။ စိတ်နဲ့ကြံရင်လည်း ကံမြောက်ပါတယ်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်သူနဲ့ပဲ တွေ့တွေ့၊ အကုသိုလ်မျိုးစေ့ မကြဲစိုက်မိဘဲ ကုသိုလ်မျိုးစေ့ချည်းပဲ ကြဲစိုက်မိအောင် အထူးသတိထားရပါမယ်။

## စေတီပြီးရင်ထီးတင်ပါ

ပူဇော်တယ်ဆိုတဲ့နေရာမှာလည်း အာမိသနဲ့ ပူဇော်ခြင်း၊ ဓမ္မနဲ့ ပူဇော်ခြင်းလို့ နှစ်မျိုးရှိပါတယ်။ အာမိသဆိုတာ ပစ္စည်း၊ ဓမ္မဆိုတာ တရား။ ပစ္စည်းနဲ့ ပူဇော်ခြင်း၊ တရားနဲ့ ပူဇော်ခြင်းလို့ ပူဇော်ခြင်း နှစ်မျိုးရှိပါတယ်။

မြတ်စွာဘုရားရှင်ကို ရည်မှန်းပြီးတော့ နေ့စဉ် နေ့စဉ် ပန်းတွေ ကပ်တယ်။ ရေချမ်းတွေ ကပ်တယ်။ ဆွမ်းတွေ လှူတယ်။ အဲဒီလို ဆွမ်း၊ ပန်း၊ ရေချမ်းတွေနဲ့ ပူဇော်နေတာကတော့ အာမိသ လို့ခေါ်တဲ့ ပစ္စည်းနဲ့ ပူဇော်ခြင်းပါပဲ။

သရဏဂုံ ဆောက်တည်တယ်၊ ငါးပါးသီလ ခံယူပြီးတော့ မြဲမြဲအောင် စောင့်ထိန်း ကျင့်သုံးတယ်။ ဘုရားဂုဏ်တော်တွေ ပွားတယ်။ မေတ္တာဘာဝနာတွေ ပွားတယ်။ သတိပဋ္ဌာန် ဝိပဿနာတွေ ပွားတယ်။ မြတ်စွာဘုရား ညွှန်ကြားပြသတဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်အလုပ်တွေကို လုပ်နေတာကတော့ မြတ်စွာဘုရားရှင်ကို ဓမ္မနဲ့ ပူဇော်ခြင်း

ပါပဲ။

မြတ်စွာဘုရားရှင်ကို ပန်း၊ နံ့သာ စတဲ့ ပစ္စည်းဝတ္ထုတွေနဲ့ ပူဇော်တာထက် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်အလုပ်တွေ ပြုလုပ်အားထုတ်ပြီးတော့ ဓမ္မနဲ့ ပူဇော်တာကို မြတ်စွာဘုရား ပိုပြီးတော့ နှစ်သက်ပါတယ်။

'ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား' ဆိုတဲ့ ဂုဏ်တော်ကလေးကို ပွားတိုင်း၊ ပွားတိုင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း စတဲ့ပစ္စည်းဝတ္ထုတွေနဲ့လည်း မြတ်စွာဘုရားရှင်ကို ငါပူဇော်မယ်။

မြတ်စွာဘုရားကြိုက်တဲ့ ဂုဏ်တော်ပွားခြင်း၊ မေတ္တာပို့ခြင်းဆိုတဲ့ သမထဘာဝနာအလုပ်တွေနဲ့လည်း ငါပူဇော်မယ်၊ မြတ်စွာဘုရား အကြိုက်ဆုံးဖြစ်တဲ့ သတိပဋ္ဌာန်ဝိပဿနာအလုပ်ကို အားထုတ်ခြင်းဖြင့်လည်း ငါပူဇော်မယ်လို့ နှလုံးသွင်းပြီးတော့ ပစ္စည်းနဲ့ရော၊ တရားနဲ့ပါ မြတ်စွာဘုရားရှင်ကို ပူဇော်ရပါမယ်။

ဂုဏ်တော်လေး ပွားလိုက်၊ ဂုဏ်တော်ပွားလို့ ဖြစ်ပေါ်လာတဲ့ ပီတိလေးကို ဝိပဿနာရှုလိုက်၊ ထိုင်ပြီး ပွားတယ်ဆိုရင်လည်း ထိုင်တဲ့အမူအရာလေးကို ထိုင်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ထိတယ် စသည်အားဖြင့် ရှုမှတ်လိုက်။ ဂုဏ်တော်လည်းပွား၊ ဝိပဿနာလည်းရှု၊ တစ်လှည့်စီ အဆင်ပြေသလို အားထုတ်နိုင်ပါတယ်။

လျှောင်းနေတယ်ဆိုရင်လည်း လျှောင်းနေတဲ့ အမူအရာလေးကို လျှောင်းတယ်၊ လျှောင်းတယ်၊ ထိတယ်၊ ထိတယ်၊ ရပ်ရင်းနဲ့ဆိုလည်း ရပ်တယ်၊ ရပ်တယ်၊ ထိတယ်၊ ထိတယ်၊ လမ်းလျှောက်ရင်းနဲ့လည်း ဈေးသွားရင်းပဲဖြစ်ဖြစ်၊ အိမ်ရှေ့ အိမ်နောက် သွားရင်းပဲဖြစ်ဖြစ်၊ အလုပ်ခန်းထဲမှာ ဟိုစားပွဲနဲ့ ဒီစားပွဲ သွားရင်းပဲဖြစ်ဖြစ်၊ အဲဒီလို သွားရင်း လာရင်း လှုပ်ရှား

ရင်းနဲ့ပဲ အရဟံဂုဏ်တော်လေးကို ပွားသွားနေတဲ့ အမူအရာလေးကိုပဲ သွားရင်သွားတယ်၊ သွားတယ်၊ လှမ်းတယ် လှမ်းတယ်၊ ထိတယ် ထိတယ် စသည်အားဖြင့်။

အဲဒီလိုအားဖြင့် ဗုဒ္ဓါနုဿတိသမထနဲ့ဝိပဿနာကို လွန်းထိုးပြီး တော့ ရှုပွားသွားမယ်ဆိုရင် သွားရင်း ရပ်ရင်း လျှောင်းရင်း ထိုင်ရင်းနဲ့ပဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ဖြစ်ပြီးတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာပါပဲ။

အဲဒီတော့ အရဟံဂုဏ်တော် ပွားများခြင်းရဲ့ အထွတ်အထိပ် အကျိုးတရားအနေနဲ့ မြတ်စွာဘုရား ကိလေသာကင်းသလို ကိုယ်လည်း ကိလေသာကင်းအောင် ကြိုးစား။ မြတ်စွာဘုရား ဆိတ်ကွယ်ရာမှာတောင် မကောင်းမှုတွေ မပြုသလို ကိုယ်လည်း မပြုမိအောင်ကြိုးစား။ မြတ်စွာ ဘုရားရှင်ဟာ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်သလို ကိုယ်လည်း ပူဇော်ထိုက် တဲ့သူ၊ ကူညီထိုက်တဲ့သူ၊ ချီးမြှောက်ထိုက်တဲ့သူ၊ စောင့်ရှောက်ထိုက်တဲ့သူ၊ တစ်ဖက်သားရဲ့အားပေးမှု၊ ကူညီမှုကို ခံယူထိုက်တဲ့သူဖြစ်အောင် ကြိုးစား ရမယ်။

နောက်ဆုံးတော့ ပူဇော်အထူး ခံယူထိုက်တဲ့ မြတ်စွာဘုရားကို အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ ပူဇော်မယ်ဆိုပြီးတော့ ဝိပဿနာအလုပ်ကို အရဟတ္တဖိုလ် ပေါက်တဲ့အထိအောင် အားထုတ်ကြဖို့ပါပဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီးမှာ ရဟန်းတော်များက မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံရင် ဘယ်လိုလုပ်ကြမလဲ။ ပရိနိဗ္ဗာန်စံခါနီး မြတ်စွာ ဘုရားကို ဘယ်လိုပူဇော်ကြမလဲ တိုင်ပင်ကြတယ်။ ရဟန်းတော်တစ်ပါး ကတော့ အဲဒီလိုလူတွေ စုစု စုစုနဲ့ တိုင်ပင်ကြတဲ့အထဲမှာ လုံးဝ ဝင်မပါပါ ဘူး။ တစ်ယောက်တည်း ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီးတော့ တရားပဲ အားထုတ်နေတယ်။

အဲဒါကို ကျန်တဲ့ ရဟန်းတော်တွေက မကျေနပ်လို့ မြတ်စွာဘုရားရှင်ကို လျှောက်တယ်။ မြတ်စွာဘုရားရှင်က မေးတော့ . . .

'မြတ်စွာဘုရား၊ နောက်လေးလဆိုရင် မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်စံတော့မယ်။ တပည့်တော်မှာလည်း ကိလေသာတွေ မကင်းသေးဘူး။ ပုထုဇဉ်ဘဝနဲ့ပဲ ရှိသေးတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံခင်လေးမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ မြတ်စွာဘုရားကို ပူဇော်ချင်လို့ အာမိသပူဇာ (ပစ္စည်းပူဇော်ခြင်း)နဲ့ ပူဇော်ဖို့ တိုင်ပင်တဲ့ကိစ္စတွေမှာ ဘုရားတပည့်တော် ဝင်မတိုင်ပင်၊ ဝင်မဆွေးနွေးဘဲနဲ့ ကိုယ့်ဘာသာကိုယ် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ ပူဇော်နိုင်ဖို့အတွက် တရားအလုပ်ကို အပြင်းအထန် ကြိုတ်ပြီးတော့ အားထုတ်နေခြင်း ဖြစ်ပါတယ်ဘုရား'လို့လျှောက်တော့ မြတ်စွာဘုရားရှင်က ကောင်းပေစွ၊ ကောင်းပေစွလို့ သာဓုခေါ်ပါတယ်။

သာဓုခေါ်ရင်းနဲ့ 'ငါဘုရားကို ပန်းနံ့သာတွေနဲ့ ပူဇော်နေရုံနဲ့ အကောင်းဆုံး ပူဇော်ရာ မရောက်သေးဘူး။ လောကုတ္တရာတရား ကိုးပါးနဲ့ သင့်လျော်တဲ့၊ လောကုတ္တရာ တရား ကိုးပါးနဲ့ ထိုက်တန်တဲ့ ဝိပဿနာ အလုပ်ကို အားထုတ်ခြင်းနဲ့ ပူဇော်မှသာ အကောင်းဆုံး၊ အမြတ်ဆုံး ပူဇော်ရာ ရောက်တယ်။ ငါဘုရားကို တကယ်ပူဇော်ချင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဒီရဟန်းတော်လို ကျင့်ရမယ်'လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

မိမိတည်းဟူသော ဘုရားရှင်ကို ဓမ္မနံ့သာပူဇော်ဖို့ မြတ်စွာဘုရား တိုက်တွန်းတော်မူပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ တိုက်တွန်းတော်မူချက်အတိုင်း အရဟံဂုဏ်တော် ပွားများကြမယ့် ပုဂ္ဂိုလ်များကလည်း 'ငါ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်တဲ့အထိအောင် မြတ်စွာဘုရားကို ပူဇော်မယ်'။ ဝိပဿနာအလုပ် အားထုတ်လို့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရသွားပြီဆိုရင်တော့ မိမိရဲ့နှလုံးသားတောင်ထိပ်မှာ တည်ထားတဲ့

အရဟံစေတီဟာ စိန်ဖူးတော်နဲ့တကွ ထီးတင်ပြီးသား ဖြစ်သွားပါပြီ။

အရဟံဂုဏ်တော်ပွားတာ ပုထုဇဉ်ဘဝနဲ့ပဲ ရှိသေးတယ်ဆိုရင်တော့ မိမိရဲ့ နှလုံးသားတောင်ထိပ်မှာ တည်ထားတဲ့ အရဟံစေတီ ထီးမတင်ရသေးဘူး၊ စိန်ဖူးတော်လည်း မတပ်ရသေးဘူးပေါ့နော်။

အရဟံဂုဏ်တော်ပွားတဲ့အလုပ်ကို ဝိပဿနာအလုပ်နဲ့ တွဲဖက်ကြိုးစားပွားများအားထုတ်လို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ထိ ရောက်သွားပြီဆိုရင်တော့ မိမိရဲ့ အရဟံစေတီဟာ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့်ဆိုတဲ့ ရွှေထီးတော်ရှစ်ဆင့်ရယ်၊ နိဗ္ဗာန်ဆိုတဲ့ စိန်ဖူးတော်ရယ်နဲ့ အတင့်တယ်ဆုံး၊ အသပ္ပာယ်ဆုံး ဖြစ်သွားပါပြီ။

အဲဒီလောက်ထိ မဖြစ်တောင်မှ အနည်းဆုံး သောတာပန်လောက်ဖြစ်တယ်ဆိုရင်ကိုပဲ ထီးတော်လေးနဲ့ တင့်တယ် သပ္ပာယ်သွားပါပြီ။ အကောင်းဆုံးထီးတော့ မဖြစ်သေးဘူးပေါ့လေ။ သံချေးကိုက်တဲ့ထီး၊ မိုးဒဏ်လေဒဏ် သိပ်မခံနိုင်သေးတဲ့ ထီးပဲ ဖြစ်ဦးမှာပေါ့။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရသွားပြီဆိုရင်တော့ လေဒဏ်၊ နေဒဏ်၊ ဘယ်ဒဏ်ကိုမဆို ခံနိုင်ရည်ရှိသွားတဲ့ ထီးတော်ဖြစ်သွားမှာပေါ့။

ဒီတော့ နှစ်ပေါင်းတစ်ရာကျော်မှ တစ်ခါ ဆိုတာလို ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်အသစ်တွေနဲ့ အားရပါးရ ပူဇော်ကြတဲ့ ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တစ်တွေ မိမိတို့ရဲ့ နှလုံးသားတောင်ထိပ်မှာ တည်ထားတဲ့ အရဟံ စေတီတော်မြတ်ကြီးကိုလည်းပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုတဲ့ ရွှေထီးတော်တွေ၊ နိဗ္ဗာန်ဆိုတဲ့ စိန်ဖူးတော်တွေနဲ့ အမြန်ဆုံး တင်လှူပူဇော်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'နှလုံးသားတောင်ထိပ်က အရဟံစေတီ' တရားကို နိဂုံး

ချုပ်ပါတော့မယ်။

အရဟံဂုဏ်တော်ရဲ့ အဓိပ္ပာယ်တွေက အခုပြောခဲ့တဲ့ သုံးမျိုးတွင် မကပါဘူး။ အများကြီး ရှိပါသေးတယ်။ ဒါပေမဲ့ ဒီသုံးမျိုးက အဓိကပါပဲ။ ဒီသုံးမျိုးကို ပိုင်ပိုင်နိုင်နိုင် ပွားလိုက်ရင် ကျန်တဲ့ အဓိပ္ပာယ်တွေက အလိုလို အကျုံးဝင်ပြီး ပွားပြီးသား ဖြစ်သွားပါတယ်။

ကျန်တဲ့ အဓိပ္ပာယ်တွေကိုတော့ နောင် အလျဉ်းသင့်တဲ့အခါ၊ နောင် အကြောင်းညီညွတ်တဲ့အခါ ဆောင်းပါးပုံစံနဲ့ပဲဖြစ်ဖြစ် ရေးပေးသွားပါမယ်။ တိုက်ဆိုင်မှုရှိတဲ့ တရားတွေမှာလည်း ထည့်ပြောပေးသွားပါမယ်။ အခုလောလောဆယ်တော့ ဒီအဓိပ္ပာယ်သုံးမျိုးနဲ့ပဲ ကျေနပ်ကြပါဦး လို့။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။ အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန – မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်။ သမ္ပာဒေထ – သီလ၊ သမာဓိ၊ ပညာဟု ဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု .... သာဓု .... သာဓု ပါဘုရား။

■

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်၊ ကျိုက်ထိုမြို့နယ်
ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်ရင်ပြင်၌ ဟောကြားအပ်သော
တရားတော်ကို ပြုပြင်ဖြည့်စွက်ရေးသားထားပါသည်။

အရှင်သန္တာဓိက(ရွှေပါရမီတောရ)


# တရားသိမ်းမေတ္တာပို့


အရပ်ဆယ်မျက်နှာ၌ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။





ဘုရားဂုဏ်တော်ပွားတယ်ဆိုတာ
ဘုရားရှင်သန္တာန်မှာရှိတဲ့
စိတ်ကောင်းစိတ်မြတ်တွေ
ဓာတ်ကောင်းဓာတ်မြတ်တွေကို
ကိုယ့်နှလုံးသားထဲမှာ
မိတ္တူကူးယူတာပါပဲ ။
နှလုံးသားကောင်းမြတ်နေမှတော့
ကောင်းကျိုးချမ်းသာအားလုံး
မလိုချင်အဆုံးရရှိတော့မှာပေါ့ ။

GRAPHIC
NAY WINN AUNG
099061597